The **Commerce** Journal

စီးပွားရေးသတင်းဂျာနယ်

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 40 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 19 , 2015



# စိတ်နဲ့လုပ်ထားတဲ့ လက်ဆောင်

မောင်မောင်အေး-လှိုင်ကော် ၂၀

## ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ခဲ့ရခြင်း အကြောင်းအရင်းများ



၁၄

မျိုးသမားနဲ့ လုပ်ငန်းသုံး အဆွဲကြောင့် မုံရွာကုလားပဲ ဈေးမြောက်လာ ၅

စက်တင်ဘာလ ဒုတိယပတ်အတွင်း အကောက်ခွန်မဲ့ကားစီးရေ ၃၇ စီးအား ဖမ်းဆီးရမိ ၁၈

မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန် ပိုမိုတင်ပို့ ၁၈

# ကုန်စည်ဒိုင်များ ရှေ့ဆောင် ဘုရင့်နောင်



## မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဆောင်ရွက်သော
## အာမခံငွေဖြင့် ကြိုတင်ရောင်းဝယ်မှုစနစ်





- နိုင်ငံတကာ ရောင်းဝယ်မှုစနစ်နှင့်ကိုက်ညီ
- ရောင်းဝယ်မှုတွင်လည်း မှန်ကန်စိတ်ချရ
- ဈေးနှုန်းမှာလည်း မှန်ကန်
- ကတိကဝတ်ပျက်မှာလည်း မကြောက်ရ
- တောင်သူလယ်သမား၊ ကုန်သည်ပွဲစားများနှင့် နိုင်ငံတော်အတွက်လည်း အကျိုးများသည့် စနစ်ဖြစ်သည်။




Email : ydccibyn@gmail.com

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးဖြစ်သူ Mr. K.W.N.D Karanaratne အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် အောက်တိုဘာ ၁၄ ရက်နေ့၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် သီရိလင်္ကာနိုင်ငံသံအမတ်ကြီးဖြစ်သူ Mr. K.W.N.D Karanaratne အား လက်ခံတွေ့ဆုံခဲ့သည်။



အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့တာဝန်ယူဆောင်ရွက်ခဲ့သည့် ၅၅ လ ကာလအတွင်း မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ ပုဂ္ဂလိက ကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အောက်တိုဘာလ ၁၅ ရက်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးပွဲကိုလည်း အောင်မြင်စွာကျင်းပနိုင်တော့မည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုတူညီနေသဖြင့် ခရီးသွားလုပ်ငန်းပိုမို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေကြောင်းလိုင်းများကိုလည်း တိုးချဲ့ပြေးဆွဲလိုပါကြောင်း၊ မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်အပါအဝင် လယ်ယာထွက်ကုန်များတင်ပို့ပြီး သီရိလင်္ကာနိုင်ငံမှ ပလတ်စတစ် ကုန်ပစ္စည်းများနှင့် ဟင်းခတ်အမွှေးအကြိုင်များ၊ ဂျုံစေ့များ တင်သွင်း နေပါကြောင်း၊ ကုန်သွယ်မှု ပမာဏနည်းပါးနေသေးသည့်အတွက် တိုးမြှင့်ဆောင်ရွက်လိုပါကြောင်း ပြောကြားဆွေးနွေးခဲ့ပါသည်။

သီရိလင်္ကာသံအမတ်ကြီးက ပြန်လည်ဆွေးနွေးရာတွင် ၎င်းတို့အနေဖြင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သီရိလင်္ကာနိုင်ငံသည် လွတ်လပ်သော ကုန်သွယ်မှုစာချုပ်တွင် လက်မှတ်ရေးထိုးထားပါသဖြင့် မြန်မာနိုင်ငံအနေဖြင့် သီရိလင်္ကာသို့ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်လုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်း၊ သင်္ဘောလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ရေထွက်ကုန်ပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ပရိဘောဂလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ လိုက်ပါလျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) နှင့် ရုံးအမှတ် (၅၂) တို့သို့သွားရောက်ပြီး ဝန်ကြီးဌာနပရိဝုဏ်အတွင်း သန့်ရှင်းသာယာသပ်ရပ်မှု၊ လုပ်ငန်းများစနစ်တကျ ဆောင်ရွက်နေမှု၊ လုပ်ငန်းသုံးပစ္စည်း ကိရိယာများ စနစ်တကျထားသိုသုံးစွဲမှုနှင့် လုံခြုံရေးအခြေအနေများ၊ ဝန်ထမ်းသုံး သန့်စင်ခန်းများ သန့်ရှင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးဌာနခွဲအသီးသီးမှ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လိုအပ်ချက်များ၊ ရုံးတက်ရုံးဆင်းသွားလာရေး ကိစ္စများ၊ လုပ်ငန်းအထောက်အကူပြုပစ္စည်းများဖြစ်သည့် စားပွဲ၊ ကုလားထိုင်၊ ကွန်ပျူတာ၊ မိတ္တူကူးစက် အစရှိသည့် ပစ္စည်းများပြည့်စုံလုံလောက်မှုရှိ/မရှိ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေမှုရှိ/ မရှိတို့ကို ရင်းနှီးပွင့်လင်းစွာမေးမြန်း၍ ဝန်ထမ်းများမှ ပြန်လည်တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနအကြီးအကဲများမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။




## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲ ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းရဲ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၇) ကို အောက်တိုဘာ ၁၉ ရက်မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်ထိ လေးလကြာ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ သင်တန်းဖွင့်ပွဲ အခမ်းအနားကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး ပဉ္စမထပ် အစည်းအဝေးခန်းမမှာ အောက်တိုဘာလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းမှာ ကျင်းပခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲ အခမ်းအနားမှာ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက မိမိတို့နိုင်ငံရဲ့ ကုန်သည်များဟာ မိရိုးဖလာလုပ်ငန်းလုပ်ကိုင်ရင်း အတွေ့အကြုံအရ ကုန်သည်လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြတာဖြစ်ကြောင်း၊ ယခုလို စနစ်တကျ သင်ကြားခွင့်ရခဲ့တာမဟုတ်ကြောင်း၊

စာမျက်နှာ ၆ သို့ ➲




## အီတလီနိုင်ငံမှထုတ်လုပ်သည့် ကုန်ပစ္စည်းများအားပြသသည့် အီတလီနိုင်ငံထုတ်ကုန်ပစ္စည်းပြပွဲ Italian 2015 ပြပွဲ ပြသ

အီတလီနိုင်ငံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများအားပြသသည့် အီတလီနိုင်ငံထုတ်ကုန်ပစ္စည်းပြပွဲ (Italian 2015)ပြပွဲကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်အထိပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် အီတလီနိုင်ငံမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ ပြည်တွင်းဈေးကွက်နှင့် မိတ်ဆက်သည့်ပြပွဲတစ်ပွဲဖြစ်ပြီး အရည်အသွေးမြင့်မားသောကုန်ပစ္စည်းများ၊ အမှတ်တံဆိပ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ခင်းကျင်းပြသသည့် အကြီးမားဆုံးသော ပြပွဲကြီးတစ်ပွဲဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၆ သို့ ➲

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဖျာပုံခရိုင်အတွင်း ကောက်စောစပါးများစတင်ရိတ်သိမ်း

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များအလိုက် မိုးစပါး ကောက်စောရင့်မှည့်မှုနှင့် ရိတ်သိမ်းပြီးစီးမှု အခြေအနေအား Trade Promotion and Information Service(TPIS) ဝန်ထမ်းများက ကွင်းဆင်းလေ့လာခဲ့ကြတယ်လို့ သိရပါတယ်။ စက်တင်ဘာလ နောက်ဆုံးပတ်မှ အောက်တိုဘာ ဒုတိယပတ်အထိ ကွင်းဆင်းမှုမှာဖျာပုံမြို့နယ်တွင် ကျေးရွာအုပ်စု ငါးအုပ်စု၊ ဘိုကလေးမြို့နယ်တွင် နှစ်အုပ်စု၊ကျိုက်လတ်မြို့နယ်တွင် ငါးအုပ်စုနှင့် ဒေးဒရဲမြို့နယ်တွင် ငါးအုပ်စု၊ စုစုပေါင်း ကျေးရွာအုပ်စု ၁၇ အုပ်စုသို့ ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ ကြပါတယ်။ ကျေးရွာများအနေနဲ့ တစ်ကွက်စ နှစ်ကွက်စသာ ရိတ်သိမ်းခဲ့ကြပြီး ယနေ့အထိ မြို့နယ်အလိုက် ရိတ်သိမ်းနိုင်မှု မှာ ဖျာပုံမြို့နယ်မှာ ၂၂ ဧက၊ ကျိုက်လတ်မြို့နယ်မှာ ၇၀ ဧက၊ ဒေးဒရဲမြို့နယ်မှာ ၃၀ ဧကနှင့် ဘိုကလေးမြို့နယ်တွင် ရိတ်သိမ်းနိုင်မှု မရှိသေးကြောင်း တွေ့ရှိရပြီး ဖျာပုံခရိုင်တွင် စုစုပေါင်းရိတ်သိမ်းပြီးဧကမှာ ၁၂၂ ဧကခန့်သာ ရိတ်သိမ်းနိုင်သေးကြောင်း တွေ့ရပါတယ်။

ဖျာပုံမြို့နယ် အောင်သာယာကျေးရွာမှာ ရိတ်သိမ်းနေတဲ့ တောင်သူတစ်ဦးအား စပါးဈေးနှုန်းအခြေအနေ မေးမြန်းကြည့်ရာ "အခုကျွန်တော်ရိတ်နေတဲ့ စပါးက ရက် ၉၀ စပါးတွေပါ၊ ရက် ၉၀ စပါးစိုက်ဧက ငါးဧကထဲက နှစ်ဧကကို ရိတ်နေတာပါ။ ကျန်သုံးဧကကိုတော့ နောက်နှစ်ပတ်လောက်ကြာမှ ရိတ်လို့ရမှာပါ။ကျန်တဲ့လယ်က ပေါ်ဆန်းဘေးကြား တောင်ပျံ ၇၅ ဧကစိုက်ပျိုးထားပါတယ်။ ယခုရိတ်နေတဲ့ ရက် ၉၀ စပါးက နွေစပါးမျိုးအတွက် စိုက်ပျိုးထားတာပါ။ ရောင်းဖို့မဟုတ်ပါဘူး။ ရောင်းမယ်ဆိုရင် မျိုးဈေး ၅၀ ပေါင်ကိုက် စပါးတင်း ၁၀၀ ကို ကျပ်ရှစ်သိန်းဈေးပေါက်ပါတယ်။ သီးထပ်ရင်စပါးမျိုးကတော့ ကျပ်ခုနစ်သိန်း၊ ခုနစ်သိန်းခွဲ ဈေးလောက်ရှိပါတယ်။ မျိုးဈေးမဟုတ်ဘဲ ရိုးရိုးအချွန်အုပ်စု (ဧည့်မထ) ဈေးကတော့ ကွင်းပေါက်ဈေး ၅၀ ပေါင်ကိုက် စပါးတင်း ၁၀၀ ကို စပါးအခြောက် ကျပ် ၅၈၀၀၀၀ဈေးလာပေးပါတယ်။ မနှစ်ကလည်း ကောက်စောစပါးရိတ်သိမ်းတာ အဲဒီအချိန်ပါပဲ၊ မနှစ်က တာထွက်ဈေးကတော့ စပါးအခြောက် ပေါင် ၅၀ ကိုက် တင်း ၁၀၀ ကို ကွင်းပေါက်ဈေး ကျပ် ၃၆၀၀၀၀၊ ၃၇၀၀၀၀ ကျပ်ထိမပိုပါဘူး၊ မနှစ်ကထက်စာရင် ဒီနှစ်က စပါးဈေးပိုရတော့ တောင်သူတွေအတွက် အကျိုးအမြတ်ပိုရတာပေ့ါ၊ ဒါတောင် ဘယ်တော့များ ရာသီဥတုဖောက်ပြန်မလဲလို့စိုးရိမ်နေကြရတာ၊ ကံကောင်းလို့ ဒီဘက်တွေမှာ ရေကြီးမှုတွေမဖြစ်လို့ပါ။ အခုရိတ်နေတဲ့ ရက် ၉၀ စပါး အထွက်နှုန်းကတော့ ပျမ်းမျှတစ်ဧက စပါးအခြောက်တင်း ၅၀ လောက်တော့ ထွက်ပါတယ်"လို့ တောင်သူ ဦးမိုးနက်က ပြောပါတယ်။

ဖျာပုံခရိုင်အတွင်း မိုးစပါးရင့်မှည့်နေမှုနှင့် ရိတ်သိမ်းမှု အခြေအနေများအား TPIS ဝန်ထမ်းများက မြို့နယ်အလိုက် ဆက်လက်ကွင်းဆင်းလေ့လာလျက်ရှိပြီး တောင်သူများအား ပညာပေးမှုများပါ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

# ဆန်မျိုးစုံဈေးကွက်မှာ ဆန်ချောဈေးတန့်ပြီး အရောင်းအဝယ်ဖြစ်သလို ဆန်ကြမ်းဈေးအေးပြီး အရောင်းအဝယ်အေး

ဒီတစ်ပတ် ဆန်မျိုးစုံဈေးကွက်မှာ ရန်ကုန်ဈေးကွက်သို့ နယ်စုံမှ ဆန်မျိုးစုံ တစ်ရက်ကို အိတ်ရေ ၄၁၂၄၅ အိတ် ဝင်ရောက်ခဲ့လို့ အဝင်ပုံမှန်ရှိနေပါတယ်။ အဲဒီဆန်မျိုးစုံ ၄၁၂၄၅ အိတ်ထဲမှာ ဆန် (သစ်)နွေလည်း အိတ်ရေ ရာဂဏန်းခန့် ပါဝင်နေကြောင်း သိရပါတယ်။ ဆန်ချောဖြစ်တဲ့ ပေါ်ဆန်းဆန်ကတော့ ပြည်တွင်းဖြန့်အား ပုံမှန်ရှိပေမယ့် ဆန်ဈေးကတော့ တန့်နေကြောင်း သိရပါတယ်။ ပေါ်ဆန်း(ဖျာပုံ) ထိပ်စတစ်အိတ်ကို ၃၈၅၀၀ ကျပ်၊ (လတ်စ) တစ်အိတ်ကို ၃၇၀၀၀ ကျပ်၊ (အောက်စ) တစ်အိတ်ကို ၃၆၀၀၀ ကျပ်၊ နယ်စုံ ထိပ်စ တစ်အိတ်ကို ၃၆၅၀၀ ကျပ်၊ (လတ်စ) ကို ၃၅၅၀၀ ကျပ်၊ (အောက်စ) တစ်အိတ်ကို ၃၄၅၀၀ ကျပ်ဈေးဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ ၂၅ မှတ်ဆန်က ဈေးကွက်ထဲမှာ(အသစ်) တချို့ဝင်ရောက်လာပြီး တစ်အိတ်ကို ၁၉၉၅၀ ကျပ်ဝန်းကျင်နှင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း၊ ပြည်ပဈေးကွက်ဖြစ်တဲ့ တရုတ်ဘက်ကိုတော့ ဈေးမကိုက်လို့ အရောင်းအဝယ်ပါးနေကြောင်း သိရပါတယ်။ ဒီလကုန်ခါနီးတွင် ဈေးကွက်သို့ ဆန်(သစ်)တွေ ပိုမိုဝင်ရောက်နိုင်ဖွယ်ရှိကြောင်း ဧည့်မထ ၂၅ မှတ်ကတော့ တစ်အိတ်ကို ၂၀၅၀၀ ကျပ်နဲ့ ဈေးတန့်နေကြောင်း သိရပါတယ်။ မူဆယ်ဈေးကွက်သို့ နယ်စုံမှ ဆန်တစ်ရက်ကို ပျမ်းမျှတန်ချိန် တစ်သောင်းခန့်ဝင်ရောက်ခဲ့ပြီး တရုတ်ဘက်မှ ဆန်ရဲ့ အရည်အသွေးပေါ် မူတည်ပြီး အထိုက်အလျောက် အဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ဧည့်မထ ၂၅ မှတ် ကီလို ၅၀ တစ်အိတ်ကို ၁၃၀ ယွမ်၊ ဧည့်မထ ၅ မှတ် (ကရင်မ) ၅၀ ကီလို တစ်အိတ်ကို ၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် (၇၄၇) ၅၀ ကီလို တစ်အိတ်ကို ၁၄၁ ယွမ်၊ ဧည့်မထ ၁၅ မှတ် (မှော်ဘီ) ၅၀ ကီလို တစ်အိတ်ကို ၁၃၅ ယွမ်ဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

**MIRT-YGN**

## ပြည်ခရိုင်ရှိ ကောက်စောစပါးများ စတင်ထွက်ရှိပြီး ဈေးကောင်းရ

ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် ၂၀၁၅-၁၆ မိုးစပါး ၁၀၅၆၀၂၁ ဧကစိုက်ပျိုးခဲ့ပြီး၊ ကောက်စောစပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ပါတယ်။ အောက်တိုဘာဒုတိယပတ်မှာ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်မြို့နယ်များမှာ ၁၀၅၈ ဧကကျော် ရိတ်သိမ်းခဲ့ပြီး တစ်ဧက အထွက်နှုန်း ၈၆ တင်းနှုန်းခန့် ထွက်ရှိခဲ့ကြောင်း သိရပါတယ်။ ကောက်စောစပါးဈေးနှုန်းများမှာ ရတနာတိုးစပါး ပေါင် ၅၀ တင်း ၁၀၀ကို ၅၅၀၀၀၀ ကျပ်ဈေး၊ မနောသုခစပါးတင်း ၁၀၀ ကို ၅၂၀၀၀၀ ကျပ်ဈေးနဲ့ အရောင်း အဝယ်ဖြစ်လျက်ရှိပြီး၊ တောင်သူများအနေနဲ့လည်း ရိတ်သိမ်းခြွေလှေ့ပြီးပြီးချင်း ရောင်းချနေကြတယ်လို့ သိရပါတယ်။

**အေးမျိုးရွှေ-ပြည်**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၆-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၇ | ၃၈၁ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၂ | ၃၇၅ | △ | ၃၂၅ | ၃၃၅ | △ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၀၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၆၃ | △ | ၃၁၅ | ၃၃၅ | △ | ၃၁၅ | ၃၁၅ | □ | ၂၉၀ | ၂၈၀ | ▽ |
| ပေါင်းဆန် | ၃၄၀ | ၃၆၅ | △ | - | - | - | ၃၄၀ | ၃၃၅ | ▽ | ၄၁၅ | ၄၀၅ | ▽ |

*Source: oryza.com*

# အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၃၀ | ၄၉၀ | ▽ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၁၆-၁၀-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၁၀၀ | △ | ၂၄၀၀၀ | □ | ၇၇၂၈ | ▽ | ၃၅၀၀၀ | ▽ |
| ပုသိမ် | ၅၄၂၈ | □ | ၂၄၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၃၀၀၀ | □ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၂၀၀ | □ | ၂၂၅၀၀ | ▽ | ၁၁၃၅၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၇၅၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | △ | ၂၈၀၀၀ | △ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၈၀၀ | □ | ၂၅၈၀၀ | □ | - | - | ၄၀၀၀၀ | ▽ |
| မော်လမြိုင် | ၅၅၀၀ | △ | ၂၂၅၀၀ | △ | ၈၄၀၀ | △ | ၃၅၀၀၀ | □ |
| လွိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၂၅၀၀ | △ |
| မြိတ် | ၅၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | □ | ၂၄၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၉၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ပြည်တောင်ပျံမွှေးနဲ့ စပါး၊ ဆန်ဈေးကွက် ဒေသတွင်းသာ အရောင်းအဝယ်ရှိ

ပြည်ဆန်ဈေး၊ စပါးဈေးတွေ အရောင်းအဝယ်ပုံမှန်ဖြစ်ပြီး ဈေးငြိမ်နေခဲ့ရာမှ ယခုအောက်တိုဘာလတွင်းမှာတော့ မြို့နယ်များမှ ကောက်စောစပါးများ အနည်းငယ်ပေါ်လာတာကြောင့် စပါးဟောင်းဈေးတွေ အနည်းငယ်တက်လာကြောင်း သိရပါတယ်။ ဧည့်မထစပါးသစ်တွေ ပေါ်လာပေမယ့် အစိုဓါတ်များနေတဲ့အတွက် ဈေးကွက်သို့ အသစ်ဝင်ရောက်မှုနည်းနေခြင်းဖြစ်ပါတယ်။

တောင်ပျံမွှေးစပါးကတော့ တစ်မူထူးစွာ ဈေးကျလာတာ တွေ့ရပါတယ်။ ဈေးကျရတဲ့ အကြောင်းရင်းကို ဆန်စက်ပိုင်ရှင်များနှင့် ကုန်သည်များထံသို့ မေးမြန်းစုံစမ်းခဲ့ရာ တောင်ပျံမွှေးစပါး အစစ်ချည်းမဟုတ်တော့ဘဲ ဧည့်မထ (မိုးဟောင်း) လုံးပု စပါးဖြစ်တဲ့ ငွေတိုး၊ ခွံနီစသော ပုံသဏ္ဍာန်တူစပါးများရော၍ တောင်ပျံမွှေး စပါးအနေဖြင့် အရောင်းအဝယ်ပြုလုပ်တဲ့အတွက် စပါးဈေးကျလာတာ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီတောင်ပျံမွှေး အရောကတော့ စားသုံးရာမှာ သိပ်မကွာဘဲ အနံ့သာကွာတယ်လို့လည်း သိရပါတယ်။ တောင်ပျံမွှေးစပါးအစစ်က ပိုမွှေးပါတယ်။ အရောင်းအဝယ်အနေနဲ့ ဒေသတွင်း စားသုံးမှုများသာ ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုအောက်တိုဘာလ တတိယပတ်၏ ပြည်ဆန်၊ စပါးဈေးကတော့ တောင်ပျံမွှေးစပါး တင်း ၁၀၀ (၄၆ ပေါင်ကိုက်)ဈေး ၇၇၂၈၀၀ ကျပ်ဖြစ်ပြီး ဆန်တစ်အိတ်ဈေး ၃၅၀၀၀ ကျပ်ဖြစ်ပါတယ်။ ဧည့်မထ မိုးဟောင်းစပါးဈေးကတော့ ၅၇၀၄၀၀ ကျပ်ဈေးဖြစ်ပြီး ဆန်တစ်အိတ်ဈေးကတော့ ၂၄၀၀၀ ကျပ်ဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပြည်မြို့ရဲ့ဒေသထွက် ဧည့်မထ (မနောသုခ)ရဲ့ ပုံမှန်စပါးဈေးကတော့ တင်း ၁၀၀ ကို ၅၁၀၀၀၀ ကျပ်ဖြစ်ပါတယ်။

**နီနီဝင်း-ပြည်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၆-၁၀-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၉/၁၀ | ၁၆/၁၀ | ပြောင်းလဲမှု | ၉/၁၀ | ၁၆/၁၀ | ပြောင်းလဲမှု | ၉/၁၀ | ၁၆/၁၀ | ပြောင်းလဲမှု | ၉/၁၀ | ၁၆/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၈၄၆ | ၃၉၃၉ | ▲ | - | - | - | ၃၃၅၀ | ၃၅၀၀ | ▲ | ၃၅၀၀ | ၃၅၀၀ | ■ |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | ၁၇၅၀ | - | - | ၃၃၅၀ | ၃၃၅၀ | ■ |
| ၃ | ပဲတီစိမ်း | ၂၅၈၀ | ၂၄၁၅ | ▼ | ၂၀၄၄ | - | - | ၂၃၆၈ | ၂၂၈၉ | ▼ | ၂၀၅၀ | ၂၁၆၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၂၅၀ | ၁၅၀၀ | ▲ | - | - | - | - | - | - | ၁၇၉၀ | ၁၉၅၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၄၁၅ | ၁၄၃၀ | ▲ | - | - | - | - | - | - | ၁၁၆၀ | ၁၁၆၀ | ■ |
| ၆ | ထောပတ်ပဲ | ၉၁၅ | ၉၁၅ | ■ | ၉၄၂ | ၉၇၀ | ▲ | ၈၄၂ | - | - | ၇၁၅ | ၇၁၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၆-၁၀-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၈/၁၀ | ၁၅/၁၀ | ပြောင်းလဲမှု | ၈/၁၀ | ၁၅/၁၀ | ပြောင်းလဲမှု | ၈/၁၀ | ၁၅/၁၀ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၈၂၀ | ၁၈၂၀ | ■ | ၁၇၆၅ | ၁၈၈၂ | ▲ | ၁၆၁၂ | ၁၈၅၁ | ▲ |
| ၂ | ပဲစင်းငုံ | ၁၅၇၀ | ၁၅၇၀ | ■ | ၁၇၀၄ | ၂၂၃၇ | ▲ | ၁၇၀၁ | ၂၀၈၃ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၈၀ | ၁၀၈၀ | ■ | ၁၁၆၄ | - | - | ၁၃၀၅ | ၁၃၇၃ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၈၄၀ | ၈၄၉ | ▲ | ၈၀၂ | ၈၁၀ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၃.၁၀.၁၅)ထိ | ယခုတစ်ပတ် (၁၀.၁၀.၁၅)ထိ | (၁.၄.၁၅) မှ (၁၀.၁၀.၁၅) ထိ |
| မတ်ပဲ | ၄၃၄၇ | ၅၉၆၀ | ၃၇၆၈၂၇ |
| ပဲတီစိမ်း | ၂၉၁၉ | ၄၆၂၇ | ၁၀၃၁၅၉ |
| ပဲစင်းငုံ | ၄ | ၁၄၆၉ | ၁၁၂၉၆၄ |
| ကုလားပဲ | ၁၆ | - | ၂၃၁၄၂ |
| ပဲလွန်းဖြူ | ၁၄၃ | ၉၅ | ၁၁၆၇၅ |
| မြေထောက်ပဲ | ၂၆၆ | ၃၈၄ | ၁၁၅၈၃ |

# မုံရွာငုံနီဈေးကွက်တွင် ၂၀၁၆ အတွက် ကြိုပွဲဖြင့် ဝယ်လက်ဈေးဖွင့်လာ

မုံရွာကုန်စည်ဒိုင်ရဲ့ အဓိကပြည်ပပို့ကုန် ပဲတစ်မျိုးဖြစ်တဲ့ ငုံနီမှာ အောက်တိုဘာ ဒုတိယပတ်အတွင်း တစ်တင်း ၃၅၀၀၀ ကျပ်နဲ့ ပေါက်ဈေးဖွင့်ခဲ့ပေမယ့်ရောင်းသူဝယ်သူမရှိသလောက်အထိ ပစ္စည်းပြတ်နေခဲ့ပြီး ဒေသခံကုန်သည်ဝယ်လက်တွေက လာမယ့် ၂၀၁၆ ပဲသစ်ပေါ်ချိန်အတွက် သုံးတင်းကို ၁၄၈၀၀၀ ကျပ် (တစ်တင်း ၄၉၅၀၀ ကျပ်ခန့်နှုန်း)နဲ့ ကြိုပွဲဖြင့်ဈေးဖွင့်ဝယ်ယူဖို့ ဈေးခေါ်မှုတွေရှိလာတယ်လို့ ဒေသခံကုန်သည်ရပ်ကွက်က သိရပါတယ်။

ပြီးခဲ့တဲ့ ပဲသစ်ပေါ်ချိန် ရာသီအစက ငုံနီတစ်တင်း ၂၄၀၀၀ ကျပ်ခန့်သာရှိခဲ့ပြီး Export ဝယ်လိုအား မျှော်လင့်ချက်နဲ့ လှောင်လက်အဝယ်လိုက်ခဲ့ရာမှ အဆက်မပြတ် တက်ဈေးဖြစ်ပေါ်ခဲ့ရာ ယခုနှစ်အတွင်း တစ်တင်း ၅၂၀၀၀ ကျပ်အထိ အမြင့်ဆုံးဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တာ တွေ့ရပါတယ်။

ကုန်သည်တွေအနေနဲ့ ငုံနီအဓိကဝယ်လက်ဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ ငုံနီစိုက်ပျိုးဖြစ်ထွန်းမှုနဲ့ သဘာဝ ဘေးကြောင့် ပျက်စီးကာ အထွက်လျော့နိုင်မှု၊ ဝယ်လိုအားများပြားနိုင်မှုစတဲ့ မျှော်လင့်ချက်တွေနဲ့ ယခုလို အမြင့်ဈေးဖွင့် ကြိုပွဲဖြင့်ဝယ်လိုခြင်းဖြစ်သလို ၁၀၀ ကို ၁၀ ရာခိုင်နှုန်းကြိုတင်ပေးနဲ့ ဝယ်လိုပေမယ့် ရောင်းလိုအား နည်းနေတယ်လို့ ကုန်သည်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# ပြည်ပဲမျိုးစုံဈေးကွက်အတွင်း အောက်တိုဘာလလယ်မှာ ကုလားပဲနှင့် ပဲကြီးသီးနှံပိုအရောင်းသွက်

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်ပဝယ်လက်ပဲများအနက် မတ်ပဲသီးနှံသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံမှာ ယခုလလယ်တွင် အရောင်းအဝယ်ပါးသွားပြီဖြစ်ပါတယ်။ မတ်ပဲမှာ မျိုးပဲရော၊ လက်လီပါ အဝယ်လိုက်လို့ ပဲတစ်တင်း ၇၂၀၀၀ ကျပ်ဖြင့် လက်ကား အရောင်းအဝယ်ဖြစ်သလို မျိုးပဲဈေးမှာ တစ်တင်း ၇၅၀၀၀ ကျပ်ဖြင့် ဈေးကောင်းပေး ဝယ်ယူနေရကြောင်း တောင်သူများထံမှ သိရပါတယ်။

ယခုနှစ်မှာ မတ်ပဲသီးနှံဈေးကစံချိန်တင် မြင့်တက်ခဲ့သော်လည်း တောင်သူများ အကျိုးအမြတ်မရှိခဲ့ဘဲ လှောင်သမားအချို့သာ အကျိုးအမြတ်ရရှိခဲ့ပါတယ်။ တောင်သူများအနေဖြင့် အချို့တောင်သူများမှာ လက်ဝယ်လက်ကျန်ပဲများထားရှိသော်လည်း အများစုမှာ ကျပ်ငါးသောင်းဈေးရစဉ်ကတည်းက ထုတ်ရောင်းချခဲ့ကြပြီး တောင်သူအနည်းစုလောက်သာ ယခုလိုအချိန်မှာ မျိုးပဲများရောင်းချရန် ချန်ထားတဲ့အတွက် ယခုနှစ်မှာဈေး ကောင်းရရှိကာ ထိုက်သင့်တဲ့အကျိုးအမြတ် ရရှိလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။

ကုလားပဲသီးနှံမှာ ပဲအဝင်မရှိဘဲ ခွဲစက်မှ နေ့တိုင်းအဝယ်ရှိသလို မန္တလေးလိုင်းသမားများမှလည်း တစ်ခါတစ်ရံ မှာယူကြတဲ့အတွက် အိတ် ၂၀၀ ကျော်ရောင်းချခဲ့ရပြီး ပဲဈေးမှာ တစ်တင်း ၃၈၀၀၀ ကျပ်ဖြင့် ဈေးဆက်ကောင်းနေခဲ့ပါတယ်။ မျိုးပဲအဝယ်ရှိလို့ မျိုးပဲဈေးကတော့ တစ်တင်း ၄၀၀၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။

ကုလားပဲသီးနှံမှာ ယခင်နှစ်က တစ်နှစ်လုံး ဈေးအေးခဲ့ပြီး ယခုအောက်တိုဘာလအတွင်းမှာ တစ်တင်း ၁၃၀၀၀ ကျပ်သာရရှိခဲ့လို့ ယခုနှစ်ဈေးက ယခင်နှစ်ကာလတူအချိန်ဈေးထက် ကျပ်နှစ်သောင်းကျော်အထိ ဈေးပိုရခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲများရှိလို့ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲကြော်ဖိုသမားများမှ အဝယ်ရှိကာ (ရွှေကျွန်း) တစ်တင်း ၃၅၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၂၅၀၀ ကျပ်မှ ၃၃၀၀၀ ကျပ်ထိရရှိပြီး အိတ် ၂၀၀ ကျော်အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲကြီးသီးနှံမှာ ယခုနှစ်အတွင်း ဈေးကောင်းခဲ့သော်လည်း ကုလားပဲသီး နှံဈေးအောက် လျော့နည်းနေခဲ့ပါတယ်။ ကုလားပဲသီးနှံရော ပဲကြီးသီးနှံပါ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်မှု များခဲ့ပြီး ယခုလအတွင်း ကုလားပဲသီးနှံအား မန္တလေးဝယ်လက် အဝယ်ရှိလာလို့ ပိုအရောင်းသွက်ခဲ့ကာ ဈေးမှာလည်း ပဲကြီးသီးနှံထက်ပိုရနေကြောင်း သိရပါတယ်။

ပဲပုပ်သီးနှံမှာလည်း လက်ကျန်အနည်းငယ်ရှိလို့ အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်း ၁၉၅၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ရရှိခဲ့ကြပါတယ်။ ပဲပုပ်သီးနှံမှာ ယခုနှစ်အတွင်း ဈေးအေးခဲ့လို့ ပဲဈေးကွက်မှာ ဈေးအနည်းဆုံးဖြစ်ပြီး အောက်တိုဘာလဆန်းအထိ အခြားလက်လီပဲများထက်လည်း ဈေးလျော့နည်းခဲ့ပါတယ်။

ယခုအောက်တိုဘာလလယ်မှာတော့ ထောပတ်ပဲသီးနှံက ၎င်းဈေးထက် ဈေးပိုလျော့သွားခဲ့တာကို တွေ့ရပါတယ်။

ပဲနီပြားသီးနှံဟာ ယခုလလယ်မှာ လက်လီရော လက်ကားပါ အရောင်းအဝယ်ရှိလို့ အိတ် ၁၀၀ ကျော်ထိ ရောင်းချခဲ့ရကာ ပဲဈေးနှုန်းအနေဖြင့် တစ်တင်း ၂၄၅၀၀ ကျပ်မှ ၂၅၀၀၀ ကျပ် ရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဝယ်လိုအားကောင်းနေတဲ့ မန်းသကြားရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

မန္တလေးသကြားဒိုင် (မြန်မာနိုင်ငံ သကြား၊ သကာရည်လုပ်ငန်းရှင်များကထိန်တော်အသင်း) မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ သကြား၊ သကာရည် လုပ်ငန်းရှင်များ၊ စက်ပိုင်များ လာရောက်အရောင်းအဝယ်ပြုလုပ်ရာ ယခု ၂၀၁၅ ခုနှစ်အောက်တိုဘာလဆန်းပိုင်းမှာ သကြား A တစ်ပိဿာ ၁၃၀၀ ကျပ်၊ သကြား B တစ်ပိဿာ ၁၂၈၅ ကျပ်၊ သကြား C တစ်ပိဿာ ၁၂၇၀ ကျပ်နဲ့ နေ့စဉ် (၃၀ ပိဿာဝင်အိတ် ) ၈၀၀၀ ကျော်အရောင်းအဝယ်ဖြစ်နေပါတယ်။

မန္တလေးမြို့အထွက် ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ရဲ့ ဂိတ်ဖြတ်စာရင်းအရ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ ကားကြီး+သေး ၁၇၀ စီးဖြင့် သကြား ၄၃၁၂ ဒသမ ၅၆ တန်၊ အောက်တိုဘာ ၂ ရက်နေ့မှာ ကားကြီး+ သေး ၁၁၈ စီးဖြင့် သကြား ၂၈၄၃ ဒသမ ၄၇ တန်၊ အောက်တိုဘာ ၃ ရက်နေ့မှာ ကားကြီး +သေး ၁၃၀ စီးဖြင့် သကြား ၃၃၀၄ ဒသမ ၃၈ တန်၊ အောက်တိုဘာလ ၄ ရက်နေ့မှာ ကားကြီး+သေး ၁၄၄ စီးဖြင့် သကြား ၃၇၀၆ ဒသမ ၇၁ တန် စီးထွက်သွားတာကြောင့် တစ်ရက်ပျမ်းမျှ ၃၅၄၁ ဒသမ ၇၈ တန် (ပိဿာ ၃၀ ဝင်အိတ် ၇၂၂၉၈ အိတ်) ဖြစ်ကြောင်း သိရပါတယ်။

၁၆ မိုင်ဂိတ်ဖြတ်စာရင်းအရ တစ်ရက်ကို သကြားအိတ် ၇၀၀၀၀ ကျော်စီးထွက်သွားတာ မန်းသကြားဒိုင်တစ်ခုတည်းက မဟုတ်ဘဲ၊ အခြားတိုင်း ဒေသကြီးများမှာလည်း ဖြတ်သန်းတင်ပို့လျက်ရှိကြောင်း၊ ယခင်နှစ်များမှာ တစ်ရက် ပျမ်းမျှ သကြားတန် ၂၀၊ ၃၀ မျှသာ စီးထွက်သွားကြောင်း ဈေးကွက်လိုအပ်ချက်အရ တင်ပို့ခြင်းဖြစ်သလို ဈေးနှုန်းမှာလည်း သင့်တင့်တာကြောင့် ပြည်ပ (တရုတ်) ကို သကြားအပို့ ပိုမိုလျက်ရှိကြောင်း ကုန်သည်ကြီးတစ်ဦး ဆိုပါတယ်။

**စိုးအောင်-မန္တလေး**



# မျိုးသမားနဲ့ လုပ်ငန်းသုံး အဆွဲကြောင့် မုံရွာကုလားပဲ ဈေးမြောက်လာ

မုံရွာကုန်စည်ဒိုင် အောက်တိုဘာလ ဒုတိယပတ်မှာ ကုလားပဲမျိုးစုံအနေနဲ့ ရောင်းသူဈေးကွက် ဆက်လက်ဖြစ်ပေါ်နေလို့ တက်ဈေးအသီးသီးဖြစ်ခဲ့ရာ ကုလားပဲ(ထိုင်ဝမ်) တစ်တင်း ၃၈၀၀၀ ကျပ်၊ကုလားပဲ (V2 ) တစ်တင်း ၄၀၀၀၀ ကျပ်နဲ့ ကုလားပဲ (၉၂၉ ) တစ်တင်း ၃၉၄၀၀ ကျပ် အသီးသီးဈေးမြောက်လာခဲ့တာ တွေ့ရပါတယ်။ ဒီဈေးမှာ ပြီးခဲ့တဲ့လကထက် တစ်တင်း ၄၀၀၀ကျပ်မှ ၅၀၀၀ ကျပ်အထိ တက်ဈေးဖြစ်ခဲ့တာလို့ သိရပါတယ်။

အဓိက ဝယ်လက်တွေအဖြစ် ကြာဆံစက်၊ ပဲခွဲစက်နဲ့ ပဲမှုန့်စတဲ့ လုပ်ငန်းသုံးသမားတွေ ကုန်ကြမ်းအတွက် မရှိမဖြစ် ဝယ်ယူမှုရှိသလို ယခုအခါ ကုလားပဲစိုက်ပျိုးချိန် နီးပြီမို့ မျိုးအတွက် တောင်သူဝယ်လိုအားပါ ကောင်းလာတဲ့အတွက် ပဲလက်ကျန် လျော့လာမှုကြောင့် အခုလို တက်ဈေးဖြစ်ပေါ်ခြင်းဖြစ်ပြီး ယခုတစ်ပတ်အတွင်း တစ်ရက် တင်း ၄၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

Vol: 15, No.40 Monday October 19 2015

# (၁၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်နန်နင်းမြို့တွင်(၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (China ASEAN Expo- CAEXPO) နှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (China–ASEAN Business and Investment Summit - CABIS) တို့ကို စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

(၁၂) ကြိမ်မြောက်တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ ဦးတည်ဆောင်ပုဒ်မှာ "၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမတည်ထောင်ရန်၊ ရေကြောင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံချက်အသစ်ထွက်ပေါ်လာစေရန် " "Co-building the 21st Century Maritime Silk Road, Rolling out A New Blueprint for Maritime Cooperation" ဖြစ်ပါသည်။ နှစ်လိုဖွယ်ရာ မြို့တော်အဖြစ်ထားဝယ်မြို့ကို သတ်မှတ်ပြီးခန်းမကြီး အမှတ်(၂)၌ ၁၈၀ စတုရန်းမီတာ အကျယ်အဝန်းဖြင့် ရယူလျက် ခေတ်မီလှပဆန်းသစ်သော ဒီဇိုင်းဖြင့်တည်ဆောက်ခင်းကျင်းပြသခဲ့ပါသည်။

(၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာကျန်းကောင်လိ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီယားနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များနှင့်ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာကျန်းကောင်လိနှင့်အတူ အာဆီယံနိုင်ငံများ ကိုယ်စားဂုဏ်ထူးဆောင်နိုင်ငံများအဖြစ်ဆောင်ရွက်သည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်မစ္စတာ တနာဆပ်ပတီမာ ပရာဂွန်၊ ဒုတိယသမ္မတ စိုင်းမောက်ခမ်း၊ အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့်တာဝန်ရှိသူများက အဖွင့်အမှာစကား ပြောကြားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာကုန်စည်ပြပွဲခန်းမဆောင်ဖွင့်ပွဲ အခမ်းအနားကို ခန်းမအမှတ် (၁၄) တွင် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပရာနိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါ၍တက်ရောက်အားပေးချီးမြှင့်ခဲ့ပါသည်။ မြန်မာကုန်စည်ပြပွဲခန်းမဆောင်ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပါသည်။

20th Anniversary of the Establishment of the WTO အထိမ်းအမှတ် အစည်းအဝေးကို စက်တင်ဘာ ၁၈ ရက် နေ့လယ် ၁၅:၅၅ နာရီမှ ၁၇:၀၀ နာရီအထိ နန်နင်းမြို့ရှိ Marriot Hotel ၌ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ (Golden Land-Myanmar Promotion Conference) အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်နေ့ နေ့လယ် ၁၄:၃၀ နာရီမှ ၁၆:၁၀ နာရီတွင် NICEC အခန်းအမှတ် (၁၀၆) တွင် ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများမှစုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ တက်ရောက်လာသူများမှ သိရှိလိုသည့် အချက်အလက်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပါသည်။

(၁၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်ပြသခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ တရုတ်-အာဆီယံပြပွဲကော်မတီ၏ အင်တာဗျူးအစီအစဉ်သို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတက်ရောက်ရှင်းလင်းဖြေကြားခဲ့ပါသည်။

(၁၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲအတွက် အကြီးတန်းအရာရှိများ၏ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်နေ့ ညနေ ၁၆:၃၀ နာရီမှ ၁၈:၀၀ နာရီထိ နန်နင်းမြို့ Marriot Hotel ၌ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ညွှန်ကြားရေးမှူး ဒေါ်နော်မူတာကပေါတို့တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ယခုကျင်းပသည့် (၁၂) ကြိမ်မြောက် ကုန်စည်ပြပွဲအပေါ် သုံးသပ်အကြံပြုခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ကျင်းပမည့် (၁၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲအတွက် အမျိုးသားပြခန်းဆောင်တည်ဆောက်ရမည့် နေရာကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ၂၀၁၆ ခုနှစ်တွင် အမျိုးသား ပြခန်းဆောင်အတွက် နေရာအသစ်များပြောင်းလဲသတ်မှတ်မည်ဖြစ်၍ တည်နေရာနှင့် Hall အမှတ်များ လျာထားသတ်မှတ်ထားခြင်း မရှိသေးကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ စိတ်ပါဝင်စားစွာဖြင့် အင်တိုက်အားတိုက် ပါဝင်တက်ရောက်ခဲ့ခြင်းအပေါ် ပြပွဲကျင်းပရေးကော်မတီ၏ ဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့မှ Best City Of Charm Pavilion ဆု၊ Best Exhibitor Organizer ဆုနှင့် Best Industry Organizer ဆု သုံးခုကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

(၁၂) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာကုန်စည်ပြခန်းဆောင်တွင် ၈၄ ခန်းဖြင့် အသင်းအဖွဲ့ ၉ခု၊ ကုမ္ပဏီ ၁၁၁ ခုတို့မှ ပြပွဲပြသတက်ရောက်သူ စုစုပေါင်း ၃၅၀ ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

**လှဝေ(ကုန်စည်ပြပွဲ)**

---

➲ စာမျက်နှာ ၃ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု … မှအဆက်

ယခုအခါမျိုးဆက်သစ်များအနေနဲ့ စနစ်တကျ သင်ကြားလေ့လာခွင့်ရနေပြီဖြစ်ကြောင်း၊ မိမိတို့ဌာနမှ ဖွင့်လှစ်သော သင်တန်းကို တက်ရောက်သူများမှ တစ်ဆင့် တစ်ဆင့်စကားတစ်ဆင့်ကြားပြီး တက်ရောက်လိုသူများ များပြားလျက်ရှိပြီး ကုန်သွယ်မှုဆိုင်ရာများကို စိတ်ပါဝင်စားစွာနဲ့ လေ့လာဆည်းပူးသူများ များပြားလျက်ရှိနေကြောင်း၊ မိမိတို့ဌာနအနေဖြင့် နိုင်ငံတော်ရဲ့ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုပညာပြန့်ပွားရေးတို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းစဉ်များ လျင်မြန်မြန်ဆန်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကိုလည်း နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့သော လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လုပ်ငန်းနယ်ပယ်အသီးသီးရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်ကြောင်း၊ ဒါ့ကြောင့် ကုန်သွယ်ရေးကဏ္ဍစဉ်ဆက်မပြတ် တိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ်၊ ဧပြီလမှစတင်၍ ကုန်သွယ်မှု သင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ၂၀၁၅ ခုနှစ်အထိ ကုန်သွယ်မှုအခြေခံသင်တန်းခြောက် ကြိမ်နဲ့ အဆင့်မြင့်သင်တန်း သုံးကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များကို ကုန်သွယ်မှုသင်တန်းကျောင်း၌ သင်ကြားပို့ချပေးလျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ကုန်ပစ္စည်း အရည်အသွေးဆိုင်ရာလုပ်ငန်းများ၊ ဉာဏမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများစသည့် လုပ်ငန်းနယ်ပယ် အသီးသီးရဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနဲ့ ကုန်ပစ္စည်း အရည်အသွေးပိုင်းဆိုင်ရာများ၊ ပို့ကုန်တင်ပို့သူများ ပင်ရင်းနိုင်ငံစည်းမျဉ်းနဲ့ Self-Certification System ဆိုင်ရာအချက်အလက်များကို ပိုမိုသိရှိရန်လည်း ဒီသင်တန်းမှာ ဘာသာရပ်တစ်ခုအနေနဲ့ထည့်သွင်း ပို့ချသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

သင်တန်းကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများမှ ၆၀ ကျော်နဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း ခြောက်ဦး စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

**MIRT**

---

➲ စာမျက်နှာ ၃ အီတလီနိုင်ငံမှထုတ်လုပ်သည့် . . . .မှအဆက်

ထို့ပြင် အီတလီနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများကို အတူတကွလက်တွဲ လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ပြပွဲ၏ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ရက်တွင် ပြပွဲကျင်းပရာ တပ်မတော်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ ပို့ဆောင်ရေးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး Mr. Pir Giorgio Aliberti ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်စည်ပြပွဲများသည် ကုန်သွယ်မှုလျင်မြန်စွာ တိုးတက်လာရေးအတွက် အရေးပါသည့်လုပ်ငန်းများပင်ဖြစ်ပါကြောင်း၊ ပြပွဲတွင် အီတလီနိုင်ငံမှထုတ်လုပ်သည့် ပရိဘောဂပစ္စည်းများ၊ လယ်ယာသုံး ကုန်ပစ္စည်းများ/မြေဩဇာများ၊လျှပ်စစ်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် ကုန်ပစ္စည်းအမျိုးမျိုးကို ပြသထားပြီး အဆိုပါပစ္စည်းများကို ပြပွဲ အတွင်းတွင်ပင် ရောင်းချမည်ဖြစ်သဖြင့် ယခုပြပွဲသည် ထူးခြားသည့်ပြပွဲတစ်ခုပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ပြပွဲများ လာရောက်ပြသခြင်းသည်ဈေးကွက်ကိုချဲ့ထွင်ခြင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်သည့်ပစ္စည်းများကို ဝယ်ယူနိုင်ကြမည်ဖြစ်ပါကြောင်း၊ အီတလီနိုင်ငံမှ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များကို မြန်မာပြည်သူပြည်သားများက သတိပြုမိနေကြပြီဖြစ်ပါကြောင်း၊ အီတလီနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ကုန်သွယ်မှုပြုလုပ်လျက်ရှိရာတွင် ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃ဘီလီယံသာရှိခဲ့သော်လည်း ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၄ဘီလီယံအထိ တိုးတက် ခဲ့ပါကြောင်း၊ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ ၁၁၃ ဘီလီယံရှိခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် ကုန်သွယ်မှု မူဝါဒများကို ပြောင်းလဲခဲ့ကာ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ကိုင်လျက်ရှိပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိပြီး အဆိုပါဥပဒေတွင် ပါဝင်သည့်အချက်များသည် နိုင်ငံရပ်ခြားမှ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်လိမ့်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**မယ်သီတာ**

## ချင်း

### ပြည်ချင်းဈေးကျပေမယ့် အရောင်းအဝယ်အေး

ပြည်ချင်းဈေးကွက်သို့ ယခုတစ်ပတ်အတွင်း အောင်ပန်းချင်းပိဿာချိန် ၃၀ ဝင်အိတ် ၁၀၀ ခန့် အဝင်လှိုင်လာပါတယ်။ ပွဲရုံလုပ်ငန်းရှင်များအနေနဲ့ ဈေးကွက်အတွင်း ပစ္စည်းအဝင်များလာလို့ ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ချပြီး ရောင်းဝယ်လျက်ရှိပါတယ်။ ဈေးကျပေမယ့် ပြည်ချင်းဈေးကွက်မှာ မိုးအဆက်မပြတ်ရွာသွန်းနေတဲ့အတွက် အဝယ်မလိုက်ဘဲ ချင်းတစ်ပိဿာ ၈၀၀ ကျပ်၊ ၉၀၀ ကျပ်နဲ့ တစ်နေ့ပိဿာချိန် ၁၅၀ ခန့် သာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ယခုတစ်ပတ်မှာ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့ကိုလည်း ဈေးကွက်မှတဆင့် တစ်နေ့ကို ယခင်တစ်ပတ်ကထက် ထက်ဝက်ခန့်သာ တင်ပို့ခဲ့ကြောင်းသိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### အောင်ပန်းဈေးကွက်သို့ ချင်းအသစ်များ အဝင်လှိုင်

အောင်ပန်းဈေးကွက်မှာ ချင်းစိုအသစ်တွေ အဝင်လှိုင်နေပါပြီ။ အောင်ပန်းနဲ့ ပင်းတယဘက်က ချင်းသစ်တွေပါ ဈေးကွက်ကို ဝင်လာလို့ ဈေးကွက်မှာလည်း များနေပါပြီ။ အသစ်တွေ အဝင်များနေပေမယ့် ပြည်ပဝယ်လက် ကတော့ လုံးဝမရှိသေးပါဘူး။ ပြည်တွင်းသုံးတွေသာ အဆွဲရှိနေပါတယ်။ ဒီနှစ်ကလည်း ရာသီဥတုဆိုးရွားတာကြောင့် လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ ဝယ်နေကျဖောက်သည်တွေဖြစ်တဲ့ ပြည်၊ စစ်တွေ၊ တမူး စတဲ့ မြို့တွေကပါ အဝယ်ရပ်သွားပါတယ်၊ ပုံမှန်ချင်းထိုးသမားတွေနဲ့ အလှူပွဲတွေအတွက်သာ ဝယ်ယူမှုရှိနေ တယ်လို့လည်း သိရပါတယ်။ ချင်းဥမကတော့ လက်ကျန်နည်းနည်းရှိနေပေမယ့် အရောင်းအဝယ်ကတော့ သိပ်မဖြစ်သေးပါဘူး။ ချင်းသစ်တွေကတော့ ရင့်လာတာဖြစ်လို့ အထားတော့ခံလာတယ်လို့လည်း ဆိုပါတယ်။ ချင်းထိုးသမားတွေကတော့ အသစ်တွေကလျှီးလို့ရကောင်းပြီး၊ အရောင်လည်းလှတာကြောင့် ပိုကြိုက်ပါတယ်။ အောင်ပန်းဈေးကွက်ကို ဝင်လာတဲ့ချင်းတွေကို ဒေသစုံက ချင်းထိုးသမားတွေ ဝယ်ယူနေတာကြောင့် တစ်ပတ်တွင်း ပိဿာချိန် ပေါင်း သုံးသောင်းခြောက်ထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာ ပေါက်ဈေးက ချင်းဥမက ၅၀၀ ကျပ်ရှိပြီး ချင်းသစ်က ၃၀၀ ကျပ်မှ ၄၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

## မန်ကျည်း

### ယခင်တစ်ပတ်တင်ပို့မှုထက်လျော့

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၂၅ဒသမ ၇၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၃၉၁ဒသမ၅ တန်ဖိုးရှိ မန်ကျည်း သုညဒသမ ၂၇တန်ကို မလေးရှားနိုင်ငံကိုလည်းကောင်း ကန်ဒေါ်လာ ၃၅၅၀၀ တန်ဖိုးရှိ မန်ကျည်း ၂၇ တန်ကို ပါကစ္စတန်နိုင်ငံ ကို လည်းကောင်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မန်ကျည်းတင်ပို့မှုမှာ ၉၇တန်ကျော်ရှိခဲ့တာကြောင့်ဒီတစ်ပတ်မှာ ၇၃ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



### ပြည်မန်ကျည်းမှည့် ဒေသတွင်း အရောင်းအဝယ်သာ

စားဖိုဆောင်သီးနှံ မန်ကျည်းမှည့်ကို ပြည်ပွဲရုံများမှာ ဒေသတွင်းအရောင်းအဝယ်သာရှိနေပါတယ်။ မန်ကျည်းမှည့်ပေါ်ချိန်က အရောင်းအဝယ်လှောင်လက်သမားတွေ ဒီနှစ်သိပ်မလှောင်နိုင်ဘဲ၊ ပြည်ဒေသတွက် မန်ကျည်းမှည့်ဟာ လှောင်စမှာပဲ ရခိုင်၊ သံတွဲမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်အထိ အဝယ်ရှိခဲ့တာကြောင့် ဒေသတွင်းလက်ကျန်နည်းခဲ့ပါတယ်။

စက်တင်ဘာလဆန်းထဲကနေ မန်ကျည်းမှည့်ဈေးငြိမ်နေပြီး ယခု အောက်တိုဘာလ တတိယပတ်ထဲမှာ ဈေးအနည်းငယ်တက်လာပါတယ်။ ဧရာဝတီအနောက်ဘက်ခြမ်း ဆင်တဲ၊ ပန်းတောင်း၊ ထုံးဘို၊ ကမြိုင်တို့ဘက်မှ ပွဲရုံများသို့ ရက်ခြားပိဿာ ၃၀ ဝင်အိတ် ၂၅-၃၀ ထိ ရှိနေပါတယ်။ ဒေသတွင်းအရောင်းအဝယ်သာရှိပြီး တစ်ပတ်ကို အိတ် ၃၅-၄၀ အိတ်၊ ရခိုင်ပြည်နယ်သို့ ပုံမှန်အရောင်း ရှိနေပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့် တစ်ပိဿာ (ပွဲရုံဈေး) မှာ ၁၅၀၀ ကျပ်ဖြစ်ပြီး ဒေသတွင်းလက်လီသမားများကတော့ ၁၈၀၀ ကျပ်-၂၀၀၀ ကျပ်ထိ ရောင်းချကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## နနွင်း



### နနွင်းတင်ပို့မှု တဖြည်းဖြည်းလျော့လာ

အောက်တိုဘာ ၄ ရက်မှ အောက်တိုဘာ ၁၀ ရက်သီတင်းပတ်အတွင်း နနွင်း ၄၅ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၁၄၃၆တန်ဖိုးရှိနနွင်း၁၅ဒသမ ၉၉၅တန်ကို စင်ကာပူနိုင်ငံကို လည်းကောင်း၊ ကန်ဒေါ်လာ ၂၁၃၀၀ တန်ဖိုးရှိ နနွင်းတန် ၃၀ကို မလေးရှားနိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ စက်တင်ဘာတတိယပတ်မှာ နနွင်းတန်ချိန် ၁၄၀ ကျော်၊ နောက်ဆုံးပတ်တွင် ၉၈ တန်နဲ့ ဒီတစ်ပတ်မှာ ၄၅ တန်ကျော်တင်ပို့ခဲ့တာကြောင့်တစ်ပတ်ထက်တစ်ပတ် နနွင်းတင်ပို့မှု လျော့နည်းခဲ့ပါတယ်။

**သီတာဝင်း(DOT)**

### ဟိုပုံးနနွင်းကို မူဆယ်ဝယ်လက်အဝယ်သွက်

အောင်ပန်းဈေးကွက်မှာတော့ ရှမ်းနနွင်းက ထုံးစံအတိုင်းပါပဲ၊ အရောင်းအဝယ် အေးနေပါတယ်။ အဝင်လည်းမရှိပါဘူး။ အခုလမှာတော့ အဝင်လည်း မရှိသလို၊ အရောင်းကလည်း အေးနေလို့ ဈေးကွက်ပျောက်နေတယ်လို့လည်း သိရပါတယ်။ ဈေးနှုန်းကတော့ တစ်ပိဿာကို ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်အထိ ရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ နနွင်းအရောင်းအဝယ်ဖြစ်နေပါတယ်။ မူဆယ်ဝယ်လက်တွေက အောင်ပန်း နနွင်းတွေထက် ဟိုပုံးနနွင်းကို ပိုကြိုက်ကြလို့ ဒီနှစ်မှာ ဟိုပုံးနနွင်းကိုသာ အဝယ်ရှိနေပါတယ်။ ဒီတစ်ပတ်လည်း ဟိုပုံးနနွင်းကို မူဆယ်ဝယ်လက်တွေက တစ်ပိဿာ ၁၇၀၀ ကျပ်ဈေးနဲ့ အချိန်တစ်သောင်း ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။ ဟိုပုံးနနွင်းလည်း အဝင်နည်းသွားပါပြီ၊ ခြံရှင်တွေဆီမှာတော့ အနည်းငယ်စီကျန်နေသေးတယ်လို့ သိရပြီး ဟိုပုံးဈေးကွက်မှာတင် လက်ကျန်က ပိဿာချိန် နှစ်သိန်းခန့် ကျန်ရှိနေသေးတယ်လို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### မူဆယ်နဲ့ မြဝတီက နနွင်းပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၃ ရက်မှ ၉ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၃၄၈၇၀ တန်ဖိုးရှိတဲ့ နနွင်းတက် ၄၉ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၉၁၇၀ တန်ဖိုးရှိနနွင်းတက် ၂၇ တန်တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က မူဆယ်မှ တန် ၅၀ နဲ့ မြဝတီမှ ၁၅ တန်တင်ပို့တာကြောင့် နနွင်းကို မူဆယ်နဲ့ မြဝတီကနေ တစ်ဖက်အိမ်နီးချင်းနိုင်ငံတွေကို ပုံမှန်တင်ပို့နေတာ ဖြစ်ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ငွေလဲနှုန်းအရ နနွင်းတက် တစ်တန်ကို မိမိဖက်ပေါက်ဈေး(၉၁၅၉၀၀ မှ ၉၂၂၃၅၀) ကျပ်၊ မြဝတီကုန်စည်ဒိုင်မှာ (၈၉၁၁၇၆ မှ ၁၄၆၇၀၆၈)ကျပ်ဈေးအသီးသီးရှိကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းကိုမှ သီဟိုဠ်စေ့ ၃၄ တန်ကျော် တင်ပို့နိုင်

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်ကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာလ ၃ ရက်မှ အောက်တိုဘာလ ၉ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၁၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၉ တန်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၉၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၁၆ တန်ခန့်ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်က ယခုအပတ်တွင် တင်ပို့နိုင်ခြင်းမရှိခဲ့သလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်းမရှိပါ။ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိခဲ့ပေမယ့် ယခုတစ်ပတ်တွင် ကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃ တန်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

## ကြက်သွန်

### ပြည်ပွဲရုံများသို့ ဝင်ရောက်သော ကြက်သွန်များ ဆက်လက်ဈေးမြင့်

ယခုအောက်တိုဘာ တတိယပတ် ပြည်ကြက်သွန်နီပွဲရုံများသို့ ဝင်ရောက်လာတဲ့ ကြက်သွန်နီဈေးများ တဖြည်းဖြည်းဈေးတက်လာခဲ့ပါတယ်။ ဒေသထွက် ကြက်သွန်နီတွေကတော့ တောင်သူတွေထံမှာ စက်တင်ဘာလကထဲက လက်ကျန်မရှိတော့ဘဲ နယ်ဘက်ကသာ ဝင်ရောက်လာမှုဖြင့် ပွဲရုံများတွင် ပခုက္ကူ၊ ဆိပ်ဖြူစများသာ အရောင်းအဝယ်ပြုလုပ်နေပါတယ်။

နယ်ဘက်သို့လည်း ရခိုင်နဲ့ မြဝတီဘက်မှ ကုန်သည်များကလည်း တိုက်ရိုက် အဝယ်ဆင်းကြောင်း သိရပါတယ်။ နယ်မှာ ကြက်သွန်နီဈေးတွေ မြောက်နေတာကြောင့် ပြည်ပွဲရုံများသို့ ဝင်ရောက်လာတဲ့ ကြက်သွန်နီတွေဟာ ဒေသတွေမှာလည်း စားသုံးသူများ ဈေးကြီးပေးကာ သုံးစွဲနေရခြင်းဖြစ်ပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဈေးကွက်မှာ ရာသီဥတုက မိုးဆက်တိုက်ရွာသွန်းပြီး ကြက်သွန်နီဈေး ဆက်တိုက်တက် နေတာကြောင့် အရောင်းအဝယ်ကျလာတယ်လို့ သိရပါတယ်။ ကြက်သွန်နီပွဲရုံဈေး တစ်ပိဿာကို (ကြီး) ၂၁၀၀ ကျပ်၊(လတ်)၂၀၀၀ကျပ်၊(သေး) ၁၉၀၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်း လက်လီဈေးက (ကြီး) ၂၅၀၀ ကျပ်၊ (လတ်) ၂၄၀၀ ကျပ်၊ (သေး) ၂၂၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိကြပါတယ်။

ပွဲရုံသို့ တစ်ရက်ကို ကြက်သွန်နီ အိတ် ၅၀၀ ပုံမှန်အဝင်ရှိပြီး အိတ် ၂၀၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

**နီနီဝင်း-ပြည်**



# ဗီယက်နမ်နိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု

|မောင်မောင်မြင့်သိန်း|

စီးပွားရေးပြန်လည်ထူထောင်မှု အနှစ် ၂၀ ကြာပြီးနောက် ဗီယက်နမ်နိုင်ငံသည် အမှတ်ရဖွယ်ကောင်းသော စီးပွားရေး တိုးတက်မှုနှင့်ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ခြင်း၊ နိုင်ငံခြား ကုန်သွယ်မှုတိုးချဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်နိုင် ခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့်လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုး တက်အောင် ဆောင်ရွက်နိုင်ခြင်းစတဲ့ အောင်မြင်မှုတို့ကို ရရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့်ဖွံ့ဖြိုးတိုးတက်မှု များကြောင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် ထူးခြားသော တိုးတက်မှုကို တွေ့ကြုံခဲ့သည်။ စီးပွားရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ ပြီးနောက်ပိုင်း ၂၀၀၀ ပြည့်နှစ်မှစ၍ ယနေ့အထိ ထူးခြားစွာတိုးတက် လာခဲ့သည်။ ယင်းတိုးတက်မှုများ ရှိခဲ့သော်လည်း ဗီယက်နမ်နိုင်ငံ၏ အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SMEs) သည် ပြည်တွင်းနှင့် ပြည်ပကွန်ရက်ချိတ်ဆက်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ဆန်းသစ်ဖန်တီးမှု၊ လူ့စွမ်းအားအရင်းအမြစ်နှင့်ဂလိုဘယ်လိုက်ဇေးရှင်းအတွက် အဆင် သင့်ဖြစ်မှုတို့နှင့်ပတ်သက်၍ အားနည်းနေဆဲဖြစ်သည်။ ယင်းအား နည်းချက်များတွင် ပုဂ္ဂလိကကဏ္ဍတွင် အရင်းအနှီး ရရှိမှု အားနည်း ခြင်း၊ ပုဂ္ဂလိကကဏ္ဍအား အားပေးမှုနည်းပါးခြင်း၊ ယှဉ်ပြိုင်နိုင်သော စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်အားနည်းခြင်း၊ လူ့စွမ်းအား အရင်း အမြစ် အရည်အသွေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးမှုလုပ်ငန်းများ အားနည်းခြင်းတို့ပါဝင်နေသည်ကို တွေ့ရသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းကွန်ရက်များ၊ ယှဉ်ပြိုင်နိုင် စွမ်းနှင့်ဆန်းသစ်ဖန်တီးမှုတို့ကို မြှင့်တင်ရန် ဗီယက်နမ်နိုင်ငံသည် နိုင်ငံစီးပွားရေးတွင် အစိုးရပိုင်စီးပွားရေးလုပ်ငန်းများ၏ ဦးဆောင်မှု အခန်းကဏ္ဍကို ထိန်းသိမ်းထားခြင်းအား ထောက်ပံ့အားပေးမှုကို လျှော့ချသင့်သည်။ ဤသို့ဖြင့် ဗီယက်နမ်အစိုးရသည် ခိုင်မာသော စက်မှုလုပ်ငန်းများကို ထောက်ကူမှုပြုရမည်။ လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးကို မြှင့်တင်ရမည်။ အခြေခံအဆောက်အအုံကို မြှင့် တင်ရမည်။

ဗီယက်နမ်နိုင်ငံသည် စီးပွားရေးပြန်လည်ဆန်းသစ်ထူထောင် မှုကို ၁၉၈၆ ခုနှစ်တွင် တရားဝင်စတင်ထူထောင်ခဲ့သည်။ စီးပွားရေး လုပ်ငန်းဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့်တည်ငြိမ်အောင် ဆောင်ရွက် ခြင်းကို ရည်ရွယ်လျက် ပြန်လည်ထူထောင်မှုလုပ်ငန်းများကို ပြည့် ပြည့်စုံစုံကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ၁၉၉၇ မှ ၂၀၀၀ ပြည့်နှစ်ကာလအတောအတွင်း စီးပွားရေးပြန်လည်ထူထောင် မှုများသည် အထူးသဖြင့် အာရှငွေကြေးအကျပ်အတည်းပြီးသည့် နောက်ပိုင်း အတိုင်းအတာတစ်ခုအထိ တန့်နေခဲ့သည်။ ၂၀၀၀ ပြည့် နှစ်မှစ၍ ယနေ့အထိ စီးပွားရေးပြန်လည်ထူထောင်မှုတည်းဟူသော လှိုင်းသစ်သည် ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုပေါ်တွင် အာရုံ စိုက်ခဲ့သည်။ ထို့ပြင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ပေးခြင်း သည် ပိုမိုနက်ရှိုင်းသော နိုင်ငံတကာစီးပွားရေးပေါင်းစည်းဆောင် ရွက်ရေးသို့ ဦးတည်ခဲ့သည်။ တစ်ဖန် ၂၀၀၆ ခုနှစ်နှစ်ကုန်တွင် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းသို့ ဝင်ရောက်ခွင့်ရရှိခြင်းအားဖြင့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးပြန်လည်ထူထောင်မှုနှင့်ဖွံ့ဖြိုးမှုတွင် မှတ်တိုင်သစ်တစ်ရပ်ဖြစ်ခဲ့သည်။ ဈေးကွက်ဦးစားပေးစီးပွားရေး စနစ်၏ ပြန်လည်ထူထောင်မှုများနှင့်ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း က မောင်းနှင်သော ချိန်ညှိမှုများမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသည် နိုင်ငံ၏စီးပွားရေး ပြန်လည်ထူထောင်မှုနှင့်ဖွံ့ဖြိုးမှုတွင် အမှတ်ရဖွယ် ကောင်းသော အောင်မြင်မှုများရရှိခဲ့သည်။ ထို့ပြင် နိုင်ငံခြားကုန်သွယ် မှုတိုးချဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ခြင်း၊ ဆင်းရဲနွမ်း ပါးမှုလျှော့ချခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုတို့တွင် အောင်မြင်မှုများရရှိခဲ့သည်။

လူမှုစီးပွားရေးအောင်မြင်မှုများရရှိခဲ့ခြင်းမှာ ဗီယက်နမ် နိုင်ငံ၏ အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ စွမ်းဆောင်မှု ကြောင့်ဖြစ်သည်ဟု မှတ်ယူနိုင်သည်။ ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း စီးပွားရေးလုပ်ငန်းများတွင် ၂၀၀၅ ခုနှစ်၌ ပုံမှန်လုပ်သားအင်အား နှင့်မှတ်ပုံတင်ထားသော အရင်းအနှီးတို့တွင် အသေးစားနှင့်အလတ် စားလုပ်ငန်းများ၏ ပါဝင်မှုအချိုးအစားသည် ၉၇ ရာခိုင်နှုန်းနှင့်၈၇ ရာခိုင်နှုန်းအသီးသီးရှိကြသည်။ ယင်းတို့သည် ၂၀၀၆ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်ကုန်၏ ၃၉ ရာခိုင်နှုန်းနှင့်စုစုပေါင်း ရင်း နှီးမြှုပ်နှံမှုလုပ်ငန်းသုံးငွေ၏ ၃၂ ရာခိုင်နှုန်းအသီးသီးရှိကြသည်။ ၂၀၁၄ ခုနှစ်တွင်မူ စုစုပေါင်းကော်ပိုရိတ်လုပ်သားအင်အား၏ ၈၅ ရာခိုင်နှုန်းခန့်ရှိသည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အလုပ်အကိုင်များဖန်တီးခြင်း၊ လုပ်သားဈေးကွက်၏ မြင့်မားသော ရွှေ့ပြောင်းမှုကို ထိန်းသိမ်းခြင်းနှင့်ဗီယက်နမ်နိုင်ငံ၏ ဒေသအသီးသီး တွင် ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေခြင်းစသည့် ကြိုးပမ်းမှု



များတွင် အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်ခဲ့သည်။

ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ဗီယက်နမ် ပါဝင်ခွင့်ရရှိခြင်းသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုး မှုအတွက် အခွင့်အလမ်းသစ်များကို ဖော်ဆောင်နိုင်ခဲ့သည်။ ယင်း တို့တွင် ထုတ်လုပ်မှုဆိုင်ရာအချက်များ လွယ်လင့်တကူရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွက် တင်သွင်းသော သွင်းအားစုများ ပိုမိုဈေးသက်သာခြင်း၊ ပို့ကုန်ဈေးကွက်များတိုးချဲ့ခြင်း၊ ဒေသဆိုင်ရာ နှင့်ဂလိုဘယ်ကုန်ထုတ်လုပ်မှု ကွန်ရက်များတွင် ပိုမိုနက်ရှိုင်းစွာ ချိတ် ဆက်ပြီး နိုင်ငံစီးပွားရေးအကောင်အထည်ဖော်ရာတွင် လွယ်ကူ ချောမွေ့စေခြင်းတို့ပါဝင်သည်။ ကမ္ဘာ့ကုန်သွယ်မှု အဖွဲ့အစည်းသို့ ဝင်ရောက်ပြီးနောက် ဗီယက်နမ်ရှိ အသေးစားနှင့်အလတ်စားလုပ် ငန်းများသည် ပြည်တွင်းနှင့်ဂလိုဘယ်ဈေးကွက်နှစ်ခုစလုံး ဝင်ရောက် ရန်ကြိုးပမ်းဆောင်ရွက်ရာတွင် ကြီးမားသော အခက်အခဲများ ကြုံတွေ့နိုင်သည်ဟု ခန့်မှန်းထားသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် နိုင်ငံခြားပြိုင်ဖက်များနှင့်ယှဉ်လျှင် ယှဉ်ပြိုင်နိုင်မှုစွမ်း ဆောင်ရည်အားနည်းနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ လုပ်ငန်းများသည် မြင့်မားသော ထုတ်လုပ်မှုစရိတ်များ၊ ထုတ်ကုန် ပစ္စည်းများ၏ ညံ့ဖျင်းသော အရည်အသွေးများနှင့်ဆန်းသစ်ဖန်တီး မှုအားနည်းမှုများကို တွေ့ကြုံရသည်။ ထို့ပြင် အရင်းအနှီးနည်းပါးမှု၊ အဆင့်မြင့်နည်းပညာ အားနည်းမှု၊ စီမံခန့်ခွဲမှုကျွမ်းကျင်မှုများနှင့်ဈေးကွက်သတင်းအချက်အလက်များ မလုံလောက်မှုကြောင့် ဂလို ဘယ်ဈေးကွက်တွင် ယှဉ် ပြိုင်ရန် အခက်ကြုံရသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ ကွန်ရက်ကို အား ကောင်းစေခြင်းနှင့်အထောက်အကူပြုလုပ်ငန်းများ တိုးတက်စေခြင်း ကို လုပ်ငန်းများယှဉ်ပြိုင်နိုင်စွမ်း(သို့)စွမ်းရည်ကို မြှင့်တင်ရန် အထိ ရောက်ဆုံးနည်းလမ်းတစ်ခုအနေဖြင့် စဉ်းစားထားသည်။ ယင်း မဟာဗျူဟာသည် ဗီယက်နမ်စက်မှုလုပ်ငန်းထွန်းကားရေး လုပ်ငန်း စဉ်ကို အတိုင်းအတာတစ်ခုအထိ သိသာထင်ရှားစွာ အရှိန်မြင့်တက် စေနိုင်သည်။ မည်သို့ပင်ဆိုစေ ဗီယက်နမ်နိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ကွန်ရက်သည် အကန့်အသတ်ရှိနေဆဲ ဖြစ်သည်။ ပြည်တွင်းကွန်ရက်များချိတ်ဆက်မှု အားနည်းနေသည့် အပြင် သွက်လက်သော နိုင်ငံတကာကော်ပိုရေးရှင်းများနှင့်ပေါင်း စည်းခြင်းမရှိသေးသော ပြည်တွင်း SMEs လုပ်ငန်းများအကြား နီးကပ်သော ချိတ်ဆက်မှုမရှိသေးချေ။ ထို့ပြင် သွင်းကုန်ဦးစားပေး ခြင်းနှင့်ပို့ကုန်ဦးစားပေး အခန်းကဏ္ဍများလည်း ချိတ်ဆက်မှု အားနည်းနေသေးသည်။

ဗီယက်နမ်နိုင်ငံတွင် ပေါင်းစည်းထားသော ပုဂ္ဂလိကအခန်း ကဏ္ဍဖွံ့ဖြိုးမှုသည် ၁၉၈၆ ခုနှစ်တွင် စတင်ခဲ့သည်။ ထိုကာလတွင် ဗီယက်နမ်အစိုးရသည် ဆန်းသစ်ဖန်တီးမှုပေါ်လစီကို ဖော်ဆောင် ခဲ့သည်။ နောက်တစ်ဆင့်အနေဖြင့် ၁၉၉၂ ခုနှစ်ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်ခဲ့သည်။ ဤတွင် အစိုးရပိုင်စီးပွားရေးလုပ်ငန်း များပြန်လည်ဖွဲ့စည်းပြီး ပုဂ္ဂလိကပိုင်ဆိုင်မှုကို ကာကွယ်ရန် ပုဂ္ဂလိကအခန်းကဏ္ဍကို အသိအမှတ်ပြုခဲ့သည်။

၁၉၉၉ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းလိုက် ခြင်းအားဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်သည် အထိ အောင်မြင်စွာထိုးဖောက်နိုင်ခဲ့သည်။ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ အစည်းများစည်းမျဉ်းများနှင့်ပြဋ္ဌာန်းချက်များကို လိုက်နာရန် ဥပဒေ ဆိုင်ရာအထောက်အထားများကို ပြုပြင်ပြီးအသစ်ပြန်လည်ရေးဆွဲ သည်။ ဤသို့ဖြင့် ဗီယက်နမ်နိုင်ငံတွင် မျှတမှန်ကန်သော ယှဉ်ပြိုင်မှု ကို ဖန်တီးခဲ့သည့်ပြင် ပိုမိုနက်ရှိုင်းသော ပြုပြင်ပြောင်းလဲမှုများကို ရယူခဲ့သည်။ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းသို့ ဝင်ရောက်ပြီးနောက် ယင်းသို့ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးရေး အတွက် အလွန်အရေးပါသည်။

ဗီယက်နမ်နိုင်ငံတွင် ဆန်းသစ်ဖန်တီးမှုမူဝါဒ စတင်ပြီး နှစ် ၂၀ အကြာ ၂၀၀၁ ခုနှစ် နိုဝင်ဘာလတွင် အသေးစားနှင့်အလတ်စား လုပ်ငန်းများကို အထောက်အကူပြုသော ပထမဆုံးဖွံ့ဖြိုးတိုးတက်မှု ဥပဒေပြဋ္ဌာန်းချက်များ စတင်မွေးဖွားလာခဲ့သည်။ ဗီယက်နမ်နိုင်ငံ ၏ SME နှင့်ပတ်သက်၍ တရားဝင်အဓိပ္ပာယ်သတ်မှတ်ချက်မှာ ဤသို့ ဖြစ်သည်။

" ဗီယက်နမ်ငွေကြေး (Vietnam dong-VND)၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၃၀,၀၀၀) ထက်မကျော်သော မှတ်ပုံတင် ထားသော အရင်းအနှီးနှင့်စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင် ခြင်း(သို့မဟုတ်) ပုံမှန်လုပ်သား ၃၀၀ ထက်မကျော်သော လုပ်သား အင်အားရှိခြင်း "

၁၉၉၈ ခုနှစ်မတိုင်ခင် အချို့ပြည်နယ်များက သက်ဆိုင်ရာ ပြည်နယ်အလိုက် SME နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုတွင် အောက်ပါတို့ပါဝင်သည်။

(၁) အရေအတွက် ၅၀၀ ထက်နည်းသော ပုံမှန်လုပ်သားများ
(၂) VND ၁၀ ဘီလီယံထက်နည်းသော ပုံသေပိုင်ဆိုင်မှုများ
(၃) VND ၂၀ ဘီလီယံထက်နည်းသော လစဉ်ဝင်ငွေ (သို့ ) အရင်းအနှီး

၁၉၉၈ ဇွန်လတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုတွင် မူဝါဒနှင့်မဟာဗျူဟာမြောက် ညွှန်ကြားချက် များကို ဗီယက်နမ်အစိုးရမှ ပြည်သူလူထုထံထုတ်ပြန်စာ 681/CP-KCN ကို ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်စာအရ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ဤသို့အဓိပ္ပာယ်ဖွင့်ခဲ့သည်။

" ပုံမှန်လုပ်သားအင်အား ၂၀၀ ထက်မပိုသော (သို့မဟုတ်) VND ငါးဘီလီယံထက်နည်းသော မှတ်ပုံတင်ထားသည့် အရင်း အနှီးဖြင့် ထူထောင်ထားသည့်လုပ်ငန်းများ "

ယင်းဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်သည် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု အကောင်အထည်ဖော်ခြင်း အတွက် ဥပဒေကြောင်းအရ ကနဦးပြဋ္ဌာန်းချက်ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် SME ဖွံ့ဖြိုးမှုဆိုင်ရာ အေဂျင်စီ (ASMED) သည် ၂၀၀၆ -၂၀၁၀ ကာလအတွက် SME ဖွံ့ဖြိုးမှုစီမံချက်ကို ရေးဆွဲရာ အဆိုပါ ပြဋ္ဌာန်းချက် အရွယ်အစားအကန့်ခွဲခြင်းကို စတင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့အကန့်ခွဲမှုအသစ်ကြောင့် SME လုပ်ငန်းကို မိုက်ခရို(micro) လုပ်ငန်းများ (လူ ၁၀ ဦးအောက်ရှိလျှင်) အသေးစားလုပ်ငန်းများ (လူ ၁၀ ဦးမှ ၄၉ ဦးထိရှိလျှင်)နှင့်အလတ်စားလုပ်ငန်းများ (လူ ၅၀ ဦးမှ ၂၉၉ ဦးထိရှိလျှင်) ဟူ၍ အမျိုးအစားခွဲခြားသတ်မှတ်ပေးခဲ့ သည်။

ယင်းသို့ အမျိုးအစားအကန့်ခွဲခြားခြင်းအားဖြင့် အကန့် အသတ်အချို့ကို တွေ့ကြုံနေရသည်။ ပထမအချက်မှာ ယင်းသည် ကွဲပြားခြားနားသော လုပ်သားအင်အားခန့်ထားခြင်း(သို့မဟုတ်) ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်မှုများအတွက် ကွဲပြားခြားနားသော အရင်းအနှီးပမာဏလိုအပ်နိုင်သော သီးခြားလုပ်ငန်းဒိုမိန်းမဟုတ် ချေ။

➲စာမျက်နှာ - ၂၆ သို့

## ဓာတ်ဆီ/ဒီဇယ်

# ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၇၀၀ ကျော်ဝင်

အောက်တိုဘာလ ၄ရက်မှ ၁၀ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ၃၀၉၇၆၁၉၅တန်ဖိုးရှိ ဒီဇယ် ၄၆၉ဒသမ ၈၇၅ တန်ကို စင်ကာပူနဲ့ မလေးရှားမှတင်သွင်းခဲ့ပြီး ကန်ဒေါ်လာ ၁၆၅၅၀၁၆၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၃၁ ဒသမ ၂၅၆ တန်ကို စင်ကာပူနိုင်ငံမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကဓာတ်ဆီရော ဒီဇယ်ပါ အဝင်နားခဲ့ပြီး ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ အောက်တိုဘာ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေး အတက်အကျ ၂၀၀၀ ကျပ် ဝန်းကျင်သာရှိခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း (92)နဲ့ အောက်တိန်း (95) မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊ အောက်တိန်း (92)၆၉၀ကျပ်၊ အောက်တိန်း (95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာလ ၁၂ ရက် ဓာတ်ဆီ ဝယ်ဈေး ၁၅၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၈၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ အောက်တိုဘာ ၁၂ ရက်မှာ ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၁၃ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေး မြင့်ခဲ့တယ်လို့ သိရပါ တယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓါတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်း အဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ် ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၁၂ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဈေးအတက်အကျ ၁၀၀၀ ကျပ်ဝန်းကျင်ရှိခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ အောက်တိုဘာ ၁၂ ရက် ဝယ်ဈေး ၁၅၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၁၃ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၀၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ် ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဓာတ်ဆီဈေးနည်းနည်း တက်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၅၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ အောက်တိန်းမှာ ဈေးငြိမ်ပြီး ဓာတ်ဆီ၊ ဒီဇယ်မှာ ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၁၅ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီ ဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရှိရပါတယ်။

**MIRT-DOT**

## Energy NYMEX 16-10-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.00 | 0.62 | 1.34 |
| Brent Crude Futr (USD/bbl) | 50.28 | 0.55 | 1.11 |
| Gasoline Rbob Fut (Cent/gal) | 131.75 | 1.03 | 0.79 |
| Natural Gas Futr (USD/MMBtu) | 2.44 | -0.01 | -0.37 |
| Heating Oil Futr (Cent/gal) | 149.69 | 1.06 | 0.71 |

# ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်း ငွေလဲနှုန်းများသည် အနည်းငယ်ကျဆင်းလာခဲ့ကြောင်း သိရသည်။ ဈေးကွက်အတွင်း အရောင်းအဝယ်များ အေးနေသဖြင့် ဈေးများ ကျဆင်းလာရခြင်းဖြစ်သည်ဟုဆိုသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကတည်းက အနည်းငယ်ကျဆင်းနေသည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားသော်လည်း အနည်းငယ်လောက်သာကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ဈေးကွက်ထဲမှာ အရောင်းအဝယ်က တော်တော်လေးကို အေးနေတယ်။ ရွှေဈေးကမြင့်နေတော့ ရွှေဘက်ကို လှည့်သွားတယ်လို့ထင်တယ်။ ဈေးကျ တာကလည်း သိပ်အကျကြီးမဟုတ်တော့ အရောင်းအဝယ်မှာ အဆင်ပြေပါတယ်။ တစ်နေ့ကို တစ်ကျပ်နှစ်ကျပ်လောက်တော့ကျတယ်။ ဒါပေမယ့် အောက်တိုဘာ ၁၃ ရက်တုန်းကတော့ နည်းနည်းအဝယ်ပြန်လိုက်လာလို့ ဈေးပိတ်ခါနီး ဈေးတက်သွားသေးတယ်။ နောက်နေ့ကျတော့ ပုံမှန်အတိုင်း ပြန်ဖြစ်သွားတယ်။ ဒီတစ်ပတ်မှာ ထူးခြားတာဆိုရင် ဒီတစ်ချက်ပဲပြောဖို့ရှိတယ်”ဟု ဈေးကွက်အတွင်းဝယ်ရောင်းပြုလုပ်နေသည့် ငွေလဲစင်တာတစ်ခုမှသိရသည်။

ဗဟိုဘဏ်မှလည်း ယခုတစ်ပတ်အတွင်း သတ်မှတ်ထားသည့်ရည်ညွှန်းငွေလဲနှုန်းမှာ ၁၂၈၄ ကျပ်ဖြစ်ပြီး တစ်ကျပ်ခန့် ကျဆင်းသွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ငွေလဲဈေးကွက်အတွင်းတွင် အောက်တိုဘာလ ၁၂ ရက်နေ့က ရောင်းဈေး ၁၂၈၇ ကျပ်၊ ဝယ်ဈေး ၁၂၈၂ ကျပ်ရှိခဲ့ပြီး အောက်တိုဘာ ၁၄ ရက်တွင် ရောင်းဈေး ၁၂၈၈ကျပ်၊ ဝယ်ဈေး ၁၂၈၄ကျပ်ရှိခဲ့သည်။ အောက်တိုဘာ ၁၆ ရက်တွင် ရောင်းဈေး ၁၂၈၇ ကျပ်၊ ဝယ်ဈေး ၁၂၈၃ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# မြန်မာ့ရွှေဈေး ကျပ်ရှစ်သိန်းကျော်အထိ မြင့်တက်လာ

ယခုတစ်ပတ်အတွင်း မြန်မာ့ရွှေဈေးသည် ကျပ်ရှစ်သိန်းကျော်အထိ မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။



ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးကွက်ပါ မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းခြင်းမရှိသဖြင့် ယခုကဲ့သို့ ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတို့က သုံးသပ်လျက်ရှိသည်။

ရွှေဈေး မြင့်တက်လာမှုကြောင့် ဈေးကွက်အတွင်း ပြန်လည်ရောင်းချလာသူများ ယခင်ကထက် ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။

“ရွှေဈေးက တော်တော်လေးကို မြင့်လာတယ်။ ကျပ်ရှစ်သိန်းကျော်လောက်အထိ မြင့်တက်လာတဲ့အတွက် စံချိန်တင်မြင့်တက်ခဲ့တယ်လို့ ဆိုရမှာပါ။ အဲဒီလိုမြင့်တက်လာတဲ့အတွက်ဈေးကွက်ထဲမှာ ပြန်ပြီးရောင်းလာတဲ့သူတွေများလာတယ်။ ဈေးက ဒီလောက်ပဲတက်လာနိုင်ပြီး ပြန်ကျမယ်လို့ယူဆကြတဲ့အတွက် ပြန်ရောင်းတဲ့သူများလာတာပါ။ တချို့နေရာတွေမှာဆို အထည်တွေပါ ထုတ်ရောင်းလာတာမျိုးတွေရှိတယ်”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ကမ္ဘာ့ရွှေဈေးသည် ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀နီးပါး မြင့်တက်သွားခြင်းဖြစ်ပြီး ကမ္ဘာ့ရွှေဈေးကွက်တွင် အဝယ်လိုက်လာမှုကြောင့် ဈေးမြင့်တက်ရခြင်းဖြစ်သည်ဟု သုံးသပ်လျက်ရှိသည်။

မြန်မာ့ရွှေဈေးသည် အောက်တိုဘာလ ၁၂ ရက်က ကျပ် ၇၉၃၅၀၀ ဖြင့် ဈေးဖွင့်ခဲ့သော်လည်း အောက်တိုဘာ ၁၄ ရက် ဈေးပိတ်ချိန်တွင် ကျပ် ၇၉၉၀၀၀ သို့ မြင့်တက်ခဲ့သည်။

အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျပ် ၈၀၂၀၀၀သို့မြင့်တက်ခဲ့ကာ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျပ် ၈၀၁၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၁၂ ရက်တွင် ၁၁၅၅ ဒေါ်လာရှိခဲ့ပြီး အောက်တိုဘာလ ၁၃ ရက်နေ့တွင် ၁၁၅၈ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ အောက်တိုဘာ ၁၄ ရက်နေ့ ဈေးပိတ်ချိန်တွင် ၁၁၇၄ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့ကာ အောက်တိုဘာ ၁၆ ရက်တွင် ၁၁၈၂ ဒေါ်လာ သို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

October 16, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.37 |
| BDT | Bangladesh Taka | 77.75 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.36 |
| EUR | Euro | 0.88 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 64.92 |
| IDR | Indonesia Rupiahs | 13541.00 |
| JPY | Japan Yen | 118.94 |
| MYR | Malaysia | 4.18 |
| PKR | Pakistan Rupees | 104.31 |
| PHP | Philippines Pesos | 45.98 |
| RUB | Russia Rubles | 61.49 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1127.91 |
| LKR | Sri Lanka Rupe | 140.90 |
| THB | Thailand Baht | 35.28 |
| GBP | United Kingdom Pounds | 0.65 |
| VND | VietnamDon | 22150.00 |

*Source : xe.com*

## World Gold Price

October, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 12 | 1163 | 1123 | 1148 |
| 13 | 1155 | 1155 | 1155 |
| 14 | 1172 | 1172 | 1173 |
| 15 | 1181 | 1181 | 1183 |
| 16 | 1175 | 1175 | 1175 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 12-10- 2015 | 789.50 | 789.70 |
| 13-10- 2015 | 791.50 | 791.80 |
| 14-10- 2015 | 799.00 | 799.00 |
| 15-10- 2015 | 802.00 | 800.80 |
| 16-10- 2015 | 798.50 | 798.10 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 12 | 6 .32 | 36.35 | 77.63 | 64.79 |
| 13 | 6. 33 | 35.49 | 77.73 | 65.06 |
| 14 | 6 35 | 35.05 | 77.80 | 65.01 |
| 15 | 6 .35 | 35.20 | 77.81 | 64.80 |
| 16 | 6.36 | 35.28 | 77.75 | 64.92 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12- October | 15.95 | 1861.66 | 1632.74 | 5412.51 | 988.00 |
| 13- October | 15.74 | 1828.51 | 1598.91 | 5371.07 | 981.00 |
| 14- October | 16.06 | 1813.73 | 1592.86 | 5337.02 | 994.00 |
| 15- October | 16.15 | 1826.94 | 1578.98 | 5409.15 | 1001.00 |
| 16- October | 16.05 | 1823.36 | 1574.94 | 5413.41 | 1002.00 |

Source:kitco.com

## ဘိလပ်မြေ

### ထိုင်းနိုင်ငံမှ ဘိလပ်မြေတန်ချိန်၃၈၀၀၀ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း ဘိလပ်မြေ ၃၈၃၅၀ တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှု လမ်းမှတင်သွင်းခဲ့ပါတယ်။ တန်ဖိုးကတော့ ကန်ဒေါ်လာ ၃၀၉၄၅၅၀ ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံက ဝင်လာတဲ့ မောင်းတိန်းတံဆိပ်တစ်ခုသာ အဝင်ရှိခဲ့ပါတယ်။ ယခင် သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ကိုးသောင်းသုံး ထောင်ကျော်ရှိခဲ့တာ ကြောင့်ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန်ငါးသောင်းငါးထောင်ကျော် အဝင်လျော့ ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက်တွင် အရောင်းပုံမှန်ရှိနေ

အောက်တိုဘာလ ၄ ရက်မှ ၁၀ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၈၃၅၀ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၉၃၃၅၃ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန် ၅၅၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၁၇၁၅၉ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၁၆၃၅ တန်ကျော် ရှိခဲ့တာ ကြောင့် ဒီတစ်ပတ်မှာ ၅၅၂၄တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါ တယ်။

**မန္တလေးဘိလပ်မြေဈေးကွက်**မှာ ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဘိလပ်မြေအဝင်များသလို အထွက်လည်း ရှိနေတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဒီတစ်ပတ်မှာ အေ သုံးလုံးက ၂၀၀ ကျပ်၊ မြန်မာဆင်က ၃၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၇၀၀၀ကျပ်၊ စိန်(ထိုင်း) ၆၉၀၀ ကျပ်၊ အေသုံးလုံး ၅၆၀၀ ကျပ်၊ မြန်မာဆင် ၄၈၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်)၄၆၀၀ကျပ်၊ကျားခေါင်း ၄၆၀၀ ကျပ်၊မြင်းခေါင်း ၄၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်အရောင်းပုံမှန်ပြန်ဖြစ်လာ တယ်လို့ သိရပါတယ်။ ယခင်အရောင်းပါးရာမှ ဒီလထဲမှာ အရောင်းက ပုံမှန်လေး ပြန်ဖြစ်လာတယ်။ ဈေးကလည်း အတက်အကျ ၅၀ကျပ်မှ၁၅၀ကျပ်ထိရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ စိန်နဲ့ ကြံ့ (မြိုင်ကလေး) ဘိလပ်မြေက ဈေးငြိမ်နေပြီး ဆင်(ထိုင်း)က ၁၅၀ ကျပ် ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာဆင်(ထိုင်း) ၅၆၅၀ ကျပ်၊ စိန်(ထိုင်း) ၅၁၅၀ ကျပ်၊ ကြံ့(မြိုင် ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်း ဝယ်ရေး ဆိုင်မှသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးတယ်လို့ သိရပါ တယ်။ ဒီတစ်ပတ်မှာ မိုးများလာတာကြောင့် အရောင်းအဝယ်က အေးလာတယ်။ ဒီထက်လည်းဈေးကျမသွားသလို တက်လည်းမတက်ဘူးလို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၇၀၀ကျပ်၊ မက်စ်(မြန်မာ) ၄၇၀၀ ကျပ်၊ ဆင်(ထိုင်း)၆၇၅၀၊ ဆင်(မြန်မာ) ၅၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### နိုင်ငံစုံမှ မြေဩဇာ တန်ချိန် ငါးထောင့်လေးရာကျော်ဝင်

အောက်တိုဘာ ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း မြေဩဇာ ၅၄၆၈ ဒသမ ၅၂၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တန်ဖိုးကတော့ ကန်ဒေါ်လာ ၂၀၁၀၅၇၈ တန်ဖိုးရှိတယ်လို့ သိရပါတယ်။ ဒီတစ် ပတ် ဘူဂေးရီးယားမှ ၁၀၄၅ တန်၊တရုတ်မှ ၇၈၁ တန်၊ ဂျာမနီနိုင်ငံမှ ၉၈၅ဒသမ ၉၃ တန်၊ ကိုရီးယား မှ ၅၃၈ ဒသမ ၇၀တန်နဲ့ ထိုင်းနိုင်ငံမှ ၂၁၁၇ဒသမ ၈၉၉ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဝင်ကိုကြည့်ရင် ထိုင်းနိုင်ငံမှ အများဆုံးဝင်လာ တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ ပိုတက်ဆီယမ် ဆာလဖိတ်၊ အမိုးနီးယမ်းဆာလဖိတ်၊ နိုက်တြိုဂျင်၊ဓာတ်ဆား၊ကွန်ပေါင်း အစရှိတဲ့ မြေဆီများတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်မြေဆီအဝင်မှာ တန်ချိန် နှစ်ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ မြေဆီတန်ချိန် ၃၂၀၀ ကျော်အဝင် ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အနည်းငယ်သွက်

အောက်တိုဘာ ၄ရက်မှ ၁၀ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၅၄၆၈တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၁၇၇ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၂၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရ ပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၂၂၉၉၃ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၆၆၆၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၆၇၀ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ တောင်ကြီးနဲ့ မော်လမြိုင်ဈေးကွက်မှာ ဈေးငြိမ်ပြီး မကွေးမှာဈေးအနည်းကျကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေဩဇာက ရောင်းအားတက် တယ်လို့ သိရပါတယ်။ ဆောင်းသီးနှံ စတင်စိုက်ပျိုးရန်အတွက် နယ်ဘက်မှလည်း ဆင်းဝယ်ကြတာကြောင့် ရောင်းအားတက်ပေမယ့်လည်း ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေး မှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၃၅၀၀ ကျပ်၊ ကွန် ပေါင်း (အစိမ်း) ၁၅ပတ်လည်(ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ ပတ်လည်(ထိုင်း) ၂၉၅၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၂၃၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြား ကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာကအရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ် ပတ်မှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ၉၀၀ ကျပ်၊ဆင် ၁၀း၁၀း၅နဲ့ တောင်သူမ က ၇၀၀ ကျပ်၊ တီစူပါ ၄၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၀၀ ကျပ်ဈေး ကျခဲ့ပြီး အာမို ၁၀း၁၀း၅ က ၃၀၀ ကျပ် ၊အာမို၁၅ ပတ်လည်က ၅၀၀ကျပ်၊ အာမို ၁၆း၁၆း၈ က ၇၀၀ ကျပ် ဈေးတက်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃)(အပြာ) ၁၆၃၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ ၁၅၇၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၇၃၀၀ ကျပ်၊အာမို ၁၅း၁၅း၁၅ ၃၈၅၀၀ ကျပ်၊အာမို ၁၆း၁၆း၈ ၃၄၇၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်- တရုတ်) ၂၃၀၀၀ကျပ်၊ ယူရီးယား ၃၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၂၀၀ ကျပ်၊ တီစူပါ ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်း ဆိုင်မှ စုံစမ်း သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာက အရောင်းပုံမှန်ရှိနေပေ မယ့်လည်း ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၄၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၄၃၀၀ ကျပ်၊ တီစူပါ(**GTSP**၄၆%- တရုတ်) ၂၂၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိ ရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာ အရောင်းပုံမှန်ရှိနေခဲ့သလို ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေ တဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး- တရုတ်)၂၃၅၀၀ကျပ်၊ ယူရီး ယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၅၅၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၅၀၀ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်)၁၇၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၇၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၈၀၀ကျပ်၊ ယူရီးယား(ယူအေအီး) ၂၂၀၀၀ကျပ်၊ မြားကမ္ဘာ ၁၇၃၀၀ ကျပ် ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါ တယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်နားပြီး နို့မှုန့်တစ်မျိုးသာဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက် တိုဘာ ၄ ရက်မှ ၁၀ ရက် သီတင်းပတ် အတွင်း နို့ဆီအဝင်မရှိခဲ့ဘူးလို့ သိရပါ တယ်။ နို့မှုန့်က မလေးရှားနိုင်ငံမှ ၄၈ဒသမ ၂၂၈တန်၊ စင်ကာပူမှ ၅ ဒသမ ၇၉၂ တန်၊ ဗီယက်နမ်နိုင်ငံမှ ၁၁ ဒသမ ၃၃၄ တန်နဲ့ နယူးဇီလန်မှ၃၁၅ ဒသမ ၆၂၂ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စုစုပေါင်းတင်သွင်းခဲ့တဲ့ တန်ချိန်မှာ ၃၈၀ ဒသမ ၉၇၆ ဖြစ်ပါ တယ်။ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၃၅၀၁၆၀ ဖြစ်ပါတယ်။ယခင်သီတင်း ပတ်နို့မှုန့်အဝင်မှာ ၆၅ တန်ကျော်သာ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါ တယ်။

**သီတာဝင်း(DOT)**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃/၁၀ မှ ၉/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၆/၉ မှ ၂/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၀၀.၂၈ | ၆၄၅.၃၀ | (+) | ၂၅၄.၉၈ |
| ၂။ | လွယ်ဂျယ် | ၄၈၄.၀၀ | ၇၀၄.၀၀ | (-) | ၂၂၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၃၃၃.၀၀ | (-) | ၃၃၃.၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၂၅၁.၀၀ | ၁၆၂၄.၀၀ | (+) | ၆၂၇.၀၀ |
| ၅။ | တာချီလိတ် | ၆၃၀၀.၀၀ | ၅၀၀.၀၀ | (+) | ၅၈၀၀.၀၀ |
| ၆။ | မြဝတီ | ၁၅၀၁.၉၂ | ၂၁၅၆.၈၈ | (-) | ၆၅၄.၉၆ |
| ၇။ | ကော့သောင်း | ၅၆၂၂.၀၀ | ၅၆၂၂.၀၀ | | - |
| ၈။ | မြိတ် | ၁၀၀.၀၀ | ၅၀.၀၀ | (+) | ၅၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၇၁၅၉.၂၀ | ၁၁၆၃၅.၁၈ | (+) | ၅၅၂၄.၀၂ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၃/၁၀ မှ ၉/၁၀ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၆/၉ မှ ၂/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၁၅၆.၂၅၀ | ၂၁၂၀၅.၆၀၀ | (-) | ၃၀၄၉.၃၅၀ |
| ၂။ | လွယ်ဂျယ် | ၁၁၀.၀၀၀ | ၁၅၉.၀၀၀ | (-) | ၄၉.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၄၄.၅၀၀ | ၆၈၅.၂၅၀ | (-) | ၄၄၀.၇၅၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၄၁၈၂.၈၄၆ | ၄၁၀၂.၁၉၆ | (+) | ၈၀.၆၅၀ |
| ၆။ | ကော့သောင်း | - | ၁၂၀.၀၀၀ | (-) | ၁၂၀.၀၀၀ |
| ၇။ | မြိတ် | ၃၀၀.၀၀ | ၁၄၃.၀၀၀ | (+) | ၁၅၇.၀၀၀ |
| ၈။ | ရိဒ် | | ၂၅၀.၀၀၀ | (-) | ၂၅၀.၀၀၀ |
| | စုစုပေါင်း | ၂၂၉၉၃.၅၉၆ | ၂၆၆၆၅.၀၄၆ | (-) | ၃၆၇၁.၄၅၀ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

# မုံရွာဆီထွက်သီးနှံဈေးကွက် ဝယ်လက်အေးလို့ ဈေးကျ

အောက်တိုဘာဒုတိယပတ် မုံရွာကုန်စည်ဒိုင်ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန်(နီ) တစ်မျိုးသာ ဒေသတွင်းအကြော်သမားနဲ့ ထိုင်းဝယ်လက်ကြောင့် တက်ဈေးဖြစ်ခဲ့ပြီးကျန် မြေပဲနဲ့နှမ်းမျိုးစုံတို့ အရောင်းအဝယ်အေးကာ ကျဈေးအသီးသီးဖြစ်ပေါ်ခဲ့ပါတယ်။

မြေပဲဆန်ဈေးကွက်မှာ မြေပဲဆန်(နီ) တစ်ပိဿာ ၃၂၅၀ ကျပ်အထိ မြင့်တက်ခဲ့ပြီး၊ လုံးဆန်က တစ်ပိဿာ ၂၅၅၀ ကျပ်၊ ၂၆၀၀ ကျပ်နဲ့ မြေပဲဆန် (ဆီဆန်) တစ်ပိဿာ ၂၂၅၀ ကျပ် အသီးသီးကျဈေးဖြစ်ပေါ်ခဲ့ကာ တစ်ရက်မြေပဲဆန်မျိုးစုံ အိတ် ၄၀၀၊ ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

နှမ်းဈေးကွက်မှာတော့ ဒိုင်မှာအဝင်နည်းသလို ဝယ်လက်နည်းလို့ ကျဈေးဖြစ်ခဲ့ကာ နှမ်းညိုတစ်တင်း ၃၀၃၀၀ ကျပ်နဲ့ နှမ်းဖြူတစ်တင်း ၃၆၀၀၀ ကျပ် အသီးသီးဈေးပေါက်ခဲ့ပါတယ်။ ယောဘက်ကလာတဲ့ နှမ်းဝါကတော့ ဈေးကွက်ထဲဝင်ရောက်မှု နည်းပါးနေသလို ရောင်းလက်က တစ်တင်း ၃၄၀၀၀ ကျပ်ခန့်လိုချင်ပေမယ့် ဝယ်လက်ကလည်း တစ်တင်း ၃၂၀၀၀ ကျပ်ခန့်သာပေးချင်လို့ ဈေးပုံမှန်မဖွင့်နိုင်ဘဲ အရောင်းအဝယ်လေးနေတယ်လို့ သိရပါတယ်။

ယခုတစ်ပတ် စားသုံးဆီဈေးကွက်အနေနဲ့ မြေပဲဆီမှာ တစ်ပိဿာ ၅၀၀၀ ကျပ်မှ ၄၇၀၀ ကျပ်သို့ ကျဆင်းသွားပြီး နှမ်းဆီက တစ်ပိဿာ ၃၉၀၀ ကျပ်နဲ့ စားအုန်းဆီက တစ်ပိဿာ ၁၅၈၀ ကျပ် အသီးသီး ဈေးတန့်နေတယ်လို့ ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## နှမ်းတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာလ ၃ ရက်မှ ၉ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၇၆ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၃၀၄ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံများကတော့ နှမ်းဖြူ တန် ၁၂၀၊ နှမ်းနက် ၁၄၁ တန်နဲ့ နှမ်းညို ၄၃ တန်ဖြစ်ပါတယ်။မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ ယခင်တစ်ပတ်ကလိုပဲ နှမ်းဖြူ (အခွံချွတ်)တန် ၈၀ ပို့ခဲ့ပါတယ်။ ချင်းရွှေဟော်မှ ယခင်တစ်ပတ်က နှမ်းရောင်စုံ ၂၇၆၈ တန်တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ရဲ့ နှမ်းတင်ပို့မှု လျော့ကျသွားခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ နှမ်းဖြူရော နှမ်းနက်ဈေးပါ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိပါဘူး။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခမှာ ယခင်သီတင်းပတ်က နှမ်း ၁ ပိဿာ(၆၀-၆၆) ကျပ်ရှိခဲ့ပြီး ယခုသီတင်းပတ်မှာတော့ (၆၅-၅၉)ကျပ်သို့ ဈေးမြင့်တက်ခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# ရောင်းလိုအား ကျဆင်းမှုကြောင့် မလေးရှား စားအုန်းဆီဈေးနှုန်းကျဆင်း

စားအုန်းဆီ ထုတ်လုပ်မှုက မူလခန့်မှန်းချက်အောက်ကျဆင်းပြီး စက်တင်ဘာပို့ကုန်များ ခန့်မှန်းထားတာထက်မြင့်တက်မှုကြောင့် မလေးရှားနိုင်ငံရဲ့ စားအုန်းဆီ ရောင်းလိုအားက ခန့်မှန်းထားတာထက် ကျဆင်းခဲ့ပါတယ်။ အဲဒီလို အခြေအနေများ ကြောင့် စားအုန်းဆီဈေးနှုန်းကို မြင့်တက်စေခဲ့ကြောင်း ဒေးလီးအိပ်စ်ပရက်သတင်းမှာ ဖော်ပြပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ တောမီးတွေလောင်ကျွမ်းနေတာကြောင့် မလေးရှားနိုင်ငံတစ်ဝန်းမှာ မီးခိုးမြူတွေဖုံးလွှမ်းနေခဲ့ပါတယ်။ အဲဒီအချက်ဟာ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီထုတ်လုပ်မှုကို ထိခိုက်စေခဲ့ပါတယ်။

မလေးရှားနိုင်ငံရဲ့ စားအုန်းဆီထုတ်လုပ်မှုက ထုံးစံအားဖြင့် စက်တင်ဘာသို့မဟုတ် အောက်တိုဘာမှာ အမြင့်ဆုံးဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်မှာ ဩဂုတ်လအတွင်း အမြင့်ဆုံးကိုရောက်ရှိခဲ့ပြီး စက်တင်ဘာလမှာ ပြည်ပတင်ပို့မှု မြင့်တက်မယ်လို့ ခန့်မှန်းထားပေမယ့် ရောင်းလိုအား ကျဆင်းနေပါတယ်။ ရာသီအလိုက် ဖြစ်ပေါ်တတ်တဲ့ အခြေအနေကြောင့် မကြာမီကာလအထိ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီထုတ်လုပ်မှု ဆက်လက်ကျဆင်းနေဦးမယ်လို့ ခန့်မှန်းရပါတယ်။

မလေးရှားနိုင်ငံရဲ့ စားအုန်းဆီရောင်းလိုအားက သုံးနှစ်အတွင်း အမြင့်ဆုံးကိုရောက်ခဲ့တယ်ဆိုပေမယ့် လေ့လာဆန်းစစ်သူတွေ ခန့်မှန်းထားတဲ့ ပမာဏကို ရောက်ရှိအောင်မထုတ်လုပ်နိုင်ခဲ့ပါဘူး။

မလေးရှားနိုင်ငံရဲ့ စားအုန်းဆီသိုလှောင်လက်ကျန်က ယခင်က ထုတ်လုပ်မှုစံချိန်တင်ထားတဲ့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ သိုလှောင်လက်ကျန်ထက် တန် ၉၁၀ ကျော်လွန်ပြီး စက်တင်ဘာလမှာ တန်ချိန် ၂ ဒသမ ၆၂၇ သန်း ထုတ်လုပ်နိုင်ခဲ့ပေမယ့် မကြာသေးမီ ရက်သတ္တပတ်များအတွင်းက လေ့လာဆန်းစစ်သူတွေ ခန့်မှန်းထားတဲ့ တန် ၂ ဒသမ ၇၀ သန်း သို့မဟုတ် တန်ချိန် ၂ ဒသမ ၇၅ သန်းကို ပြည့်မီခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။

စက်တင်ဘာလမှာ စားအုန်းဆီတင်ပို့မှုက ၄ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၁ ဒသမ ၆၈ သိန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် စားအုန်းဆီကြမ်းတင်သွင်းမှုမှာ ယခင်လက ၂၆၄၂၁ တန်ရှိခဲ့ရာမှ ယခုလမှာ ၈၂၇၄ တန်ရှိပြီး ၆၈ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

မြင့်တက်လျက်ရှိနေတဲ့ စားအုန်းဆီလက်ကျန်နဲ့ စားအုန်းဆီကြမ်းဈေးနှုန်းကို ထိန်းချုပ်ဖို့အတွက် မလေးရှားအစိုးရက ယခုလ လဆန်းပိုင်း မှာ စားအုန်းဆီတင်သွင်းမှုကို ယာယီကန့်သတ်ခဲ့ပါတယ်။ စားအုန်းဆီတင်သွင်းမှုက မလေးရှား စားအုန်းဆီရောင်းလိုအားရဲ့ ၇ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိတဲ့အတွက် စားအုန်းဆီ တင်သွင်းမှုကို ကန့်သတ်လိုက်ခြင်းဖြင့် မလေးရှားစားအုန်း ဆီလက်ကျန်မှာ သိသိသာသာ အကျိုးသက်ရောက်မှု မရှိနိုင် ဘူးလို့ Public Invest Research ရဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ စားအုန်းဆီကြမ်း ဈေးနှုန်းတွေက ဒေါ်လာနဲ့ရင်းဂစ်ဖလှယ်နှုန်းပေါ်မူတည်ပြီး အပြောင်းအလဲဖြစ်တတ်ကြောင်း သုတေသနအဖွဲ့က ပြောပါတယ်။

ယခုနှစ်အတွင်း ရင်းဂစ်တန်ဖိုးက ၁၄ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၁၆ ရင်းဂစ်ထိ ရောက်ရှိခဲ့ပါတယ်။ စားအုန်းဆီကြမ်းဈေးက ၃ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ကာ တစ်တန်ကို ၂၂၂၄ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ စားအုန်းဆီပျမ်းမျှဈေးက ၂၀၁၄ ခုနှစ်က တစ်တန်ကို ၂၄၈၅ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ယခုနှစ်မှာ တစ်တန်ကို ၂၁၇၄ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

ရောင်းလိုအား အခြေအနေတွေ တင်းကျပ်လာတဲ့အတွက် စားအုန်းဆီကြမ်းဈေးက ၂၀၁၆ ခုနှစ် ပထမသုံးလပတ်မှာ တစ်တန်ကို ၂၄၆၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၀၀) နှုန်းထိ မြင့်တက်လာနိုင်ကြောင်း ယခင်ရက်သတ္တပတ်ကကျင်းပတဲ့ MPOB International Palm Oil Congress မှာ LMC International ကုမ္ပဏီမှ ဒေါက်တာဂျိမ်းဖရိုင်းက ပြောပါတယ်။

## ပြည်တွင်းဆီဈေးနှုန်းများ (၁၆-၁၀-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| ရန်ကုန် | ၆၂၀၀ | ၆၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၄၂၅ | ၁၄၃၅ | △ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၉၀၀ | △ | ၁၅၄၀ | ၁၅၄၀ | □ |
| ပဲခူး | ၃၆၀၀ | ၃၃၀၀ | ▽ | ၅၂၀၀ | ၅၁၀၀ | ▽ | ၁၅၂၀ | ၁၅၀၀ | ▽ |
| မကွေး | ၅၃၀၀ | ၅၃၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| မုံရွာ | ၄၈၀၀ | ၄၇၀၀ | ▽ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၇၀ | ၁၅၈၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၁၂-၁၀-၂၀၁၅ မှ ၁၄-၁၀-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၂-၁၀-၂၀၁၅ | ၆၂၀ |
| (၂) | ၁၃-၁၀-၂၀၁၅ | ၆၁၈ |
| (၃) | ၁၄-၁၀-၂၀၁၅ | ၆၂၅ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၆-၁၀-၂၀၁၅ US$/Ton

| အမျိုးအစား | အောက်တိုဘာလပထမပတ် | အောက်တိုဘာလဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၅၆.၀၀ | ၅၇၁.၀၀ | △ |
| RBD P.Olein | ၅၆၉.၀၀ | ၅၇၄.၀၀ | △ |
| RBD P.Strarin | ၄၅၇.၅၀ | ၄၇၀.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆- ၁၀ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၂၆.၉၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၈၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၆.၄၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၆.၁၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၁ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၇၃.၄၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၆-၁၀-၂၀၁၅နေ့ (CIFဈေး Cloud Point 8 ˚C Max ၆၃၂ ဒေါ်လာ၊ FOB ၆၀၇ ဒေါ်လာနှင့် USD ဈေး ၁၂၈၅ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၁၆-၁၀-၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များမပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၈၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နိမ့်ကျနေခြင်းကို အတိုးနှုန်း လျှော့ချခြင်းဖြင့် မကုစားနိုင်

ဩစတြေးလျ စီးပွားရေး ပညာရှင်များ၏ ဆောင်ရွက်ချက်ကို လေ့လာကြည့်ခြင်းဖြင့် ကိုရီးယားစီးပွားရေး ဖွံ့ဖြိုးမှုနှုန်း နှေးကွေးလေးလံနေခြင်းကို ကုစားရန်နည်းလမ်းများ ရှာဖွေသင့်ကြောင်း စီးပွားရေးပညာရှင်များအဖွဲ့ တစ်ဖွဲ့က အခိုင်အမာပြောကြားခဲ့ကြသည်။ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း တိုးတက်လာစေရန် အစိုးရ၏စီးပွားရေးဖွံ့ဖြိုးမှု လှုံ့ဆော်တွန်းအားပေး အစီအစဉ်ကိုသာ မှီခိုမနေဘဲ ကော်ပိုရေးရှင်းတစ်ခုချင်းစီ၏ တီထွင်ဆန်းသစ်မှု လုပ်ငန်းများကို အာရုံစိုက်သင့်ကြောင်း ယင်းစီးပွားရေးပညာရှင်အုပ်စုက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့ငွေကြေးပြဿနာ(၂၀၀၈ ခုနှစ်) ဖြစ်ပွားခဲ့သည်မှာ တွန်းအားပေး ခုနစ်နှစ်ကြာပြီဖြစ်သော်လည်း Keynesians များ အပါအဝင် ကမ္ဘာ့ စီးပွားရေးပညာရှင်များသည် ယင်းငွေကြေးပြဿနာ၏ အဖြေကို ယခုထက် တိုင်ရှာဖွေဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးနေခြင်းအား အတိုးနှုန်းလျှော့ချပေးခြင်း၊ လုပ်ငန်းငယ်လေးများကို ငွေထုတ်ချေးပေးခြင်းတို့ဖြင့် ပြေလည်အောင် မဖြေရှင်းနိုင်ကြောင်း၊ ယင်းသို့ ငွေထုတ်ချေးပေးခြင်းသည် သေဆုံးသွားသည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း ကမ္ဘာမြေပေါ်တွင် ဆက်လက်လမ်းလျှောက်နေဆဲ တစ္ဆေသဖွယ်ဖြစ်နေသော စီးပွားရေးလုပ်ငန်းများကို အသက်သွင်းပေးနေခြင်းသာဖြစ် ကြောင်း၊ ယင်းအချက်သည် resource allocation ကို ပုံစံပျက်ယွင်းစေကြောင်း Kyung Hee University မှ ပါမောက္ခ Ahn Jae-wook က ပြောကြားခဲ့သည်။ အတိုးနှုန်း လျှော့ချပေးခြင်းသည် ရင်းနှီးမြှုပ်နှံမှု အလျှံပယ်ဖြစ်စေပြီး စီးပွားရေး ပျက်ယွင်းမှုကိုသာ ဦးတည်ကြောင်း ဩစတြေးလျစီးပွားရေး ပညာရှင်များကလည်း ထောက်ခံပြောဆိုခဲ့ကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ထိုင်းနိုင်ငံတွင် ဂျာမနီနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု မြင့်တက်လာရေး စီစဉ်ဆောင်ရွက်

ထိုင်းနိုင်ငံ အစိုးရသည် ထိုင်းနိုင်ငံသို့ ဂျာမနီနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်လာအောင် ဆွဲဆောင်လျက်ရှိကြောင်း၊ အထူးသဖြင့် ဂျာမန်လူမျိုးတို့ ကျွမ်းကျင်သော ကား၊ စားသောက်ကုန်၊ ရေနံဓာတုစသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါကြိုးပမ်းမှုသည် ရင်းနှီးမြှုပ်နှံသူများအား အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု စတင်ရန် တွန်းအားပေးလိုသည့် စီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ ထိုင်းနိုင်ငံ အစိုးရအနေဖြင့် ထိုင်းနှင့်ဂျပန်ရင်းနှီးမြှုပ်နှံသူများအား ချိတ်ဆက်ပေးခဲ့သည့် နည်းလမ်းအတိုင်းထိုင်းနှင့်ဂျာမနီရင်းနှီးမြှုပ်နှံသူများအား ချိတ်ဆက်ပေးရန် စီးပွားရေးတွေ့ဆုံပွဲ အစီအစဉ် စတင်ရန် ရည်ရွယ်ထားပါသည်။

ယခုနှစ်ပထမနှစ်ဝက်တွင် ဂျာမန်ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှုပမာဏ ဘတ် ၁၉၉ သန်းရှိသော လုပ်ငန်း ၁၃ ခု အဆိုပြုတင်ပြခဲ့ကြောင်း၊ အီးယူက (ရင်းနှီးမြှုပ်နှံမှုအတွက်) လျှောက်ထားခဲ့သည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၃၉ ဘီလီယံရှိသော လုပ်ငန်း ၁၁၁ ခုအား ရင်းနှီးမြှုပ်နှံမှုအဖွဲ့ (BOI) မှ အတည်ပြု ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် အီးယူမှ ရင်းနှီးမြှုပ်နှံမှုအတွက် လျှောက်ထားသည့်လုပ်ငန်းပေါင်း ၂၆၀ ခုရှိခဲ့ပြီး ဘတ် ၁၆၉ ဘီလီယံဖိုးရှိကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကိုရီးယားငွေစက္ကူတန်ဖိုး ပြန်လည်သတ်မှတ်ရန် လိုအပ်လျက်ရှိ

ကိုရီးယားသမ္မတနိုင်ငံ ဗဟိုဘဏ် ဥက္ကဋ္ဌ Lee Ju-yeol က စီးပွားရေးအခြေအနေမကောင်းသည့် အခိုက် ဝမ်ငွေကျုံ့မှုအန္တရာယ်ကိုပါ ရင်ဆိုင်နေရသဖြင့် ကိုရီးယားငွေစက္ကူတန်ဖိုး ပြန်လည်သတ်မှတ်ရန် (rede-nomination)လိုအပ်လျက်ရှိသည်ကို သတိပြုမိကြောင်း အမျိုးသားလွှတ်တော်က ဗဟိုဘဏ်အား စာရင်းစစ်ဆေးနေသည့် ကာလအတွင်း ပြောကြားခဲ့သည်။ ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ယင်းသတ်မှတ်ချက်သည် ငွေစက္ကူတန်ဖိုးပြန်လည် သတ်မှတ်ရန် ပထမဆုံးသော မှတ်ချက်တစ်ခု ဖြစ်ခဲ့သည်။

အာဏာရပါတီမှ လွှတ်တော် အမတ်တစ်ဦးက ယင်းကဲ့သို့ ငွေစက္ကူတန်ဖိုး ပြန်လည်သတ်မှတ်ရန် အချိန်ကောင်းဖြစ်ကြောင်း သို့မှသာ မှောင်ခို စီးပွားရေးလုပ်ငန်းများကို ပွင့်လင်းအောင် ဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း ထောက်ခံပြောကြားခဲ့သည်။ ငွေစက္ကူ တန်ဖိုးပြန်လည်သတ်မှတ်ခြင်းဆိုသည်မှာ ငွေကြေးတန်ဖိုးကိုမူပြောင်းလဲ မှု မရှိစေဘဲ၊ ငွေစက္ကူများ၏ face value မျက်နှာပြင်တွင် ရိုက်နှိပ်ထားသော တန်ဖိုးများ ပြောင်းလဲသတ်မှတ်ခြင်း ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဒိန်းမတ်ဝက်သားလုပ်ငန်းကဏ္ဍကို ရုရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

ဒိန်းမတ် ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူလယ်သမားများနှင့် ဝက်သားထုတ်လုပ်ရေးလုပ်ငန်းများအား ရုရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိရုရှားသံရုံးမှ စီးပွားရေးသံမှူးကဖိတ်ခေါ် ဆောင်ရွက်လျက်ရှိကြောင်း GlobalMeatNews တွင် ဖော်ပြထားချက်အရ သိရှိရပါသည်။

ယူကရိန်းနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ အနောက်နိုင်ငံများက အရေးယူပိတ်ဆို့မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံ၊ ဥရောပသမဂ္ဂ၊ နော်ဝေနိုင်ငံနှင့်ဩစတြေးလျနိုင်ငံတို့မှ အမဲသား၊ ဝက်သား၊ ကြက်သား၊ ဘဲသား၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ သစ်သီးနှင့် သစ်စေ့များ၊ ဟင်းသီးဟင်းရွက်များ၊ ငါး စသည်တို့အပါအဝင် စိုက်ပျိုးရေးထုတ်ကုန်များ တင်သွင်းမှုများကို တားမြစ်ပိတ်ပင်ခဲ့ပါသည်။ ထိုသို့ တားမြစ်ပိတ်ပင်ခဲ့ခြင်းကြောင့် ရုရှားဈေးကွက်အပေါ် မှီခို အားထားနေရသည့် ဥရောပလယ်သမားများနှင့်အစားအစာ ထုတ်လုပ်သူများမှာများစွာ ထိခိုက်နစ်နာခဲ့ရပါသည်။

ရုရှားနိုင်ငံ၏ ဝက်သားစားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် လေးသန်းခန့်ရှိပြီး ရုရှားနိုင်ငံ၏ ဝက်သားစားသုံး မှုမှာ နှစ်စဉ် တိုးတက်လျက်ရှိပါသည်။ ထို့ကြောင့် အမေရိကန် ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့်အခြား သောနိုင်ငံအချို့မှ အစားအစာ တင်သွင်းမှုများကို ပိတ်ပင်ပြီးနောက်ပိုင်းတွင် ပြည်တွင်းဝက်သား ထုတ်လုပ်မှု တိုးတက်ရေးကို ရုရှားနိုင်ငံက အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃ ခုနှစ်တွင် ရုရှားနိုင်ငံသည် ဥရောပသမဂ္ဂမှ ဝက်သားတန်ချိန် ရှစ်သိန်းခန့် တင်သွင်းခဲ့ပြီး အမေရိကန်ပြည်ထောင်စုမှ ဝက်သားတန်ချိန် ခြောက်သောင်းခန့် တင်သွင်းခဲ့ပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ယူရိုဇုန်စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုနှုန်း မြင့်တက်

ယူရိုဇုန်တွင် စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုနှုန်းသည် ၂၀၁၅ ခုနှစ်၊ ပထမသုံးလပတ်တွင် ၂၂ ဒသမ သုညရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် ၂၂ ဒသမ ၃ ရာခိုင်နှုန်းသို့မြင့်တက်လာကြောင်း အီးယူစာရင်းအင်းရုံးက ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ယူရိုဇုန်တွင် အိမ်ထောင်စုငွေစုဆောင်းမှုနှုန်း အနည်းငယ်မြင့်တက်

ယူရိုဇုန်တွင် အိမ်ထောင်စုငွေစုဆောင်းမှုနှုန်းသည် ၂၀၁၅ ခုနှစ်၊ ပထမသုံးလပတ်တွင် ၁၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် ၁၂ ဒသမ ၈ ရာခိုင်နှုန်းသို့ အနည်းငယ်မြင့်တက်လာကြောင်း အီးယူစာရင်းအင်းရုံးက ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့်ဗီယက်နမ်နိုင်ငံတို့ International Energy Charter အား လက်မှတ်ရေးထိုးကြမည်

စွမ်းအင်ရောင်းလိုအားနှင့်ဝယ်လိုအား အာမခံချက် တိုးတက်လာစေရန်၊ စွမ်းအင်ကွင်းဆက် (Energy Chain) တစ်ရပ်လုံး၏ စွမ်းဆောင်ရည် အမြင့်ဆုံးသို့ ရောက်ရှိစေရန်၊ စွမ်းအင်ဖူလုံရေးကို မြှင့်တင်ဆောင်ရွက်ရန်နှင့်ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ အနည်းဆုံးဖြစ်စေရန် အဓိကရည်ရွယ်သော စွမ်းအင်ဆိုင်ရာ နိုင်ငံစုံသဘောတူညီချက်တစ်ခုဖြစ်သည့် International Energy Charter အား ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့က ၂၀၁၅ ခုနှစ်အတွင်း လက်မှတ်ရေးထိုးသွားရန်ရှိကြောင်း လက်မှတ်ရေးထိုးပြီးပါက အဆိုပါ နိုင်ငံများသည် International Energy Charter ၏ လေ့လာသူ (Observers) အဆင့်နိုင်ငံများ ဖြစ်လာမည်ဖြစ်ကြောင်း Energy Charter အတွင်းရေးမှူးရုံးက ပေးပို့လာသည့် သတင်းတစ်ရပ်အရ သိရှိရပါသည်။

International Energy Charter အား အတည်ပြုလက်မှတ်ရေးထိုးပြီးသော သို့မဟုတ် လက်မှတ်ရေးထိုးပြီးသော ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ကျော်ရှိပါသည်။ Energy Charter အတွင်းဝန်ရုံးသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် တည်ရှိပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့၏ ပြည်တွင်းဈေး အခြေအနေများ နှိုင်းယှဉ်ချက်

| စဉ် | အမည် | ကုန်အမှတ်တံဆိပ် | စင်ကာပူဈေးနှုန်း | | မြန်မာဈေးနှုန်း | |
|---|---|---|---|---|---|---|
| | | | ရေတွက်ပုံ | S$ | ရေတွက်ပုံ | ကျပ် |
| ၁ | ဟုန်မာလီ ၁၀၀%ဆန် | Royal Umbrella-ထိုင်း | ၁ ကီလိုဂရမ် | ၂.၈၈ | ၁ ပြည် | ၅၃၁၄ |
| ၂ | ဟုန်မာလီ ၁၀၀%ဆန် | FairPrice Gold-ထိုင်း | ၁ ကီလိုဂရမ် | ၂.၂၃ | ၁ ပြည် | ၄၁၁၈ |
| ၃ | ဟုန်မာလီ ရောနှောဆန် | FairPrice Golden Royal | ၁ ကီလိုဂရမ် | ၁.၅၂ | ၁ ပြည် | ၂၈၀၆ |
| ၄ | ဟုန်မာလီဆန် | FairPrice Jasmine-ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၄၀ | ၁ ပြည် | ၂၅၇၄ |
| ၅ | ညော့်မထဆန် လုံးရှည် | AAA-ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၁၀ | ၁ ပြည် | ၂၀၃၀ |
| ၆ | ဘာစမာတီဆန် | India Gate-Classic အိန္ဒိယ | ၁ ကီလိုဂရမ် | ၄.၉၆ | ၁ ပြည် | ၉၁၅၂ |
| ၇ | မုံညင်းဆီ | FairPrice Canola | ၂ လီတာ | ၅.၁၇ | ၁ ပိဿာ | ၄၆၇၄ |
| ၈ | နေကြာဆီ | FairPrice | ၂ လီတာ | ၆.၆၆ | ၁ ပိဿာ | ၆၀၂၁ |
| ၉ | ဖွဲနုဆီ | FairPrice | ၂ လီတာ | ၆.၉၇ | ၁ ပိဿာ | ၆၃၀၁ |
| ၁၀ | မြေပဲဆီ | FairPrice | ၂ လီတာ | ၈.၅၅ | ၁ ပိဿာ | ၇၇၃၀ |
| ၁၁ | ဆား | FairPrice | ၁ ကီလိုဂရမ် | ၀.၈၀ | ၁ ပိဿာ | ၁၁၈၀ |
| ၁၂ | ဆား | Pagoda Sea Salt | ၁ ကီလိုဂရမ် | ၂.၆၅ | ၁ ပိဿာ | ၃၉၀၈ |
| ၁၃ | သကြား | FairPrice Fine | ၁ ကီလိုဂရမ် | ၁.၃၉ | ၁ ပိဿာ | ၂၀၅၀ |
| ၁၄ | သကြား | Billington's Demerara | ၁ ကီလိုဂရမ် | ၆.၄၀ | ၁ ပိဿာ | ၉၄၃၉ |
| ၁၅ | အေးခဲ ကြက်သား | Sadia-ဘရာဇီး | ၁ ကီလိုဂရမ် | ၄.၉၅ | ၁ ပိဿာ | ၇၃၀၀ |
| ၁၆ | ကြက်သား | မလေးရှား | ၁ ကီလိုဂရမ် | ၇.၄၀ | ၁ ပိဿာ | ၁၀၉၁၄ |
| ၁၇ | အေးခဲဝက်သား | Porkee | ၁ ကီလိုဂရမ် | ၁၀.၂၀ | ၁ ပိဿာ | ၁၅၀၄၃ |
| ၁၈ | ဝက်သား | အနိမ့်ဈေး | ၁ ကီလိုဂရမ် | ၁၁.၆၀ | ၁ ပိဿာ | ၁၇၁၀၈ |
| ၁၉ | ဝက်သား | အမြင့်ဈေး | ၁ ကီလိုဂရမ် | ၂၄.၉၀ | ၁ ပိဿာ | ၃၆၇၂၄ |
| ၂၀ | အေးခဲအမဲသား | AMIR's Cube | ၁ ကီလိုဂရမ် | ၁၃.၈၀ | ၁ ပိဿာ | ၂၀၃၅၃ |
| ၂၁ | အမဲသား | အနိမ့်ဈေး-သြစတြေးလျ | ၁ ကီလိုဂရမ် | ၁၇.၉၀ | ၁ ပိဿာ | ၂၆၄၀၀ |
| ၂၂ | အမဲသား | အမြင့်ဈေး-သြစတြေးလျ | ၁ ကီလိုဂရမ် | ၄၅.၉၀ | ၁ ပိဿာ | ၆၇၆၉၅ |
| ၂၃ | အေးခဲဆိတ်သား | Singourment | ၁ ကီလိုဂရမ် | ၁၇.၃၀ | ၁ ပိဿာ | ၂၅၅၁၅ |
| ၂၄ | ဆိတ်သား | သြစတေးလျ | ၁ ကီလိုဂရမ် | ၁၉.၉၀ | ၁ ပိဿာ | ၂၉၃၄၉ |
| ၂၅ | တီလားပီးယားငါး | အနက် | ၃၀၀ ဂရမ် | ၃.၀၀ | ၁ ပိဿာ | ၁၄၇၄၈ |
| ၂၆ | ငါးမုတ် | ရွှေရောင် | ၁ ကီလိုဂရမ် | ၁၁.၉၀ | ၁ ပိဿာ | ၁၇၅၅၁ |
| ၂၇ | ပုစွန် | Black Tiger XL | ၁ ကီလိုဂရမ် | ၁၇.၅၀ | ၁ ပိဿာ | ၂၅၈၁၀ |
| ၂၈ | ပုစွန် | Grey Prawn XL | ၁ ကီလိုဂရမ် | ၁၉.၅၀ | ၁ ပိဿာ | ၂၈၇၅၉ |
| ၂၉ | အာလူး | Brastagi- အင်ဒိုနီးရှား | ၁ ကီလိုဂရမ် | ၂.၄၅ | ၁ ပိဿာ | ၃၆၁၃ |
| ၃၀ | ကြက်သွန်ဖြူ | Chef-တရုတ် | ၁ ကီလိုဂရမ် | ၃.၁၀ | ၁ ပိဿာ | ၄၅၇၂ |
| ၃၁ | ကြက်သွန်နီ | Chef-အိန္ဒိယ | ၇၀၀ ဂရမ် | ၁.၄၀ | ၁ ပိဿာ | ၂၉၅၀ |
| ၃၂ | ငရုတ်သီး အမှုန့် | Pasar-မလေးရှား | ၁၀၀ ဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၆၁၉ |
| ၃၃ | ချင်း | Pasar | ၁ ကီလိုဂရမ် | ၆.၉၅ | ၁ ပိဿာ | ၁၀၂၅၀ |
| ၃၄ | ခရမ်းချဉ်သီး | မလေးရှား | ၁ ကီလိုဂရမ် | ၁.၉၀ | ၁ ပိဿာ | ၂၈၀၂ |
| ၃၅ | ခရမ်းသီး | မလေးရှား | ၁ ကီလိုဂရမ် | ၄.၂၀ | ၁ ပိဿာ | ၆၁၉၄ |
| ၃၆ | ဂေါ်ဖီထုပ်အကြီး | တရုတ် | ၁ ကီလိုဂရမ် | ၁.၂၀ | ၁ ပိဿာ | ၁၇၇၀ |
| ၃၇ | ဂေါ်ဖီထုပ် | Bejing-တရုတ် | ၁ ကီလိုဂရမ် | ၁.၄၀ | ၁ ပိဿာ | ၂၀၆၅ |
| ၃၈ | ပန်းမုန်လာ | တရုတ် | ၁ ကီလိုဂရမ် | ၂.၈၀ | ၁ ပိဿာ | ၄၁၃၀ |
| ၃၉ | ကညွတ် | သြစတေးလျ | ၁ ကီလိုဂရမ် | ၇.၉၀ | ၁ ပိဿာ | ၁၁၆၅၁ |
| ၄၀ | ဘိုစားပဲ | Pasar-မလေးရှား | ၂၅၀ ဂရမ် | ၁.၀၃ | ၁ ပိဿာ | ၆၀၇၄ |
| ၄၁ | မုန်လာဥနီ | သြစတေးလျ | ၅၀၀ ဂရမ် | ၀.၉၅ | ၁ ပိဿာ | ၂၈၀၂ |
| ၄၂ | ပဲလွန်းဖြူ | Pasar | ၁ ကီလိုဂရမ် | ၃.၄၀ | ၁ ပိဿာ | ၅၀၁၄ |
| ၄၃ | ပဲတီစိမ်း | Max's | ၁ ကီလိုဂရမ် | ၄.၅၀ | ၁ ပိဿာ | ၆၆၃၇ |
| ၄၄ | ကြက်ဥ | အနိမ့်ဈေး | ၁ လုံး | ၀.၁၇ | ၁ လုံး | ၁၅၄ |
| ၄၅ | ကြက်ဥ | အမြင့်ဈေး | ၁ လုံး | ၀.၃၇ | ၁ လုံး | ၃၃၀ |
| ၄၆ | ပန်းသီး | Fuji-တရုတ် | ၅ လုံး | ၄.၂၅ | ၁ လုံး | ၇၆၈ |
| ၄၇ | ပန်းသီး | Royal Gala-ပြင်သစ် | ၁ လုံး | ၀.၃၅ | ၁ လုံး | ၃၁၆ |
| ၄၈ | လိမ္မော်သီး | Mandarin-သြစတေးလျ | ၁ လုံး | ၀.၄၅ | ၁ လုံး | ၄၀၇ |
| ၄၉ | လိမ္မော်သီး | Navel-သြစတေးလျ | ၁ လုံး | ၁.၁၅ | ၁ လုံး | ၁၀၄၀ |
| ၅၀ | ဖရဲသီး | မလေးရှား | ၃ ကီလိုဂရမ် | ၃.၉၅ | ၁ လုံး | ၃၅၇၁ |
| ၅၁ | သခွားမွှေး | Hami - တရုတ် | ၁ လုံး | ၄.၉၉ | ၁ လုံး | ၄၅၁၁ |
| ၅၂ | ၄က်ပျောသီး | Aloha-ဖိလစ်ပိုင် | ၁ ကီလိုဂရမ် | ၂.၀၀ | ၁ လုံး | ၂၂၆ |
| ၅၃ | နာနတ်သီး | မလေးရှား | ၁ လုံး | ၁.၉၅ | ၁ လုံး | ၁၇၆၃ |
| ၅၄ | နဂါးမောက်သီး | ဗီယက်နမ် | ၁ လုံး | ၀.၈၀ | ၁ လုံး | ၇၂၃ |
| ၅၅ | အုန်းသီးအနု | ထိုင်း | ၁ လုံး | ၁.၄၅ | ၁ လုံး | ၁၃၁၁ |
| ၅၆ | စပျစ်သီး | အနီ-အမေရိကန် | ၁ ကီလိုဂရမ် | ၅.၉၀ | ၁ ပိဿာ | ၈၇၀၂ |
| ၅၇ | စတော်ဘယ်ရီ | သြစတြေးလျ | ၂၅၀ ဂရမ် | ၂.၉၅ | ၁ ပိဿာ | ၁၇၄၀၃ |
| ၅၈ | သစ်တော်သီး | တောင်အာဖရိက | ၅ လုံး | ၂.၆၉ | ၁ လုံး | ၄၈၆ |
| ၅၉ | ထောပတ်သီး | နယူးဇီလန် | ၁ လုံး | ၁.၃၅ | ၁ လုံး | ၁၂၂၁ |
| ၆၀ | ကော်ဖီမစ် | ၂၀ ဂရမ်အထုပ် ၂၅ ပါ Nescafe 3 in 1 Rich | ၁ ပါကင် | ၆.၁၅ | ၁ ပါကင် | ၅၅၆၀ |
| ၆၁ | ကော်ဖီမစ် | ၂၀ ဂရမ်အထုပ် ၄၀ ပါ Gold Roast 3 in 1 | ၁ ပါကင် | ၅.၂၅ | ၁ ပါကင် | ၄၇၄၆ |
| ၆၂ | ကော်ဖီမှုန့် | Nescafe Delluxe ၂၀၀ ဂရမ် | ၁ ဘူး | ၆.၈၀ | ၁ ဘူး | ၆၁၄၈ |
| ၆၃ | ကော်ဖီမှုန့် | Nescafe Gold ၂၀၀ ဂရမ် | ၁ ဘူး | ၁၃.၉၀ | ၁ ဘူး | ၁၂၅၆၇ |
| ၆၄ | နွားနို့ | Dutch lady | ၁ လီတာ | ၂.၅၀ | ၁ လီတာ | ၂၂၆၀ |
| ၆၅ | နွားနို့ | Marigold | ၁ လီတာ | ၂.၃၀ | ၁ လီတာ | ၂၀၇၉ |
| ၆၆ | နို့ဆီ | Marigold Lady ၃၈၇ ဂရမ် | ၁ ဘူး | ၁.၆၀ | ၁ ဘူး | ၁၄၄၇ |
| ၆၇ | အချိုရည် | Coca Colar | ၁.၅ လီတာ | ၂.၂၀ | ၁.၅ လီတာ | ၁၉၈၉ |
| ၆၈ | အချိုရည် | Pepsi Colar | ၁.၅ လီတာ | ၁.၉၀ | ၁.၅ လီတာ | ၁၇၁၈ |
| ၆၉ | ဆပ်ပြာခဲ | Dove ၁၀၀ ဂရမ် ၃ ခဲ | ၁ ပါကင် | ၃.၈၅ | ၁ ပါကင် | ၃၄၈၁ |
| ၇၀ | ဆပ်ပြာခဲ | LUX ၈၅ ဂရမ် ၆ ခဲ | ၁ ပါကင် | ၂.၄၅ | ၁ ပါကင် | ၂၂၁၅ |
| ၇၁ | သွားတိုက်ဆေး | Colgate Fresh Cool ၂၅၀ ဂရမ် | ၁ ဘူး | ၄.၁၀ | ၁ ဘူး | ၃၇၀၇ |
| ၇၂ | သွားတိုက်ဆေး | Sensodyne ၁၀၀ ဂရမ် | ၁ ဘူး | ၆.၃၀ | ၁ ဘူး | ၅၆၉၆ |
| ၇၃ | ဓါတ်ဆီ 98 | Shell V-power 98 UL | ၁ လီတာ | ၂.၇၅ | ၁ လီတာ | ၂၄၈၆ |
| ၇၄ | ဓါတ်ဆီ 98 | Shell 98 UL | ၁ လီတာ | ၂.၄၀ | ၁ လီတာ | ၂၁၇၀ |
| ၇၅ | ဓါတ်ဆီ 98 | SPC LEVO 98 | ၁ လီတာ | ၂.၃၃ | ၁ လီတာ | ၂၁၇၀ |
| ၇၆ | ဓါတ်ဆီ 95 | Shell 95 UL | ၁ လီတာ | ၂.၀၉ | ၁ လီတာ | ၁၈၉၀ |
| ၇၇ | ဓါတ်ဆီ 95 | SPC 95 | ၁ လီတာ | ၂.၀၇ | ၁ လီတာ | ၁၈၇၁ |
| ၇၈ | ဓါတ်ဆီ 92 | SPC LEVO 92 | ၁ လီတာ | ၂.၀၃ | ၁ လီတာ | ၁၈၃၅ |
| ၇၉ | ဒီဇယ် | Shell | ၁ လီတာ | ၁.၂၅ | ၁ လီတာ | ၁၁၃၀ |
| ၈၀ | ဒီဇယ် | SPC | ၁ လီတာ | ၁.၂၃ | ၁ လီတာ | ၁၁၁၂ |

# ကိုရီးယားနိုင်ငံ
# ဖွံ့ဖြိုးတိုးတက်ခဲ့ရခြင်း အကြောင်းအရင်းများ

|နေကျော်ဆန်း၊ **TPD**|




ကျွန်တော် ပြီးခဲ့တဲ့ စက်တင်ဘာလက ကိုရီယားသမ္မတနိုင်ငံကို ရောက်ဖြစ်ခဲ့ပါတယ်။ဆောင်ဦးရာသီအစဖြစ်လို့မြန်မာနိုင်ငံ၏ ရာသီဥတုနဲ့တူသလို ခံစားခဲ့ရသည်။ရောက်ခဲ့ရတဲ့အကြောင်းကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍ ပိုမိုမြှင့်တင်နိုင်ရန်အတွက် ကိုရီးယားနိုင်ငံမှာ လက်ရှိဆောင်ရွက်နေတဲ့ KOTRA အကြောင်း လေ့လာသင်ယူဖို့ပါ။ ရည်ရွယ်ချက်ကမြန်မာနိုင်ငံမှာလည်း KOTRA ကဲ့သို့MYANTRA အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ဖို့ ဖြစ်သည်။ လေ့လာရေးသင်တန်းသား စုစုပေါင်း ၂၅ ယောက်ပါ။ စီးပွားကူးသန်းဝန်ကြီးဌာနက ၁၅ ယောက်၊ စီမံစီးပွားက ၂ ယောက်၊ ဘဏ္ဍာအခွန်က ၃ ယောက်၊ စက်မှုဝန်ကြီးဌာနက ၃ ယောက်၊ ရင်းနှီးမြှုပ်နှံမှုက ၂ ယောက်တို့ဖြစ်သည်။ ကျွန်တော်ကတော့ မြန်မာအဖွဲ့ရဲ့ ခေါင်းဆောင်ပါ။ ကိုရီးယားနိုင်ငံ အင်ချွန်း အပြည်ပြည် ဆိုင်ရာလေဆိပ်ကို စတင်ရောက်ရှိတာနဲ့ အေးမြလတ်ဆတ်တဲ့ လေအေးကို ခံစားရင်း တောင်တွေရဲ့ကြားမှာ ထိုးထိုးထောင်ထောင် အဆောက်အအုံများစွာနဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ ကိုရီးယားအလှ ရှုမျှော်ခင်းကို ငေးမောကြည့်နေခဲ့သည်။ လာကြိုတဲ့ KOTRA အဖွဲ့နဲ့အတူ အင်ချွန်းလေဆိပ်မှ ဆိုးလ်သို့ မော်တော်ကားဖြင့် ခရီးဆက်ခဲ့ကြရပါသည်။ အင်ချွန်းပြည်နယ်က ကိုရီးယားနိုင်ငံရဲ့ အနောက်မြောက်ဘက်မှာပါ။ ပင်လယ်ကမ်းခြေနဲ့ ဆက်စပ်နေသည်။ ပင်လယ်ကိုမြေဖို့ပြီးလေယာဉ်ကွင်းတည်ဆောက်ထားသလို လေယာဉ်ကွင်းမှ ဆိုးလ်ကို သွားဖို့ ပင်လယ်ကိုဖြတ်ပြီး တံတားဆောက်ထားသည်။ တံတားပေါ်ဖြတ်ရင်း ကိုရီးယားနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်လာမှုကို စိတ်ဝင်တစားရှိခဲ့တာ အမှန်ပါ။ တံတားကြီးကလည်း ခံ့ညားရှည်လျားလိုက်ပါဘိ . . . . ။

ကျွန်တော်တို့အဖွဲ့ စာလေ့လာသင်ယူရတဲ့အခါ တည်းနေတဲ့ Lotte ဟိုတယ်မှKOTRAရုံးသို့သွားရသည်။ KOTRA ရုံးက ဟန်မြစ်ရဲ့ တောင်ဘက်မှာ၊ ဟိုတယ်ကမြစ်ရဲ့မြောက်ဘက်ကမ်းမှာဖြစ်သည်။ KOTRA ရုံးကို သွားတိုင်း နေ့စဉ် ဟန်မြစ်ကိုဖြတ်ရသည်။ ဟန်မြစ်ကိုဖြတ်ပြီး တည်ဆောက်ထားတဲ့ တံတားက အခုဆိုရင်၃၈စင်းထိရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံဆိုတော့ တံတားများ၏ ပုံစံဒီဇိုင်းက အမျိုးမျိုးတွေ့ရသည်။ သင်ပြတဲ့ ဆရာများက မြန်မာနိုင်ငံရဲ့ ထင်ရှားတဲ့ သမိုင်းကြောင်းနဲ့ မြန်မာနိုင်ငံကို လေ့လာအတုယူခဲ့ရကြောင်းများ ပြောပြတော့ အံ့သြမှုတော့မဖြစ်ခဲ့ပါ။ ဘာကြောင့်လဲဆိုတော့ ယခင်က ကိုယ့်နိုင်ငံရဲ့ အခြေအနေကို စိတ်ထဲက အလိုလိုသိနေခြင်းကြောင့်ဖြစ်သည်။ ၁၉၆၀ပြည့်နှစ်က ကိုရီးယားနိုင်ငံဟာ မြန်မာနိုင်ငံနဲ့စာရင် ဆင်းရဲခဲ့သည်။ မြန်မာနိုင်ငံက အကူအညီပေးတဲ့ ဆန်တွေကို စားခဲ့ရတယ်တဲ့ . . . ။ ကိုရီယားဘောလုံးအသင်းဟာ ဖိုင်နယ်ကိုတော့ ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာကို ရှုံးလို့ ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရကြောင်း၊မြန်မာဘောလုံးသမားများ တော်ကြောင်း၊ အုပ်စုမှာ မြန်မာနဲ့ တစ်အုပ်စုတည်းမကျဖို့ ဆုတောင်းခဲ့ရကြောင်း ပြောပြတော့ မြန်မာနိုင်ငံသားပီပီ ကြည်နူးပီတိဖြစ်ခဲ့ရသည်။ အခုတော့ ကိုရီးယားနိုင်ငံဟာ ဖွံ့ဖြိုးပြီးနိုင်ငံ ဖြစ်နေတော့သည်။ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု နိုင်ငံများ၏ အဆင့် ၁၀ အတွင်းရောက်နေခဲ့ပြီ။ G ၂၀ အဖွဲ့ဝင်ဖြစ် သည်။အာရှ ကျားတစ်ကောင်အသွင် အောင်မြင်ခဲ့သည်။ ကိုရီးယား နိုင်ငံ ဘယ်လို ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသလဲ မေးစရာရှိလာတော့သည်။ ဘယ်လိုဖွံ့ဖြိုးခဲ့သလဲ . . . . ၊ ကုန်သွယ်မှုတွေ ဘယ်လိုဖွံ့ဖြိုး တိုးတက်ခဲ့သလဲ . . . ၊ စီးပွားရေးတွေ ဘယ်လို ဖွံ့ဖြိုးခဲ့သလဲ . . . ၊

## နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှု

ကိုရီးယားနိုင်ငံဟာ တကယ်တော့မြန်မာနိုင်ငံနဲ့စာရင် အကျယ်အဝန်းအားဖြင့် အလွန်ငယ်ပါသည်။ ဧရိယာ ၁၀၀၀၃၂ စတုရန်းကီလိုမီတာရှိသည်။ မြန်မာနိုင်ငံရဲ့ ခြောက်ပုံတစ်ပုံ ဧရိယာအကျယ်သာရှိသည်။ လူဦးရေအနေဖြင့် ၅၁ သန်းရှိသည်။ မြန်မာနိုင်ငံနီးပါးဖြစ်သည်။ ၁၉၁၀ ခုနှစ်ကစပြီး ဂျပန်လက်အောက်ခံ ကိုလိုနီဘဝသို့ ရောက်ခဲ့ရသည်။ ၁၉၄၅ ခုနှစ်မှ လွတ်လပ်ရေးရခဲ့သည်။ လွတ်လပ်ရေးရပြီး တိုင်းပြည်ပြန်လည်ထူထောင်နေချိန်မှာပဲ ၁၉၅၀ ပြည့်နှစ်မှစ၍ တောင်နဲ့မြောက် ပြည်တွင်းစစ် ဖြစ်ပါတော့သည်။ ပြည်တွင်းစစ် သုံးနှစ်ကြာဖြစ်ပြီး ၁၉၅၃ ခုနှစ်မှာ စစ်ရပ်စဲထားခဲ့သည်။ လုံးဝစစ်ပွဲပြီးတာ မဟုတ်ဟုသိရသည်။ သို့သော် ယခုချိန်ထိ တောင်မြောက် ပြည်တွင်းစစ်ကို ရပ်ဆိုင်းထားဆဲဖြစ်သည်။ ကိုရီးယားနိုင်ငံကိုကြည့်ရင် သယံဇာတက မယ်မယ်ရရမရှိ။ ရှိတာက လူသားအရင်းအမြစ်နဲ့ ဖွံ့ဖြိုးတိုးတက်ချင်တဲ့ ကိုရီးယားလူမျိုးတို့၏ စိတ်ဓာတ်ဖြစ်သည်။ ၁၉၆၀ တုန်းက ကိုရီးယားနိုင်ငံရဲ့ ပို့ကုန်သည် ဒေါ်လာ သန်း ၃၀ သာရှိသည်။ လူတစ်ဦးချင်းဝင်ငွေသည် Per Capital GDP အရ ၇၈ ဒေါ်လာသာရှိခဲ့သည်။ ထိုအချိန် မြန်မာနိုင်ငံ၏ လူတစ်ဦးချင်းဝင်ငွေသည် Per Capital GDP အရ ဒေါ်လာ ၁၂၀ ခန့် ရှိခဲ့သည်တဲ့။ ကိုရီးယားနိုင်ငံထက် ပိုမိုသာလွန်ခဲ့သည်။ နိုင်ငံဖွံ့ဖြိုးဖို့ ဘာတွေလိုအပ်သလဲ အမြဲတစေ နိုင်ငံခေါင်းဆောင်များက စဉ်းစားနေခဲ့သည်ဟု လေ့လာသိရှိခဲ့ရသည်။ စီးပွားရေးဖွံ့ဖြိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အဓိက အခြေခံအုတ်မြစ်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးဖို့ ပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကဟု စဉ်းစားခဲ့ တာတွေ့ရသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းသည် အဓိကအရေးပါသည့် အခြေခံအဆောက်အအုံဖြစ်သည်ဟု နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီးပတ်ချောင်ဟီးက သုံးသပ်မိ၍ နိုင်ငံ၏ ဓနအင်အား နည်းနေရသည့်ကြားထဲမှပင် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးဖို့အတွက် လမ်းများဖောက်လုပ်ခဲ့သည်။ စွမ်းအင်ဖူလုံရေးအတွက် စီမံကိန်းများချမှတ် ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့စဉ် ပြည်သူများက ခေါင်းဆောင်အပေါ် ဝေဖန်ခဲ့ကြသည်။ ဝေဖန်နေသည့်ကြားမှ တစ်မိန့် တစ်အာဏာဖြင့် တည်ဆောက်ခဲ့သည်။ အခုတော့ ပြည်သူများက ဗိုလ်ချုပ်ကြီးပတ်ချောင်ဟီးကို ကျေးဇူး တင်နေကြသည်။ ထို့ပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အမှန်တကယ်လိုအပ်သည့် အခြေခံအဆောက်အအုံများကို နိုင်ငံ့ဘဏ္ဍာငွေကြေးအပြင် နိုင်ငံခြား အထောက်အပံ့ချေးငွေများရယူ၍ ခေါင်းဆောင်အဆက်ဆက် တည်ဆောက်ခဲ့တာတွေ့ရသည်။သဘာဝအရင်းအမြစ် အလွန်နည်းပါးသည့် နိုင်ငံဖြစ်သော်လည်း အလုပ်ကြိုးစားသော ပညာတတ်သော လုပ်သားအင်အားကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အစိုးရ၏ ဦးဆောင်မှုအောက်တွင် အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို အခြေပြုနိုင်ခဲ့သည့်အတွက် အံ့သြလောက်အောင်တိုးတက်ခဲ့ တာတွေ့ရသည်။ ထူးခြားတာက ကိုရီးယားလူမျိုးများ၏ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းတစ်ခုရှိနေခြင်းဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှု၊ ကိုရီးယားလူမျိုးတို့၏ ဖွံ့ဖြိုးတိုးတက်လိုသည့် စိတ်အားထက်သန်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့သည် ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေသည့် အကြောင်းအရင်းတစ်ခုဖြစ်သည်။

## KOTRA ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်းနိုင်မှု

နိုင်ငံ၏ ပို့ကုန်ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ ပို့လို့ရနိုင်သမျှ ပို့ရန်ဟူသော ပို့ကုန်ဦးစားပေး မဟာဗျူဟာကို ချမှတ်ခဲ့သည်။ ဘာတွေပို့နိုင်သလဲ ပြည်သူတွေအနေနဲ့ ခြိုးခြံချွေတာပြီး ပို့ကုန်များ တိုးမြှင့်တင်ပို့ရန်သာ အာရုံစိုက်ခဲ့တာတွေ့ရသည်။ နိုင်ငံ၏ စီးပွားရေး ဦးမော့လာစေရန် ရင်းနှီးမြှုပ်နှံမှုငွေကြေးလိုအပ်ချက်ကို ရနိုင်သမျှနည်းလမ်းများသုံး၍ ရင်းနှီးစိုက်ထုတ်ခဲ့ကြသည်။ ပြည်သူများကလည်း လက်ဝတ်တန်ဆာများ ရောင်း၍ ရင်းနှီးစိုက်ထည့်ပေးခဲ့ကြောင်းတွေ့ရသည်။ စီးပွားရေးမူဝါဒကို လွတ်လပ်စွာ တံခါးဖွင့်ကျင့်သုံးစေခဲ့ခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုကို အရှိန်မြှင့်တင်နိုင်ခဲ့ ကြောင်းတွေ့ရသည်။ နိုင်ငံတကာနဲ့ ကျယ်ပြန့်စွာ ဆက်ဆံလာနိုင်ခဲ့သည်။ ဈေးကွက်ဝေစုများစွာ ရယူနိုင်ခဲ့သလို မိမိနိုင်ငံအတွက် လိုအပ်သည့် ကုန်ကြမ်း၊ နည်းပညာများကိုလည်းရယူနိုင်ခဲ့သည်။ကိုရီးယားအစိုးရက ၁၉၆၀ တွင် ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ JETRO အဖွဲ့အား လေ့လာအတုယူ၍ KOTRA ဟုခေါ်သော ကုန်သွယ် မှုမြှင့်တင်ရေးအဖွဲ့ကို ၁၉၆၂ ခုနှစ်တွင် စတင်ဖွဲ့စည်း၍ ဆောင်ရွက်စေခဲ့တာ တွေ့ရသည်။ KOTRA အဖွဲ့အစည်းအနေဖြင့် နိုင်ငံ၏ ပို့ကုန်မြှင့်တင်ရေးကိုသာ တစိုက်မတ်မတ် အာရုံစိုက်လုပ်ကိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၅ သန်းရှိခဲ့ရာမှ ၁၉၈၅တွင် အမေရိကန်ဒေါ်လာ ၃၀ဒသမ ၂၈၃ ဘီလီယံ၊ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၅၅ ဘီလီယံ၊ ၂၀၁၄ တွင် အမေရိကန်ဒေါ်လာ ၅၇၃ ဘီလီယံထိ တိုးတက်လာခဲ့တာတွေ့ရသည်။ ပို့ကုန်တန်ဖိုး တစ်ထရီလီယံအထိ တိုးတက်လာနိုင်ရေး မျှော်မှန်းလုပ်ကိုင်လျက်ရှိသည်။ KOTRA အနေဖြင့် နှစ်စဉ် လျာထားစီမံချက်များကို နိုင်ငံ၏ ကုန်သွယ်မှုပေါ်လစီ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပေါ်လစီ၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးပေါ်လစီ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါ်လစီ စတဲ့ပေါ်လစီများ အပေါ်အခြေခံ၍ လက်တွေ့တွင် အမှန်တကယ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် စီမံချက်များကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်လာစေရန် ၁၉၉၈ တွင် Korea Investment Service Center ကိုတည်ထောင်ခဲ့သည်။ ထို့မှ ၂၀၀၃ ခုနှစ်တွင် Invest KOREA အမည်ဖြင့် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားကုမ္ပဏီများအား တစ်နေရာတည်းတွင် အခမဲ့ အပြည့်အဝဝန်ဆောင်မှု ပြုလုပ်ပေးနိုင်ကြောင်းတွေ့ရသည်။

➲ စာမျက်နှာ - ၁၇ သို့

# မြန်မာ့လယ်ယာထွက်ကုန် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်း ဆွေးနွေးပွဲကျင်းပ



Food Science and Technology Association Myanmar (FoSTAM) နှင့် Myanmar Industries Association (MIA) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Komeko ၏ မြန်မာ့လယ်ယာထွက်ကုန်တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း (Value Added for Agriculture Products in Myanmar and Potential of "Komeko") ကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower, MIA အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ရက်က ကျင်းပခဲ့တာ ဖြစ်ပြီး KOMEKO Rice Flour Society Myanmar က ပူးတွဲစီစဉ်သူအဖြစ် ပါဝင်ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ MIA ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတက်ရောက်ခဲ့ပြီး FoSTAM ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝင်းဝင်းကြည်နှင့် တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ကုန်ထုတ်ဓာတုဗေဒဌာနမှ ဆရာ/ဆရာမများနှင့် စိတ်ပါဝင်စားသည့် ကျောင်းသား/ကျောင်းသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်းများ၊ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း DCPT မှ အရာထမ်းများနှင့် စိတ်ပါဝင်စားသည့် အာဟာရဆိုင်ရာ ပညာရှင်များ စုစုပေါင်း ၅၅ ဦးခန့် တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် KOMEKO 50 Bakery Training School (Tokyo) မှ Mr.Satoshi Hagita က ဦးဆောင်ဆွေးနွေးခဲ့ရာတွင် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် ထုတ်ကုန်တွေထဲက ဆန်တန်ဖိုးမြှင့်ထုတ်ကုန်တစ်မျိုးဖြစ်တဲ့ ဆန်မှုန့်ကို တင်ပြလိုကြောင်း၊ ဂျပန်နိုင်ငံဟာ စပါးစိုက်ပျိုးတဲ့နိုင်ငံဖြစ်ပြီး မုန့်လုပ်ငန်းအတွက် ဂျုံကို နိုင်ငံခြားမှ တင်သွင်းရပါကြောင်း၊ သို့ပါ၍ သွင်းကုန်အစားထိုးအနေနဲ့ မိမိနိုင်ငံထွက် ဆန်ကို ဂျုံနေရာမှာ အစားထိုးအသုံးပြုနိုင်အောင် ဆန်တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်တဲ့ ဆန်မှုန့်ကို စမ်းသပ်တီထွင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရရှိလာတဲ့ဆန်မှုန့်ကို ဂျုံနေရာတွင် အစားထိုးပြီး ပြုလုပ်လိုတဲ့ မုန့်အမျိုးအစားအလိုက် ဖြည့်စွက်ပစ္စည်းများ ထည့်ပြီး ပြုလုပ်ခဲ့ရာ အောင်မြင်မှုရခဲ့ကြောင်း၊ မြန်မာနိုင်ငံဟာလည်း ဆန်စပါးထုတ်လုပ်တဲ့နိုင်ငံ ဖြစ်တဲ့အတွက် မိမိတို့ရဲ့ ဆန်တန်ဖိုးမြှင့်ထုတ်ကုန် ဆန်မှုန့်နည်းပညာကို မျှဝေပေးလို၍ ယခုကဲ့သို့ ဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ပြုလုပ်တဲ့မုန့်အမျိုးအစားပေါ် မူတည်ပြီး နည်းပညာ ကွဲပြားမှုရှိသောကြောင့် ဒီနည်းပညာများကိုလည်း သင်တန်းများပေးလိုကြောင်း၊ အောက်တိုဘာ ၉ရက်ကလည်း နေပြည်တော်မှာ လက်တွေ့သင်တန်းအနေနဲ့ ဆန်အခြေခံမုန့်လုပ်ခြင်းကို သင်တန်းပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ထို့နောက် ဂျပန်တွင် စမ်းသပ်ပြုလုပ်အောင်မြင်ခဲ့သော ဂျုံမှုန့်နေရာမှာ ဆန်မှုန့်အစားထိုးပြီး ပြုလုပ်ထားသော ဆန်ကိတ်၊ ကွတ်ကီး၊ Black Rice Flour Ice - cream, Rice flour Cream စက် စသည့်ပုံများကို Projector များဖြင့် ပြသခဲ့ပါသည်။

ထို့နောက် ဆန်မှုန့်ကြိတ်စက်အကြောင်း ရှင်းလင်းပြောကြားရာတွင် သာမန်အမှုန့်ဖြစ်ရုံမဟုတ်ဘဲ ပို၍မှုန့်သော (Super fine) ဆန်မှုန့်ရရှိအောင် အတွင်းလေဖိအားကိုသုံး၍ ကြိတ်ရကြောင်း၊ အမှုန့်ကြိတ်တဲ့ လုပ်ငန်းဖြစ်၍ ဆန်ကိုမသုံးဘဲ ဆန်ကွဲကို သုံးနိုင်တဲ့အတွက် စီးပွားရေးအရ ပိုပြီးတွက်ခြေကိုက်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ဂျပန်၊ မြန်မာပူးပေါင်းပြီး Komeko Rice flour Society Myanmar ကို ဖွဲ့စည်းပြီး မြန်မာ့ဆန်အမျိုးမျိုးနှင့် ဆန်မှုန့်များ စမ်းသပ်ပြုလုပ်ပြီးပါကြောင်း၊ စမ်းသပ်မှုများအရ ဆန်မှုန့်ပြုလုပ်ရာတွင် ဧည့်မထဆန်က အသင့်တော်ဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းဆန်မှုန့်များကိုအသုံးပြုပြီး ဂျုံအစားထိုးအနေဖြင့် မုန့်အမျိုးမျိုးပြုလုပ်ခဲ့ရာ အဆင်ပြေခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ဆန်မုန့်မြည်းစမ်းပွဲကို ဆွေးနွေးပွဲ အစီအစဉ်တစ်ခုအနေဖြင့် ပြုလုပ်ခဲ့ရာ တက်ရောက်လာသူများထဲမှ စိတ်ပါဝင်စားသူ ၂၀ အား မြန်မာ့ဆန်မှုန့်နှင့် ပြုလုပ်ထားသည့် ချောကလက် ကွတ်ကီး၊ ဆန်ကိတ်၊ နို့ကွတ်ကီးတို့ကို စမ်းသပ်စားသုံးစေခဲ့ပါသည်။ မြည်းစမ်းမှုရလဒ်အဖြစ် ဆန်မုန့်တစ်မျိုးစီ၏ အသွင်အပြင်၊ ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ အနံ့၊ အရသာ၊ အချိုဓာတ်နှင့် ခံတွင်းမှာ ခံစားရသည်အထိ အတွေ့တို့ကို ကြိုက်နှစ်သက်မှု ရှိ/မရှိပေါ် မူတည်၍ အမှတ်ပေးခြင်း၊ သုံးသပ်ချက်ရေးစေခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ရမှတ်များနှင့် သုံးသပ်ချက်များပေါ်မူတည်ပြီး ပိုမိုကောင်းမွန်သည်အထိ စမ်းသပ်ပြုပြင်သွားမည်ဟု သိရှိရပါသည်။

ဤသို့ ဆန်တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဆန်မှုန့်ပြုလုပ်ပြီး ဂျုံအစားထိုးအဆင့်မြင့်ဆန်မှုန့်ပြုလုပ်နိုင်ခြင်းကြောင့် အဆင့်မြင့်ဆန်မှုန့်အဖြစ် သေသပ်လှပစွာထုပ်ပိုးကာ ပြည်တွင်းပြည်ပတွင် ရောင်းချနိုင်သည့် ဆန်အခြေခံဈေးကွက်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးနှင့် ညီညွတ်သော ဆန်အခြေခံ ဆန်ကွတ်ကီး၊ အစာသွပ်ဆန်မုန့် စသည်ဖြင့် ဆန်မုန့်ဈေးကွက်တစ်ခုကိုလည်း ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**တင်မာကြည်**

**Soruce: ၁၀. ၁၀. ၂၀၁၅ နေ့၌ MIA အစည်းအဝေးခန်းမတွင်ပြုလုပ်ခဲ့သော Value Added Agriculture Products in Myanmar and Potential of "Komeko" ဆွေးနွေးပွဲ တက်ရောက်ခဲ့သော အတွေ့အကြုံများ။**

# ဥရောပဈေးကွက် လေ့လာခြင်းဆိုင်ရာ Market Analysis Tools သင်တန်းဖွင့်လှစ်

ဥရောပဈေးကွက်သို့ တင်ပို့တဲ့ မြန်မာကုန်ပစ္စည်းများ ဈေးကွက်ထိုးဖောက်နိုင်ရန်အတွက် ဈေးကွက်ပိုင်းလေ့လာခြင်း Market Analysis Tools ဆိုင်ရာ သင်တန်းကို အောက်တိုဘာ ၁၂ ရက်မှ ၁၆ ရက်ထိ ပန်းဘဲတန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးရုံး မှာ ဖွင့်လှစ်ပို့ချခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲအခမ်းအနားမှာ ကုန်စည်ပြပွဲနဲ့ ကုန်သွယ်မှုဗဟိုဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်နော်မူတာကပေါက မြန်မာနိုင်ငံဟာ ကမ္ဘာ့ဈေးကွက်သို့ မိမိတို့ရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုများကို ထိုးဖောက်ဝင်ရောက်နေချိန်ဖြစ်ကြောင်း၊ ဒါကြောင့် ကမ္ဘာ့ဈေးကွက်အခြေအနေ၊ဈေးကွက်ပြောင်းလဲနေမှု လိုအပ်ချက် စည်းမျဉ်းစည်းကမ်းများကိုသိဖို့လိုကြောင်း၊ စီးပွားရေးလုပ်ငန်းများသာမက ဌာနဆိုင်ရာ အရာထမ်းများအနေနဲ့ သတင်းအချက်အလက်နည်းပညာများကို လက်တွေ့နယ်ပယ်မှာ အသုံးပြုနိုင်အောင် မူဝါဒရေးဆွဲချမှတ်သူများကို အသိပေးနိုင်ဖို့ လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ကုန်စည်များစွာရှိတဲ့အထဲမှ ရေထွက်ကုန်၊ အထည်အလိပ်၊ လက်ဖက်ရည်/ကော်ဖီ၊ ပျားရည်၊ လက်မှုပစ္စည်း၊ပဲမျိုးစုံ အမယ်ခြောက်မျိုးနဲ့ပတ်သက်ပြီး ဈေးကွက်အခြေအနေကို အသေးစိတ်လေ့လာသုံးသပ်နိုင်ရေး စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမယ်လို့ သိရကြောင်း မိမိတို့ဝန်ကြီးဌာနအနေနဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိရာ ရေထွက်ကုန်နဲ့ပဲမျိုးစုံလည်း ဦးစားပေးကုန်စည်ထဲတွင် ပါဝင်နေတဲ့အတွက် ဒီသင်တန်းလာတက်ရောက်ကြတဲ့ ဌာနဆိုင်ရာပိုင်းနဲ့ ပုဂ္ဂလိက ကဏ္ဍပိုင်းအတွက် ဈေးကွက်လေ့လာရန် နည်းလမ်းများကို သိရှိခွင့်ရပြီး နေ့စဉ်လက်တွေ့လုပ်ကိုင်ရာမှာလည်းထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုနိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း ၊ နိုင်ငံတကာဈေးကွက်ကို တင်ပို့ဖို့လိုသလို မိမိဈေးကွက်ထဲကိုလည်း နိုင်ငံတကာက ဝင်လာဖို့လိုကြောင်း၊ ဈေးကွက်ဝင်နိုင်ဖို့ ထိုးဖောက်ဖို့အတွက် ဘယ်လိုပြုပြင်လုပ်ဆောင်ရမလဲဆိုတာကို သိဖို့လိုအပ်ကြောင်း၊ သတင်းအချက်အလက်များရယူကာ သုံးသပ်ဆန်းစစ်ပြီး မိမိတို့နဲ့လျော်ညီအောင် အသုံးချသွားရမှာဖြစ်ကြောင်း၊ ယခုသင်တန်းတက်ရောက်ခြင်းဖြင့် မိမိတို့လုပ်ငန်းရှင်များအတွက် အနည်းနဲ့အများ အကျိုးကျေးဇူးများရရှိစေမယ်လို့ မျှော်လင့်ယုံကြည်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

သင်တန်းမှာ Trade Map ,Market Access Map, EU Export Helpdesk နဲ့ Standards Map ဟုအပိုင်းလေးပိုင်း ပို့ချပေးခဲ့တာဖြစ်ပါတယ်။သင်တန်းသားများကို ပို့ကုန်အမယ် ခြောက်မျိုးကို ကိုယ်စားပြုအစုအဖွဲ့များ ဖွဲ့စည်းပြီး မိမိပို့ကုန်အမယ်အတွက် အင်တာနက်ကိုအသုံးပြု၍ ရည်မှန်းတဲ့ ဈေးကွက်များကို တင်ပို့နိုင်ရေး ၊ ဈေးကွက်သုံးသပ်နိုင်ရေးလက်တွေ့လုပ်ဆောင်မှု ပြုလုပ်စေခဲ့ပါတယ်။ ရည်မှန်းတဲ့ ဈေးကွက်ဆိုင်ရာမှာ ကမ္ဘာ့ဈေးကွက်နဲ့ ဥရောပ နိုင်ငံများဈေးကွက်ကို ရွေးချယ်လေ့လာစေခဲ့တာဖြစ်ပါတယ်။ သင်တန်းမှာ ခွဲဝေပေးထားတဲ့ ပို့ကုန်အုပ်စုအလိုက် ဆက်လက်လေ့လာပြီး သင်တန်းနည်းပြများ၊ ကျွမ်းကျင်ပညာရှင်များနဲ့ အွန်လိုင်းမှ အစီရင်ခံစာများ ပြုစုတင်ပြဆွေးနွေးမှုများကို လစဉ်ဆက်လက်ပြုလုပ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင်မှာ သင်တန်းကို အစီရင်ခံစာပြုစုတင်ပြပြီး သင်တန်းပြီးဆုံးမှာဖြစ်ပါတယ်။ သင်တန်းသို့ ပုဂ္ဂလိက ကဏ္ဍ စီးပွားရေးလုပ်ငန်းရှင် ၃၀ ဦးခန့်နဲ့ ဌာနဆိုင်ရာ ၅ ဦး စုစုပေါင်း ၃၅ ဦးတို့တက်ရောက်ခဲ့ပါတယ်။

သင်တန်းမှာပို့ချတဲ့ ဘာသာရပ်များအရ မိမိတို့ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ မိမိရဲ့ ကုန်ပစ္စည်းနဲ့ပတ်သက်ပြီး ကမ္ဘာ့ဈေးကွက် ၊ဥရောပဈေးကွက်များတွင် မည်သည့်နေရာများ၌ ဈေးကွက်ရရှိနိုင်သည်၊ ယှဉ်ပြိုင်ဘက် နိုင်ငံများသည် မည်သည်တို့ဖြစ်သည်၊ ဈေးကွက်ဝေစုမည်မျှရရှိနိုင်သည်၊ တင်သွင်းသည့် နိုင်ငံရဲ့ ပြဋ္ဌာန်းချက်များမည်သို့ရှိသည် (ပင်ရင်းနိုင်ငံစည်းမျဉ်းသတ်မှတ်ချက်၊ အခွန်အကြပ်စည်းကြပ်မှုနှုန်းထား၊ကိုတာစနစ်)၊ ပို့ကုန်နဲ့ပတ်သက်တဲ့လိုအပ်ချက်များကို မည်သည့် website များတွင် မည်ကဲ့သို့ ထဲထဲဝင်ဝင်ကြည့်ရှုရမည်တို့ကို လေ့လာဆည်းပူးခွင့်ရရှိခဲ့ပါတယ်။

➲စာမျက်နှာ - ၂၂ သို့

Commodity Exchange News
Vol: 15, No.40 Monday October 19 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၉-၁၀-၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲပစ္စည်းလက်ကျန်နည်းပေမယ့် အိန္ဒိယဘက်မှ ဝယ်လိုအားပုံမှန်ရှိ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) အနေဖြင့် ရောင်းသူကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းလာပေမယ့် အိန္ဒိယဝယ်လက်ရဲ့ ဝယ်လိုအားကပုံမှန်ရှိနေတာကြောင့် တစ်တန်ကို ၂၃၀၀၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြည်တွင်းမှာ ပဲအထွက်နှုန်းနည်းသလို အိန္ဒိယနိုင်ငံမှာလည်း ရာသီဥတုဖောက်ပြန်မှုကြောင့် မြန်မာ့မတ်ပဲကို ဝယ်လိုအားများလာလို့ မတ်ပဲဈေး စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီးစိမ်းသေးနှင့် ကုလားပဲ အရောင်းအဝယ်ခပ်ပါးပါးဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းသေးနယ်အဝင်ပုံမှန်ရှိပေမယ့် မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေး အပေါ်မူတည်ပြီး တွက်ချက်ဝယ်ယူမှုတွေရှိနေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၃၉၅ ကျပ် (တစ်တန် ကို ၁၄၆၆၆၇၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀ မှ ၁၀၀ ကြား သာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များကပုံမှန်ထက်စာရင် ဝယ်လိုအား အနည်းငယ်လျော့သွားကြောင်း တစ်ပိဿာကို ၁၈၅၂ ကျပ် (တစ်တန်ကို ၁၁၃၄၁၄၆ ကျပ်) ဈေး ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်လှိုင်အစိုဓာတ်ကြောင့် ဈေးကောင်းမရ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်း (သစ်)အနေဖြင့် နယ်စုံမှ တစ်ပတ်အတွင်း တန်ချိန် ၂၈၀၀၀ ခန့် ဝင်ရောက်ခဲ့ပေမယ့် ဈေးကွက်သို့ အဝင်လှိုင်လာတာကတစ်ကြောင်း၊ အစိုဓာတ်အနည်းငယ်ရှိနေခြင်းကြောင့်လည်းကောင်း ဈေးကောင်းမရဖြစ်နေကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်အနေဖြင့် လတ်တလောဝယ်တဲ့ အဖွင့်ဈေးက ၅၀ ကီလို တစ်အိတ်ကို အနိမ့်ဆုံး ၇၄ ယွမ်မှ အမြင့်ဆုံး ၇၈ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲပုပ်၊ ပဲယင်းနှင့် ပဲတီစိမ်းကြီး တရုတ်ဝယ်လိုအားပုံမှန်ရှိ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲပုပ်(ဗမာ) နှင့် ပဲပုပ် (ရှမ်း) ကိုတရုတ်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၁၀၇၀ ကျပ် (တစ်တန်ကို ၆၅၅၂၅၇ ကျပ်) ပဲပုပ် (ရှမ်း) တစ်ပိဿာကို ၁၀၅၂ ကျပ် (တစ်တန်ကို ၆၄၄၂၃၄ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက် ကို အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲယင်းကို တရုတ်ဘက်က ပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၉၆၇ ကျပ် (တစ်တန်ကို ၅၉၂၁၈၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး အနေဖြင့် နယ်စုံမှ ပုံမှန်အဝယ်ရှိသလို တရုတ်ဝယ်လက်ကလည်း အရည်အသွေးကောင်းတဲ့ (ထိပ်စ) ပဲတွေကို တစ်ပိဿာ ၂၃၅၀ ကျပ် (တစ်တန်ကို ၁၄၃၉၁၁၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးကို မန္တလေးပုံမှန်အဝယ်ရှိ ကုလားပဲဖြူလုံးကြီးဈေးမာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကိုမန္တလေးဝယ်လက်ကတစ်ပိဿာကို ၂၃၆၈ ကျပ် (တစ်တန်ကို ၁၄၅၀၁၃၉ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကိုတော့ ပဲခွဲစက်များက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၈၉၅ ကျပ် (တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်) ဈေးဖြင့် ဈေးကွက်မှာ နေ့စဉ်အရောင်းရောအဝယ်ပါ ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနယ်အဝင်ပုံမှန်ရှိ သိပ္ပံနှမ်းပုံမှန်အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးငြိမ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို နယ်စုံမှ ပုံမှန်အဝင်ရှိသလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးတွေအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၂၇၅ ကျပ် (တစ်တန်ကို ၁၃၉၃၁၈၇ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်သိပ္ပံနှမ်းကိုတော့ ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၄၆၆၇ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်ပုံမှန်အဝယ်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးတန့်နေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းနှင့် ကုလားပဲဖြူလုံးကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကို မန္တလေးဝယ်လက်ကတစ်ပိဿာကို ၂၂၀၀ ကျပ် (တစ်တန်ကို ၁၃၄၇၂၅၈ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၈၈၅ ကျပ် (တစ်တန်ကို ၁၁၅၄၃၅၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲအမြင့်ဈေးဖြင့် ဈေးတန့်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (Raw) ကို အိန္ဒိယအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများလာတာကြောင့် တစ်ပိဿာကို ၃၅၅၀ ကျပ် (တစ်တန်ကို ၂၁၇၃၉၈၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် အမြင့်ဈေးမှာ ဈေးတန့်နေကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် အိန္ဒိယဘက်မှ အဆွဲများတာကြောင့် ဈေးကွက်မှာ မတ်ပဲပစ္စည်းလက်ကျန်ပြတ်သလောက်ဖြစ်နေကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်း(သစ်) အဝင်ပုံမှန်ရှိသလို ရန်ကုန်-မန္တလေးဝယ်လက်ပုံမှန်အဝယ်ရှိနေ

တောင်ကြီးဈေးကွက်မှာ ပြောင်း (သစ်) တွေ နယ်စုံမှ ဝင်ရောက်ပေမယ့် အဝင်မလှိုင်သေးကြောင်း သိရပါတယ်။ ဝင်သလောက်ကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များက အစိုဓာတ်ကင်းတဲ့ ပြောင်း (သစ်) တွေကို တစ်ပိဿာ ၃၈၅ ကျပ်ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ပိဿာချိန် ၃ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## လားရှိုးဈေးကွက်မှာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပြောင်း (သစ်) ဝင်ရောက်မှုနည်း

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နယ်စုံမှ ပြောင်း (သစ်) အဝင် နည်းသွားကြောင်း သိရပါတယ်။ ဈေးကွက်ထဲဝင်ရောက်လာတဲ့ ပြောင်း (သစ်) တွေကို ရောင်းသူကုန်သည်များက တစ်ပိဿာကို ၄၂၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို တရုတ်ဝယ်လက်ကလည်း ပုံမှန်အဝယ်ရှိတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန် ၉ သိန်း ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ကုလားပဲ (ထိုင်ဝမ်) ပုံမှန် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်လျော့လာပေမယ့် Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာကို ၃၅၀၀ ကျပ် (တစ်တန်ကို ၂၁၄၃၃၆၀ ကျပ်) ဈေး ဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကိုတော့ မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားသွက်တာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးသိသာစွာမြင့်တက်လာပြီး တစ်ပိဿာကို ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်နေ့စဉ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) အမြင့်ဈေးဖြင့် ဈေးငြိမ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံ ပဲခွဲစက်များက ဝယ်လိုအား တောက်လျှောက်ရှိပေမယ့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးငြိမ်နေကြောင်း သိရပါတယ်။ ကုလားပဲအနေဖြင့် ဈေးကွက်စဝင်လာကတည်းက ဈေးကောင်းရှိနေလို့ ကုန်သည်များအနေဖြင့် ထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိနေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၈၀၀ ကျပ် (တစ်တန်ကို ၁၁၀၂၃၀၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

➲ စာမျက်နှာ - ၁၄ ကိုရီးယားနိုင်ငံ . . . မှ အဆက်

ပေါ်လစီ မူဝါဒများအပေါ် အစိုးရမှ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းပေးထားကြောင်း တွေ့ရသည်။ ၁၉၉၇ ခုနှစ် နှင့် ၂၀၀၈ ခုနှစ်များတွင် ငွေကြေးအကျပ် အတည်းများ တွေ့ကြုံခဲ့ရသည်။ ကိုရီးယားနိုင်ငံသည် ပြည်ပတင်ပို့မှု ထူးကဲစွာမြင့်မားနေခြင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကြီးမားနေခြင်း၊ အစိုးရ၏ တင်းကျပ်စွာ စွက်ဖက်မှုများ ( Fast and Large Interve ntion) များကြောင့် အံ့သြစရာကောင်းလောက်အောင် ရုန်းထွက်လာနိုင်ခဲ့သည်။ သို့ဖြစ်၍ ကိုရီးယားနိုင်ငံ၏ KOTRA ကုန်သွယ်မှုမြှင့် တင်ရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဖွံ့ဖြိုးတိုးတက်စေခဲ့သည့် အကြောင်းအရင်းတစ်ခုဖြစ်ပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု

ကိုရီးယားနိုင်ငံသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ခဲ့သည်။ အစိုးရကျောင်းများအပြင် ပုဂ္ဂလိက အသက်မွေးဝမ်းကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်စေခဲ့တာ တွေ့ရသည်။ ပညာရေးစနစ်အားနိုင်ငံတကာအဆင့်မီ ပြောင်းလဲဆောင်ရွက်စေခဲ့သည်။ ကိုရီးယားလူမျိုး များသည် မိမိသားသမီးများ၏ ပညာရေးကို အထူးအလေးထားဆောင်ရွက်ကြောင်းတွေ့ရသည်။ အင်ဂျင်နီယာ အတတ်ပညာသင်ကြားနေသည့် ကျောင်းသားများအား စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်းများ ပြုလုပ်၍ အတတ်ပညာရှင်များ မြောက်များစွာပေါ်ထွက်လာစေရေး ဆောင်ရွက်ခဲ့သည်။ သက်ဆိုင်ရာ ပညာရပ်အလိုက် စနစ်တကျဖွဲ့စည်း၍ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရန်သုတေသနပြုလုပ်ငန်းများကို လုပ်ကိုင်စေခဲ့သည်။ နည်းပညာဖွံ့ဖြိုးတိုးတက်ခြင်းသည် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အဓိကအရင်းအမြစ်ဖြစ်သည်။ ထို့ပြင် ကုန်သွယ်မှုဖွံ့ဖြိုးမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်သည်ဖြစ်ရာ ကျောင်းပညာရေးများတွင် ကုန်သွယ်မှုဆိုင်ရာအကြောင်းအရာများ၊ အသေးစားအလတ်စား စီးပွားရေးဆိုင်ရာပညာရပ်များကို ထည့်သွင်း သင်ကြားစေခဲ့သည်။ ၁၉၆၀ ၊ ၁၉၇၀ ပြည့်နှစ်များတွင် ပြည်ပတင်ပို့မှု ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရေးအတွက် စီမံချက်ရေးဆွဲကာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့တာတွေ့ရသည်။ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်နေခြင်းသည် လူ့စွမ်းအားအရင်း အမြစ်များကို အသုံးပြုနေခြင်းကြောင့်ဖြစ်သည်။ ပညာတတ် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မှုများသည် ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေသည့်အကြောင်းအရင်းတစ်ခုဖြစ်သည်။

## မူဝါဒများအပေါ် ထိရောက်စွာဆောင်ရွက်နိုင်မှု

ကိုရီးယားနိုင်ငံသည် တောင်နှင့်မြောက် ပြည်တွင်းစစ်ကိုရပ်ဆိုင်းထားခဲ့သည့် ၁၉၅၃ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒများကို အချိန်ကိုက်ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၆၀ တွင် သွင်းကုန်အစားထိုး စီးပွားရေးထက် ပို့ကုန်ဦးစားပေး စီးပွားရေးမူကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ မှစ၍ စီးပွားရေးဖွံ့ဖြိုးမှု ပထမ ၅ နှစ် စီမံကိန်း (၁၉၆၂-၁၉၆၆) ကို လျာထားဆောင်ရွက်ခဲ့ရာ အဓိကမျှော်မှန်းချက်သည် စွမ်းအင်ဖူလုံရေး၊ စက်မှုအခြေခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ၁၉၇၀တွင် အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးမှုမှ အကြီးစားစက်မှုလုပ်ငန်းများဖွံ့တိုးတက်ရေးကို မူကိုချမှတ်ခဲ့သည်။ ဒုတိယ ၅ နှစ်စီမံကိန်း (၁၉၇၆-၁၉၇၁) ကို အစားအစာဖူလုံရေး၊ သစ်တောများစိမ်းလန်းဖွံ့ဖြိုးရေး၊ စက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး စသည့် အဓိကရည်မှန်းချက် မူများကို ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်။ တတိယ ၅ နှစ် စီမံကိန်း (၁၉၇၂-၁၉၇၆) ကို စီးပွားရေးလုပ်ငန်းများ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဓာတုအခြေခံအကြီးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးမူကိုချမှတ်ခဲ့သည်။ စတုတ္ထ ၅နှစ်စီမံကိန်း (၁၉၇၇-၁၉၈၁) ကို စီးပွားရေးလုပ်ငန်းများ တိုးချဲ့ခြင်း၊ နည်းပညာတီထွင်ဆန်းသစ်ခြင်း စသည့်မူများ ချမှတ်ဆောင်ရွက်ခဲ့သည်။ ပဉ္စမ ၅ နှစ် စီမံကိန်း (၁၉၈၂-၁၉၈၆) ကို ဈေးနှုန်းတည်ငြိမ်ရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအား မြှင့်တင်ရေးတို့ကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဆိုးလ် အိုလံပစ်အားကစားပွဲကို လက်ခံကျင်းပခဲ့သည့်အတွက် ဆဋ္ဌမ ၅ နှစ်စီမံကိန်း (၁၉၈၇-၁၉၉၁) စီးပွားရေးလုပ်ငန်းများ လွတ်လပ်စွာယှဉ်ပြိုင်နိုင်ရန် လုပ်ပိုင်ခွင့်ပေးခြင်း၊ ဝင်ငွေများဖြန့်ကြက်တိုးမြှင့်ရေး မူများ ချမှတ်ခဲ့သည်။ ၅ နှစ်စီမံကိန်းအသစ်ကို (၁၉၉၃-၁၉၉၇) တွင်ပြန်လည်ရေးဆွဲ၍ စီးပွားရေးလုပ်ငန်းများ ယှဉ်ပြိုင်နိုင်မှုစွမ်းအားကောင်းရန် မြှင့်တင်ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှု ချိန်ခွင်ညာညှိခြင်း၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ကမ္ဘာလုံးဆိုင်ရာဈေးကွက်အတွင်း ဝင်ရောက်မှု ပိုမိုအားကောင်းရန် ဆိုတဲ့မူဝါဒများကို ၅ နှစ် စီမံကိန်းများအလိုက် စနစ်တကျရေးဆွဲဆောင်ရွက်ခဲ့သည်။ ထိုသို့ စီမံကိန်းများအောင်မြင်ရေးအတွက် မူဝါဒပေါ်လစီများ ချမှတ်ခဲ့သလို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း တွေ့ရသည်။ ထိုသို့ မူဝါဒပေါ်လစီများချမှတ်ပြီး ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်းသည် ကိုရီးယားနိုင်ငံဖွံ့ဖြိုး တိုးတက်လာခဲ့ခြင်း၏ အကြောင်းအရင်းတစ်ခုဖြစ်ကြောင်းတွေ့ရသည်။

## စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှု

နိုင်ငံ၏ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကအကြောင်းအရင်းဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အဓိကစီးပွားရေး လုပ်ငန်းများမှာ နည်းပညာမြင့် စက်မှုလုပ်ငန်းများဖြစ်ကြောင်းတွေ့ရသည်။ သို့ဖြစ်၍ စိုက်ပျိုးရေးကို အခြေခံသည့်စီးပွားရေးမှ စက်မှုဖွံ့ဖြိုးမှုကို အခြေခံသော စီးပွားရေးပုံစံသို့ သွားနေကြခြင်းဖြစ်သည်။ ကိုရီးယားအစိုးရအနေဖြင့် ၁၉၇၀ တွင်စက်မှု ဖွံ့ဖြိုးတိုးတက်ရေးပြောင်းလဲမှု မူဘောင်ကို ချမှတ်ခဲ့သည်။ အကြီးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အထောက်အပံ့များ ပေးခဲ့သည်။ နိုင်ငံ၏ အများစုလုပ်ငန်းများဖြစ်သည့် SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများကိုလည်းချမှတ် ကူညီပံ့ပိုးပေးခဲ့သည်။ SMEs လုပ်ငန်း များ၏ အဓိကအခက်အခဲမှာ ရင်းနှီးငွေကြေးလိုအပ်ချက်၊ ကနဦး အခွန်ပေးဆောင်ရခြင်း၊ ကုန်ကြမ်းဝယ်ယူရရှိရေး၊ နည်းပညာတီထွင်ဆန်းသစ်မှု၊ ဈေးကွက်လိုအပ်ချက်များဖြစ်ကြောင်းတွေ့ရသည်။ သို့ဖြစ်၍ အစိုးရမှ SMEs လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးပေါ်လစီများ ချမှတ်ဆောင်ရွက်ခဲ့သည်။ ၁၉၆၇ တွင် SMEs Basic Law ကိုပြဋ္ဌာန်းပေးခဲ့ပြီး တစ်ဆက်တည်း၁၉၆၈တွင် Credit Guar - antee Law ကို ပြဋ္ဌာန်းပေးခဲ့သည်။ SMEs လုပ်ငန်းများ ဖွံ့ဖြိုးရေးတွင် ငွေကြေးအရင်းအနှီး ရရှိရေးသည် အခြေခံအကြောင်းအရင်းတစ်ခုဖြစ်သည်နှင့်အညီ အစိုးရမှ ၁၉၇၆ တွင် Korea Credit Guarantee Fund (KODIT) ကို တည်ထောင်ခြင်း၊ ၁၉၈၉ တွင် Korea Tech - nology Guarantee Fund (KIBO) ကိုတည်ထောင်ပေးပြီး ငွေကြေးလိုအပ်ချက်များကို စီမံပံ့ပိုးဆောင်ရွက်ခဲ့တာတွေ့ရသည်။ ထို့ပြင် KOTRA အဖွဲ့အစည်းအနေဖြင့် SMEs လုပ်ငန်းများ ဈေးကွက်ရရှိရေး၊ ပြည်ပတွင်ရင်းနှီးမြှုပ်နှံရေးအတွက် သတင်းအချက်အလက်များ ကူညီဆောင်ရွက်ပေးတာလည်း တွေ့ရသည်။ သို့ဖြစ်၍ ကိုရီးယားနိုင်ငံ၏ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ SMEs ထုတ်ကုန်များ ဈေးကွက်ချဲ့ထွင်နိုင်ခဲ့သည်။ SMEs လုပ်ငန်းများဖွံ့ဖြိုးမှုကိုခြုံကြည့်ရင် ၁၉၆၉ တွင် Korea Export Promotion Agency ကိုတည်ထောင်ခြင်း၊ ၁၉၇၉ တွင် ပြည်ပတွင် SMEs Support Busin- ess Center များကို ဖွဲ့စည်းတည်ထောင်၍ ကူညီဆောင်ရွက်ပေးခြင်း၊ ၁၉၇၆ တွင် Export-Import Bank ကိုတည်ထောင်ပေးခြင်း၊ ၁၉၉၂ တွင် Korea Trade Insurance Firm ကို တည်ထောင်ခဲ့ခြင်းများသည် SMEs လုပ်ငန်းများကို ဖွံ့ဖြိုးစေခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။ နိုင်ငံ၏ စက်မှုလုပ်ငန်းများနှင့် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခဲ့ခြင်းသည် ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေသည့် အကြောင်းအရင်းတစ်ခုအဖြစ် ပါဝင်ခဲ့ပါသည်။

## ICT လုပ်ငန်းများဖွံ့ဖြိုးမှု

ကိုရီးယားနိုင်ငံသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် အလေးထားဆောင်ရွက်ခဲ့သည်။ နိုင်ငံအနေဖြင့် ဆက်သွယ်ရေး သတင်းအချက်အလက်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ချမှတ်ခဲ့ပြီး တီထွင်ဆန်းသစ်မှုများအတွက် များစွာအထောက်အပံ့ပေးခဲ့သည်။ အခုတော့ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးပြီးသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ICT Development Index အရ ကမ္ဘာ့အဆင့်တစ်နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ သတ်မှတ်ထားသည့် ICT Development Index (၁၁) ခုအရ သတင်းအချက်အလက်နည်းပညာတိုးတက်ဖွံ့ဖြိုးမှုနှင့်ကျွမ်းကျင်မှု၊ မိုလ်ဘိုင်းဖုန်းအသုံးများမှု၊ အင်တာနက်အသုံးပြုမှုများပြားခြင်း၊ လူတိုင်းနားလည် တတ်ကျွမ်းပြီး ကြိုးမဲ့အင်တာနက် ချိတ်ဆက်မှုများပြားခြင်းစသည့် အားသာချက်များရှိကြောင်း တွေ့ရသည်။ ယခုအခါ ICT နည်းပညာသုံး စီးပွားရေးလုပ်ငန်းများဖြစ်သည့် e-government, e-commerce လုပ်ငန်းများ၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များ၊ online business လုပ်ငန်းများ၊ သတင်းအချက်အလက်ဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထို့ပြင် ကိန်းဂဏန်း data အချက်အလက်များအား စနစ်တကျ ထိန်းသိမ်းလာနိုင်ခဲ့သည်။ ICT နည်းပညာဖွံ့ဖြိုးခဲ့မှုသည် ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေသည့် အကြောင်းအရင်းတစ်ခုဖြစ်သည်။

## ရေရှည်ဖွံ့ဖြိုးရေး စီမံကိန်းများဆောင်ရွက်နေမှု

ကျွန်တော်တို့ မြန်မာအဖွဲ့သည် ကိုရီးယားနိုင်ငံ အနောက်မြောက်ဘက် အင်ချွန်းပြည်နယ်ရှိ Incheon Free Economic Zone (IFEZ) သို့ သွားရောက်ရောက်လေ့လာခဲ့ရသည်။ အထူးစီးပွားရေးဇုန် (IFEZ) အား အရှေ့မြောက်အာရှတွင် ကြီးမားယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဖွံ့ဖြိုးမှုပုံစံသစ်နဲ့ စီးပွားရေးအချက်အချာကျသည့် ဇုန်တစ်ခုအဖြစ်ရပ်တည်နိုင်ရေး ရည်မှန်းချက်ဖြင့် ၂၀၀၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်းတွေ့ရသည်။ အထူးသဖြင့် Incorporates စီးပွားရေးလုပ်ငန်းများ၊ ခေတ်မီကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ခေတ်မီအဆင့်မြင့် နည်းပညာသုံး စက်မှုလုပ်ငန်းများ၊ ခေတ်မီကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ခေတ်မီအပန်းဖြေ နားနေစင်တာများ၊ ခေတ်မီဈေးဝယ်စင်တာကြီးများကို ခမ်းနားအံ့သြဖွယ်တည်ဆောက်နေတာတွေ့ရသည်။ အဆိုပါ အင်ချွန်းတွင် ရွှေတြိဂံဟုခေါ်သော Songdo City , Yeongjong City, Cheongna City မြို့တော်သုံးခု ပေါင်းစပ်တည်ဆောက်ထားတာ တွေ့ရသည်။ Songdo City တွင် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာမြင့်သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်း၊ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကထားသည်။ Yeongjong City တွင် အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး စီးပွားရေးလုပ်ငန်းများ၊ ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်းများ၊ အပန်းဖြေနားနေစင်တာများ၊ ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများ အဓိကထားသည်။ Cheongna City တွင် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလာမှုဝန်ဆောင်မှုလုပ်ငန်းများ၊ နည်းပညာမြင့် စက်မှုလုပ်ငန်းများ အဓိကရင်းနှီးမြှုပ်နှံထားကြောင်းတွေ့ရသည်။ အဆိုပါ စီးပွားရေးဇုန် တိုးတက်လာမှုအနေဖြင့် ၂၀၀၃ ခုနှစ်တွင် လူဦးရေ ၂၅၇၇၈ ဦးရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၂၂၇၄၀၇ ဦး၊ နိုင်ငံခြားသားလူဦးရေမှာ ၂၀၀၃ တွင် ၄၁၅ ဦးမှ ၂၀၁၄ တွင် ၃၇၄၄ ဦးထိ တိုးတက်ရင်းနှီးမြှုပ်နှံလာကြောင်းတွေ့ရသည်။ အဆင့်မြင့် ပန်းခြံ ၁၀၇ ခု၊ အဆင့်မြင့် ပညာရေးကျောင်း ၆၄ ခု၊ အဆင့်မြင့် ဟိုတယ်ကြီးများ ၁၅ ခု၊ Foreign Corporations များ ၇၅ ခု၊ အခြားစီးပွားရေးလုပ်ငန်းများ ၁၂၃၉ ခု၊ ၂၀၀၃ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံမှ ၂၀၁၄ တွင် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံထိ တိုးတက်လာကြောင်း လေ့လာသိရှိခဲ့ရသည်။ ထို့အတူ ကိုရီးယားနိုင်ငံတွင် အလားအလာရှိသည့် ပြည်နယ်များတွင် Incheon Free Economic Zone (IFEZ) ကဲ့သို့ အထူးစီးပွားရေးဇုန်များ တည်ထောင်ရန် စီမံလျက်ရှိကြောင်းသိရှိရသည်။ အထူးစီးပွားရေးဇုန်များ တည်ထောင်ဆောင်ရွက်နေခြင်းသည် ကိုရီးယာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်စေခဲ့သည့် အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကိုရီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့သည့် အကြောင်းအရင်းများအပေါ် လေ့လာအတုယူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံသစ်ဆီသို့ လျှောက်လှမ်းနိုင်ရေး ကြိုးစားဆောင်ရွက်ကြပါစို့ . . . . . .။

■

## မူဆယ်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ရေထွက်ကုန်တန်ချိန် တစ်ထောင်ကျော်တင်ပို့

မြန်မာရေချို-ရေငန် ရေထွက်ကုန်ပစ္စည်းမျိုးစုံကို မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရာ အောက်တိုဘာလ ပထမပတ်တွင် ကန်ဒေါ်လာ ၃ ဒသမ ၀၄၉ သန်းတန်ဖိုးရှိရေထွက်ကုန် ၁၁၃၇ တန်ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် ကဏန်း ၃၂၉ တန်ခန့်၊ ငါးရှဉ့် ၂၉၄ တန်ကျော်၊ ရေခဲငါး ၁၅၇ တန်ခန့်၊ ငါးမှုန့် ၁၀၁ တန်ကျော်၊ ငါးလေးခြောက် ၄၇ တန်၊ ငါးဆားနယ် ၄၃ တန်ခန့်၊ ပုစွန် ၃ တန်၊ ငါးဟောက်အရှင် ၃ တန်နီးပါး၊ ပုစွန်ခြောက် ၂၇ တန်ကျော်၊ ရေခဲပုစွန် ၁၂၄ တန်ကျော်၊ ငါးပူတင်းရေခွံခြောက် ၂တန်နီးပါးနဲ့ ငါးလိပ်ကျောက်ရေခွံခြောက် ၆ တန်ကျော်တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်တင်ပို့မှုထက် ၁၅၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ငါးရှဉ့်နဲ့ ကဏန်းဈေး ကျသွားကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ယခင်တစ်ပတ်က ငါးရှဉ့် တစ်တန် ၇၁၀၅၀၀၀ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၃၆၅၄၀၀၀ ကျပ်သို့လည်းကောင်း၊ ကဏန်း တစ်တန် ၁၁၈၄၁၅၉၉ ကျပ်မှ ၇၁၈၉၆၅၁ ကျပ် သို့လည်းကောင်း ဈေးကျသွားကြောင်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## မောင်တောစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေငန်ပုစွန် ကီလိုကိုးထောင်ကျော်တင်ပို့

အောက်တိုဘာလ ၃ ရက်မှ ၉ ရက်သီတင်းပတ်အတွင်းမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှ ဒေါ်လာ ၄၇၉၆၀ တန်ဖိုးရှိ ရေငန်ပုစွန် ၉၆၅၄ ကီလို တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှု မရှိခဲ့ဘူးလို့သိရပါတယ်။ အမျိုးအစားအနေနဲ့ ခေါင်းဖြတ်ရေငန်ပုစွန်များဖြစ်ပြီး အရွယ်အစား အနေနဲ့ကတော့ တစ်ကီလိုမှာ ၁၃ ကောင်၊ ၁၆ ကောင်၊ ၂၃ ကောင်၊ ၃၃ ကောင်တို့ပါတဲ့ အရွယ်အစားတွေ အများဆုံးတင်ပို့ခဲ့တာဖြစ်ပါတယ်။ ရေငန်ပုစွန်အများဆုံးတင်ပို့သည့် ကာလမှာ နှစ်စဉ်ဇွန်လမှ အောက်တိုဘာလ အတွင်း ဖြစ်တယ်လို့သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

## မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၃ ရက်မှ ၉ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၄၆၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၄၀၀ တန်ကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၃၃၀ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့မှုများမှာ

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၈၉ သန်းတန်ဖိုးရှိရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၉၁ တန်ကျော်၊ ကဏန်း ၃၅ တန်ကျော်နဲ့ ပုစွန် ၂တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၄ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၈၄၃ သန်း တန်ဖိုးရှိ ရေထွက်ကုန်များ ဖြစ်တဲ့ ငါးမျိုးစုံ ၈၃၄ တန်ကျော်၊ ကင်းမွန် ၉ တန်ခန့်၊ ပုစွန် ၅ တန်ကျော် အခြားရေထွက် ၅၅ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၅ တန်ကျော် ရေဘဝဲ ၂ တန်ခန့်နဲ့ ကဏန်း ၆၂၅ ကီလိုဂရမ် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၇၃ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၁ ဒသမ ၄၃၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်ဖြစ်သော ငါးမျိုးစုံ ၁၁၄၀ တန်ကျော်၊ငါးမှုန့် တန် ၂၀၀၊ ပုစွန် ၁၇ တန်ကျော်၊ သဲကဏန်း ၆၉၀ ကီလိုဂရမ်နဲ့ ကင်းမွန် ၄၃၀ ကီလိုဂရမ် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၇၂၁ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**

## မောင်တောစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးကြီးနဲ့ ဝါးသေးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောစခန်းမှ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာလ ၃ ရက်မှ ၉ ရက်တာကာလအတွင်းမှာ ကျပ် ၈၃၆၅၅၀၀ တန်ဖိုးရှိ ဝါးကြီး ၈၁၂၅၀ ကီလိုနဲ့ ကျပ် ၉၆၅၂၅၀ တန်ဖိုးရှိ ဝါးသေး ၂၅၀၀ ကီလို တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှု မရှိခဲ့ဘူးလို့သိရပါတယ်။ မောင်တောစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့တဲ့ ဝါးများမှာ ဝါးကြီးနဲ့ ဝါးသေးဆိုပြီး အမျိုးအစားအားဖြင့် နှစ်မျိုးရှိတဲ့နောက် ဝါးကြီးက ကျောက်တော်ကထွက်ရှိပြီး ဝါးသေးမှာ မောင်တောဒေသ ကြိမ်ချောင်း မှထွက်ရှိတာဖြစ်ပါတယ်။ ဝါးကြီးများကို နေအိမ်ဆောက်လုပ်ရာတွင် အသုံးပြုပြီး ဝါးသေးကိုတော့ ကွမ်းခြံများတွင် ကွမ်းပင်နွယ်တက်ရန် တိုင်အဖြစ် အသုံးပြုကြလို့ ကွမ်းတိုင်ဝါးလို့လည်းခေါ်တယ်လို့ သိရှိရပါတယ်။

**မြင့်မြင့်မာ**

## နယ်စပ်စခန်းများမှ သစ်သီးဝလံမျိုးစုံ တင်ပို့/တင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ၁ ရက်မှ ၁၀ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၁၈၄၁၇၃ တန်ဖိုးရှိ ဖရဲသီး ၁၈၂၃ တန်ခွဲနဲ့ ကန်ဒေါ်လာ ၁၇၄ တန်ဖိုးရှိနာနတ်သီး ၂တန်၊ ချင်းရွှေဟော်မှ ကန်ဒေါ်လာ ၁၀၁၀ တန်ဖိုးရှိ ဖရဲသီး ၁၀ တန် တင်ပို့နိုင်ခဲ့သလို ကန်ဒေါ်လာ ၁ ဒသမ ၀၇၄ သန်းဖိုးရှိ ပန်းသီး၊ ပန်းသစ်တော်သီးနဲ့ လိမ္မော်သီး ၂၈၁၁ တန် တင်သွင်းခဲ့ပါတယ်။ အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ ၄၅၈၀၀ တန်ဖိုးရှိ စပျစ်၊ သရက်၊ ပန်းသီး၊ နန်းမြားသီး၊ ပန်းသစ်တော်၊ နာနတ်၊ လိမ္မော်သီး၊ မာလကာ(အစေ့လွတ်)၊ မန်ကျည်းချို၊ နဂါးမောက်သီးနဲ့ ကြက်မောက်သီး တန်ချိန် ၂၄၀ တင်သွင်းလာခဲ့ပါတယ်။ ယိုးဒယားသီးများ ဈေးမြင့်နေတာကြောင့် တရုတ်သီးများသာအဝယ်ရှိကြောင်း၊ယိုးဒယားသီးတွေက တရုတ်သီးတွေမပေါ်ခင်သာ အရောင်းအဝယ် ကောင်းတာ တရုတ်သီးတွေလှိုင်လှိုင်ပေါ်လာရင် တရုတ်သီးတွေကပေါလာပြီး အရောင်းသွက်လာမှာဖြစ်ကြောင်း သစ်သီးပွဲရုံများကဆိုပါတယ်။

**မော်မော်အောင်**

## တစ်သျှူးငှက်ပျောပိုမိုတင်ပို့သဖြင့် ကန်ပိုက်တီးကုန်သွယ်မှု အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းသည် စက်တင်ဘာလတွင် တစ်သျှူးငှက်ပျော ၁၆၂၀ တန်၊ တန်ဖိုးကျပ် ၆၄၈၀ သိန်းဖိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ စက်တင်ဘာလမှာ ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၇၂၄ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၂ ဒသမ ၈၅၀ သန်းဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃ ဒသမ ၅၇၄ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ် ကာလတူထက် ပို့ကုန်ရောသွင်းကုန်ပါ ပိုမိုဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၈၈၉ သန်းနဲ့ ကန်ဒေါ်လာ ၁ ဒသမ ၇၇၅ သန်းအသီးသီး ပိုမိုခဲ့တယ်လို့သိရပါတယ်။

| | ကုန်သွယ်မှု | ပိုမိုဆောင်ရွက်နိုင်မှု |
|---|---|---|
| ၂၀၁၅ စက်တင်ဘာလ | ၃. ၅၇၄ | - |
| ၂၀၁၅ ဩဂုတ်လ | ၁. ၆၈၅ | ၁. ၈၈၉ |
| ၂၀၁၄ စက်တင်ဘာလ | ၁. ၈၁၉ | ၁. ၇၅၅ |

ထိုကဲ့သို့ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် တစ်သျှူးငှက်ပျောပိုမိုတင်ပို့ခြင်းနဲ့ သွင်းကုန်ပိုင်းတွင် ယာဉ်ယန္တရားများ၊ ဆောက်လုပ်ရေးပစ္စည်းများနဲ့ လူသုံးကုန်ပစ္စည်းများပိုမိုတင်သွင်းခဲ့တဲ့အတွက်ကြောင့်ဖြစ်ကြောင်း ကန်ပိုက်တီးစခန်းတာဝန်ခံထံမှ သတင်းရရှိပါတယ်။

အောက်တိုဘာလမှာ ပြောင်းများစတင် တင်ပို့နိုင်ပြီဖြစ်လို့ တစ်သျှူးငှက်ပျောအပြင် ပြောင်းအမယ်ပါ ပိုလာရာ ပို့ကုန်ပိုင်း တိုးမြင့်လာမယ်လို့ ခန့်မှန်းလျက်ရှိပါတယ်။ သွင်းကုန်ပိုင်းမှာလည်း ဓာတ်မြေဩဇာ တင်သွင်းလာပြီး ပွင့်လင်းရာသီဖြစ်၍ ဖားကန့်ကျောက်မော်လုပ်ငန်းများပြန်လည် အစပျိုးလာပြီဖြစ်တဲ့အတွက် ယာဉ်ယန္တရားပိုမို တင်သွင်းလာတော့မယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## စက်တင်ဘာလ ဒုတိယပတ်အတွင်း အကောက်ခွန်မဲ့ကားစီးရေ ၃၇ စီးအား ဖမ်းဆီးရမိ

စက်တင်ဘာလ ၁၉ ရက်မှ ၃၀ ရက်ထိကာလအတွင်း ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည် ယာယီအခြေပြုမိုဘိုင်းအဖွဲ့သည် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးရေး တာဝန်ထမ်းဆောင်စဉ် ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၃၃၁၀ ကျော်ရှိအကောက်ခွန် အမှုတွဲ ၇၀ ဖွင့်လှစ်နိုင်ခဲ့တယ်လို့ သိရပါတယ်။ထိုအမှုတွဲ ၇၀တွင် ထော်လာဂျီတစ်စီးနဲ့ အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိတဲ့ လိုင်စင်မဲ့ယာဉ် ၃၇ စီးကိုလည်း အကောက်ခွန်အမှုတွဲဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။သိမ်းဆည်းရမိယာဉ်အမျိုးအစားတွေကတော့ Toyota Caldina ၄ စီး၊ Toyota Mark II ၄ စီး ၊ Honda Fit ၃ စီး၊ Honda Airwave ၊ Honda Stream၊ Toyota Hilux Surf နဲ့ Honda CRV ၂ စီးစီနဲ့ Toyota Corolla Fielder ၊Dihatsu Hijet ၊ Mitsubishi Grandis၊ Toyota ( Kluger, Landcruiser, Succeed, Hilux,Wish,Crown, Harrier,Passo) Nissan( Terraro , Elgrand) Isuzu Big Horn, Mitsubishi Canter Light Truck, Mitsubishi Fuso (ဘီယာတင်ယာဉ်)၁ စီးစီနဲ့ ထော်လာဂျီတစ်စီးတို့ ပါဝင်တယ်လို့ သိရပါတယ်။

**MIRT**

## တာချီလိတ် မိုဘိုင်းတင်းမ်မှ စားဆီနဲ့ ဘီယာအပါအဝင် အကောက်ခွန်မဲ့ပစ္စည်းများစစ်ဆေးတွေ့ရှိ

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ တာချီလိတ် မိုဘိုင်းတင်းမ်သည် အောက်တိုဘာလ ၁ ရက်နေ့တွင် ဝမ်ကောင်းမွန်ကျေးရွာအနီးတွင် တာဝန်များ ထမ်းဆောင်စဉ် ယာဉ်လေးစီး (၄ဂ/xxxx, အ/xxxx , 3J/xxxx , 3I/xxxx ) ပေါ်မှ စားဆီ၊ ဘီယာ၊ စပွန်ဆာအချိုရည်၊ ထီး၊ ပီနံအိတ်ခွန်ထုပ်၊ ပီနံမိုးကာ၊ ပါဆယ်ကျွတ်ကျွတ်အိတ်တို့ကို ခန့်မှန်းတန်ဖိုးကျပ် ၁၅ သိန်းကျော်ခန့်သိမ်းဆည်းရမိခဲ့တယ်လို့သိရပါတယ်။ သိမ်းဆည်းရမိယာဉ် လေးစီးပေါ်မှ အကောက်ခွန်မဲ့ပစ္စည်းများအား အကောက်ခွန် အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့ အညီ ဆက်လက်ဆောင်ရွက်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## သွင်းကုန်ကြေညာလွှာမှာဖော်ပြချက်ထက် ပိုမိုတင်သွင်းလာတဲ့အိမ်သုတ်ဆေးများကို အမှန်နှုန်းထားအပြင် ဒဏ်ကြေးပါပေးဆောင်စေခဲ့

အောက်တိုဘာလ ၅ ရက်နေ့က တာချီလိတ်ကုန်သွယ်ရေးစခန်း ထုတ်နုတ်မိုဘိုင်းအဖွဲ့အနေနဲ့ တာချီလိတ်မှ ကျိုင်းတုံသို့ ထွက်ခွာမယ့်ယာဉ်များအနက် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများတင်ဆောင်ထားတဲ့ ၁၂ ဘီးယာဉ် ၂ခ/xxxx အားသတင်းအရ အသေးစိတ် စစ်ဆေးမှုပြုလုပ်ခဲ့ရာမှာ တရားမဝင်တင်သွင်းလာတဲ့ အကောက်ခွန်မဲ့ ပစ္စည်းများနဲ့ အကောက်ခွန်ပေးဆောင်သည်ထက် ပိုမိုသယ်ဆောင်လာတဲ့ ပစ္စည်းများကို စစ်ဆေးတွေ့ရှိခဲ့ရတဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲများဖွင့် တားဆီးအရေးယူ ဆောင်ရွက်ခဲ့ရတယ်လို့ သတင်းရရှိပါတယ်။

အကောက်ခွန်မဲ့ သယ်ဆောင်လာတဲ့ပစ္စည်းများမှာ ပန်းရုံသုံးလက်ပွတ် ၂ ဖာ၊ မြေဝါမှုန့် ၁ ဖာ၊ တံခါးရွက်ဘီးလုံး ၁ ဖာ၊ အလူမီနီယံချောင်း ၁ ထုပ်၊ နံရံချုပ်အပ် ၁ ဖာနဲ့ ကြိတ်သားချောင်း ၉၀ လို့ သိရပါတယ်။

အကောက်ခွန်ပေးဆောင်သည်ထက် ပိုမိုသယ်ဆောင်လာတဲ့ပစ္စည်းတွေကတော့ သွပ်ပြား ၂၀ ကီလိုဂရမ်၊ M/S Angle Channel ၂၀ ကီလိုဂရမ်၊ ပီဗွီစီပိုက် ၄၉၇ ကီလိုဂရမ်၊ ကြွေပြား ၁၇ ဖာ၊ နံရံကပ်ပန်ကာ ၁ လုံး၊ ဂျီအိုင်ပိုက် ၃၀ ကီလိုဂရမ်တို့ဖြစ်ပါတယ်။

ဒါ့အပြင် သစ်ပင်ရေလောင်းပိုက် ပလတ်စတစ်ပျော့ပိုက်ခွေ ၁၀ ခွေ၊ မျက်နှာကျက်တပ်မီးသီးအလုံး ၂၀ ဆေးသုတ်ဒလိတ်တံ ၅၅ ခုတို့အား အကောက်ခွန်မဲ့ပစ္စည်းများအဖြစ်သိမ်းဆည်းရမိခဲ့တယ်လို့သိရပါတယ်။

ကားပေါ်ပါအိမ်သုတ်ဆေး ၂၀၀၀ ကီလိုဂရမ်အနက် ၁၂၆၀ ကီလိုဂရမ်မှာ ကုန်အမှတ် တံဆိပ်များကြေညာထားတာနဲ့ တူညီမှုမရှိကွဲလွဲနေတာကို စိစစ်တွေ့ရှိရပြီး IDမှာဖော်ပြထားတဲ့ ကုန်အမှတ် တံဆိပ်ထက် ပိုမိုကောင်းမွန်ပြီး ဈေးနှုန်း ကြေညာထားတာထက် ပိုမိုကြီးမားတဲ့အမျိုးအစားများ ဖြစ်တာကို စိစစ်တွေ့ရှိရတာကြောင့် ဈေးနှုန်း အမြင့်နဲ့ အခွန်ပေးဆောင်စေတဲ့အပြင် ဒဏ်ကြေးပါ ပေးဆောင်အရေးယူခဲ့တယ်လို့သတင်းရရှိပါတယ်။ **MIRT**

## မိုဘိုင်းအဖွဲ့(လရ-၁)မှ စက်တင်ဘာလအတွင်း တရားမဝင်ကုန်သွယ်ပစ္စည်းများ ကျပ်သိန်း ငါးထောင်ကျော်ဖိုးသိမ်းဆည်းရမိ

မန္တလေး-မူဆယ်ကုန်သွယ်မှုလမ်းကြောင်းတွင် တရားမဝင်ကုန်သွယ်မှုနဲ့ စားသုံးသူအကာအကွယ်ပေးရေးအတွက် စစ်ဆေးရေး တာဝန်ထမ်းဆောင်နေသော မိုးဘိုင်းအဖွဲ့(လရ-၁) သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းမှာ တရားမဝင်ပို့ကုန်သွင်းကုန်များသယ်ဆောင်မှုအပေါ် အကောက်ခွန်အမှုတွဲ ၁၇၅ မှုဖွင့်လှစ် အရေးယူနိုင်ခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများရဲ့ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ကျပ် ၅၃၅၁ ဒသမ ၇၂၆ သိန်းကျော်ရှိတယ်လို့ သတင်းရရှိပါတယ်။

သိမ်းဆည်းရမိပစ္စည်းများမှာ ယာဉ် ခြောက်စီး(Mitsubishi canter (၂)စီး၊Express Bus(၁)စီး၊ Nissan Wing Road (၁)စီး ၊ Honda Odyssey (၁)စီး၊ Dong Ferg Truck (၁)စီး)၊ ဆိတ်အရှင်၊ စားသောက်ကုန် (ဂျယ်လီ၊ အုန်းသီးမှုန့်၊ စပျစ်ခြောက်၊ သီးစုံယိုဖာများ၊ ပီကေ၊ အစပ်ချောင်း၊ နို့ဖာ၊ဆီတိုဖူး၊ ဆော့စ်၊ ကြာညို့၊ပဲပုတ်၊ မာလာဟင်းအမှုန့်အရည်၊ အာလူးခြောက်)၊ အေးခဲဘဲ သား၊အမဲသား(အစို/အခြောက်)၊ ဂျုံမှုန့်၊ဝက်အူချောင်း၊ အထည်အလိပ် (လိုက်ကာစ၊ကျား/မဝတ် အထည်အရွယ်စုံ၊အမျိုးစုံ၊အနွေးထည်)၊ ပရဆေးခုတ်သားစုံ၊ထင်းရှူးဆီ၊ အပင်အားတိုးဆေး၊ ပိုးသတ်ဆေး၊ ဓါတုကုန်ကြမ်းအရည်၊ မျိုးစေ့များ (ဖရဲ၊သခွါး၊ ပြောင်း)၊ ရေဒီယို၊ ရီမုတ်၊ ဟန်းဆက်၊ အထိုင်ဖုန်းနဲ့ ဆက်စပ်ပစ္စည်းများ၊ Portable Player ၊ တက်ဘလက် ၊ အားသွင်းကြိုး၊ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊လျှပ်စစ်မီးဖို၊ ဗျောက်အိုး၊မြွေအရှင် (လင်းမြွေ၊မြွေဟောက်)၊ မြွေမျိုးစုံအသေ၊ သစ်သီးဝလံ (ပန်းသီး၊စပျစ်သီး၊ ပန်းသစ်တော်)၊ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ကျောက်ဖြတ်စ၊ ယာဉ်အပိုင်ပစ္စည်း (ဟိုက်ဒြောလစ်ဂျက်၊ LED မီးတန်း၊ကားလေး အကြီး/အသေး၊ ကားကြမ်းခင်း၊ ကားကူရှင်) သစ်မျိုးစုံ(ပိတောက်တုံး၊ တမလန်းခါးရွှေ၊ကျွန်းတံခါးရွက်၊ပိတောက်ပါကေးပြား၊ ထင်းရှူးသားအပိုင်းအစ)တို့ ဖြစ်ကြပါတယ်။ **MIRT**

## ယာဉ်ပေါ်မှ ဟန်းဆက်နဲ့ တက်ဘလက်များအား မူဆယ်မိုဘိုင်းအဖွဲ့မှ စစ်ဆေးတွေ့ရှိ

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ မူဆယ်မိုဘိုင်းအဖွဲ့သည် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ CD နဲ့ Mark II (3J/xxxx , CC/xxxx) ယာဉ်နှစ်စီးပေါ်မှ ဟန်းဆက် ၁၁၉ လုံး၊ ဟန်းဆက်အပိုပစ္စည်း (၁) ဖာ ၊ တက်ဘလက် (၁၀) လုံး တို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ အလားတူ အောက်တိုဘာလ ၂ ရက်နေ့တွင်လည်း အဆိုပါလမ်းမကြီးပေါ်တွင် အိုင်ကွန် ၅ လုံးနဲ့ ဖုန်းအလုံး ၂၀ ကိုထပ်မံသိမ်းဆည်း ရမိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ ဟန်းဆက် ၊ တက်ဘလက် နဲ့ အိုင်ကွန်များအား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ထားပြီးဖြစ်တယ်လို့သိရပါတယ်။

## အကောက်ခွန်ကြေညာခြင်းမရှိဘဲ ၁၂ ဘီးဂျူတီယာဉ်များနဲ့ သယ်ဆောင်လာတဲ့ လူသုံးအိမ်သုံးပစ္စည်းများဖမ်းဆီးရမိ

စက်တင် ဘာလ ၃၀ ရက် ညပိုင်းမှာ ညောင်ခါးရှည်ယာယီအခြေပြု မိုဘိုင်း လရ-၂ အဖွဲ့က ၁၂ ဘီး ဂျူတီယာဉ် ခြောက်စီးပေါ်မှ တိုရှီဘာအမှတ်တံဆိပ်ရေခဲသေတ္တာ ၃ လုံး၊ ပင်နဲလ်ဆိုနစ်အမှတ်တံဆိပ်ရေခဲသေတ္တာ ၆ လုံး၊ ဆမ်ဆောင်းအမှတ်တံဆိပ်ရေခဲသေတ္တာ ၁ လုံး၊ ခရုဆီ ၂၃ ဖာ၊ ကြောင်စာ ၂၀ ကီလိုဂရမ်ပါအိတ် ၂၀၊ ဆပ်ပြာမှုန့် (၁ x ၂၄ ထုပ်)တာ ၂၀ ၊ ဖိနပ် (၁ x ၂၀ ဒါဇင်ပါ) ၉ ထုပ်နဲ့ (၁ x ၁၈ ဒါဇင်ပါ) ၁ ထုပ်၊ ခန့်မှန်းတန်ဖိုးစုစုပေါင်း ကျပ် ၅၉ ဒသမ ၁၄၀ သိန်းတန်ဖိုးရှိလူသုံးအိမ်သုံးပစ္စည်းများကို သိမ်းဆည်းရမိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့ အညီ အကောက်ခွန်အမှုတွဲဖွင့်ထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

## အထည်ထုပ်များနဲ့ စိုက်ပျိုးရေးသုံးဆေးရည်များကို မတ္တရာမြို့အဝင်လမ်းဆုံတွင် မိုဘိုင်းတင်းမ် က စစ်ဆေးတွေ့ရှိ

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ မန္တလေးလှုပ်ရှားအဖွဲ့သည် အောက်တိုဘာလ ၅ ရက်နေ့တွင် မတ္တရာမြို့အဝင်လမ်းဆုံ၌ ဗန်းမော်မှ မန္တလေးသို့ မောင်းနှင်လာတဲ့ 4C/xxxx ယာဉ်ပေါ်မှ အကောက်ခွန်မဲ့ အဝတ်အထည်မျိုးစုံ ရှစ်ထုပ်ကို ခန့်မှန်းတန်ဖိုး သိန်း ၂၀ နီးပါးခန့်စစ်ဆေးတွေ့ရှိခဲ့ပါတယ်။အောက်တိုဘာလ ၈ ရက်နေ့တွင်လည်း အဆိုပါနေရာ၌ 2D/xxxx ယာဉ်ပေါ်မှ စိုက်ပျိုးရေးသုံးဆေးရည် ၂၀ ဖာကို ခန့်မှန်းတန်ဖိုး ကျပ်ရှစ်သိန်းကျော်ခန့် သိမ်းဆည်းနိုင်ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိအကောက်ခွန်မဲ့ ပစ္စည်းများကို အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး စိုက်ပျိုးရေးသုံးဆေးရည်များကို OSS အဖွဲ့စုံရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးသွားမယ်လို့ သိရပါတယ်။

## လမ်းဘေးမှာ စုပုံထားတဲ့ ကျပ်သိန်း၃၀ကျော်တန်ဖိုးရှိ ဘီယာချန်းများဖမ်းဆီးရမိ

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်မှာ ယာယီစခန်းဖွင့်လှစ်ထားတဲ့ မိုဘိုင်းအဖွဲ့ -၂ တာဝန်ထမ်းဆောင်စဉ် ညောင်ခါးရှည်ရွာနဲ့ ဗိုလ်ကတော်ရွာအကြား ဘီယာချန်းဖာများစုပုံနေကြောင်း သတင်းရရှိတဲ့အတွက် လက်ထောက်ညွှန်ကြားရေးမှူး နှစ်ဦး၊ ဦးစီးအဖွဲ့ နှစ်ဖွဲ့ခွဲသွားရောက်စစ်ဆေးခဲ့ပါတယ်။ ညောင်ခါးရှည်ရွာအထွက် လမ်းဘေးမှာ စုပုံထားတဲ့ တစ်ဖက်နိုင်ငံလုပ် ဘီယာချန်း (၃၃၀ မီလီမီတာx၂၄ ဘူး) ပါတာ ၃၂၀ ၊ ခန့်မှန်းတန်ဖိုးစုစုပေါင်း ကျပ် ၃၂၀၀၀၀၀ ကို တွေ့ရှိခဲ့သဖြင့် အကောက်ခွန်အမှုတွဲဖွင့် သိမ်းဆည်း၍ အကောက်ခွန်ဌာနသို့ လွှဲပြောင်းအပ်နှံသွားရန် စီစဉ်ထားပါတယ်။

## မြစ်ကြီးနား-မန္တလေး အမှတ် ၃၄ အစုန်ရထားပေါ်မှ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

အောက်တိုဘာ ၃ ရက်နေ့တွင် မန္တလေးဘူတာကြီးသို့ မြစ်ကြီးနားမှ ဆိုက်ရောက်လာသည့် အမှတ် ၃၄ အစုန်မြစ်ကြီးနား-မန္တလေးရထားအား မန္တလေးလှုပ်ရှား မိုဘိုင်းတင်းမ် အဖွဲ့မှ စစ်ဆေးရာ ကုန်တွဲပေါ်မှ တရားမဝင်အကောက်ခွန်မဲ့ မ-ဝတ်အင်္ကျီ ၁၃၈၀ ထည်၊ မဝတ်ဂျင်းအင်္ကျီ ၁၀၀ ထည်၊ မ-ဝတ်အနွေးထည် ၃၅ ထည်ခန့်မှန်းတန်ဖိုး ကျပ် ၄၆ သိန်းကျော်ခန့်စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။သိမ်းဆည်းရမိ အကောက်ခွန်မဲ့ပစ္စည်းများအား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲဖွင့်လှစ်သိမ်းဆည်းပြီးဖြစ်ပါတယ်။ **MIRT**

## အေးရှားဝေါလ်တိုးဂိတ်အနီး အကောက်ခွန်မဲ့ပစ္စည်းများကို စစ်ဆေးတွေ့ရှိ

အေးရှားဝေါလ်တိုးဂိတ်အနီး တာဝန်ထမ်းဆောင်နေတဲ့ မူဆယ်စခန်းထုတ်နုတ်အင်အား မိုဘိုင်းအဖွဲ့သည် အောက်တိုဘာလ ၂ ရက်နေ့တွင် လိုင်စင်မဲ့ ၂၂ ဘီးနောက်တွဲယာဉ် ၁ စီး၊ သံချောင်း ၁၅၃ ချောင်း၊ တာယာခွေပါ ၁၂ လုံး၊ တာယာခွေမပါ ၂ လုံးနဲ့ (5G/xxxx) Express ယာဉ်ပေါ်မှ ဆိုင်ကယ်ဘက်ထရီ ၅ ဖာ တို့ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့သတင်းရရှိပါတယ်။ စစ်ဆေးတွေ့ရှိ အကောက်ခွန်မဲ့ပစ္စည်းများအား အကောက်ခွန်အမှုတွဲ ဖွင့်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်ပြီးဖြစ်ပါတယ်။




ခေတ်စနစ်တွေ ပြောင်းလဲတိုးတက်လာတာနဲ့အမျှ တီထွင်ဆန်းသစ်မှုတွေကလည်း အံ့မခန်းတိုးတက်လာပါတယ်။ အဲဒီခေတ်စနစ်တွေနဲ့အညီ လိုက်လျောညီထွေရှိအောင်လည်း နည်းပညာ၊ အတတ်ပညာတွေက တစ်နေ့ပြီးတစ်နေ့ ဖွံ့ဖြိုးတိုးတက်လာနေတာတွေ့ရမှာပါ။ ခြေလျင်၊ နွားလှည်း၊ မြင်းခေတ်ကနေ၊ ဘွိုင်လာအင်ဂျင်မှ သည် ယခုနောက်ဆုံး ဒစ်ဂျစ်တယ်ခေတ်များအထိ သိပ္ပံနည်းပညာရဲ့ ဖွံ့ဖြိုးမှုပြောင်းလဲမှုသမိုင်းကြောင်းကို လည်ပြန်ငဲ့ကြည့်လိုက်ရင် သိသာထင်ရှားလှပါတယ်။ ဒါကသိပ္ပံနည်းပညာတွေနဲ့ ရုပ်ဝတ္ထုပစ္စည်းတွေရဲ့ဆက်စပ်မှုပါ။

ယခုတစ်ပတ်တင်ပြလိုတာကတော့ ရုပ်ဝတ္ထုပစ္စည်းဆိုပေမယ့် စိတ်နဲ့လုပ်ထားတဲ့ ပစ္စည်းကလေးများ အကြောင်းပါ။ သူတို့ဟာ ခေတ်မီပစ္စည်းတွေနဲ့ နှိုင်းစာရင်လှပချင်မှလှပမယ်။ ဆန်းသစ်ချင်မှ ဆန်းသစ်မယ်။ ဒါပေမယ့် သူတို့ဟာ သမိုင်းတစ်ခုကိုပြောနေလိမ့်မယ်။ နယ်မြေဒေသ၊ နိုင်ငံတစ်နိုင်ငံကိုကိုယ်စားပြုမယ့် လူမျိုးတစ်မျိုးရဲ့ ပုံရိပ်ကို ဖော်ကျူးနေမယ်။ သူတို့ရဲ့ မူလကုန်ကြမ်းတွေက ငွေကြေးတန်ဖိုးအရ နိမ့်ချင်နိမ့်နေပါလိမ့်မယ်။ ဒါပေမယ့် သူတို့ကို လုပ်ကိုင်တီထွင်ဖန်တီးတဲ့ အနုပညာရှင်၊ အတတ်ပညာရှင်တွေရဲ့ စိတ်ကူးစိတ်သန်း တီထွင်မှု၊ ဖွင့်ဟမှု၊ ဖော်ညွှန်းလိုမှု တွေက အဖိုးမဖြတ်နိုင်တဲ့ အနုပညာတွေပါပဲ။ သူတို့ရဲ့အဓိကအရင်းအနှီးများပါပဲ။ ငွေကြေးနဲ့ တန်ဖိုးဖြတ်ရန်ခက်ခဲမှာ ဖြစ်ပြီး အိမ်တစ်အိမ်ရဲ့ ဧည့်ခန်း၊ ပြခန်းတစ်ခန်းထက် အရေးကြီးတဲ့ကဏ္ဍတွေမှာ နေရာယူထားကြတာတွေ့ရပါလိမ့်မယ်။

ဒါတွေကိုဖန်တီးနိုင်တဲ့ အနုပညာရှင်ဆိုသူများကလည်း လူတောသူတောမှာ သဟဇာတဖြစ်ချင်မှဖြစ်မယ်။ ပတ်ဝန်းကျင်နဲ့လည်း သီးခြားဖြစ်တည်နေလေ့ရှိကြတယ်။ သူ့စိတ်ကူးနဲ့သူ တွေးတောနေတတ်ပြီး ပတ်ဝန်းကျင်နဲ့လည်း ကင်းကွာသလိုမြင်တွေ့ရတတ်တယ်။ ပကာသနကိုလည်း လျစ်လျူရှုတတ်ကြတယ်။ သဘာဝတရားကိုပဲ ဦးတည်ပြီး အာရုံပြုနေကြတာများပါတယ်။

လူတို့မျက်စေ့ထဲမှာ သဘာဝပစ္စည်းတစ်ခုဟာ သာမန်လူတွေအတွက်တော့ သာမန်ပစ္စည်းကလေးပဲ ဂရုပြုစရာမလိုတဲ့အမှိုက်ပဲဖြစ်ချင် ဖြစ်မယ်။ သူတို့လက်နဲ့၊ သူတို့စိတ်နဲ့ခံစားပြီး ထွင်းစရာရှိတာထွင်းမယ်၊ ထုစရာရှိတာထုမယ်။ ဒီလိုနဲ့ပဲ သစ်ကိုင်းခြောက်ကလေးက မီးအိမ်ဖြစ်၊ အုန်းမှုတ်ခွက်က ဆေးလိပ်ပြာခွက်ဖြစ်၊ ဝါးကျည်ထောက်ကလေးက တစ်ရှူးဘူးကလေးဖြစ်၊ ဝါးခြင်းတောင်းကိုရက်လိုက်ရင် မီးပန်းဆိုင်းအုပ်ဆောင်းကလေး ဖြစ်နဲ့ သူတို့စိတ်နဲ့လုပ်ပြီးလို့ကြည့်လိုက်ရင် တစ်ခုခုကိုခံစားရတတ်ပါတယ်။

ဥပမာ-ဝါးခြမ်းကလေးတွေညီအောင်စီပြီး ကုလားထိုင်ငယ်ကလေးလို ကော်နဲ့တွဲစပ်လိုက်ရာလက်ကိုင်ဖုန်း တင်တဲ့ စင်ငယ်ကလေး အဖြစ် ချစ်စရာ၊ စားပွဲတင်အလှအပ လက်ဆောင်ပစ္စည်းဖြစ်သွားပါတယ်။ သာမန် လူတစ်ယောက်ကတော့ ဒါလေးများဆိုပြီး အထင်အမြင်သေးတတ်ပါတယ်။ အဲဒီလိုဆိုလုပ်ဗျာဆိုပြီး ဝါးနဲ့ဓါး၊ ကော်ထုပ်ပါပုံပေးလိုက်ရင် ဘာကစ ဘာလုပ်ရမှန်းမသိတော့ပါဘူး။ လုပ်တဲ့အတတ်ပညာရှင်က နည်းပညာ သက်သက်နဲ့လုပ်တာ မဟုတ်ပါဘူး။ စိတ်ကူးစိတ်သန်း စိတ်ကူးပုံဖော်မှု၊ စေတနာ၊ အနုပညာစတဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေနဲ့ တီထွင်ကြံဆလုပ်ရာက အနုပညာမြောက်တဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ ထွက်ပေါ်လာတာပါ။

အင်္ဂလိပ်လိုကတော့ Handicraft လို့ လုံးပြီးခေါ်ကြပေမယ့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ ပန်း ၁၀ မျိုးကို ဒီခေါင်းစဉ်အောက်မှာ သွတ်သွင်းလိုပါတယ်။ ကျွန်တော်တို့ ပန်း ၁၀ မျိုးဝင် အလှအယဉ်များဟာ သင်ဆရာ မြင်ဆရာတို့ရဲ့ သွန်သင်ဆုံးမပညာပေးသင်ကြားမှုများအပြင် မိမိတို့ရဲ့ စိတ်ကူးစိတ်သန်း၊ တီထွင်ဖန်တီးချက်များနဲ့ ခေတ်အဆက်ဆက် အောင်ပွဲခံလာကြတာပါ။

အခြားနိုင်ငံတွေမှာလည်း လက်မှုအနုအလှပစ္စည်းများ အများအပြားကို အင်တာနက်မှာ ကြည့်ရင်တွေ့နိုင်ပါတယ်။ သူတို့ပစ္စည်းကလေးတွေကို မြင်လိုက်တာနဲ့ သူတို့လူမျိုးရဲ့သရုပ်၊ သူတို့နိုင်ငံရဲ့ ယဉ်ကျေးမှု အငွေ့ အသက်များပါပြီးဖြစ်လို့ ဘယ်နိုင်ငံကိုယ်စားပြုတယ်ဆိုတာ မြင်တာနဲ့သိနိုင်ပါတယ်။ ဒီအတွက်လည်း ဒီလို လုပ်ငန်းငယ်ကလေးတွေကို သက်ဆိုင်ရာက တွန်းအားပေးမြှောက်စားခြင်း၊ ကုမ္ပဏီများဖွဲ့စည်းပေးပြီး ထုတ်လုပ်မှု တိုးတက်စေခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက်များ ရှာဖွေမြှင့်တင်ပေးခြင်းများ ပြုလုပ် လေ့ရှိကြပါတယ်။ ဒါကြောင့်လည်းသူတို့ရဲ့ ယဉ်ကျေးမှု၊ လက်မှုအနုပညာတွေဟာ နိုင်ငံတကာမှာထိုးဖောက်ရပ်တည်နိုင်ကြတာတွေ့ရမြင်ရကြားရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း သူ့အရပ်နဲ့သူ့ဇာတ်ဆိုသလို သစ်သား ပန်းပုပညာရပ်များ၊ ဝါးအနုပညာ အဆင်တန်ဆာအလှအပများ၊ ကျောက်ဆစ်ပညာများ၊ ကြေးသံသွန်းတဲ့လုပ်ငန်းများ များစွာရှိကြပါတယ်။ သူတို့ကို စုစည်းပြီး ပညာသည်အင်အား၊ နည်းပညာအင်အား၊ အတတ်ပညာအင်အားများဖလှယ်ခြင်း၊ နိုင်ငံတကာမှာ လေ့လာစေခြင်း၊ တီထွင်ကြံဆစေခြင်း၊ အရင်းအနှီးထောက်ပံ့ပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်းများနဲ့ မြှင့်တင်ပေး သင့်ပါတယ်။ လမ်းညွှန်ပေးသင့်ပါတယ်။

ဒီလက်မှုအနုပညာတွေကို ထုတ်လုပ်သူများက တွင်တွင်ကျယ်ကျယ်လုပ်နိုင်အောင် ကျန်ပြည်သူတစ်ရပ်လုံးမှာရှိတဲ့ ရုံးဌာနများ၊ အသင်းအဖွဲ့များ၊ ဈေးများ၊ ကျောင်းများ၊ လူမှုအဖွဲ့အစည်းများကလည်း လူထုလူတန်းစားအသီးသီးနဲ့ အိမ်ထောင်စုများကလည်း စက်ရုံထုတ်နိုင်ငံခြားဖြစ်ပလတ်စတစ်၊ ဖိုင်ဘာ၊ အလူမီနီယံ၊ စတီးစတဲ့ အသုံးအဆောင်တွေအစား ပြည်တွင်းဖြစ်လက်မှုအနုပညာပစ္စည်းတွေကို တိုးတက်ဝယ်ယူသုံးစွဲသင့်ပါတယ်။ ဥပမာ-ရုံးရှေ့မှာ ပလတ်စတစ်အမှိုက်ပုံးထားမယ့်အစား ဝါးခြင်းတောင်း၊ထန်းလျှော်တောင်းများနဲ့အစားထိုးထားခြင်းက အစပေါ့ခင်ဗျာ။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းပြီးသားဖြစ်သွားပါတယ်။

ဒီ Handicraft လုပ်ငန်းရှင်ကလေးတွေဟာ လက်လှုပ်မှပါးစပ်လှုပ်နိုင်တဲ့ လူတွေများပါတယ်။ အားလုံးကို ရာနှုန်းပြည့်ပြောတာတော့မဟုတ်ဘူးနော်။ သူတို့ရဲ့ ကုန်ချောထုတ်ကုန်တွေကို ပြည်တွင်းဈေးကွက်ကတိုးမြှင့် အားပေးမှ သူတို့ဝင်ငွေတိုးပြီး လူမှုအဆင့်အတန်းနဲ့ လူမှုစီးပွားတွေတိုးတက်မှာဖြစ်ပါတယ်။ သူတို့အတွင်းက ပညာတတ်လူငယ်တွေကို သီးသန့်မွေးမြူပြီး အဆင့်မြင့်နည်းပညာတွေ ပံ့ပိုးပေးကာ အင်တာနက်ထဲက အခြားနိုင်ငံတွေရဲ့ လက်မှုပစ္စည်းတွေဘယ်လိုလုပ်ထားတယ်။ ဈေးကွက်ဘာကြောင့်ခိုင်မာနေတယ်ဆိုတာတွေပါ လေ့လာနိုင်စေမှာဖြစ်ပါတယ်။

ပြည်တွင်းဈေးကွက်ပြီးရင် ပြည်ပဈေးကွက်ကိုလည်း ပစ်မှတ်ထားရမှာဖြစ်ပါတယ်။ ဥပမာ-တိုင်းဒေသကြီးနဲ့ ပြည်နယ်တိုင်းရဲ့ အကောင်းဆုံးလက်မှုပညာရှင်တွေခေါ်ပြီး နိုင်ငံတော်အဆင့် ပြပွဲပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲ၊ နည်းပညာဖလှယ်ပွဲလုပ်ပေးပြီး နိုင်ငံခြားသားတွေကို ပြည်ပဈေးကွက်ဝင်နိုင်မယ့် ထုတ်ကုန်တွေကို သီးသန့်အမှတ်ပေးရွေးချယ်ပြီး ဈေးကွက်တင်ရမှာဖြစ်ပါတယ်။

ဈေးကွက်ကအမှာစာရလို့ အစုလိုက်အပြုံလိုက်ထုတ်လုပ်ရတဲ့ Mass Production ဖြစ်လာရင်တော့ တစ်ဦးတစ်ယောက်ချင်းထက် စုပေါင်းပြီး ထုတ်လုပ်ရန် လိုအပ်လာရင် စုပေါင်းဖွဲ့စည်းထုတ်လုပ်စေရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့မှာ Handicraft တွေ တီထွင်ထုတ်လုပ်နေတဲ့ လုပ်ငန်းကြီးငယ်တွေ၊ ရွက်ပုန်းသီးပညာသည်တွေ၊ မီးခဲပြာဖုံးတီထွင်ဆန်းသစ်လိုတဲ့လူငယ်တွေ နေရာအနှံ့အပြားမှာ ရှိနေကြပါတယ်။ တစ်နေ့ကပဲ တောင်ကြီးက ရှမ်းပြည်နယ်ဦးစီးမှူးရဲ့ကျေးဇူးနဲ့ အင်းလေးထဲရောက်ခဲ့တော့ P.P.P စနစ်နဲ့ သင်တန်းပေးတီထွင်ထုတ်လုပ်နေကြတဲ့ ဝင်းမေတ္တာ လက်မှုလုပ်ငန်း အလုပ်ရုံလေးကိုရောက်ရှိခဲ့ပါတယ်။ သူတို့ကို အားပေးမြှောက်စားချင်တာလည်းတစ်ကြောင်း၊ လှိုင်ကော်မှာ ယခုလအတွင်းဖွင့်မယ့် ဝါးအခြေခံလက်မှုပညာ သင်တန်းသားတွေကိုလည်း နမူနာပစ္စည်းအဖြစ် ပြသလိုတာတစ်ကြောင်းကြောင့် ပစ္စည်းကလေးတွေ ဝယ်ယူအားပေးဖြစ်ခဲ့ပါတယ်။ နိုင်ငံခြားသားတွေလည်း ဒီလိုဆိုင်တွေမှာ ဝင်သူဝင်၊ ထွက်သူထွက်၊ ဝယ်သူဝယ်နဲ့ပေါ့ခင်ဗျာ။

ဒီလိုနဲ့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ပုံရိပ်၊ မြန်မာ့ရိုးရာတွေ ထုံမွှမ်းထားတဲ့ လက်မှုအနုပညာများဟာ ကမ္ဘာအနှံ့ ရောက်ရှိပြီး သူတို့က ကြော်ငြာတဲ့တာဝန်ကို ယူပါလိမ့်မယ်။ ကမ္ဘာလှည့်ခရီးသည်အသစ်တွေကို သက်မဲ့ပစ္စည်းဖြစ်တဲ့ သူတို့တွေကပဲ ထပ်မံဖိတ်ခေါ်ကြပါလိမ့်မယ်။ သူတို့ကပဲ မြန်မာ့ရိုးရာပုံပြင်ဒဏ္ဍာရီတွေ ပြောပြပြီး ကမ္ဘာလှည့်ခရီးသည်တွေကို မြန်မာပြည်ထဲစေလွှတ်ကြပါလိမ့်မယ်။

ကဲ . . မြန်မာလက်မှုအနုပညာတွေကို ကမ္ဘာ့ဈေးကွက်ထဲရောက်ရှိအောင် ဝိုင်းဝန်းပြီး စိမံချက် တိတိကျကျချပြီး ဆောင်ရွက်ကြပါစို့ . . . ။

# အရောအနှော ကင်းစေရမယ်၊ ဈေးနှုန်း မှန်စေရမယ်၊ အချိန်အတွယ် ပြည့်မီစေရမယ်လို့ ကြေညာဟောင်းခတ်လိုက်တဲ့ ဦးဦးခေါက်ဆွဲခြောက်ပိုင်ရှင် ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းခြင်း









|မယ်သီတာ|

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနတို့ရဲ့ပူးပေါင်းမှုနဲ့ မြန်မာနိုင်ငံတစ်ဝန်းမှာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းစဉ်အဖြစ် အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ဈေးတွေ၊ ကျောင်းတွေမှာ အများပြည်သူ စားသုံးရန် မသင့်တဲ့အစားအစာတွေ၊ ဆေးတွေ လိုက်လံစစ်ဆေးပြီး အသိပညာပေး ဆောင်ရွက်လျက်ရှိနေပါတယ်။

အက်ဖ်ဒီအေအနေနဲ့လည်း ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးရာမှာ ဒါမှမဟုတ် ရှောင်တခင်စစ်ဆေးရာမှာ တွေ့ရှိရတဲ့ အများပြည်သူ စားသုံးရန် မသင့်တဲ့စားသောက်ကုန်တွေ၊ ဆေးဝါးတွေကို နိုင်ငံပိုင်သတင်းစာတွေကနေ အများပြည်သူသိရှိအောင်ကြေညာပေးလျက်ရှိနေပါတယ်။

အက်ဖ်ဒီအေလို့ လူသိများတဲ့ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အနေနဲ့ လည်း ပြည်တွင်းကထုတ်လုပ်တဲ့စားသောက်ကုန်တွေမှာ အန္တရာယ်ရှိစေမယ့် ဓာတုပစ္စည်းတွေ၊ ဆိုးဆေးတွေ ပါဝင်မှု ရှိ၊ မရှိ စစ်ဆေးနေသလို အက်ဖ်ဒီအေရဲ့ခွင့်ပြုချက်နဲ့အညီ ထုတ်လုပ်ထားခြင်း ရှိ၊ မရှိကိုလည်း စစ်ဆေးလျက်ရှိပါတယ်၊ ဒါ့အပြင် ပြည်ပက တင်သွင်းလာတဲ့စားသောက်ကုန်တွေမှာလည်း အများပြည်သူ စားသုံးရန် သင့်၊ မသင့်ကို စစ်ဆေးလျက်ရှိပြီး စစ်ဆေးတွေ့ရှိချက်ကနေ အများပြည်သူစားသုံးရန်မသင့်တဲ့ အစားအသောက်နဲ့ဆေးဝါးတွေကို နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ အဲဒီလိုထုတ်ပြန်ကြေညာခဲ့ရာမှာ မြန်မာနိုင်ငံတစ်ဝန်း လူကြိုက်များစားသုံးနေတဲ့ ဦးဦးခေါက်ဆွဲခြောက်ထုတ်လုပ်ရေးလုပ်ငန်းဟာလည်း အပါ အဝင်ဖြစ်ခဲ့ပါတယ်။

ဦးဦးခေါက်ဆွဲခြောက်ဟာ မြန်မာပြည်ရဲ့ဈေးကွက်ထဲမှာ စားသုံးလို့အကောင်းဆုံးလို့ လူပြောများနေ ပေမယ့်လည်း အက်ဖ်ဒီအေရဲ့သတင်းထုတ်ပြန်ချက်အရ အဲဒီခေါက်ဆွဲခြောက်ထဲမှာ Borax လို့ ခေါ်တဲ့ လက်ချားပါဝင်မှု များနေတဲ့အတွက် စားသုံးရန်မသင့်လို့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒါကြောင့် ဦးဦးခေါက်ဆွဲခြောက်လုပ်ငန်းပိုင်ရှင်ဖြစ်တဲ့ဦးစိုးသိန်းဟာ သူ့ရဲ့ခေါက်ဆွဲခြောက်နဲ့ပတ်သက်ပြီး အက်ဖ်ဒီအေရဲ့ စစ်ဆေးမှုကို ခံယူလျက်ရှိနေပြီး အများပြည်သူစိတ်ချလက်ချစားသုံးနိုင်တဲ့၊ သန့်ရှင်းသပ်ရပ်တဲ့၊ ခေါက်ဆွဲခြောက်အဖြစ် ထုတ်လုပ်လျက်ရှိနေတယ်လို့ ဆိုပါတယ်။

ဒီအချက်အလက်တွေ မှန်ကန်မှုရှိမရှိဆိုတာကို CJ Journal အဖွဲ့သားများဟာ ဒဂုံအရှေ့ စက်မှုဇုန်မှာတည်ရှိတဲ့ ဦးဦး ခေါက်ဆွဲခြောက်ထုတ်လုပ်နေတဲ့စက်ရုံကို သွားရောက်လေ့လာခဲ့ပြီး စက်ရုံ ပိုင်ရှင်လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဦးစိုးသိန်းနဲ့တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါတယ်-

**CJ - ဦးဦးခေါက်ဆွဲခြောက်စက်ရုံကို ဘယ်နှစ်ခုနှစ်က စတင်တည်ထောင်ခဲ့တာပါလဲ။**

**ဦးစိုးသိန်း** - ကျွန်တော့်စက်ရုံကို ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်တည်ထောင်ခဲ့တာပါ။ ဒီနာမည်က ကျွန်တော့်ကိုယ်ပိုင်နာမည်မဟုတ်ပါဘူး။ ဦးဦးခေါက်ဆွဲခြောက်လုပ်ငန်းဆိုတာ အရင်ကတည်းက ရှိခဲ့တာပါ။ ကျွန်တော်တို့က ဝပ်ရှော့လုပ်ငန်းလုပ်ပါတယ်။ ဝပ်ရှော့လုပ်ငန်းလုပ်နေရင်းက အခုလက်ရှိအစိုးရတာဝန်ယူလာတဲ့အချိန်မှာ AFTA ဆိုတာကို အပြည့်အဝအကောင်အထည်ဖော်ရမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ရေရှည်မှာ ဒီဝပ်ရှော့လုပ်ငန်းနဲ့ရပ်တည်လို့ မဖြစ်ဘူးလို့ ယူဆမိတဲ့အတွက် လုပ်ငန်း ပြောင်းဖို့စဉ်းစားရင်းနဲ့ ဒီဦးဦးခေါက်ဆွဲခြောက်လုပ်ငန်းကို ဝယ်ဖြစ်ခဲ့တာပါ။ လုပ်ငန်းရော နာမည်ရော အားလုံးကို ဝယ်ယူခဲ့တာပါ။

**CJ - လုပ်ငန်းစတင်စဉ်တုန်းက အလုပ်သမား ဘယ်နှယောက်လောက်ရှိပါသလဲ။**

**ဦးစိုးသိန်း** - ကျွန်တော်တို့ လုပ်ငန်းစတုန်းက အလုပ်သမား ၅၀လောက်နဲ့စတင်ခဲ့တာပါ။

**CJ - ဒီခေါက်ဆွဲခြောက်လုပ်ငန်းကို အခုလက်ရှိနေရာမှာပဲလုပ်ခဲ့တာပါလား။**

**ဦးစိုးသိန်း** - ဒီလုပ်ငန်းကို စတင်တုန်းက တောင်ဒဂုံဇုန်(၁)၊ တောင်ကြီးလမ်း၊ အကွက်အမှတ်(၉၃)၊ (၉၅)၊ (၉၇)ကို ဝယ်ယူပြီး လုပ်ငန်းစတင်ခဲ့တာပါ။

**CJ - အက်ဖ်ဒီအေက ဒီခေါက်ဆွဲခြောက်ကို စစ်ဆေးတဲ့အခါမှာ ခေါက်ဆွဲခြောက်ထဲမှာ အများပြည်သူစားသုံးရန်မသင့်တဲ့ Borax ဆိုတာ ပါဝင်နေတယ်လို့ အက်ဖ်ဒီအေရဲ့ ကြေညာချက်ထဲမှာ ဖော်ပြထားတာတွေ့ရပါတယ်။**

**ဦးစိုးသိန်း** - Borax ဆိုတာ လက်ချားလို့ခေါ်ပါတယ်။ အဲဒီ Borax ဟာ စားသောက်ကုန်မှာ ထည့်လို့ရတယ်လို့ ဓာတုဗေဒပညာရှင်တွေက ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ကျွန်တော့်ခေါက်ဆွဲခြောက်ထဲမှာ ထည့်ရမယ့်ပမာဏထက် အများကြီးလျှော့ပြီးတော့ ထည့်ထားပါတယ်။ဂျုံမှုန့်တစ်တန်မှာ သုံးပိဿာထည့်ရမယ်ဆိုပေမယ့် ကျွန်တော်ကတော့ တစ်ပိဿာငါးဆယ်ပဲထည့်ပါတယ်။ ဒါကလည်း မထည့်မဖြစ်ထည့်ရမှာဖြစ်တဲ့အတွက် ထည့်ရတာပါ။ ကျွန်တော်တို့ကိုယ်တိုင်လည်း ခေါက်ဆွဲအကြောင်း နားမလည်ပေမယ့် နားလည်တဲ့သူကို ခေါ်ပြီး မေးပြီးမှ ထည့်တာပါ။ သူက သုံးပိဿာထည့်ခိုင်းပေမယ့် ကျွန်တော်တို့ကတော့ တစ်ပိဿာငါးဆယ်ပဲထည့်တာပါ။ ကျွန်တော့်ရဲ့ခံယူချက်က သူများကို အဆိပ်ကျွေးပြီး ချမ်းသာချင်တဲ့လူတန်းစားမျိုးမဖြစ်ချင်တာပါ။ဒါကြောင့်အများပြည်သူတွေ ဘေးအန္တရာယ်ကင်းကင်းရှင်းရှင်းနဲ့ စားသုံးနိုင်အောင်လို့ ကျွန်တော်တို့ အစစအရာရာ သန့်သန့်ရှင်းရှင်းနဲ့လုပ်ကိုင်နေပါတယ်။





**CJ - ဒီ Borax ဆိုတာ ခေါက်ဆွဲခြောက်ထဲမှာ ဘယ်လောက်ပမာဏအထိ ပါဝင်လို့ရပါသလဲ။**

**ဦးစိုးသိန်း** - Borax ကို ခေါက်ဆွဲခြောက်ထဲမှာ ထည့်သွင်းဖို့ ဓာတုဗေဒပညာရှင်တွေက အနည်းဆုံး သုည ဒသမ ၀၀၅ အထိ ထည့်လို့ရတယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ့်ကျွန်တော်တို့က အများဆုံး သုည ဒသမ ၀၀၁ လောက်ပဲထည့်ပါတယ်။ ကျွန်တော်က စားသုံးသူတွေအပေါ်မှာ စေတနာအပြည့်အဝထားပြီး ဒီခေါက်ဆွဲခြောက်လုပ်ငန်းကို လုပ်နေတာပါ။

**CJ - ခေါက်ဆွဲထဲမှာ ဒီလက်ချားကို ဘာကြောင့်ထည့်ရပါသလဲ။**

**ဦးစိုးသိန်း** - Borux လို့ခေါ်တဲ့ လက်ချားကို ထည့်ရတာကတော့ လက်ချားဟာ အပင်ကို သန်စေတယ်၊ ခိုင်မာစေတယ်လို့ ပြောကြတယ်။ကျွန်တော်ကတော့သေသေချာချာမသိပါဘူး။ခေါက်ဆွဲနဲ့ ပတ်သက်တဲ့ပညာရှင်တွေရဲ့ပြောကြားချက်အရ သိရတာပါ။ ဒါကလည်းကျွန်တော်တစ်ဦးတည်းထည့်တာမဟုတ်ပါဘူး။ အားလုံးထည့်ကြမယ်လို့ထင်ပါတယ်။ နောက်ပြီး ဒီလက်ချားထည့်တာကလည်း အခုမှ ထည့်တာမဟုတ်ပါဘူး။ ဟိုးအရင်ကတည်းက ထည့်ကြတာပါ။ ဒါကို အားလုံးသိချင်မှလည်း သိပါလိမ့်မယ်။

**CJ - ဦးဦးခေါက်ဆွဲခြောက်လုပ်ဖို့အတွက် ဂျုံကို ဘယ်ကနေမှာယူပါသလဲ။**

**ဦးစိုးသိန်း** - ကျွန်တော်ခေါက်ဆွဲခြောက်လုပ်ဖို့အတွက် လိုအပ်တဲ့ဂျုံကို ဦးကြူဂျုံစက်တစ်ရုံတည်းကနေပဲ တိုက်ရိုက်မှာယူပါတယ်။ အရောင်ဆိုးဆေးကိုလည်း အစားအသောက်တွေအတွက် သုံးတဲ့ဆိုးဆေးကိုပဲသုံးထားပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ စိတ်ချလက်ချနဲ့ စားသုံးနိုင်ပါတယ်။

စာမျက်နှာ ၂၇ သို့ ➲

## ပြောင်း

### စခန်းစုံမှပြောင်းတင်ပို့

အောက်တိုဘာ ၃ ရက်မှ ၉ ရက်တာကာလအတွင်းမြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၇ ဒသမ ၀၉၉ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၇၂၃၃ တန် တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေမှာ မူဆယ်မှ ၂၅၈၀၀ တန်၊ လွယ်ဂျယ်မှ တန် ၁၀၀၀၊ ချင်းရွှေဟော်မှ ၄၈ တန်နဲ့ ကန်ပိုက်တီးမှ ၃၈၅ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ဒီစခန်းလေးခုကနေ ပြောင်းတန်ချိန် ၂၇၉၁၈ တန်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု ၆၈၅ တန် လျော့နည်းသွားပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၃၄၉၇၀ ကျပ်မှ ယခုတစ်ပတ်တွင် ၃၀၂၉၀၆ ကျပ်သို့ ပြောင်းဈေးတွေ ကျဆင်းနေပါတယ်။ မူဆယ်ဈေးကွက်မှာ တစ်ပတ်ကို ပြောင်းတန်ချိန် ၂ သောင်းခွဲခန့်ဝင်ရောက်ခဲ့ပေမယ့် ရောင်းသူကုန်သည်တွေအရောင်းများလာတာကြောင့်ရော လှောင်လက်တွေကလည်း ပြောင်း(သစ်)မပေါ်မီက လက်ကျန်ပစ္စည်းတွေကို ထုတ်ရောင်းမှုများလာတာကြောင့်ပါ ယခုလိုပြောင်းဈေးတွေ ကျဆင်းလာတာလို့ မူဆယ်မှ ပြောင်းကုန်သည်တစ်ဦးက ဆိုပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်နဲ့ ချင်းရွှေဟော်စခန်းမှ တရုတ်နိုင်ငံသို့ သကြားဖြူတန်ချိန် တစ်သောင်းကျော်တင်ပို့

အောက်တိုဘာ ၃ ရက်မှ ၉ ရက်တာ သီတင်းပတ်အတွင်းမှာ မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံသို့ကန်ဒေါ်လာ ၇ ဒသမ ၂၇၀ သန်းတန်ဖိုးရှိ သကြားဖြူ ၁၂၁၅၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်ထက် သကြားဖြူ ၃၃၂၅ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်က တင်ပို့မှုမရှိတဲ့ ချင်းရွှေဟော်စခန်းမှ ယခုတစ်ပတ်မှာ သကြားဖြူ တန် ၁၁၀ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ပွင့်လင်းရာသီဖြစ်၍ သကြားဈေး အနည်းငယ်တက်ပြီး လက်လီ တစ်ပိဿာပေါက်ဈေး ၁၃၀၀-၁၃၅၀ ကျပ်ဈေးရှိတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

### ဥရောပသမဂ္ဂနဲ့ အမေရိကန်သို့ သကြားတင်ပို့မှုအား အိန္ဒိယအစိုးရက ခွဲတမ်းသတ်မှတ်

အိန္ဒိယအစိုးရသည် အောက်တိုဘာ ၁၄ ရက်နေ့က လာမယ့်ဘဏ္ဍာနှစ်အတွက် ဥရောပသမဂ္ဂ နိုင်ငံများနဲ့ အမေရိကန်နိုင်ငံသို့ သကြားတင်ပို့ရမယ့် ခွဲတမ်း (ကိုတာ)သတ်မှတ်ပေးလိုက်ပြီဖြစ်ရာ ဥရောပသမဂ္ဂသို့ သကြားဖြူ တန်ချိန်တစ်သောင်းနဲ့ အမေရိကန်သို့ သကြားကြမ်း ၈၄၂၄ တန်သတ်မှတ်လိုက်ကြောင်း ပြည်ပကုန်သွယ်မှုဌာနက ထုတ်ပြန်လိုက်လိုက်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ သကြားတန်ချိန် ၂၆ သန်းထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ထက် တန်ချိန် နှစ်သန်းကျော် လျော့နည်းထုတ်လုပ်ခဲ့ပါတယ်။

**CMK**

## ဝဥ

### တောင်ပေါ်ဒေသထွက်ဝဥများ မန္တလေးမှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ်ရှိ ကျေးရွာများက ထွက်ရှိတဲ့ ဝဥများကို မန္တလေးမြို့ဈေးကွက်မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချနေကြောင်း သိရပါတယ်။

အောက်တိုဘာလ ၃ ရက်မှ ၉ ရက် သီတင်းပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကနေ ကန်ဒေါ်လာ သုည ဒသမ ၀၄၆ သန်း တန်ဖိုး ရှိ ဝဥခြောက် ၂၅ တန် တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က ၂ တန်ခွဲသာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ ဝဥခြောက်တင်ပို့မှု ၂၂ တန်ခွဲ ပိုမိုလာပါတယ်။

တောင်ပေါ်ဒေသထွက် ဝဥပင်များကို ပင်လောင်းမြို့နယ်မှာ အဝယ်ဒိုင်တွေ ဖွင့်လှစ်၍ဝယ်ယူပြီး နေလှန်းကာ ပါးပါးလှီး၍ ဈေးကွက်တင် ရောင်းချကြတာဖြစ်ပါတယ်။ တရုတ်ပြည်မှာ ဝဥတွေကို ဆေးဝါးနဲ့ စားသောက်ကုန်လုပ်ငန်းတွေမှာ အသုံးပြုကြ တယ်လို့သိရပါတယ်။ယခုမြန်မာနိုင်ငံမှာစားနေကြတဲ့ အသားတုဆိုတာ ဒီဝဥနဲ့လုပ် ထားတာဖြစ်ပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### မလေးရှား၊ ဂျပန်နဲ့ကိုရီးယားနိုင်ငံများသို့ ရော်ဘာ တန် ၅၀၀ ကျော်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာ ၄ ရက်မှ ၁၀ ရက်အထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၅၉၉ သန်းတန်ဖိုးရှိ ရော်ဘာ ၅၉၅ တန်ခန့်ကို တင်ပို့ခဲ့ပါတယ်။တင်ပို့တဲ့နိုင်ငံတွေကတော့ မလေးရှားနိုင်ငံကို RSS-3 တန် ၁၀၀ နဲ့ MSR-50 တန် ၁၀၀ ဂျပန်နိုင်ငံကို MSR-20 ၂၉၄ တန်၊ ကိုရီးယားနိုင်ငံကို MSR-20 ၁၀၁ တန်ခန့် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေးအတက်အကျ အနည်းငယ်သာရှိပါတယ်။ ဒါ့ကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးမှာလည်း အပြောင်းအလဲမရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ထုတ်ပြန်ချက်အရ သိရှိရပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀ -၁၀၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၉၀၀ -၁၀၀၀ |
| Concentrate | တစ်တန်လျှင် | ဒေါ်လာ ၇၅၀ - ၈၅၀ |
| Latex 60% DRC | | |

**ယဉ်ယဉ်အေး**



### မူဆယ်မှ ရော်ဘာတန် ၅၀၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ် မူဆယ်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာလ ပထမပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၅၈၈ သန်းဖိုးရှိ RSS-3 တန် ၅၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၄၃၇ တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၁၁၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က အပို့ရှိခဲ့တဲ့ ချင်းရွှေဟော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများကတော့ ယခုတစ်ပတ်မှာ တင်ပို့မှုမရှိခဲ့ပါဘူး။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးကတော့ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘူးလို့ သိရပါတယ်။ RSS-3 တစ်တန်ကို ၁၆၉၃၆၈၇ ကျပ်နဲ့ဈေးငြိမ်နေပါတယ်။မြိတ်ဒေသပေါက်ဈေးကတော့ RSS-3 တစ်ပေါင်ကို ၆၃၉ ကျပ်နဲ့ RSS-5 တစ်ပေါင်ကို ၅၈၃ ကျပ်လို့သိရပါတယ်။

**ယဉ်ယဉ်အေး**

**➲ စာမျက်နှာ ၁၅ ဥရောပဈေးကွက် လေ့လာခြင်းဆိုင်ရာ . . . မှအဆက်**

မြန်မာနိုင်ငံရဲ့ ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးခြင်းများပါဝင်တဲ့ မြန်မာနဲ့ ဥရောပသမဂ္ဂ (EU)ပူးပေါင်းဆောင်ရွက်တဲ့ ကုန်သွယ်ရေးကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ် (Trade Development Programme-TDP)ကို သုံးနှစ်ခန့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကဏ္ဍကို မြန်မာနိုင်ငံမှ ပြန်လည်ဝင်ရောက်နိုင်ရန် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်အရ ပို့ကုန်မြှင့်တင်ခြင်း၊ ကုန်သွယ်ရေးအခြေခံအဆောက်အအုံများ ဖော်ဆောင်ခြင်း၊ ဥရောပသို့ ပို့ကုန်အထူးကင်းလွတ်ခွင့်ရရှိထားသော်လည်း ပြည်တွင်းကုန်ထုတ်လုပ်ငန်းရှင်များ ကောင်းစွာ အသုံးမချနိုင်သေးခြင်းတို့ကြောင့် ကုန်သွယ်ရေးကဏ္ဍအစီအစဉ်မှာ ပြည်တွင်းပြည်ပ ပညာရှင်များက နည်းပညာ အကူအညီပေးခြင်း၊အရည်အသွေးတိုးတက်စေရန် လုပ်ဆောင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ပါဝင်မယ်လို့ သိရပါတယ်။ ဥရောပသမဂ္ဂ ဈေးကွက်သတင်းအချက်အလက်ဌာန ထူထောင်ခြင်း၊ ကုန်သွယ်ရေးဆိုင်ရာမူဘောင်များနဲ့ နိုင်ငံအဆင့် အရည်အသွေးပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ များ တိုးတက်ရေး၊ ကုန်စည်အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရန်နဲ့ တိုးတက်လာရန်အထိ ရည်ရွယ်လုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့နေတဲ့ ပို့ကုန်အုပ်စုများမှာ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ ရေထွက်ကုန်၊သတ္တု၊သစ်တော၊စက်မှုနဲ့ အခြားတို့ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ (စက်တင်ဘာလကုန်အထိ)ပို့ကုန်၊သွင်းကုန်များမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုအခြေအနေမှာ တစ်နှစ်ထက် တစ်နှစ်တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရဲ့ စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

**ကန်ဒေါ်လာသန်း**

| ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု |
|---|---|---|---|
| ၂၀၁၀-၂၀၁၁ | ၁၆၃ | ၂၂၇ | ၃၉၀ |
| ၂၀၁၁-၂၀၁၂ | ၁၅၀ | ၂၆၃ | ၄၁၃ |
| ၂၀၁၂-၂၀၁၃ | ၁၄၃ | ၂၆၆ | ၄၀၉ |
| ၂၀၁၃-၂၀၁၄ | ၁၉၅ | ၃၅၈ | ၅၅၃ |
| ၂၀၁၄-၂၀၁၅ | ၃၁၅ | ၃၄၀ | ၆၅၅ |
| ၂၀၁၅-၂၀၁၆ (စက်တင်ဘာလထိ) | ၁၈၅ | ၁၄၃ | ၃၂၅ |

# ညှော်မထစပါး အုပ်စုတွင်ပါဝင်သော ဆင်းကေရီ၊ မနောသုခ၊ ရွှေဝါထွန်း၊ သီးထပ်ရင်၊ ရောမင်း စပါးများကိုရောပြီး ညှော်မထဆန်အဖြစ်ကြိတ်ခွဲတင်ပို့ရောင်းချခြင်းအားဖြင့် ဆန်စားသုံးမှုအရည်အသွေးမည်သို့ ရှိမည်ထင်ပါသလဲ

ကျော်မြင့်

၁၉၂၇ ခုနှစ်မတိုင်မီနှစ်များက မြန်မာ နိုင်ငံတွင် စိုက်ပျိုးသောစပါးမျိုးများသည်ရှေး မြန်မာမင်း လက်ထက်က စပါးမျိုးများ (Traditional varieties) ဖြစ်ကြပြီး စပါးမျိုးတစ်မျိုး တည်းကိုပင်ကွဲပြား ခြားနားသော အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်မှုများရှိခဲ့သည်ဟုသိရ သည်။ မြန်မာဆန်စပါးများအားကြိတ်ခွဲရာတွင်ဆန်ထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် လည်းကောင်း၊ မျိုးစပ်ခြင်း၊ မျိုးပွားခြင်းလုပ်ငန်း များအတွက်လည်းကောင်း စိုက်ပျိုးရေးခြံများ ( Agricultural farms) များတွင်စတင်ဆောင်ရွက်ခဲ့သည်ဟု မှတ်တမ်းများအရဖတ်ရှုရသည်။ ၁၉၂၇ ခုနှစ်တွင် ရုက္ခဗေဒပညာရှင် Mr. R.A.Beale က မြန်မာ့ ဆန်စပါးများကို ညှော်မထ၊ လက်ရွေးစင်၊ ငစိန်၊ မီးဒုံး နှင့် ဗျတ်ဟူ ၍ အုပ်စု ငါးအုပ်စု ခွဲခြားသတ်မှတ်ခဲ့သည်ဟု သိရှိရသည်။ အုပ်စု ငါးအုပ်စုသတ်မှတ်ရာတွင် စပါးစေ့ အလျား (Length) နှင့် အလျား နှင့် အနံအချိုး (Length/ Breadth ) ကို မီလီမီတာဖြင့် တိုင်းတာ ပြီး ဆန်တွင်လည်း ဆန်စေ့ အလျား (Length)ဆန်စေ့ အလျားနှင့် အနံ အချိုး (Length/ Breadth) ကိုမီလီမီတာဖြင့် တိုင်းတာပြီးအုပ်စု ငါးအုပ်စုခွဲခြား သတ်မှတ်ခဲ့ပါသည်။

**ဇယား-၁။ ညှော်မထ၊ လက်ရွေးစင်၊ ငစိန်၊ မီးဒုံးနှင့် ဗျတ်အုပ်စု ငါးခု ခွဲခြားသတ်မှတ်ခြင်း**

| အမှတ်စဉ် | အမည် | စပါးစေ့ | | ဆန်စေ့ | |
|---|---|---|---|---|---|
| | | အလျား (မီလီမီတာ) | အလျားနှင့် အနံအချိုး (Length/ Breadth) | အလျား (မီလီမီတာ) | အလျားနှင့် အနံအချိုး (Length/ Breadth) |
| A | ညှော်မထ | ၉. ၄၁နှင့်အထက် | ၃. ၃၀နှင့်အထက် | ၇. ၀၀နှင့်အထက် | ၃. ၀၀နှင့်အထက် |
| B | လက်ရွေးစင် | ၈. ၄၀မှ ၉. ၈၀ | ၂. ၈မှ ၃. ၃၀ | ၆. ၀၀မှ ၇. ၀၀ | ၂. ၄၀မှ ၃. ၀၀ |
| C | ငစိန်၊ | ၇. ၇၅ မှ၉. ၀၀ | ၂. ၄ မှ ၂. ၈ | ၅. ၆ မှ၆. ၄၀ | ၂. ၀ မှ ၂. ၄၀ |
| D | မီးဒုံး | ၇. ၃၅ မှ ၈. ၆၀ | ၂. ၀ မှ ၂. ၄၀ | ၅. ၀၀ မှ ၆. ၈၀ | ၁. ၆၀ မှ ၂. ၀၀ |
| E | ဗျတ် | ၉. ၀၀ နှင့်အထက် | ၂. ၂၅မှ ၃. ၀၀ | ၆. ၄၀ မှ ၇. ၃၅ | ၂. ၀၀ မှ ၂. ၅၀ |

အထက်ဖော်ပြပါ အုပ်စု ငါးအုပ်စု သတ်မှတ်ချက်ကို (Beale classification)ဟု ခေါ်ဝေါ်ကြပြီး ညှော်မထနှင့် လက်ရွေးစင်အုပ်စုသည် လုံးရှည် (Long grain ) ငစိန်၊ မီးဒုံးနှင့် ဗျတ်အုပ်စုသည်လုံးပု ( Short grain ) ဟု ခွဲခြား သတ်မှတ်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ကမ္ဘာ့သုတေသန နယ်ပယ်တွင် မြစိမ်းရောင်တော်လှန်ရေး (Green revolution ) ပေါ်ပေါက် လာခဲ့ပြီး အထွက် ကောင်းမျိုးသစ် (High Yielding Varieties ) နှင့် နည်းပညာသစ်များပေါ်ထွက်လာပါသည်။ အထွက်ကောင်းစပါးမျိုး သစ်များ မြန်မာပြည်တွင် တိုးချဲ့စိုက်ပျိုးလာသည့်အခါ အထွက် ကောင်းစပါးမျိုးများကို ညှော်မထ လက်ရွေးစင် စသည့်အုပ်စု ခွဲခြား သောနည်းလမ်းဖြင့် ဆက်လက်အုပ်စု ခွဲခြားခဲ့သည်ဟု သိရှိရသည်။ အထွက်ကောင်းစပါးမျိုးများတွင်ထူးခြားချက်မှာ အထွက်ကောင်း စပါးမျိုးအလိုက် ပါဝင်သော အမိုင်လို့စ် (Amylose) ပါဝင်မှု ရာခိုင်နှုန်းမတူ ညီခြင်းဖြစ်ပါသည်။ ယင်းအချက်ကိုအောက်တွင် ထုတ်နုတ် စုစည်းဖော်ပြထားပါသည်။

| အထွက်ကောင်း စပါးမျိုး | မျိုးအုပ်စု | အမိုင်လို့စ် (Amylose) ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|
| သီးထပ်ရင် | ညှော်မထ | ၃၀. ၆ |
| ရွှေဝါထွန်း | ညှော်မထ | ၃၀. ၄ |
| မှော်ဘီ-၂ | ညှော်မထ | ၁၈. ၂ |
| ရောမင်း | ညှော်မထ | ၂၅. ၀ |
| သုခရင် | လက်ရွေးစင် | ၂၀. ၀ |
| မနောသုခ | လက်ရွေးစင် | ၂၆. ၅ |

| အထွက်ကောင်း စပါးမျိုး | မျိုးအုပ်စု | အမိုင်လို့စ် (Amylose) ပါဝင်မှု ရာခိုင်နှုန်း |
|---|---|---|
| မနော်ဟရီ | လက်ရွေးစဉ် | ၂၆. ၇ |
| မှော်ဘီ-၁ | လက်ရွေးစဉ် | ၂၇. ၀ |
| အိုင်အာ-၇၄၇ | လက်ရွေးစဉ် | ၃၁. ၇ |
| ပေါ်ဆန်းမွှေး | မီးဒုံး | ၂၁. ၀ |

ဇာစ်မြစ်။ ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ မျိုးအလိုက် အရည်အချင်း လက္ခဏာများ

အထက်ဖော်ပြပါစပါးမျိုးအလိုက်ပါဝင် သော အမိုင်လို့စ် (Amylose) ပါဝင်မှုရာခိုင်နှုန်း များကိုလေ့လာကြည့်ရှုပါ။ ထင်ရှားသော ဥပမာအဖြစ် ပေါ်ဆန်းမွှေးစပါးသည် အမိုင်လို့စ် (Amylose) ပါဝင်မှု ၂၁ ရာခိုင်နှုန်းသာ ပါဝင် သဖြင့် ကြိတ်ခွဲရရှိသော ပေါ်ဆန်းမွှေးဆန်ကို ချက်ပြုတ်ပါက ပျော့ပြောင်းသော စားသုံးမှု အရသာကို ဖြစ်ပေါ်စေပါသည်။ ရွှေဝါထွန်းစပါးသည် အမိုင်လို့စ် (Amylose) ပါဝင်မှု ၃၀ ဒသမ ၄ ရာခိုင်နှုန်းပါဝင်သဖြင့် ကြိတ်ခွဲရရှိသော ရွှေဝါထွန်းဆန်ကိုချက်ပြုတ်စားသုံးပါက အနည်းငယ်မာသော စားသုံးမှု အရသာကိုဖြစ် ပေါ်စေပါသည်။

တစ်နည်းအားဖြင့် အမိုင်လို့စ (Amylose)ပါဝင်မှုများလာလေလေမာသော စားသုံးမှု အရသာကိုဖြစ်ပေါ်စေပြီး အမိုင်လို့စ် (Amylose) ပါဝင်မှုနည်းလာသည်နှင့်အမျှ ပျော့ပြောင်းသော စားသုံးမှု အရသာကို ဖြစ်ပေါ်စေပါသည်။

ညှော်မထစပါး အုပ်စုတွင်ပါဝင်သော သီးထပ်ရင်၊ ရွှေဝါထွန်း၊ မှော်ဘီ-၂၊ ရောမင်း စပါးများရော၍ ကြိတ်ခွဲရရှိ သော ဆန်သည် အမိုင်လို့စ် (Amylose) ပါဝင်မှု မတူညီသောကြောင့် ဆန်ကိုချက်ပြုတ်စားသုံးပါက ပျော့သော၊ မာသော စားသုံးမှုအရသာများ ရောထွေးနေပြီး ချက်ပြုတ်ရာတွင်အချိန်နှင့် တစ်ပြေးညီ မဖြစ်ပေါ်စေပါ။ ညှော်မထစပါး အုပ်စုတွင်ပါဝင်သော စပါးမျိုး များရော၍ ကြိတ်ခွဲရောင်းချခြင်း သည် မြန်မာဆန်ညှော်မထဆန် အရည်အသွေး နိမ့်ကျမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။

ညှော်မထစပါး အုပ်စုတွင်ပါဝင်သော စပါးမျိုးတစ်မျိုးချင်းအလိုက် သီးခြားကြိတ်ခွဲပြီး ညှော်မထဆန် ( အနည်းငယ်မာ)၊ ညှော်မထဆန် (အနည်းငယ်ပျော့) စသည်ဖြင့် အရည်အသွေး ခွဲခြားရောင်းချပါက မြန်မာဆန်ညှော်မထဆန်သည် ဝယ်လိုအားများလာသော အရည်အသွေးရှိသည့် ဆန်အမျိုးအစား ဖြစ်လာမည်ဖြစ်ပါသည်။

ညှော်မထစပါး အုပ်စုတွင်ပါဝင်သော စပါး မျိုးများရော၍ ကြိတ်ခွဲရသော ဆန်မှာရှိသော ဆန်သည် စားသုံးမှုအရည်အသွေးမကောင်း သဖြင့် ဆန်တစ်မျိုးတည်း ကြိတ်ခွဲရန် စပါး တစ်မျိုးတည်း စိုက်ပြီး ပြန်လည်ဝယ်ယူ ကြိတ်ခွဲ ရင်မရဘူးလား ဆိုသောမေးခွန်းကို ဂျပန် နိုင်ငံမှ (Ms.Ikuko OKAMOTO) က မေးလာပါတော့သည်။ ရေမြေဒေသအနိမ့်အမြင့် မတူညီသဖြင့် စပါးမျိုး၊ အသက်၊ အရပ်အရွယ်အစားမတူညီမှု ပေါ် ရွေးချယ်စိုက်ပျိုးရခြင်း တစ်ကွင်းတစ်စပ်တည်း စပါးမျိုးတစ်မျိုးတည်း စိုက်ပျိုးသည့် ကွင်းများတွင် ရောဂါပိုးမွှား ကျရောက်ပါက လွယ်လင့်တကူ ပျံ့နှံ့စေခြင်းစသည့်အချက်များ များကြောင့် စပါးမျိုးတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြခြင်း ဖြစ်ကြောင်းပြန်လည် ဖြေဆိုခဲ့ရပါသည်။ ပြည်တွင်းဈေးကွက်တွင် မနောသုခ၊ သီးထပ်ရင်၊ ရောမင်း၊ ဆန်အမျိုး အစားအလိုက် ရောင်းဝယ်ကြပြီး ပြည်ပတင်ပို့ ရောင်းချသော ဆန်ကျမှသာ ညှော်မထစပါး အုပ်စုတွင်ပါဝင်သော စပါးများရောကြိတ်ခွဲပြီး ညှော်မထဆန် အဖြစ်ဆက်လက်ရောင်းချခြင်းကို ရေရှည် ဆောင်ရွက်သင့်မသင့် ဆုံးဖြတ်ရန်လိုအပ်လာပါသည်။ မြန်မာ့အိမ်နီးချင်း နိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံတို့သည် ဆန်တင်ပို့ရောင်းချသော နိုင်ငံ များဖြစ်သဖြင့် မြန်မာ့ညှော်မထဆန် အရည် အသွေးကောင်းမွန်စေပြီး တိုးမြှင့်ယှဉ်ပြိုင်ရောင်းချနိုင်ရေးကို အလေးပေးဆောင်ရွက်သင့်ကြောင်းဖော်ပြ တိုက်တွန်းအပ်ပါသည်။

■

**၁၂-၁၀-၂၀၁၅ မှ ၁၆-၁၀-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr. No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 263 | 12,605,476.427 |
| 2 | Form D | 18 | 813,085.840 |
| 3 | Form E | 85 | 2,149,327.180 |
| 4 | Korea GSP | 3 | 53,916.000 |
| 5 | Form AK | 93 | 3,510,154.690 |
| 6 | Form AJ | 8 | 249,719.487 |
| 7 | Form AI | 57 | 2,160,593.420 |
| 8 | Form AANZ | 1 | 25,512.130 |
| 9 | Form DFTP | - | - |
| Grand Total | | 528 | 21,567,785.174 |

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ မင်္ဂလာဒုံမြို့နယ် ရတနာသီရိဈေးတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဆောင်ရွက်ခဲ့



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများသည် စားသုံးသူပြည်သူများအား ဘေးအန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲနိုင်မှုကိုရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ အောက်တိုဘာလ ၁၅ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ ရတနာသီရိဈေး၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြောက်ပိုင်းခရိုင်၊ ဌာနခွဲမှူး၊ မင်္ဂလာဒုံ မြို့နယ် ဈေးသုံးဈေးရှိ ဈေးတာဝန်ခံများ၊ ဈေးသာယာရေး အဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးမှူးတို့နှင့် ပူးပေါင်း၍ ရတနာသီရိဈေး ကော်မတီရုံးတွင် ဈေးရောင်းချသူများအား တွေ့ဆုံပြီး စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

ပထမဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြောက်ပိုင်းခရိုင်၊ ဌာနခွဲမှူး ဦးဇင်မင်းညွန့်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးရန်မသင့်သော ဓါတုဆိုးဆေးများ ပါသောအစားအစာများ၊ ရောနှောဆီများ ရောင်းချမှုရှိနေခြင်းကြောင့် ဈေးသူ/ဈေးသားများအား ဈေးစည်းကမ်း၊ ဈေးတားမြစ်ချက်များနှင့် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ယခု ဟောပြောပွဲကို ပညာပေးရေးကာလအဖြစ် ဌာနဆိုင်ရာများပူးပေါင်း၍ အသိပညာပေးအဖြစ်လုပ်ဆောင်ရာ နောက်ပိုင်းတွင် မလိုက်နာပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် ဂရုတစိုက်လိုက်နာဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်က ဟောပြောဆွေးနွေးရာတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသည့် စားသုံးသူ အကာအကွယ်ပေးရေး အဓိပ္ပါယ်နှင့် စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်၏ အဓိပ္ပါယ်၊ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ ဖွဲ့စည်းထားရှိမှု၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းကော်မတီ နှစ်ရပ်ဖွဲ့စည်းထားရှိမှုနှင့် စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုရှိပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ တိုင်ကြားနိုင်ကြောင်း မိမိတို့ဌာနအနေဖြင့် စားသုံးသူ၊ ရောင်းချသူ၊ ထုတ်လုပ်သူ စသည့်နယ်ပယ်များဖြစ်သည့် အခြေခံပညာကျောင်းများ၊ မြို့နယ်များအတွင်းရှိ ပြည်သူလူထုများ၊ ဈေးများ၊ စက်မှုဇုန်များ၌ ကုန်ပစ္စည်းထုတ်လုပ်သူများကို စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါအချက်များအား သိရှိလိုက်နာစေရန် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်းတို့ကို အကျယ်တဝင့်ပြောကြားသွားပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဆေးဘက်ကျွမ်းကျင်အဆင့် (၂) ဒေါ်အေးချမ်းငြိမ်းသင်းက အများပြည်သူများ အစားအသောက်နှင့်ဆေးဝါးများသုံးစွဲရာတွင် လုံခြုံစိတ်ချရစေရန် မိမိတို့ဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသည်အထိ ဓါတုပစ္စည်းများမသုံးဘဲ အော်ဂဲနစ်ပစ္စည်းများကိုသာ အသုံးပြုလျှင်ပိုသင့်လျော်ပါကြောင်း၊ အစားအသောက်များသယ်ယူပို့ဆောင်ရာတွင် အစားအစာများ ထိခိုက်မှုမရှိအောင် ထုပ်ပိုးမှု၊ အသင့်စားမုန့်ထုတ်များ၊ လေဖောင်းမုန့်များ ထုပ်ပိုးမှုပုံစံ၊ တစ်ပိုင်တစ်နိုင်မိရိုးဖလာ မုန့်များရောင်းချရာတွင် သန့်ရှင်းမှုရှိရမည့်အကြောင်း၊ အလှကုန်များသုံးစွဲမှုအကြောင်း၊ ဆေးဝါးများသုံးစွဲရာတွင်လိုက်နာရမည့် စည်းကမ်းချက်များအကြောင်းတို့ကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ထွေးထွေးဝင်းက ဈေးရောင်းချသူများသည် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်နှစ်ဦးတို့၏ကြားခံများဖြစ်နေ၍ အန္တရာယ်ရှိသည့်အစားအသောက်ကုန်ပစ္စည်းများအား မရောင်းချရန်သတိပြုဖို့လိုကြောင်းတို့ကိုလည်းကောင်း အကျယ်တဝင့် ပြော ကြားသွားပါသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက လက်ဖက်တွင် တားမြစ်ဆိုးဆေးသုံးစွဲထားခြင်း ရှိ/မရှိကို မည်ကဲ့သို့ သိရှိနိုင်ပါကြောင်းနှင့် အခြေခံစားသောက်ကုန်များ ပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ အဆင့်မီအောင် ထုပ်ပိုးမှုစနစ်အပြည့်အစုံဖြင့်ထုတ်လုပ်သင့်ကြောင်း ဆွေးနွေးခဲ့ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှတာဝန်ရှိသူနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း ၃ ဦး၊ အမှုထမ်း ၁၀ ဦး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဝန်ထမ်း ၂ ဦး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ခရိုင်တာဝန်ခံနှင့် ဝန်ထမ်း ၁၆ ဦး၊ ဈေးသူ/ဈေးသား ၈၉ ဦး၊ စုစုပေါင်း ၁၂၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လဲ့လဲ့ဌေး**
**(စားသုံးသူ)ရန်ကုန်**

## ဒီပဲယင်းမြို့နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောပွဲများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံး အနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ညွှန်ကြားချက်များအရ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများ၊ ကုန်သွယ်မှုကို အထောက်အကူပြုသည့် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှု လုပ်ငန်းများကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ရွှေဘိုခရိုင်ဦးစီးမှူး ဦးကျော်ဌေး ဦးဆောင်သော ဝန်ထမ်းများသည် စက်တင်ဘာ ၂၆ ရက်နေ့တွင် ဒီပဲယင်းမြို့နယ်၊ စိုင်ပြင် အ. ထ. က၊ ဒီပဲယင်း အ. ထ. က ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး ပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲများသို့ ဆရာ/ဆရာမ ၆၈ ဦး၊ ကျောင်းသား/ကျောင်းသူ ၁၃၀၉ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။ ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ ဦးခင်မောင်ဆွေက အန္တရာယ်ရှိ ဟင်းချိုမှုန့်၊အသားမှုန့်များနှင့် မူမမှန်စားသုံးဆီများအကြောင်း၊ ဦးသိန်းဝင်းက အန္တရာယ်ရှိမုန့်မျိုးစုံနှင့် အချိုရည်များအကြောင်း၊ ဦးမျိုးအောင်က ကျောင်းသားလူငယ်များဝေးဝေးမှ ရှောင်ကျဉ်ဖို့ လိုအပ်သော ဆေးလိပ်၊ ကွမ်း၊ အရက်၊ ဘီယာများ၏ နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်း အကျယ်တဝင့်ရှင်းလင်းဟောပြောခဲ့ကြပါသည်။

ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် ခရိုင်အတွင်းမြို့နယ်အသီးသီးရှိ ကျန်ရှိနေသော မြို့ပြ၊ ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောပွဲများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ခင်မောင်ဆွေ (ဝက်လက်)**

## ရေဦး၊ တန့်ဆည်နှင့် ကန့်ဘလူမြို့တို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦး၊ တန့်ဆည်နှင့် ကန့်ဘလူမြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများကို အောက်တိုဘာလ ၉ ရက်နေ့မှ ၁၁ ရက်နေ့ထိပြုလုပ်ခဲ့ကြပါတယ်။ စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများနဲ့အပြိုင် မုန်တိုင်းမိုးကလည်း သဲလိုက်စဲလိုက်ရှိနေပါတယ်။ ဟောပြောသူများမှာ ရေဦး၊ တန့်ဆည်၊ ကျွန်းလှနှင့် ကန့်ဘလူတို့မှ မြို့နယ်တာဝန်ခံများ ဖြစ်ကြပါတယ်။ ဟောပြောခဲ့တဲ့ ကျောင်းတွေကတော့ ရေဦးမြို့နယ်မှ အင်တောကျေးရွာ အလက (ခွဲ)၊ တန့်ဆည်မြို့နယ်မှ ကျွဲဆွဲကျေးရွာ အလက၊ တနယ်ရွာ အမက၊ ခပေါင်းကြိုင်ရွာ အမက၊ ချောင်းရိုးရွာ အထက (ခွဲ) နဲ့ ကန့်ဘလူမြို့နယ်မှ သပြေသာရွာ အလက (ခွဲ)၊ နဂါးပေါ် (တ) အမက၊ လက်ဆည်ရွာ အမကနှင့် သပိတ်မောက်ရွာ အမကတို့ဖြစ်ပါတယ်။

သက်ဆိုင်ရာဟောပြောပွဲတွေမှာ အန္တရာယ်ရှိ အစားအသောက်များဖြစ်တဲ့ မုန့်ထုပ်များ၊ ဆိုးဆေးပါတဲ့ အစားအစာများ၊ အကင်များ၊ အချိုရည်နှင့် ဂျယ်လီမုန့်၊ ဓာတုပစ္စည်းနဲ့ ထုတ်လုပ်ထားတဲ့ ဟင်းချိုမှုန့်များအကြောင်း၊ အရောအနှောဆီများအကြောင်း၊ ကွမ်းယာ၊ ဆေးလိပ် သုံးစွဲခြင်းရဲ့ ဆိုးကျိုးများ၊ အစားအသောက်များကို ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ခြင်းရဲ့ ဆိုးကျိုးများ၊ အရောအနှောဆီများကြောင့် ကင်ဆာရောဂါဖြစ်ပွားနိုင်မှုများကို စိတ်ဝင်စားဖွယ်ရာ အကျယ်တဝင့်ဟောပြောခဲ့ကြပါတယ်။ ဟောပြောပွဲကို ကျောင်းကိုးကျောင်းမှ ဆရာ၊ ဆရာမ ၈၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၃၀၉ ဦး၊ ကျောင်းဧည့်သည် ၁၃ ဦး၊ စုစုပေါင်း ၁၄၁၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

**စောမောင်**

# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဈေးဆိုင်များတွင် တားမြစ်ထားသော ကုန်စည်များရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် စားသုံးသူများဘေးဥပဒ် အန္တရာယ်ကင်းရှင်းစေရန် ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဒုတိယဦးစီးမှူးဦးဝင်းမြတ်၊ ဒုတိယဦးစီးမှူးဦးသူရဇော် တို့သည် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင် (ဆေးဝါး-တာဝန်ခံ)၊ ဦးစီးအရာရှိဒေါက်တာဖြူဖြူခင် (အစားအသောက်တာဝန်ခံ)နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဦးယဉ်မင်းထွေး (ကျန်းမာရေးကြီးကြပ်-၁၊ ချောင်းဆုံမြို့နယ်)၊ ဒုတိယရဲအုပ်ကျော်စွာအောင် (မြို့မရဲစခန်း-ချောင်းဆုံမြို့နယ်)၊ ဒေါ်အေးအေးမော်၊ အကြီးတန်းစာရေး (မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန-ချောင်းဆုံမြို့နယ်)တို့ ပူးပေါင်းလျက် အောက်တိုဘာလ ၉ ရက်နေ့တွင် ချောင်းဆုံမြို့နယ်ရှိ ဈေးဆိုင်များတွင် လုံခြုံစိတ်ချရမှု မရှိသော စားသုံးရန်နှင့် သုံးစွဲရန်မသင့် တားမြစ်ထားသော ကုန်စည်များရောင်းချနေခြင်း ရှိ/မရှိ ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။



ထိုသို့စစ်ဆေးရာတွင် တားမြစ်ထားသောကုန်စည်များဖြစ်သည့် အစားအသောက်တွင် ဦးဦး ခေါက်ဆွဲခြောက် ၃၃ ထုပ်၊ ရွှေနဂါး ငရုတ်ဆီ ၁၂၃ ဗူး၊ Mikiko ချယ်ရီသီးဗူးကြီး ၆ ဗူး၊ အသေး ၅ ဗူး၊ အလှကုန်တွင် Polla -Gold တစ်ဗူး၊ Malano ၁၆ ဗူး၊ Platinum ၁၁ ဗူး၊ Baschi ၁ ဗူး၊ Nineteen Nano Night-Cream ၆ ဗူး၊ Day-Cream ၁ဗူး၊ Pearl ၂ ဗူး နှင့် ဆေးဝါးတွင် ရက်လွန်ဆေး ၈ ဗူးတို့အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားရှိကြောင်း သိရှိရပါသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများနှင့် ပြည်နယ် အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများမှ ဈေးဆိုင်ပိုင်ရှင်များနှင့် ဝယ်ယူသူများအား စားသုံးရန်နှင့် သုံးစွဲရန်မသင့်၍ တားမြစ်ထားသော အလှကုန်၊ အစားအသောက်နှင့် ဆေးဝါးများ၏ ဘေးဥပဒ်အန္တရာယ်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး ထပ်မံရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

# သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ အဆက်မပြတ်ဆောင်ရွက်

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ သာယာဝတီခရိုင် ၊သာယာဝတီမြို့ ရေတွင်းကုန်းရွာ အခြေခံပညာမူလတန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆွေးနွေးဟောပြောပွဲကို အောက်တိုဘာလ ၁၂ ရက်နေ့ နံနက် ဝ၉း၃ဝ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်တာဝန်ခံ ဦးခင်မောင်အေးက ကျောင်းသား/ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစားအစာနှင့်လူသုံးကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် အသိပညာများ အဆက်မပြတ်ရရှိစေရန် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း ၊ စားသုံးရန်မသင့်သော မုန့်များအကြောင်း၊ တာရှည်ခံအောင် ပြုပြင်ထားသော သား၊ငါး၊ဟင်းသီးဟင်းရွက်၊သစ်သီးဝလံ၊ စည်သွပ်ဗူးများ ကြက်-ဝက်အူချောင်းများ၊ အသားလုံးများ၊အသင့်စားခေါက်ဆွဲ၊ကြာဇံ ခြောက်အထုတ်များက အသည်းနှင့်ကျောက်ကပ်တို့ကို အဆိပ်အတောက်ဖြစ်စေနိုင်တာကြောင့် ရံဖန်ရံခါသာ စားသုံးသင့်ကြောင်း၊ သဘာဝသစ်သီးဖျော်ရည် မဟုတ်သော တာရှည်ခံအောင် ၊အနံ့ကောင်းအောင်နှင့်အရသာရှိအောင် ဓါတုပစ္စည်းများသုံး၍ ပြုပြင်ထားသော အချိုရည်အမျိုးမျိုးသည် အာဟာရ(လုံး၀)မဖြစ်သည့်အပြင် အစာအိမ်၊ အူလမ်းကြောင်းနှင့် ကျောက်ကပ်ထဲရှိသွေးကြောများ ပျက်စီးစေခြင်း၊ ကျောက်တည်ခြင်း စသည့် ဆိုးကျိုးများဖြစ်စေနိုင်ကြောင်း ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း ၁၁၀ ဦးအား ဆွေးနွေးဟောပြောခဲ့ပါသည်။ ဆက်လက်၍ မြို့နယ်တာဝန်ခံဦးခင်မောင်အေးနှင့်ဝန်ထမ်းများ ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ/ဆရာမများမှ ကျောင်းမုန့်ဈေးတန်းအား စစ်ဆေး၍ နိုင်ငံပိုင်သတင်းစာများတွင် ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သောမုန့်များရောင်းချခြင်းမပြုရန် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်ခိုင်ရီ၊စားသုံးသူ**

# မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ မကွေးမြို့ မြို့မဈေးတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ရုံးချုပ်၏ လမ်းညွှန်ချက်များခံယူ၍ တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက် ရှိရာ အောက်တိုဘာလ ၇ ရက်နေ့က မကွေးမြို့၊ မြို့မဈေးတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် ဈေးတာဝန်ခံ ဦးအောင်ကျော်ဝေက အဖွင့်အမှာစကား ပြောကြားရာတွင် ဈေးကွက်များထဲတွင် ရောင်းချနေသောအစားအသောက်များမှာ အန္တရာယ်ဖြစ်စေသော ဆိုးဆေး၊ ဓါတုပစ္စည်းများ ပါဝင်နေသဖြင့် ဈေးသူ/ ဈေးသားများအား အသိပညာပေးနိုင်အောင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တာဝန်ရှိဝန်ထမ်းများက လာရောက်ဟောပြောဆွေးနွေးခြင်းဖြစ်ပါ၍ အကျိုးရှိသည့်ကိစ္စဖြစ်သည့်အတွက် ဟောပြောဆွေးနွေးချက်များကို ထပ်ဆင့်လည်းဖြန့် ဝေပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဝမ်းမောင်က စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ပြောကြားရာတွင် ဈေးသူ/ဈေးသားများ ရောင်းချနေသောအစားအသောက်များမှာ ဆိုးဆေးနှင့် ဓာတုပစ္စည်းများ ပါဝင်နေသည့်အတွက် တစ်နေ့တည်း ဆိုပါက မသိသာပေမယ့် အချိန်ကြာလာသည့်နှင့် အမျှ အန္တရာယ်ဖြစ်လာနိုင်ကြောင်း၊ စားသုံး သူအကာအကွယ်ပေးရေး ဥပဒေသည် စားသုံးသူရော ထုတ်လုပ်သူအတွက်ပါ နှစ်ဦးနှစ်ဖက်မျှတအောင် ရေးဆွဲထား သည့်ဥပဒေ ဖြစ်ပါကြောင်း၊ စားသုံးသူ များ၏ ရသင့်ရထိုက်သည့် အခွင့်အရေး နှင့်တာဝန်များအကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ မကွေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီး ဖြစ်ကြောင်း၊ ၎င်းအဖွဲ့၏လုပ်ငန်း တာဝန်များအကြောင်း၊ ဓါတုဆိုးဆေးများ၏ အန္တရာယ်ကြီးမားပုံ၊ ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံများတွင် အသုံးပြုနေသော ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ၏ အကျိုးကျေးဇူးနှင့်အဆိုးအပြစ်များအကြောင်း၊ အချိုရည်နှင့် စားသောက်ကုန်များတွင် FDA ၏ ထောက်ခံချက်ပါမှသာ စားသုံးကြရန်နှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူ/ပြည်သားများနှင့် နိုင်ငံတစ်ဝန်းရှိစားသုံးသူမိဘပြည်သူများ အသက်ရှည် ကျန်းမာချမ်းသာစွာနေထိုင်နိုင်ရေးအတွက် ထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် ယနေ့ဆွေးနွေးတင်ပြခဲ့သည့် ပြည်သူများ အန္တရာယ်ရှိသည့် စားသုံးကုန်ပစ္စည်းများကို မိမိအသိနှင့် မိမိဘာသာ ရောင်းချသင့်/မသင့် စဉ်းစား ဆုံးဖြတ်ပြီး ရောင်းချကြပါရန် ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဦးစီးအရာရှိဒေါ်အေးအေးမိုးက ဈေးထဲတွင်ရောင်းချနေသော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်တို့တွင် သုံးစွဲခွင့်မပြုသည့် ဆိုးဆေးနှင့် ဓါတုပစ္စည်းများပါဝင်နေ၍ အရောင်မှာလှနေကြောင်း ငါးပိ၊ ငါးခြောက်များသည်ယင်နားရမည့်အစားအသောက်ဖြစ်သော်လည်း ယင်မနားရခြင်းမှာ ယင်မနားဆေးများထည့်ထားကြောင့်ဖြစ်ကြောင်း၊ ထိုနည်းတူပင် လက်ဖက်၊ အရောင်တင်မှုန့်၊ နန္နင်းမှုန့်တို့မှာလည်း ဓါတုဆိုးဆေးများပါရှိနေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းသော အစားအစာများ စားသုံးမှသာအသက်ရှည်၍ ကျန်းမာမည်ဖြစ်ပါကြောင်း၊ အန္တရာယ်ဖြစ်သော အစားအသောက်များကို ထုတ်လုပ်သူကလည်းဆက်၍ မထုတ်လုပ်သင့်ကြောင်း၊ ရောင်းချသူကလည်း စားသုံးရန်မသင့်သော ဆေးနှင့်ဓါတုပစ္စည်းများပါသော အစားအသောက်များကို မရောင်းချသင့်ကြောင်း နှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည့် စားသုံးရန်မသင့်သော ကုန်ပစ္စည်း အမည်စာရင်းအကြောင်းကို ဟောပြောခဲ့ပါသည်။

ဆက်လက်၍ မြို့မဈေးအတွင်းရှိ ဆီ၊ ငါးပိ၊ ငါးခြောက်၊ အရောင်တင်မှုန့်၊ အချိုရည်ဆိုင်နှင့် အခြားဈေးဆိုင်ခန်းများသို့ သွားရောက်၍ မြန်မာ့အလင်းသတင်းစာပါ ကျန်းမာရေးဝန်ကြီးဌာနမှ ဈေးကွက်အတွင်းရောင်းချ ခြင်းမပြုရန် သတ်မှတ်ထားသော ဆီ (၁၀)မျိုးနှင့် အစားအသောက်အမျိုးအစား (၂၇) မျိုးအား ရောင်းချခြင်း ရှိ/မရှိ လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်နှင့် ပိုစတာများ ဝေငှခဲ့ကြောင်း သတင်းရရှိပါသည်။

**ဟိန်းဆက် (စားသုံးသူ)**




# အရည်အသွေးမြင့် စက်မှုကုန်ထုတ်လုပ်ငန်းဆိုင်ရာ နည်းပညာများနှင့် စနစ်များကို ပြသသည့် Manufacturing Myanmar 2015 နှင့် Oil & Gas Myanmar 2015 ပြပွဲ ပြသ

အရည်အသွေးမြင့်စက်မှုကုန်ထုတ် လုပ်ငန်းဆိုင်ရာ နည်းပညာများနှင့်စနစ်များကို ပြသသည့် Manufacturing Myanmar 2015 ပြပွဲနှင့် Oil & Gas Myanmar 2015 ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာလ ၁၅ရက်မှ ၁၇ ရက်အထိ ပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပြပွဲနှစ်ရပ်ရှိသည့် အနက် Oil & GasMyanmr 2015 ပြပွဲတွင် ဩစတြေးလျ၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ မိုနာကို၊ မြန်မာ၊ ရုရှား၊ စင်ကာပူ၊ ထိုင်း၊ ဗြိတိန်နှင့်အမေရိကန်နိုင်ငံတို့မှ ကုမ္ပဏီပေါင်း ၄၉ ခုတို့က ရေနံတွင်းတူးပစ္စည်းများ၊ နည်းပညာများ၊ စမ်းသပ်စစ်ဆေးသည့်ကိရိယာများ၊ ထိန်းချုပ်သည့် ပစ္စည်းကိရိယာများစသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းနှင့်သက်ဆိုင်သည့် နည်းပညာများနှင့် ပစ္စည်းကိရိယာများကို ပြသခဲ့ကြောင်း သိရသည်။

Manufacturing Myanmar 2015 ပြပွဲတွင် တရုတ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့မှ ကုမ္ပဏီပေါင်း ၆၂ ခုတို့ လာရောက်ပြသခဲ့ကြောင်း သိရသည်။ အဆိုပါ ပြပွဲနှစ်ရပ်စလုံးသည် ဒုတိယအကြိမ်မြောက်လာရောက်ပြသသည့်ပြပွဲဖြစ်ပြီး အများပြည်သူတို့ကို ပြသသည့်ပြပွဲတစ်ပွဲမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သွယ်ရေးနှင့် ဆက်နွယ်ပတ်သက်နေသူများကိုသာ ပြသသည့် ပြပွဲတစ်ပွဲဖြစ်ကြောင်း သိရသည်။

ထို့ပြင် Oil & Gas Myanmar 2015 ပြပွဲနှင့်ဆက်စပ်သည့် ဆွေးနွေးပွဲတစ်ရပ်ကိုလည်းကျင်းပခဲ့ရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မြန်မာနိုင်ငံ၏ ပြည်တွင်းနှင့်ကမ်းလွန် ရေနံဈေးကွက်အကြောင်းကိုလည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍လည်းကောင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲအပေါ် GE Oil & Gas, Yoma Strategies, PT Brunei, United Engineering, TOTAL, Sapura Kencana တို့မှ တာဝန်ရှိသူများက ပြည်တွင်းရှိကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဗဟုသုတများကို မျှဝေပေးခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၇၉) လမ်း | ၇၅၀ စ/ပေ | (၇) လွှာ | ၃၇၀ သိန်း | အသင့်နေ | ၀၉/၂၅၀/၃၇၂၁၅၇ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅×၅၀)ပေ | (ပ) ထပ်၊ ပြင်ပြီး | ၇၀၀ သိန်း | အသင့်နေ | ၀၉/၂၅၀/၃၇၂၁၅၇ |
| ၃။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ လမ်းသွယ်(၆) | မြေ ၆၄၀၀ စ/ပေ<br>အိမ် ၂၄၀၀ စ/ပေ | RC (၂) ထပ်<br>MB (၃) ခန်း | ၃၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | မြေ | အင်းစိန်မြို့နယ်၊ ဂျပန်လမ်း | မြေ ၇၀၀၀ စ/ပေ | | ၉၀၀၀ သိန်း | | ၀၉/၉၇/၆၂၁၁၁၂၃ |
| ၅။ | မြေ | အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) | (၂၀×၆၀) | BN (၂) ထပ် | ၆၅၀ သိန်း | | ၀၉/၉၇/၆၂၁၁၁၂၃ |
| ၆။ | ကွန်ဒိုတိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ | ၁၄၀၀ သိန်း | ၇၀ ရာခိုင်နှုန်း ပြီးစီး | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | မြေကွက် | စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်းနှင့် လမ်းသွယ်လမ်းထောင့် | ၂၄၀၀ စ/ပေ | သစ်သားအိမ်(၁)လုံးပါ သောခြံမြေ | တစ်သောင်း ငါးထောင်သိန်း | | ၀၉/၂၅/၃၇၂၈၂၀၂ |
| ၈။ | ကွန်ဒို | မရမ်းကုန်းမြို့နယ်၊ ရွှေဟင်္သာလမ်း | ၂၅၀၀ စ/ပေ | MB(2) BR(1) | ၆၈၀၀ သိန်း | အသင့်နေ | ၀၉/၉၇/၆၂၁၁၁၂၃ |
| ၉။ | မြေ | ရန်ကင်းမြို့နယ်၊ ဘောက်ထော် | (၅၅×၈၀)ပေ | မြေသီးသန့် | ၆၈၀၀ သိန်း | | ၀၉/၉၇/၆၂၁၁၁၂၃ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ်(ဟိုက်ဘရစ်) (၂၀၁၀) | ယာယီ | ၁၃၂ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | အယ်ဖတ် (၂၀၀၄) | ယာယီ | ၂၆၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | မစ်ဆူဘီရှီ(အာဗီအာ) (၂၀၁၁) | ယာယီ | ၂၆၅ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | နီဆန်း(ဝင်းရုပ်) (၂၀၀၉) | ယာယီ | ၁၃၅ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | ကလူဂျာ (၂၀၀၂) | 5G | ၂၂၀ သိန်း | ကားကောင်း |
| ၆။ | ဗီလ်ဒါ (၂၀၀၄) | FF (နီ) | ၁၃၅ သိန်း | 1.5 ဓာတ်ဆီ |
| ၇။ | ဒိုင်ဟတ်စု(မီရါ) (၂၀၁၀) | ယာယီ | ၈၂ သိန်း | 0.6 ဓာတ်ဆီ |
| ၈။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1.5 ဓာတ်ဆီ |
| ၉။ | မတ်(ခ်)တူး (၂၀၀၂) | 9D | ၁၂၀ သိန်း | 2.0 ဓာတ်ဆီ |

# အာဆီယံ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် Hitachi Young Leaders Initiative(HYLI) မှ စက္ကူဖြူစာတမ်း ထုတ်ပြန်

ဖိလစ်ပိုင်နိုင်ငံ မကာတီမြို့တွင် ကျင်းပခဲ့သည့် ဟီတာချီကုမ္ပဏီလီမိတက်၏ လူမှုအသိုက်အဝန်းဆက်ဆံရေး အစီအစဉ်တစ်ခုဖြစ်သည့် Hitachi Young Leaders Initative(HYLI) မှ အာဆီယံ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် စက္ကူဖြူစာတမ်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။အဆိုပါ စက္ကူဖြူစာတမ်းသည် (၁၃)ကြိမ်မြောက် HYLI မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း ဆောင်ရွက်ခဲ့သည့် အစီအစဉ်နှင့် လှုပ်ရှားမှုများအပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်ဟုဆိုသည်။

(၁၃)ကြိမ်မြောက် HYLI အစီအစဉ်တွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့်ဂျပန် စုစုပေါင်းရှစ်နိုင်ငံတို့မှ ကျောင်းသားကျောင်းသူ ၃၁ ဦးပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းသားများသည် အာဆီယံနိုင်ငံများ၏ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးအတွက်အကောင်းဆုံးနည်းလမ်းများကို ရှာဖွေရန် ဦးတည်ချက်ထားသော "အများသုံး သယ်ယူပို့ဆောင်ရေးစနစ်များ ဒီဇိုင်းဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ထည့်သွင်းစဉ်းစားရမည့် လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများအပေါ် အာဆီယံ၏သဘောထားများ"ခေါင်းစဉ်တွင် အခြေခံထားသည့် အကြောင်းအရာများကို ကဏ္ဍပေါင်းစုံမှ ကျွမ်းကျင်သူများနှင့်အတူ ဆွေးနွေးခဲ့ကြသည်။

HYLI ကို ကျင်းပသည့်ရက်များအတွင်း ကျောင်းသားများသည် အာဆီယံနိုင်ငံများ ရင်ဆိုင်နေရသည့် သယ်ယူပို့ဆောင်ရေး ပြဿနာနှင့် ၎င်းကို ဖြေရှင်းကူညီပေးနိုင်မည့် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများနှင့်ပတ်သက်၍ ထိပ်တန်းပညာရှင်များ၏ အတွေးအမြင်နှင့် ယူဆချက်များကို နားထောင်ခွင့်ရရှိခဲ့ကြသည်။ ထို့ပြင် ကျောင်းသားများသည် မက်ထရိုမနီလာ၏ လူအစည်ကားဆုံးအရပ်ဖြစ်သော Taguig မြို့၏ မြို့ပြအသိုင်းအဝိုင်းကိုလည်း လေ့လာခွင့်ရရှိခဲ့ကြသည်။ HYLI သည် လူမှုပတ်ဝန်းကျင် ပြောင်းလဲရေးဆိုင်ရာအစီအစဉ်တစ်ခုဖြစ်ပြီး အာရှဒေသမှ လူငယ်ခေါင်းဆောင်များကိုရှာဖွေလေ့ကျင့်ပေး၍ အစိုးရခေါင်းဆောင်များ၊ အောင်မြင်သော စီးပွားရေးသမားများ၊ သက်ဆိုင်ရာပညာရှင်များ၊ NGO များနှင့်တွေ့ဆုံ၍ ဒေသတွင်း စိန်ခေါ်မှုပြဿနာများကို ဆွေးနွေး အဖြေရှာခွင့်ရရှိရန်ဦးတည်၍ တည်ထောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထူးချွန်သည့်ကျောင်းသားများကို ယခုနှစ်တွင် စတင်ရွေးချယ်၍ အဆိုပါ HYLI အစီအစဉ်တွင် ပါဝင်စေခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

➲ စာမျက်နှာ ၈ မှ ဗီယက်နမ်နိုင်ငံ၏ မှအဆက်

ဥပမာအားဖြင့် ဝန်ဆောင်မှုလုပ်ငန်းအခန်းကဏ္ဍသည် ပုံမှန်အားဖြင့် ထုတ်လုပ်မှုလုပ်ငန်းအခန်းကဏ္ဍလောက် အရင်းအနှီးမလိုအပ်ချေ။ အသေးစားနှင့်အလတ်စားလုပ်ငန်း စုစုပေါင်းအရေအတွက်တွင် ကုန်သွယ်မှုနှင့်ပြုပြင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုက ကြီးမားသော အချိုးအစားရယူထားသည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အကန့်အသတ်များရှိလာနိုင်သည်။ ဒုတိယအချက်မှာ မှတ်ပုံတင် ထားသော အရင်းအနှီးအမျိုးအစားသည် အမျိုးအစားခွဲခြားခြင်း ကာလတွင် ထိရောက်မှုမရှိဟူသော အမြင်ရှိသည်။ လုပ်ငန်းဆောင် ရွက်သည့် အရင်းအနှီးသည် မူလကနဦးမှတ်ပုံတင်ထားသော အရင်း အနှီးထက် ပိုမိုများပြားရမည်ဖြစ်သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် နိုင်ငံစီးပွားရေး တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ SME ၏ အခန်းကဏ္ဍသည် ၂၀၀၄ ခုနှစ်တွင် စုစုပေါင်းကော်ပိုရိတ်လုပ်သား အင်အား၏ ၈၅ ရာခိုင်နှုန်းခန့် ရှိသည့်အတွက် အလုပ်အကိုင်များရရှိရေးအတွက် အဓိကကျသော အရင်းအမြစ်အဖြစ်ရှိခဲ့သည်။ အမှန်စင်စစ် SME လုပ်ငန်းများသည် အထူးသဖြင့် ကျေးလက်ဒေသများ တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အဓိကဖြစ်သည်။ ထို့ပြင် ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက်များကို ကျဉ်းမြောင်းစေသည်။ မြို့ပြနှင့်ကျေးလက်ဒေသကွာဟမှုများကို နည်းပါးစေသည်။ ထို့ပြင် SME လုပ်ငန်းများသည် လုပ်သားဈေးကွက်၏ ကြီးမားသော ပြောင်းလွယ် ပြင်လွယ်ဖြစ်မှုထိန်းသိမ်းရန် ကူညီပေးသည်။ ၂၀၀၆ ခုနှစ် တွင် SME လုပ်ငန်းများသည် GDP ၏ ၃၉ ရာခိုင်နှုန်းရှိသည်။ SME လုပ်ငန်းများ၏ စီးပွားရေးတိုးတက်မှုတွင် ပါဝင်မှုသည် အလွန်အရေးပါသည်။ သို့ရာတွင် အစိုးရပိုင်လုပ်ငန်းများနှင့်နှိုင်း ယှဉ်လျှင်မှု ယင်း တို့သည် သေးငယ်သော အခန်းကဏ္ဍတွင် ရှိသည်။ ယင်းတို့သည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃၂ ရာခိုင်နှုန်းသာရှိသည်။ ထို့ပြင် အသေးစားနှင့်အလတ်စားလုပ်ငန်းများသည် အလွန်ကန့်သတ်ထားသော ပို့ကုန်နှင့်နည်းပညာဆိုင်ရာ စွမ်းရည်ရှိသည်ကို တွေ့ရသည်။

➲ စာမျက်နှာ ၂၁ အရောအနှော ကင်းစေရမယ် မှအဆက်









**CJ - ဒါ့အပြင် အက်ဖ်ဒီအေရဲ့ကြေညာချက်ထဲမှာ အက်ဖ်ဒီအေရဲ့လိုင်စင်မရှိလို့ဆိုတဲ့ အချက်တစ်ချက်ပါနေပါသေးတယ်။ ဘာကြောင့်များ အက်ဖ်ဒီအေရဲ့ခွင့်ပြုချက် လိုင်စင်ပြုလုပ်ထားခြင်းမရှိရတာပါလဲ။**

**ဦးစိုးသိန်း** - ဒါကတော့ ကျွန်တော့်ရဲ့ခံယူချက်ကြောင့်ပါ။ ကျွန်တော်က ကိုယ့်ဆီမှာ အက်ဖ်ဒီအေက ပြဋ္ဌာန်းသတ်မှတ်ထားတဲ့အချက်တွေ မပြည့်စုံသေးတာကြောင့် မပြည့်မစုံနဲ့တော့ ငါလိုင်စင်မလိုချင်ဘူးကွာ။ သူတို့ပြောထားတဲ့အချက်တွေ ပြည့်စုံမှ ငါလိုင်စင်လုပ်တော့မယ်လို့ ခံယူလိုက်တဲ့အတွက် အခုလိုဖြစ်သွားရတာပါ။

**CJ - အက်ဖ်ဒီအေရဲ့သတ်မှတ်ချက်တွေက ဘာတွေများပါလဲ။**

**ဦးစိုးသိန်း** - အက်ဖ်ဒီအေက စက်ရုံတစ်ရုံမှာ အလုပ်သမားတွေအတွက် အဝတ်လဲခန်းသီးသန့်ရှိရမယ်။ သန့်စင်ခန်း၊ ရေချိုးခန်း၊ လက်ဆေးခန်းစတဲ့အချက်တွေ ထည့်သွင်းထားပါတယ်။ ကျွန်တော်ကလည်းစက်ရုံကိုပြန်လည်တည်ဆောက်နေတဲ့အချိန်၊တည်ဆောက်ရင်း ကုန်ထုတ်လုပ်ငန်းကို လုပ်နေတာဖြစ်တဲ့အတွက် သူတို့ပြောတဲ့အချက်တွေက မပြည့်စုံသေးပါဘူး။ အဲဒါကြောင့်လည်း အက်ဖ်ဒီအေရဲ့ခွင့်ပြုချက်ကို မယူမိတာပါ။ ဒါက ကျွန်တော့်ရဲ့စားသုံးသူတွေအပေါ်မှာ လိမ်ညာပြီးမလုပ်ချင်တဲ့ ခံယူချက်ကြောင့်ပါ။ ကိုယ့်ဆီမှာ ဘာမှ မပြည့်စုံသေးဘဲနဲ့တော့ လုပ်ငန်းခွင့်ပြုချက်ကို မယူချင်ပါဘူး။

**CJ - အခုရော အက်ဖ်ဒီအေရဲ့ခွင့်ပြုချက်ရဖို့ ဘာတွေလုပ်ဆောင်ပြီးပါပြီလဲ။**

**ဦးစိုးသိန်း** - ကျွန်တော်တို့အက်ဖ်ဒီအေက သတ်မှတ်ထားတဲ့အချက်တွေ အားလုံးပြည့်စုံအောင်လုပ်ပြီးပြီဖြစ်တဲ့အတွက် အက်ဖ်ဒီအေရဲ့ခွင့်ပြုချက်ရဖို့ တင်ထားပြီးပါပြီ။ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနကိုရော၊ အက်ဖ်ဒီအေကိုရော အားလုံးတင်ထားပြီးပါပြီ။ ခွင့်ပြုချက်ရဖို့စောင့်နေပါတယ်။ မကြာခင်မှာ အက်ဖ်ဒီအေရဲ့ခွင့်ပြုချက်ရတော့မှာပါ။

**CJ - အက်ဖ်ဒီအေကို ခွင့်ပြုချက်ရဖို့ တင်ထားတဲ့အချိန်မှာ အက်ဖ်ဒီအေကရော ဒီစက်ရုံကို လာရောက်စစ်ဆေးပြီးပါပြီလား။**

**ဦးစိုးသိန်း** - စစ်မယ်လို့တော့ပြောပါတယ်။ အခုထိတော့ လာမစစ်သေးပါဘူး။ ကျွန်တော်တို့ဘက်ကတော့ သူတို့ပြောတဲ့အချက်တွေ အားလုံး လုပ်ဆောင်ပြီးပါပြီ။ အခုအချိန်မှာ ကျွန်တော့်စက်ရုံကို ဘယ်သူမဆိုလာရောက်လေ့လာလို့ရပါတယ်။

**CJ - ပြည်ပကိုရော တင်ပို့နိုင်ဖို့အထိ ရည်ရွယ်ထားပါသလား။**

**ဦးစိုးသိန်း** - ကျွန်တော်ဆီမှာ လိုအပ်ချက်တွေ ပြည့်စုံနေပြီဆိုရင် ပြည်တွင်းမှာလုပ်တဲ့ ကုန်စည်ပြပွဲမှာ ဝင်ရောက်ပြသမှာပါ။ အဲဒီကုန်စည်ပြပွဲကနေ ကျွန်တော်တို့ပြည်ပကို တင်ပို့နိုင်ဖို့ချိတ်ဆက်သွားမှာပါ။ ကျွန်တော့်ရဲ့ခေါက်ဆွဲကို တရုတ်နိုင်ငံကို တင်ပို့မယ်ဆို ပို့လို့ရနိုင်တဲ့ အနေအထားပါ။ ကျွန်တော့်ဆီမှာ Hala လက်မှတ်လည်း ရထားပြီးပါပြီ။ISOရဖို့ အခုအက်ဖ်ဒီအေခွင့်ပြုချက်လက်မှတ်ရပြီးရင် ကျွန်တော် အဲဒီ ISO ရဖို့ ကြိုးစားသွားမှာပါ။ အဲဒါတွေရပြီဆိုရင် ကျွန်တော့်ရဲ့ဦးဦးခေါက်ဆွဲကို ပြည်ပနိုင်ငံတွေကို တင်ပို့နိုင်ဖို့ လုပ်သွားမှာပါ။

**CJ - ဒီ ဦးဦးခေါက်ဆွဲစက်ရုံကို ၂၀၁၁ခုနှစ်ကစတင်တည်ထောင်တာဆိုတော့ စတင်ခဲ့တုန်းက အလုပ်သမားဘယ်လောက်ရှိပါသလဲ။ အခုလက်ရှိမှာရော အလုပ်သမား ဘယ်နှယောက်လောက်ရှိပါသလဲ။**

**ဦးစိုးသိန်း** - လုပ်ငန်းစတင်တုန်းက အလုပ်သမား ၅၀ လောက်နဲ့စတင်ခဲ့တာပါ။ နောက်လုပ်ငန်းလုပ်လာရင်းနဲ့တစ်ရုံနဲ့မနိုင်တော့ နှစ်ရုံဖြစ်လာတယ်။ ဝန်ထမ်း ၁၅၀ ရှိလာတယ်။ဒါပေမယ့် အခုအချိန်မှာတော့ ဝန်ထမ်း ၅၀ ပဲရှိတော့တယ်။ ဒါကလည်း ပထမ (၂) နှစ်မှာ ဈေးကွက်ရှာရတယ်။ တတိယနှစ်ရောက်တော့ နည်းပညာနဲ့အဆက်အသွယ်တွေ ရှာရတယ်။ စတုတ္ထနှစ်မှာ စက်ရုံကို တည်ဆောက်ရင်း၊ ကုန်ထုတ်ရင်းနဲ့လုပ်နေတာပါ။ ငါးနှစ်ထဲကို ရောက်လာတဲ့အချိန်မှာ အရှိန်က တော်တော်လေးကိုရနေပါပြီ။ အခုလိုအရှိန်ရလာတဲ့ အချိန်မှာပဲ အခုလို အက်ဖ်ဒီအေက ကြေညာလိုက်တဲ့အတွက် အများကြီးထိခိုက်မှုရှိခဲ့ပါတယ်။

**CJ - လက်ရှိ ဈေးကွက်အတွင်းမှာ ခေါက်ဆွဲခြောက်လုပ်ငန်းတွေ များလာတာကိုတွေ့ရပါတယ်။ အဲဒီအခြေအနေလေးနဲ့ပတ်သက်ပြီး ပြောပေးပါဦး**

**ဦးစိုးသိန်း** - အခုဆိုရင် ဈေးကွက်ထဲမှာ ခေါက်ဆွဲခြောက်လုပ်ငန်းတွေ များလာတယ်။ များလာတာနဲ့အမျှ ဈေးကွက်ယှဉ်ပြိုင်မှုကလည်း တော်တော်လေး ပြင်းထန်လာပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ကတော့ ရိုးရိုးသားသားပဲ ယှဉ်ပြိုင်ပါတယ်။ ကျွန်တော့်ရဲ့မားကက်တင်းဝန်ထမ်းတွေကိုလည်းပြောပါတယ်။ ကျွန်တော်တို့ ခေါက်ဆွဲကောင်းပါတယ်။ စားကြည့်ပါ၊ သုံးကြည့်ပါ၊ ရောင်းကြည့်ပါ၊သူ့ခေါက်ဆွဲ ထက်ကောင်းတယ်လို့ မပြောရ၊ ဘယ်သူ့ကိုမှ အတိုက်အခိုက်လုပ်ပြီး မရောင်းရဘူးလို့ ပြောထားပါတယ်။ ဒါပေမယ့် ကျွန်တော်က ဈေးလျှော့ပြီး ရောင်းပါတယ်။ကျွန်တော့်စက်ရုံကတစ်နေ့ကို ပါကင် ၇၀၀ ထွက်ပါတယ်။ ဒီထက်လည်း ပိုပြီးထွက်နိုင်အောင် ကြိုးစားနေပါတယ်။ ဈေးကွက်စီးပွားရေးအရ အရေအတွက်ရော၊ အရည်အချင်းနဲ့ဈေးနှုန်းကိုပါ ယှဉ်ပြိုင်သွားမှာပါ။

**CJ - အခုလက်ရှိမှာ ဦးဦးခေါက်ဆွဲခြောက်အနေနဲ့ ရောင်းအား ဘယ်လောက်ရှိပါသလဲ။**

**ဦးစိုးသိန်း** - ကျွန်တော်တို့ အရင်တုန်းက တစ်လကို ၁၅၀၀၀ ရှိပါတယ်။ ဒီအက်ဖ်ဒီအေက ခုလိုစားသုံးရန် မသင့်လို့ မကြေညာခင် လပိုင်းလောက်အလိုမှာ ရောင်းအား ၂၅၀၀၀လောက်ဖြစ်လာတော့မှာပါ။ဒါပေမယ့် အခုလို ကြေညာခံလိုက်ရတဲ့အတွက် ဈေးကွက်ထဲမှာ တန့်သွားပါတယ်။

**CJ - စက်ရုံရဲ့ထုတ်လုပ်မှုက တစ်လကို ဘယ်လောက်အထိရှိပါသလဲ။**

**ဦးစိုးသိန်း** - အမှာရှိရင် ရှိသလောက်ထုတ်နေပါတယ်။ အခုနောက်ပိုင်းမှာ တစ်လကို ပါကင်ငါးသောင်းလောက်အထိ ထုတ်ဖို့ ရည်ရွယ်ထားပါတယ်။ ကျွန်တော်က ပြည်တွင်းတင်မဟုတ်ပါဘူး၊ ပြည်ပနိုင်ငံတွေအထိ တင်ပို့ဖို့ ရည်ရွယ်ထားပါတယ်။

**CJ - နိုင်ငံခြားက မုန့်မျိုးစုံတွေ ပြည်တွင်းကို ဝင်ရောက်လာမှုများလာတဲ့အတွက် ပြည်တွင်းက စားသောက်ကုန်ထုတ်လုပ်တဲ့လုပ်ငန်းတွေအနေနဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းအား ပိုပြီး ပြင်းထန်လာမယ်လို့ ယူဆပါတယ်။ ဒါကြောင့်ပြည်တွင်းကအသေးစားအလတ်စားလုပ်ငန်းလေးတွေ အနေနဲ့ ဘာတွေ လိုအပ်လာမယ်လို့ ထင်မြင်ပါသလဲ။**

**ဦးစိုးသိန်း** - ဘာပဲထုတ်ထုတ်၊ ဘာပဲလုပ်လုပ် ဈေးကွက်တစ်ခု ရှိဖို့လိုပါတယ်။ ကျွန်တော်တို့ စက်မှုဇုန်ထဲကို ကိုရီးယားက ဖိနပ်လုပ်ငန်းလုပ်ဖို့လာပြီးပြောတာရှိပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ လိုအပ်ချက်တွေရှိလာပါတယ်။ ပထမလိုတာက ငွေကြေးပါ။ ဒုတိယလိုအပ်ချက်က ဘာသာစကားပါ။ နိုင်ငံရပ်ခြားမှာ နည်းစနစ်ကအစတိုးတက်နေပြီ။ နည်းစနစ်ကလည်းလိုပါတယ်။ ဒါကို ယှဉ်ပြိုင်နိုင်ဖို့လိုပါတယ်။ ဈေးကွက်ကို ယှဉ်ပြိုင်နိုင်ဖို့လိုပါတယ်။ စိုက်ပျိုးရေးကိုအခြေခံပြီး တကယ်ကို လုပ်နိုင်မှပါ။ အခုဆိုရင် နိုင်ငံတကာက ဝင်လာပြီ။ နိုင်ငံတကာက ဝင်လာပြီဆိုရင် လိုအပ်ချက်တွေက အများကြီးပါ။

**CJ - ဒီစက်ရုံထဲမှာရှိတဲ့စက်တွေက ဘယ်နိုင်ငံကထုတ်တဲ့စက်တွေပါလဲ။**

**ဦးစိုးသိန်း** - ဦးဦးခေါက်ဆွဲခြောက်လုပ်ငန်းလုပ်ဖို့ စက်တွေကို တရုတ်နိုင်ငံက မှာယူတင်သွင်းခဲ့တာပါ။ အဲဒီစက်က ၂၀၁၄ခုနှစ်မှာ ထုတ်လုပ်ခဲ့တဲ့ နောက်ဆုံးပေါ် စက်ပါ။ဒီစက်က တရုတ်နိုင်ငံမှာ အဆင့်တစ်ကနေသုံးအထိ ရှိနေတဲ့စက်ပါ။ ခေါက်ဆွဲကို Mixလုပ်တဲ့စက်ကအစ အားလုံး အစအဆုံး စက်နဲ့ပဲလုပ်တာပါ။ အရင်တုန်းက လူရဲ့ထိန်းချုပ်မှုနဲ့သွားတာဖြစ်ပေမယ့် ဒီနေ့အချိန်မှာတော့ စက်နဲ့ပဲအားလုံးကို ထိန်းချုပ်သွားတာပါ။ စက်နဲ့ဖြတ်တယ်၊ အပူပေးပြီး အခြောက်လှန်းတယ်၊ အားလုံးစက်နဲ့ပဲ ထိန်းချုပ်ပြီး လုပ်သွားတာပါ။ ဂျုံက Mix လုပ်ပြီး ပေါင်းခန်းကို စတီးပေါင်းခန်းလုပ်ပြီး မီတာနဲ့ ဒီဂရီဘယ်လောက်ပေးမယ်ဆိုပြီး လုပ်ထားတာပါ။

**CJ - အရသာရှိတဲ့ ခေါက်ဆွဲခြောက်ကိုရော ဘာကို အခြေခံပြီး ပြုလုပ်ထားတာပါလဲ။**

**ဦးစိုးသိန်း** - အရသာရှိတဲ့ခေါက်ဆွဲခြောက်ဆိုတာ အဓိကက ဂျုံပါပဲ။ နယ်သားကောင်းဖို့လည်း လိုပါတယ်။ နယ်သားကောင်းရင် စားကောင်းတယ်လို့ ဆိုပါတယ်။

**CJ - စီးပွားကူးသန်းက လုပ်ဆောင်နေတဲ့စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းလုပ်ဆောင်နေတာကို ဘယ်လိုမြင်ပါသလဲ။ ဒါ့အပြင် အက်ဖ်ဒီအေက လုပ်ဆောင်နေတာတွေရော ဘယ်လိုမြင်ပါသလဲ။**

**ဦးစိုးသိန်း** - စီးပွားကူးသန်းက လုပ်ဆောင်နေတဲ့စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းက တော်တော်လေးကို ကောင်းပါတယ်။ သူတို့ကတော့ ပညာပေးရေးကိုပါ တွဲပြီးလုပ်နေတာဖြစ်တဲ့အတွက် စားသုံးသူတွေအတွက်ရော ရောင်းတဲ့သူတွေအတွက်ပါ တော်တော်လေးကို ကောင်းပါတယ်။ အက်ဖ်ဒီအေအနေနဲ့တော့ လုပ်မယ်ဆိုရင် အားလုံးကို တစ်ပြေးညီလုပ်ဖို့တော့လိုပါတယ်။ ခေါက်ဆွဲမှမဟုတ်ပါဘူး။ တခြားကုန်ပစ္စည်းတွေကိုလည်း အများပြည်သူတွေ စားသုံးရန်သင့်မသင့်ဆိုတာကို စစ်ဆေးဖို့လိုပါတယ်။ အခုခေတ်က ယှဉ်ပြိုင်နေရတဲ့ခေတ်ဆိုတော့ အားလုံးကို ယှဉ်ပြိုင်နေရတာပါ။ ဒါကြောင့် တစ်ပြေးညီလုပ်ဖို့တော့ လိုပါတယ်။

**CJ - ဦးဦးခေါက်ဆွဲခြောက်ကို စားသုံးနေတဲ့စားသုံးသူတွေကို ဘာပြောချင်ပါသေးလဲ။**

**ဦးစိုးသိန်း** - ကျွန်တော့်ရဲ့ဒီဦးဦးခေါက်ဆွဲခြောက်ကို အမှန်အကန်ထုတ်လုပ်နေပါတယ်။ စားသုံးသူတွေ ဘေးအန္တရာယ်ကင်းကင်းနဲ့စားသုံးနိုင်အောင် ထုတ်လုပ်သွားမှာပါ။ နိုင်ငံတော်ကထုတ်ပြန်ထားတဲ့စည်းကမ်းတွေထက်မက ကောင်းအောင်ထုတ်လုပ်သွားမှာပါ။ ကျွန်တော်ပြောချင်တာတစ်ခုက စစ်မယ်ဆိုရင် အားလုံးကို ကျောသားရင်သားမခွဲခြားဘဲ စစ်သွားဖို့ ပြောချင်ပါတယ်။ စက်ရုံကိုလည်း ဌာနဆိုင်ရာတွေက လာရောက်လေ့လာချင်တယ်ဆိုရင် လာရောက်လေ့လာလို့ရပါတယ်။ နိုင်ငံတကာက လာရောက်လေ့လာချင်တယ်ဆိုရင်လည်း လာရောက်လေ့လာနိုင်ပါတယ်။ နောင်ကိုလည်း ဒီထက်ကောင်းတဲ့နည်းလမ်းရှိရင်လည်း ဆက်လက်ကြိုးစားသွားမှာပါ။ ပြည်သူတွေအားလုံးကိုလည်း အရောအနှောကင်းစေရမယ်၊ ဈေးနှုန်းမှန်ကန်စေရမယ်၊ အချိန်အတွယ်ပြည့်မီစေရမယ်၊ ဒီမူအတိုင်း အသက်ထက်ဆုံးလျှောက်လှမ်းသွားမှာပါ။ ပြည်သူတွေအနေနဲ့ ဦးဦးခေါက်ဆွဲကို စိတ်ချလက်ချစားသုံးနိုင်ကြပါတယ်လို့ သတင်းပါးချင်ပါတယ်။ ကျေးဇူးလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၁၉-၁၀-၂၀၁၅ မှ ၂၅-၁၀-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဂုဏ်သိက္ခာထိပါးသောအလုပ်များနှင့် ရှုပ်ထွေးနေရတတ်မည်။ မိသားစုစီးပွားရေးလုပ်ငန်းများအဆင်ပြေမည်။ စိတ်အနှောင့်အယှက်များဖြင့် အလုပ်ကိစ္စများနေတတ်မည်။ ဗုဒ္ဓဟူးနံနှင့် ပတ်သက်သောလုပ်ငန်းများ မကောင်းသေးပါ။ အပျက်အစီးများနေ မည်။ အောက်လက်ငယ်သား ဆွေမျိုးများကြောင့် စိတ်အနှောင့်အယှက်ဖြစ်တတ်မည်။ ကျန်းမာရေး ဦးခေါင်းနှင့်ပတ်သက်သောရောဂါ၊ ဆေးဝါးမှားခြင်းရောဂါများ ဖြစ်ပွားတတ် ပါသည်။ အိမ်ထောင်ရေး အဆင်ပြေမည်။ အချစ်ရေး အခက်အခဲများသောအချိန်ဖြစ်မည်။ ငွေကြေးလိုသလောက်မရဘဲ ကြန့်ကြာနေမည်။

**ယတြာ။ တနင်္လာနံ သတ္တဝါများကို အစာများများကျွေးပေးပါ။**



**တနင်္လာသားသမီးများအတွက်** ငွေကြေးဥစ္စာခနေများဝင်မည်။ ခရီးသွားလုပ်ငန်းများအဆင်ပြေမည်။ အဖြူရောင်ပစ္စည်းများအကျိုးပေးမည်။ မိသားစုအကျိုးခံစားရမည်။ ပတ်ဝန်းကျင်၏ ကူညီရိုင်းပင်းမှုရရှိမည်။ ရွှေငွေရတနာများ မစုဆောင်း သင့်သေး သော အချိန်ဖြစ်ပါသည်။ ပညာရေးနှင့် ပတ်သက်ပြီး ပျင်းရိငြီးငွေ့ နေတတ်သည်။ ပေါင်းသင်းဆက်ဆံရေးတွင် လုပ်ဖော်ကိုင်ဖက်များ၏ ကူညီမှုကြောင့်အောင်မြင်မည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး အစာမကြေခြင်း၊ ဗိုက်အောင့်ခြင်း၊ လည်ပင်းနာခြင်းဖြစ်တတ်ပါသည်။ အချစ်ရေးကောင်းမည်။

**ယတြာ။ လမ်းခင်းခြင်း၊ လမ်းသန့်ရှင်းရေးလုပ်ခြင်းများ ပြုလုပ်ပါက ကောင်းပါမည်။**



**အင်္ဂါသားသမီးများအတွက်** ရန်ပေါများနေတတ်မည်။ အခက်အခဲများကို ရအောင်ကျော်ဖြတ်မည့်ကာလဖြစ်သည်။ ယာဉ်၊ စက်ပစ္စည်းအသစ်ဝင်မည်။ စီးပွားတိုးတက်မည်။ အိမ်တွင်းရေးအဆင်မပြေတတ်ပါ။ စိတ်အနှောင့်အယှက်များ ကြုံရတတ်မည်။ ပညာရေး တစိုက်မတ်မတ်ပြုလုပ်တတ်သောကြောင့် ဖြေးဖြေးခြင်းအောင်မြင်မည်။ အပေါင်းအသင်းများ၏ ဒုက္ခပေးခြင်းခံရတတ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးကောင်းမည်။ အိမ်ထောင်ဘက်၏ ချမ်းသာခြင်းကို ရရှိမည်။ ကျန်းမာရေးအာရုံကြောရောဂါ၊ အကြောရောဂါ၊ အအေးမိရောဂါများ ဖြစ်တတ်မည်။

**ယတြာ။ သက်ကြီးရွယ်အိုများကို ခြုံစောင်ကန်တော့ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မာန်မာနနှင့် ပတ်သက်ပြီးပြဿနာဖြေရှင်းရတတ်မည်။ မိမိ၏ မာန်မာနကို တလွဲမသုံးသင့်ပါ။ ကူးသန်းရောင်းဝယ်သည့်လုပ်ငန်းများ အဆင်ပြေမည်။ ဆေးနှင့်ဆေးပစ္စည်းရောင်းဝယ်ခြင်း၊ အင်္ဂါနံပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်းများ အဆင်မပြေတတ်သေးပါ။ မိသားစုနှင့်ပတ်သက်ပြီး ဂုဏ်သိက္ခာတိုးတက်မည်။ ပညာရေးစိတ်ဝင်စားမှုအားနည်းနေတတ်မည်။ ခါးအောက်ပိုင်းနှင့်ပတ်သက်ပြီး တစ်မျိုးပြီး တစ်မျိုးဖြစ်နေတတ်မည်။

**ယတြာ။ လိုသောသူများကို ဖိနပ်တရံဝယ်ပေး၍ လှူဒါန်းလိုက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** အလုပ်သစ်၊နေရာသစ်၊မိတ်ဆွေသစ်များနှင့်အဆင်ပြေမည့်ကာလဖြစ်သည်။ အလုပ်ကိစ္စများနေတတ်မည်။ မြေရောင်းဝယ်ခြင်း၊ အိမ်ရောင်းဝယ်ခြင်းအကျိုးဆောင်လုပ်ငန်းများ လုပ်ကိုင်နေရတတ်မည်။ စိတ်ပျော်ရွှင်ခြင်းမရှိသည့်အလုပ်များ ဆက်တိုက်ဝင်နေတတ်မည်။ မိသားစုနှင့် စိတ်အခန့်မသင့်ခြင်းများကြုံမည်။ အရေပြားနှင့် ပတ်သက်သောရောဂါများ ဖြစ်ပွားတတ်မည်။ ရွှေ၊ ငွေ၊ ရတနာများဝင်တတ် မည်။ အချစ်သစ်တွေ့မည်။ အိမ်ထောင်ရေး အဆင်မပြေတတ်ပါ။ ပညာရေးအသင့် အတင့်ရှိ မည်။

**ယတြာ။ သင်္ကန်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** ခက်ခဲပင်ပန်းသည့် ကိစ္စရပ်များကိုလွယ်ကူစွာဖြေရှင်းပြီး စီးပွားရေးလုပ်ငန်းအသစ်များရရှိမည့်ကာလဖြစ်ပါသည်။ ငွေအစုလိုက် အပုံလိုက် မကြာခဏရတတ်သည်။ အင်္ဂါနံရောင်းဝယ်ခြင်းလုပ်ငန်းများ အဆင်ပြေမည်။ ခရီးသွားလုပ်ငန်းများလုပ်ကိုင်ရတတ်မည်။ ပညာရေးနှင့်ပတ်သက်ပြီး အကောင်းဆုံးအနေအထားရရှိမည်။ အချစ်ရေးကောင်းမည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ မျက်စိနှင့်ပတ်သက်သော ဝေဒနာခံစားရမည်။

**ယတြာ။ ဆေးဝါးများ လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** အခက်အခဲများလွတ်ကင်းပြီး လုပ်ငန်းသစ်စတင်လုပ်ကိုင်ရတတ်မည်။ အရောင်းအဝယ်လုပ်ငန်း၊ ယာဉ်ကားစက်ပစ္စည်း အရောင်းအဝယ်လုပ်ငန်းများ အဆင်ပြေမည်။ ခရီးသွားလုပ်ငန်းအကျိုးပေးမည်။ ပညာရေးနှင့် ပတ်သက်ပြီး စိတ်ညစ်ညူးနေတတ်မည်။ အပေါင်းအသင်းမိတ်ဆွေများ၏ ကူညီမှုဖြင့် ဘဝတွင်တိုးတက်မည်။ မိသားစုအဆင်မပြေတတ်ပါ။ ကျန်းမာရေး သွားခံတွင်းနှင့် ပတ်သက်သောရောဂါများဖြစ်ပွားတတ်မည်။

**ယတြာ။ ဘုရားတွင် ရွှေထီး ၂ လက်ကပ်လှူပါ။**

# ဧရာဝတီတိုင်းမှ လက်မှုထုတ်ကုန်များ Bangkok International Gift Fair and Bangkok International Houseware Fair 2015 သို့သွားရောက်ပြသမည်

ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ဦးဆောင်၍ အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ Bangkok International Gift Fair and Bangkok International Houseware Fair 2015 ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရပါတယ်။

အဆိုပါပြပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ် လက်မှုထွက်ကုန်များဖြစ်သော ဝါးဦးထုပ်များ၊ ကြိမ်၊ ဝါး၊ ဗေဒါဖိနပ်များ၊ စလင်းဘက်အိတ်များ၊ တစ်ရှူးဘောက်စ်များ (ကချင်၊ ကရင်၊ မြန်မာ) ရိုးရာလုံခြည်များစတဲ့ Hand made များကို အာဆီယံနိုင်ငံများနှင့် အခြားဥရောပနိုင်ငံများသို့ သွားရောက်ပြသရောင်းချ၍ ကမ္ဘာ့ဈေးကွက်တွင် မိမိတို့တိုင်းပြည်ဒေသထွက်ကုန်များ ဈေးကွက်ဝေစုရရှိကာ ကုန်သွယ်မှု မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ပြည်ပပို့ကုန်မြှင့်တင်ရေးဌာနမှ ဦးစီးအရာရှိ ဦးစိုးဦးနှင့် ခရိုင်ဦးစီးမှူး လေးဦးတို့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရပါတယ်။

ယခုပြပွဲတွင် ပြည်နယ်နှင့်တိုင်းအသီးသီး လက်မှုလုပ်ငန်းရှင်များမှ ဒေသထွက်ကုန်များဖြင့် ပြုလုပ်သော လက်ဆောင်ပစ္စည်းများနှင့် အိမ်အလှဆင်ပစ္စည်းများကို သွားရောက်ပြသကြမှာ ဖြစ်ပါတယ်။ ပြပွဲတွင် နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများမှ ကုန်ပစ္စည်းများကို ခင်းကျင်းပြသသွားမှာဖြစ်ပြီး၊ စီးပွားရေးတွေ့ဆုံပွဲများကိုလည်း တစ်ပြိုင်တည်း ကျင်းပသွားမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံ (DITP)သည် ယခုကျင်းပသည့် ကုန်စည်ပြပွဲများအပြင် ကျောက်မျက်၊ ဖက်ရှင်၊ စားသောက်ကုန်နှင့် ပရိဘောဂပြပွဲများကိုလည်း နှစ်စဉ်ကျင်းပလေ့ရှိပြီး၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များလည်း ပါဝင်ပြသလေ့ရှိပါတယ်။

ပြပွဲသို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသူ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တက်ရောက်လိုပါက ထိုင်းစီးပွားရေးသံရုံး၊ အီးမေးလ်- ditpthailand9@gmail.com သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# မုံရွာခရိုင် အသေးစားကုန်ထုတ်လုပ်ငန်းအတွက် ချေးငွေအရင်းနှင့်အတိုးများ တာဝန်ကျေပေးသွင်း

မုံရွာခရိုင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို မုံရွာမြို့နယ် ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံက ဦးဆောင်ပြီး ယခင်မုံရွာခရိုင်အတွင်းရှိ ရှစ်မြို့နယ်ရဲ့ ကျေးရွာအုပ်စု ၃၁ စုမှ လုပ်ငန်းပေါင်း ၆၀ ကျော်အတွက် ပြည်ထောင်စုရန်ပုံငွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ဇေယျာပဒေသာဖောင်ဒေးရှင်းတို့မှ ကျပ်သိန်း ၃၇၀၀ ကျော် ထုတ်ချေးပံ့ပိုးပေးနိုင်ခဲ့တယ်လို့သိရပါတယ်။

ဒေသအတွင်းရှိ ကျေးလက်များမှ စားသောက်ကုန်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ ကြေးပန်းတည်းနဲ့ ယွန်းထည်ယဉ်ကျေးမှုထုတ်ကုန်လုပ်ငန်း၊ ဆီစက်အဆင့်မြှင့်လုပ်ငန်း၊ ဂျုံရိုးခမောက်၊ မီးဖို၊ အိုး၊ ပလတ်စတစ်ခြင်း၊ ကွမ်းခြင်း၊ ထန်းလက်ကုလားထိုင်၊ ဆန်ကော၊ ဆန်ကာ၊ ဝါးခမောက်၊ သင်ဖျာစတဲ့ ရိုးရာ လက်မှုလုပ်ငန်းစတဲ့ လုပ်ငန်းမျိုးစုံ အတွက် သတ်မှတ်နှုန်းထားများနဲ့ သက်သာတဲ့အတိုးဖြင့် ထုတ်ချေးပံ့ပိုးပေးခဲ့တယ် လို့သိရပါတယ်။ အဆိုပါချေးငွေ ပံ့ပိုးမှုကြောင့် ဒေသတွင်းရှိလုပ်ငန်းရှင် ၃၀၀ ဦးခန့် လုပ်သား ၂၀၀၀ ကျော်ကို ဝင်ငွေနဲ့အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေတယ်လို့ သိရပါတယ်။

မုံရွာခရိုင် ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ၂၀၁၂-၁၃ နဲ့ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်များအတွင်း မြို့နယ် ရှစ်မြို့နယ်၊ လုပ်ငန်း ၂၀ ခုအတွက် ထုတ်ချေးထားခဲ့တဲ့ ချေးငွေ စာရင်းကျပ်သိန်း ၄၄၀၊ အတိုး ၃၇ ဒသမ သုည ၅သိန်း စုစုပေါင်း အရင်းအတိုး ကျပ်သိန်း ၄၇၇ ဒသမ ၁၅ ကို ယခုနှစ် အောက်တိုဘာလဆန်းက အပြေအကျေပေးသွင်းခဲ့ပြီးဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မိုးပဲရဲဈေးကောင်းရလို့ ချောင်းဦးမြို့နယ်က ဖရဲသခွားမွေးတောင်သူတို့ စိုက်ဖို့ပြင်

ပြီးခဲ့တဲ့ ဖရဲသခွားမွေးရာသီက အထိနာခဲ့တဲ့ ချောင်းဦးမြို့နယ်က ဖရဲသခွားမွေးတောင်သူတွေ ယခုနှစ် မိုးဖရဲဈေးကွက်မှာတော့ မူဆယ်ဈေးကွက်ကောင်းမွန်နေတဲ့ အတွက် မြစ်ရေလွတ်ဒေသ(ကျည်တော)တွေမှာတောင် စိုက်ပျိုးနေကြပြီလို့ ချောင်းဦးမြို့နယ် ဝယာကျေးရွာအုပ်စုမှ ဖရဲစိုက်တောင်သူတွေက ဆိုပါတယ်။

မိုးစိုက်ဖရဲအဖြစ် ပြည်တွင်းရောပြည်ပအထိ ကြိုက်နှစ်သက်တဲ့ ၃၅၅ ဖရဲကို အများဆုံးစိုက်ပျိုးကြပြီး၊ မိုးစိုက်ဖရဲ တစ်ဧကရဲ့ကုန်ကျစရိတ်မှာ ခုနစ်သိန်း ဝန်းကျင်ရှိတယ်လို့ဆိုပါတယ်။

တစ်ဧကကို အပင် ၁၇၀၀ နဲ့ ၂၀၀၀ ကြား စိုက်ပျိုးကြပြီး တစ်ပင်ကို တစ်လုံးသာ ဈေးကွက်ဝင်အသီးအဖြစ် ခူးဆွတ်ရတယ်လို့သိရပါတယ်။ အသီးထွက်ရှိမှုအနေနဲ့ တစ်ဧက ၁၅ တန်မှ ၁၇ တန်ကြားရရှိပြီး ယခုလောလောဆယ် မူဆယ်ဈေးကွက်မှာ တစ်တန် ၂၂၀၀ ယွမ်ရနေတဲ့အတွက် အကျိုးဖြစ်ထွန်းမှုကောင်းမွန်လျက်ရှိတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ရာသီက ဖရဲသခွားတောင်သူအများစု အထိနာခဲ့ကြပြီး၊ ယခုနှစ်စိုက်ပျိုးရာသီမှာလည်း အရင်းအနှီး အခက်အခဲရှိတဲ့အတွက် ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာအုပ်စုမှ ဖရဲ တောင်သူ ၃၀၀ အတွက် တစ်ဦးသုံး သိန်းကျပ်နှုန်းဖြင့် လည်းကောင်း၊ ဝယာ ကျေးရွာမှ ဖရဲတောင်သူ ၃၅ ဦးအတွက် တစ်ဦး ၁၅ သိန်းနှုန်းဖြင့် လည်းကောင်း၊ ကာလတိုချေးငွေရရှိရေး၊ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရ ဇေယျာပဒေသာ ဖောင်ဒေးရှင်းသို့ တင်ပြတောင်းခံ ထားကြတယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# အောက်တိုဘာပထမပတ်အတွင်း ဆန်တန်ချိန် တစ်သောင်းကျော်ထောင်ကျော်တင်ပို့

အောက်တိုဘာလ ၃ ရက်မှ ၉ ရက်ထိကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄ ဒသမ ၈၃၇ သန်းဖိုးရှိ ငစိန်ဆန် ၂၉၈၇ တန်ကျော်နဲ့ ဧည့်မထဆန် ၉၈၇၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။လွယ်ဂျယ်ကုန်သွယ်ရေးစခန်းက ကန်ဒေါ်လာ သုည ဒသမ ၉၀၁ သန်းဖိုးရှိ ငစိန်ဆန် ၂၄၄၄ တန်တင်ပို့ခဲ့ပါတယ်။ဆန်အပြင်ဆန်ကွဲကိုတော့ မူဆယ် (၁၀၅)မိုင်မှ ၃၃၈၇ တန်ခန့် တင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းမှ အောက်တိုဘာလ ၄ ရက်မှ ၁၀ ရက်အထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၉၇ သန်းဖိုးရှိ ဆန်တန်ချိန် ၈၁၉ တန်ကျော်တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၃၁၉ တန်ကျော်၊ ဘယ်လ်ဂျီယန်နိုင်ငံသို့ ဧည့်မထဆန်၁၂၅ တန်၊ ပိုလန်နိုင်ငံသို့ ဇီယာဆန် ၂၂၅ တန် ဂရိနိုင်ငံသို့ ပေါင်းဆန် တန် ၁၅၀ အသီးသီးတင်ပို့ခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၁၅၆ သန်းဖိုးရှိ ဆန်ကွဲ ၅၂၅ တန်ကိုတော့ စင်ကာပူနိုင်ငံသို့ တန် ၅၀ နဲ့ အီးယူနိုင်ငံများသို့ ၄၇၅ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်တင်ပို့မှုစုစုပေါင်းမှာ ၁၆၁၂၈ တန်နဲ့ ဆန်ကွဲ ၃၉၁၂ တန်ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**



# မြို့ကြီးများ၏ ၁၉-၁၀-၂၀၁၅ မှ ၂၃-၁၀-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၉-၁၀-၂၀၁၅) | အင်္ဂါ(၂၀-၁၀-၂၀၁၅) | ဗုဒ္ဓဟူး(၂၁-၁၀-၂၀၁၅) | ကြာသပတေး(၂၂-၁၀-၂၀၁၅) | သောကြာ(၂၃-၁၀-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | ၅၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၃၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၈°F |
| မန္တလေးမြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | ၄၀% ၃၄°C/၉၃°F |
| မြစ်ကြီးနား | နေသာ ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F |
| လားရှိုး | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F |
| ကျိုင်းတုံ | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၈°C/၈၃°F |
| လွိုင်ကော် | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | ၅၀% ၂၇°C/၈၁°F |
| တောင်ကြီး | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၅°F | တိမ်ထူထပ် ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F |
| မော်လမြိုင် | ၅၀% ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F |
| ဘားအံ | ၅၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F |
| တောင်ငူ | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F |
| မုံရွာ | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| ပုသိမ် | ၅၀% ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F |
| မြိတ် | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| စစ်တွေ | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| မကွေး | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| ဖလမ်း | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F |

# ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၍ ပြည်နယ်လေးခုတွင် ရေလွှမ်းမိုးမှုများဖြစ်ပွား

ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ပြည်နယ်လေးခုတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလ ၁၂ ရက်နေ့က စတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ နာခွန်းနာယွတ်၊ ပါချင်းဘူရီ၊ ရာယွန်နှင့်အာဘွန်ရာချတ်ဌာန ပြည်နယ်တို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

"မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် ပြည်နယ်လေးခုမှာရှိတဲ့ ခရိုင်ကြီးရှစ်ခုမှာ ရေလွှမ်းမိုးခဲ့ပါတယ်။ နှစ်ရက်နီးပါး မိုးရွာသွန်းခဲ့ပြီး ပြည်နယ်အတွင်း ဖြတ်သန်းစီးဆင်းနေတဲ့ မြစ်ချောင်းတွေကနေ မြစ်ရေတွေ မြင့်တက်လာတာကြောင့် ရေလွှမ်းမိုးမှုတွေ ဖြစ်ပေါ်ခဲ့ရတာပါ။ မိုးတိတ်သွားပေမယ့်လည်း ရေက တင်ကျန်နေခဲ့တာကြောင့် အဲဒီဒေသက ပြည်သူတွေဟာ ရေ လွှမ်းမိုးမှုကို ခံစားခဲ့ရပါတယ်"ဟု သဘာဝဘေး အန္တရာယ် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဦးစီးဌာန မှ ညွှန်ကြားရေးမှူးချုပ် ချတ်ချိုင်းဖုန်မာလတ်က ပြောကြားခဲ့သည်။

ထို့ပြင် ထိုင်းနိုင်ငံ မြောက်ပိုင်း၊ အရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် အလယ်ပိုင်းလွင်ပြင်ဒေသများတွင် မိုးဆက်လက်ရွာသွန်းနိုင်ပြီး ရေလွှမ်းမိုးမှုများ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်းဖြင့် ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ အထက်ပိုင်းဒေသများတွင် လေဖိအားများ ပိုမိုများပြားလာမှုကြောင့် မုတ်သုံရာသီကာလတစ်လျှောက်လုံး မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးကြိုးမုန်တိုင်းများ တိုက်ခတ်ခြင်း၊ လေပွေလှိုင်းများ တိုက်ခတ်ခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အထူးသဖြင့် အလယ်ပိုင်းလွင်ပြင်ဒေသ၊ အရှေ့ပိုင်းဒေသ၊ တောင်ဘက်ပိုင်းဒေသများတွင် ယခုနှစ်မုတ်သုံရာသီကာလ၌ မိုးသည်းထန်စွာ ရွာသွန်းမှုများ ပိုမိုဖြစ်ပေါ်ခဲ့ကြောင်း ချတ်ချိုင်းက ထပ်မံပြောကြားခဲ့သည်။ ထို့ပြင် ထိုင်းနိုင်ငံ၏မြို့တော် ဗန်ကောက်မြို့တွင်လည်း အောက်တိုဘာလ ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြို့လယ်လမ်းများတစ်လျှောက် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

**မယ်သီတာ**




# အင်အားပြင်းထန်သည့် တိုင်ဖွန်းမုန်တိုင်းကော့ပူ ဖိလစ်ပိုင်နိုင်ငံ အနောက်ပိုင်းသို့ ဦးတည်လျက်ရှိ

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်လျက်ရှိသည့် အင်အားပြင်းထန်သည့် တိုင်ဖွန်းမုန်တိုင်းကော့ပူသည် ဖိလစ်ပိုင်နိုင်ငံအနောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ရန် ဦးတည်လျက်ရှိကြောင်း ကမ္ဘာ့မိုးလေဝသသတင်းဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါ အင်အားပြင်းမုန်တိုင်း ကော့ပူသည် ဖိလစ်ပိုင်နိုင်ငံ၊ အော်ရိုရာပြည်နယ်၏ အရှေ့ဘက် ကီလိုမီတာ ၅၈၅ အကွာပင်လယ်ပြင်ကို ဗဟိုပြုကာ ဖိလစ်ပိုင်နိုင်ငံ အရှေ့မြောက်ပိုင်းသို့ တစ်နာရီလျှင် ၁၈မိုင်နှုန်းဖြင့် ရွေ့လျားလျက်ရှိကြောင်း ဖိလစ်ပိုင်မိုးလေဝသသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်များအရ ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့ရှိ ပြည်နယ် ၂၂ ခုတို့တွင် မိုးလေဝသသတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါပြည်နယ် ၂၂ခုအတွင်း နေထိုင်ကြသည့်ပြည်သူများအနက် မုန်တိုင်းဖြတ်သန်းသွားမည့်လမ်းကြောင်း တစ်လျှောက်တွင် နေထိုင်ကြသည့် ပြည်သူ နှစ်သန်းကျော်အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှတာဝန်ရှိသူများကကြေညာထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ကလည်း မုန်တိုင်းဖြတ်သန်းသွားရာလမ်းကြောင်းရှိ ဒေသခံပြည်သူ ၁၂၀၀၀အတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန်အသင့်ဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုအဖွဲ့မှ အမှုဆောင် ဒါရိုက်တာတစ်ဦးဖြစ်သူ အက်လဇန္ဒားပါးမားက "ကျွန်တော်တို့အနေနဲ့ ဒီမုန်တိုင်းတိုက်ခတ်လာရင် ရင်ဆိုင်ရမယ့်အခြေအနေတွေ အားလုံးကို သုံးသပ်ပြီး စစ်တပ်နဲ့ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ဖို့ အားလုံးအသင့်ဖြစ်နေပါပြီ။ ကယ်ဆယ်ရေး အလုပ်သမားတွေ၊ စေတနာ့ဝန်ထမ်းကယ် ဆယ်ရေးသမားတွေကိုလည်း နှိုးဆော်ထားပြီးပါပြီ"ဟုပြောကြားခဲ့သည်။

အဆိုပါမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ချိန်တွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၃၀ ကီလိုမီတာနှုန်း ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

ဖိလစ်ပိုင်သမ္မတ ဘင်ဂျီနိုအကွီနိုကလည်း တိုင်ဖွန်းမုန်တိုင်း ကော့ပူတိုက်ခတ်လာမည့်အရေးအတွက် စိုးရိမ်ပူပန်မိကြောင်း၊ ဒေသခံများအနေဖြင့် မုန်တိုင်းလွတ်ရာဒေသသို့ အမြန်ဆုံးရှောင်ရှားနေထိုင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် နိုင်ငံပိုင်ရေဒီယိုမှတစ်ဆင့် တိုက်တွန်းပြောကြားခဲ့သည်ဟု ဆိုသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.40 Monday October 19 2015

## ကမ္ဘောဇကစားသမား သိန်းနိုင်ဦးအား ဧရာဝတီအသင်း စာချုပ်ချုပ်ဆို

ဧရာဝတီယူနိုက်တက် ဘောလုံးအသင်းသည် မြန်မာ့လက်ရွေးစင် ယူ-၂၃ ကစားသမားတစ်ဦးဖြစ်သူ ကမ္ဘောဇအက်ဖ်စီဘောလုံးအသင်းမှ သိန်းနိုင်ဦးအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် အောက်တိုဘာ ၆ရက်က စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

မြန်မာ ယူ-၂၃အသင်း၏ ကစားသမားတစ်ဦးဖြစ်သူ သိန်းနိုင်ဦးသည် ဧရာဝတီယူနိုက်တက်အသင်း၏ လူငယ်အသင်းတွင် ကစားခဲ့သည့်လူငယ်ကစားသမားတစ်ဦးဖြစ်သည်။

"ကျွန်တော့်အနေနဲ့ အသင်းဟောင်းကို ပြန်လာရတာ ပျော်ပါတယ်။ ဧရာဝတီယူနိုက်တက်နဲ့အတူ အောင်မြင်မှုတွေလည်း ရယူချင်ပါတယ်။ ဧရာဝတီယူနိုက်တက်မှာကစားရင်းမြန်မာ့လက်ရွေးစင်ကစားသမား တစ်ယောက်ဖြစ်အောင်လည်း ကြိုးစားသွားမှာပါ" ဟု ၎င်းက ပြောကြားခဲ့သည်။

ဧရာဝတီယူနိုက်တက် အသင်းအနေဖြင့် သိန်းနိုင်ဦးအား သုံးနှစ်သက်တမ်းရှိစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ခုနှစ် အောက်တိုဘာ ၃၁ ရက်မှသာ ၎င်း၏စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ ယူ-၂၀ အမျိုးသမီး ဘောလုံးအသင်း ဖွဲ့စည်း

လာမည့် နိုဝင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ၌ကျင်းပမည့်ဗီယက်နမ်အမျိုးသမီး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းကို ပဏာမ ကစားသမား ၂၅ ဦးဖြင့်စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

ယင်းလူစာရင်းထဲတွင် အိုလံပစ်ခြေစစ်ပွဲဝင်ခဲ့သည့် လက်ရွေးစင်အသင်းမှ ကစားသမားအချို့ပါဝင်ခဲ့ပြီး ယူ-၁၉ မှကစားသမားများလည်း ပါဝင်ကြကြောင်းသိရသည်။

ဗီယက်နမ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်း လေးသင်းပါဝင်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။

စတင်လေ့ကျင့်နေပြီဖြစ်သော မြန်မာ ယူ-၂၀ အသင်းတွင်(ဂိုး)-သန္တာဦး၊ မေဇင်နွယ်၊ ခင်သီတာအေး၊ (နောက်တန်း)- ငယ်ငယ်ထွေး၊ ခင်သန်းဝေ၊ ချစ်ချစ်၊ ငုဝါသဲ၊ ဇင်မာထွန်း၊ ခင်ပြည့်လင်း၊ လဲ့လဲ့လှိုင်၊ အေးအေးမိုး၊ ခင်ဇာဇာဝင်း၊ ခင်မာကြည်၊ (အလယ်တန်း)- မေစပယ်ဖူး၊ ရူပါခိုင်၊ အိရတနာဖြိုး၊ သင်းသင်းယု၊ အေးမျိုးမြတ်၊ ခင်မို့မို့ထွန်း၊ ဖြူနှင်းသွယ်၊ (ရှေ့တန်း) မေသူကျော်၊ လှယဉ်ဝင်း၊ ဝင်းသီရိထွန်း၊ ဂျူလိုင်ကျော်၊ နီလာဝင်းတို့ဖြစ်ကြသည်။ မြန်မာယူ-၂၀အမျိုးသမီးအသင်းအတွက် နည်းစနစ်အကြံပေးအဖြစ် ဦးအေးမောင်ကြီးအား တာဝန်ပေးခန့်အပ်ထားပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းအား ခန့်အပ်တာဝန်ပေးထားကြောင်း သိရသည်။

# ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုပွဲစဉ်တွင် လာအိုအသင်းကို အနိုင်ရရှိခဲ့၍ မြန်မာ့လက်ရွေးစင်အသင်း အုပ်စုတွင်းအဆင့်(၄)သို့ ပြန်လည်တက်ရောက်လာ



၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အုပ်စုတွင်းပွဲစဉ်များအဖြစ် လာအိုဘောလုံးအသင်းနှင့်ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ ဆူပါချလာဆိုင်းအားကစားကွင်း၌ အောက်တိုဘာ ၁၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာ့လက်ရွေးစင်အသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

လာအိုနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့သဖြင့် မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုတွင်းအဆင့်လေးသို့ ပြန်လည် တက်ရောက်နိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးများကို ဆမ်လန်မန်(၁၃မိနစ်)၊ ကျော်ကိုကို(၃၂မိနစ်)၊ အောင်သူ(မိနစ် ၅၀)တို့က သွင်းယူပေးခဲ့သည်။

အဆိုပါပွဲတွင်ပွဲချိန်တော်တော်များများ ခြေစွမ်းပြနိုင်ခဲ့သည့် အောင်သူနှင့် ဆမ်မန်လန်တို့ရရှိခဲ့သည့် သွင်းဂိုးများမှာ မြန်မာ့လက်ရွေးစင်အသင်းကြီးတွင် ၎င်းတို့၏ပထမဆုံးသွင်းဂိုးများပင်ဖြစ်သည်။

"မြန်မာအသင်း ကစားပြီးခဲ့တဲ့ ပွဲစဉ်နှစ်ပွဲစလုံးမှာ စွမ်းဆောင်မှု သိသိသာသာ ကောင်းလာပါတယ်။ ဒါပေမယ့် အသင်းမှာ အဆုံးသတ်သေချာဖို့ လိုနေပါသေးတယ်။ ဒုတိယပိုင်းမှာ တစ်ဦးချင်း အမှားတွေရှိခဲ့လို့ ကစားပုံသိပ်မကောင်းခဲ့ပါဘူး။ ဒီနေ့ပွဲမှာ အသင်းက ဘယ်ကစားသမားကိုမှ အကြိုက်ဆုံးလို့ မပြောချင်ပါဘူး။ တစ်ဦးချင်းစီကို အထူးချီးမွမ်းဖို့ မလိုပါဘူး။ အသင်းလိုက် အားလုံးကြိုးစားခဲ့လို့ အနိုင်ရရှိခဲ့တာပါ"ဟု မြန်မာအသင်းနည်းပြချုပ် အေဗရာမိုဗစ်ချ်ကပြောကြားခဲ့သည်။

**အုပ်စု(ဆ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| တောင်ကိုရီးယား | ၄ | ၄ | ၀ | ၀ | ၁၄ | ၀ | ၁၂ |
| ကူဝိတ် | ၅ | ၃ | ၁ | ၁ | ၁၂ | ၁ | ၁၀ |
| လက်ဘနွန် | ၅ | ၂ | ၁ | ၂ | ၆ | ၆ | ၇ |
| မြန်မာ | ၅ | ၁ | ၁ | ၃ | ၅ | ၁၆ | ၄ |
| လာအို | ၅ | ၀ | ၁ | ၄ | ၃ | ၁၇ | ၁ |



**ကျော်မင်းဦး၏ အပြောင်းအရွှေ့ နောက်ဆုံးအဆင့်ညှိနှိုင်းရန်သာကျန်ရှိ အသင်းတာဝန်ရှိသူများသို့ တောင်းပန်စကားဆို**

မြန်မာ့လက်ရွေးစင် အသင်း၏ ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သူ ဧရာဝတီယူနိုက်တက်အသင်း ကစားသမား ကျော်မင်းဦး၏အပြောင်းအရွှေ့နှင့်ပတ်သက်၍ ၎င်းအားခေါ်ယူမည့်အသင်းနှင့် နောက်ဆုံးအဆင့်ညှိနှိုင်းရန်သာကျန်ရှိတော့ကြောင်း သိရသည်။

ကျော်မင်းဦးနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့၏ စာချုပ်သက်တမ်းသည် လာမည့် နိုဝင်ဘာလအတွင်းကုန်ဆုံးမည်ဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်ထိပ်သီး ကလပ်အသင်း တစ်သင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိထားပြီဖြစ်သည်ဟု သိရသည်။

"ကျွန်တော်တို့အနေနဲ့ ကလပ်အသင်း နှစ်သင်းကြား ဆွေးနွေးထားတာ ပထမအဆင့်ပြီးသွားပါပြီ။ နောက်ဆုံးအဆင့် ဆွေးနွေးဖို့ပဲ ကျန်ပါတော့တယ်။ အပြောင်းအရွှေ့ အဆင်ပြေအောင်ဆောင်ရွက်ပေးသွားမှာပါ" ဟု ဧရာဝတီယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်အတွင်းက ဧရာဝတီယူနိုက်တက်အသင်းတွင် နေထိုင်ရမှုများနှင့်ပတ်သက်၍ အသင်းအားဝေဖန်ခဲ့သည့်ကျော်မင်းဦးအား အသင်းမှ ဒဏ်ကြေးငွေ ကျပ်သိန်း ၂၀၀ ဒဏ်ရိုက်ခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ကျော်မင်းဦးက ၎င်း၏အသင်းမှတာဝန်ရှိသူများနှင့် အသင်းပိုင်ရှင်များအား တောင်းပန်စကားဆိုခဲ့ကြောင်း သိရသည်။ ဧရာဝတီယူနိုက်တက် အသင်းအနေဖြင့်လည်း ကစားသမားက တောင်းပန်ခဲ့ပါက ချမှတ်ထားသောပြစ်ဒဏ်အားနှစ်ဦးနှစ်ဖက် ပြေလည်အောင်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသင်း၏ တရားဝင်ဖေ့စ်ဘုတ်စာမျက်နှာမှတစ်ဆင့် ထုတ်ပြန် ကြေညာခဲ့သည်။

# ကစားသမားဘဝမှ နားရသည်အထိ ငြိမ်းချမ်းအောင်၏ဒဏ်ရာ ပြင်းထန်မှုရှိနေ

ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား ငြိမ်းချမ်းအောင်၏ ဒဏ်ရာအနေအထားမှာ ကစားသမားဘဝမှ နားရသည်အထိ ပြင်းထန်မှုရှိသည်ဟု ရန်ကုန်ယူနိုက်တက်အသင်းမန်နေဂျာ ဦးမြင့်သိန်းက ပြောကြားလိုက်သည်။

ငြိမ်းချမ်းအောင်သည် ပြီးခဲ့သည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဥရောပခြေစမ်းခရီးစဉ်တွင် ဒူးအရွတ်ဒဏ်ရာရရှိခဲ့ပြီး ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံတွင် သွားရောက်ကုသမှုခံယူခဲ့ကာ လာမည့်နိုဝင်ဘာလတွင် အဆိုပါဆေးရုံသို့ ထပ်မံသွားရောက်ပြသရမည်ဖြစ်သည်။

"ငြိမ်းချမ်းအောင်ရဲ့ ဒဏ်ရာက ကစားသမားဘဝမှ



နားရနိုင်တဲ့အထိ ပြင်းထန်ခဲ့တာပါ။ အခုတော့ နည်းနည်းသက်သာနေပါပြီ။ အသင်းနဲ့လေ့ကျင့်ခန်း မလုပ်နိုင်သေးပေမယ့် သူ့ဘာသာ အပေါ့စားပုံစံမျိုး Gym ခန်းမှာတော့ ပြန်လုပ်နေပါပြီ။ ဖြစ်ဖြစ်ချင်းကတော့ တော်တော်ဆိုးပါတယ်။ ဒဏ်ရာရနေလျက်နဲ့ ပွဲကစားတော့ ပိုဆိုးသွားတာပါ။ သူ့ကစားသမားဘဝနားရမယ့်အခြေအနေအထိ စိုးရိမ်ခဲ့ရတာပါ။ အဖွဲ့ချုပ်ကပဲ သူ့ကို တာဝန်ယူပြီးဗန်ကောက်မှာ ပြသပေးနေတာပါ။နောက်လမှာ ထပ်ပြရပါမယ်။ ပြန်ကစားနိုင်ဖို့ကတော့ သူ့ရဲ့လေ့ကျင့်မှုနဲ့ ဖွဲ့ရှိဖို့လိုပါတယ်"ဟု ဦးမြင့်သိန်းက ပြောကြားခဲ့သည်။

ငြိမ်းချမ်းအောင်သည် မနောမြေလူငယ်အသင်းမှ ပေါ်ထွက်လာသည့် လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင်အသင်းများ၌ ရွေးချယ်ခံခဲ့ရကာ လက်ရွေးစင်အဆင့်ပွဲပေါင်း ၂၆ပွဲ၌ ကိုးဂိုးအထိ သွင်းယူပေးထားသည့် ကစားသမားတစ်ဦးဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ငြိမ်းချမ်းအောင်ကို ၂၀၁၅ ဘောလုံးရာသီတွင် မနောမြေအသင်းမှ ခေါ်ယူခဲ့သော်လည်း၂၀၁၅ ဘောလုံးရာသီအတွင်း တစ်ပွဲမှပါဝင်ကစားပေးနိုင်ခြင်း မရှိသေးပေ။

# မြန်မာ ယူ-၂၁ အသင်းအား မြန်မာယူ-၁၉နည်းပြ ဂတ်ဆီဇီကိုင်တွယ်မည်

လူငယ်ဘောလုံးသမားများကို မွေးထုတ်ပေးရာတွင် ထူးချွန်ပြောင်မြောက်သည့် ဂျာမန်လူမျိုးနည်းပြ ဂတ်ဆီဇီသည် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် အာရှ ယူ-၁၉ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲတွင် မြန်မာ ယူ-၁၉အသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင် မှုမရသဖြင့် မြန်မာယူ-၂၁ ဘောလုံးအသင်းအား ကိုင်တွယ်ခွင့်ရရန် တောင်းဆိုခဲ့ရာ ဦးဇော်ဇော်က ဂတ်ဆီဇီကို မြန်မာယူ-၂၁ အသင်းအား ရေရှည်စီမံကိန်းဖြင့်ကိုင်တွယ်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

"မြန်မာ ယူ-၂၁ အသင်းကို သေသေချာချာ ပြင်ဆင်ပြီး ကိုင်တွယ်သွားမှာပါ။ အသစ်ဖွဲ့စည်းမယ့်မြန်မာ ယူ-၂၁ အသင်းအနေနဲ့ ပထမဆုံးခြေလှမ်းအဖြစ် ဗီယက်နမ်နိုင်ငံမှာ ကျင်းပမယ့် Thanh Nien ယူ-၂၁ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲမှာ အောင်မြင်မှုကြီးကြီးမားမား ရရှိအောင်ဆောင်ရွက်သွားမှာပါ။ မြန်မာ ယူ-၂၁ အသင်းကို ထိပ်သီးဘောလုံးအသင်းတစ်သင်းဖြစ်လာသည်အထိ သေသေချာချာ ပြင်ဆင်ပြီး အကောင်အထည်ဖော်သွားမှာပါ"ဟု ဂတ်ဆီဇီက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ဂတ်ဆီဇီကို မြန်မာ ယူ-၂၁အသင်းအား ၂၀၁၇ ခုနှစ်အတွင်းကျင်းပမည့် မလေးရှားဆီးဂိမ်းဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားသည်အထိ ကိုင်တွယ်သွားစေမည်ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၂၁အသင်းကို ဖွဲ့စည်းရာတွင် မြန်မာ ယူ-၁၉ ဘောလုံးအသင်းမှ ကစားသမားကိုးဦးနှင့် ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ ယူ-၂၀ ဘောလုံးအသင်းမှ အဓိက ကစားသမားအချို့ဖြင့် ပူးပေါင်းဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

Thanh Nien ယူ-၂၁ ဖိတ် ခေါ်ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ထိုင်း၊ တောင်ကိုရီးယား၊ မလေးရှား၊ ဩစတြေးလျနှင့် ဗီယက်နမ် စသည့်အသင်းများ ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

# ဆာဘော်ဘီချာလ်တန်က ဝိန်းရူနီကို ရွှေဖိနပ်ဆုချီးမြှင့်

## အင်္ဂလန်နိုင်ငံတစ်ဝန်းလုံးတွင် ဂိုးသွင်းအများဆုံးဖြစ်၍ ချီးမြှင့်ရခြင်းဖြစ်ဟုဆို




အင်္ဂလန်နိုင်ငံ၏ ကမ္ဘာကျော် ဘောလုံးသူရဲကောင်း ဆာဘော်ဘီချာလ်တန်က အင်္ဂလန်လက်ရွေးစင်တိုက်စစ်မှူး ဝိန်းရူနီအား ရွှေဖိနပ်ဆုကို ချီးမြှင့်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

ဝိန်းရူနီသည် အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝဖြင့် နိုင်ငံအတွက် သွင်းဂိုးပေါင်း ၅၀ ပြည့်မြောက်ခဲ့သဖြင့် ဆာဘော်ဘီချာလ်တန်က ရွှေဖိနပ်ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရူနီသည် အင်္ဂလန်ယူ-၁၅အသင်းတွင် ၂၀၀၀ပြည့်နှစ်နှင့် ၂၀၀၁ခုနှစ်တို့တွင်ပါဝင်ကစားခဲ့ပြီး လေးပွဲကစားခဲ့ရာ နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ သူသည် အင်္ဂလန် ယူ-၁၇ လက်ရွေးစင်အသင်းတွင် ၂၀၀၁-၀၂ခုတို့တွင် ပါဝင်ကစားခဲ့ရာ ပွဲပေါင်း ၁၂ ပွဲတွင် ခုနစ်ဂိုးသွင်းယူပေးခဲ့သည်။

ထို့ပြင် ရူနီသည် အင်္ဂလန်လက်ရွေးစင်အသင်းကြီးတွင် ၂၀၀၃ခုနှစ်မှစတင်၍ ပါဝင်ကစားခဲ့ရာ ပွဲပေါင်း ၁၀၇ ပွဲတွင် သွင်းဂိုးပေါင်း ၅၀အထိ ရှိလာခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်သည့် ရူနီကို အောက်တိုဘာလ ၉ ရက်နေ့က လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဥရောပဖလားခြေစစ်ပွဲ အက်စ်တိုးနီးယားနှင့်ပွဲတွင် အဆိုပါရွှေဖိနပ်ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ရူနီသည် ပြီးခဲ့သည့်လအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဥရောပချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်ဖြစ်သည့် ဆွစ်ဇာလန်နှင့်ပွဲတွင် ပင်နယ်တီတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး အဆိုပါပွဲတွင် သွင်းယူခဲ့သည့်ဂိုးကြောင့် ဂိုးပေါင်း ၅၀ ပြည့်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် အောက်တိုဘာ ၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အက်စ်တိုးနီးယားနှင့်ပွဲတွင်မူ ဒဏ်ရာရရှိနေသဖြင့် ပါဝင်နိုင်ခဲ့ခြင်း မရှိပေ။

ဆာဘော်ဘီချာလ်တန်က ချီးမြှင့်ခဲ့သည့် အဆိုပါရွှေဖိနပ်ဆုသည် ရွှေ ၂၄ ကာရက်အပြည့်ရှိသည့်ရွှေပြားများခတ်၍ ပြုလုပ်ထားခြင်းဖြစ်သည်။

ထို့ပြင် သွင်းဂိုးပေါင်း ၅၀ပြည့်မြောက်ခဲ့သည့် ဆွစ်ဇာလန်နှင့်ပွဲအပြီးတွင်လည်း အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရွိုင်းဟော့ဆန်က ရူနီအား Rooney 50 ဟု စာတမ်းထိုးထားသည့် အထူးရှပ်အင်္ကျီတစ်ထည်ကိုလည်း လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါရွှေဖိနပ်ဆုကို ချီးမြှင့်ခံရပြီးနောက် ရူနီသည် အင်္ဂလန်လက်ရွေးစင်အသင်း၏ အဝတ်လဲခန်းအတွင်းသို့ ရောက်ရှိလာပြီး "အခုလိုဆုချီးမြှင့်ခံရတဲ့အတွက် အသင်းဖော်တွေတစ်ယောက်ချင်းစီကို ကျေးဇူးတင်ပါတယ်။ နည်းပြတွေ၊ကစားသမားတွေ၊ ဝန်ထမ်းတွေ ကျွန်တော်နဲ့အတူတူ ကာလရှည်လက်တွဲခဲ့ကြတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

# ပလာတီနီအား ရက်ပေါင်း ၉၀ ပိတ်ပင်ပြီးနောက် ဖီဖာဥက္ကဋ္ဌအဖြစ် ယူအီးအက်ဖ်အေက ရှိတ်ဆေလ်မန်အား အဆိုပြုလျှာထား



ယူအီးအက်ဖ်အေ ဥက္ကဋ္ဌ မီချယ်ပလာတီနီအား တာဝန်မှ ရက်ပေါင်း ၉၀ ရပ်ဆိုင်းပြီးနောက် ယူအီးအက်ဖ်အေသည် ရှိတ်ဆေလ်မန်အား ဖီဖာဥက္ကဋ္ဌလောင်းအဖြစ် အဆိုပြုလျှာထားခဲ့ကြောင်း သိရသည်။

ရှိတ်ဆေလ်မန်အား လျာထားခြင်းမပြုမီ ယူအီးအက်ဖ်အေသည် ပလာတီနီအား ရက်ပေါင်း ၉၀ ပိတ်ပင်ခံထားရသည့် ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ပလာတီနီအား ထောက်ခံသည့်လုပ်ရပ်များကိုပါ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ယူအီးအက်ဖ်အေအနေဖြင့် ပလာတီနီအား ဖီဖာကျင့်ဝတ်ထိန်းသိမ်းရေးအဖွဲ့စွပ်စွဲထားသည့်အတိုင်း ဖြစ်ပေါ်နေပါက ထောက်ခံထားမှုအားရုပ်သိမ်းသွားမည်ဟု ပြောကြားခဲ့ပြီးနောက် ယခုကဲ့သို့ ဆေလ်မန်အား ဥက္ကဋ္ဌအဖြစ် လျာထားခဲ့ခြင်းဖြစ်သည်။

၅၄နိုင်ငံပါဝင်သည့် ယူအီးအက်ဖ်အေအဖွဲ့ဝင်များသည် ပလာတီနီက ဆပ်ဘလတ္တာအား ပေါင် ၁ဒသမ ၃၅သန်းပေးချေခဲ့ခြင်းအား ရိုးဖြောင့်ခြင်းမရှိဟု ဖီဖာစုံစမ်းရေးအဖွဲ့များက စွပ်စွဲထားခြင်းကို ချေဖျက်ရန်ကြိုးစားခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ယူအီးအက်ဖ်အေအနေဖြင့် ဖီဖာဥက္ကဋ္ဌလောင်းစာရင်းတင်သွင်းရန် နောက်ဆုံးရက်ဖြစ်သည့် အောက်တိုဘာ ၂၆ ရက်မတိုင်မီ ရှိတ်ဆေလ်မန်အား ဥက္ကဋ္ဌလောင်းအဖြစ် လျာထားခဲ့ခြင်းဖြစ်သည်။

ရှိတ်ဆေလ်မန်သည် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တစ်ဦးဖြစ်ပြီး ဘာရိန်းနိုင်ငံသားတစ်ဦးဖြစ်သည်။



## ၂၀၀၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် မန်စီတီးအသင်း အမြတ်ငွေစတင်ရရှိ

မန်စီတီးအသင်းသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ်အဖြစ် အမြတ်ငွေရရှိခဲ့ပြီဖြစ်ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါအမြတ်ငွေသည် မန်စီတီးအသင်းပိုင်ရှင် ကာတာသန်းကြွယ်သူဌေး ရှိတ်မန်ဆာလက်ထက်တွင်ပထမဦးဆုံးအကြိမ်ရရှိခဲ့သည့် အမြတ်ငွေလည်းဖြစ်သည်ဟုဆိုသည်။

မန်စီတီးအသင်းအား ရှိတ်မန်ဆာဝယ်ယူလိုက်သည့်နှစ်မှစတင်ကာ အသင်းအနေဖြင့် နှစ်စဉ် အရှုံးနှင့်ရင်ဆိုင်နေရသည်။ သို့သော် ယခုနှစ်ဘောလုံးရာသီတွင် အမြတ်ငွေများစတင်ရရှိခဲ့ပြီးနောက် လာမည့်နှစ်များတွင်လည်း အမြတ်ငွေများရရှိနိုင်မည်ဟု ယုံကြည်ကြောင်း မန်စီတီးအသင်းကသတင်းထုတ်ပြန်ခဲ့သည်။

မန်စီတီးအသင်းသည် ၂၀၁၀-၁၁ ဘောလုံးရာသီတွင် ပေါင် ၁၉၇ သန်း ရှုံးခဲ့ပြီး ၂၀၁၁-၁၂ ဘောလုံးရာသီတွင် ပေါင် ၉၈သန်း၊ ၂၀၁၂-၁၃ဘောလုံး ရာသီတွင် ပေါင် ၂၃ သန်းစသည်ဖြင့် အရှုံးငွေပမာဏအား နှစ်စဉ်လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

သို့သော်ယခု ၂၀၁၄-၁၅ ဘောလုံး ရာသီတွင် ဝင်ငွေ ပေါင် ၃၅၂သန်းရှာဖွေရရှိခဲ့ပြီး ကဏ္ဍအရပ်ရပ်အတွက် အခွန်ငွေများပေးဆောင်အပြီးတွင် အမြတ်ငွေ ပေါင် ၅ဒသမ၃သန်းရရှိခဲ့ကြောင်း မန်စီတီးအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။

# အဝတ်လဲခန်းအတွင်း ချော်လဲခဲ့ရသဖြင့် ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသည့် ကနေဒါတင်းနစ်မယ် ဘူချတ်ဒ်က အမေရိကန်တင်းနစ်အဖွဲ့ချုပ်ကို တရားစွဲဆို



ကနေဒါတင်းနစ်မယ် ဘူချတ်ဒ်သည် ပြီးခဲ့သည့် ယူအက်စ်အိုးပင်းဂရင်းဆလင်း တင်းနစ်ပြိုင်ပွဲ၏ အဝတ်လဲခန်းအတွင်း ချော်လဲခဲ့ရသဖြင့် ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသည့်အတွက် အမေရိကန် တင်းနစ်အဖွဲ့ချုပ်ကို တရားစွဲဆိုထားကြောင်း သိရသည်။

အသက် ၂၁နှစ်အရွယ်ရှိ ကနေဒါတင်းနစ်မယ် ဘူချတ်ဒ်သည် စက်တင်ဘာလ ၄ရက်နေ့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ယူအက်စ်အိုးပင်းဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲတွင် အဝတ်လဲခန်းအတွင်း၌ချော်လဲကျကာ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ဘူချတ်ဒ်သည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်း ပွဲစဉ်များနှင့် နှစ်ယောက်တွဲပွဲစဉ်များမှပါ နုတ်ထွက်ခဲ့ရသည်။

အဆိုပါ ယူအက်စ်အိုးပင်းပြိုင်ပွဲအပြီးတွင်လည်း ဘူချတ်ဒ်၏ ဦးခေါင်းဒဏ်ရာမှာ သက်သာခြင်းမရှိသည့်အတွက် ဂျပန်အိုးပင်း၊ ဝူဟန်အိုးပင်း၊ တရုတ်အိုးပင်းနှင့် ဟောင်ကောင်အိုးပင်းပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်ခဲ့ပေ။

ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်သည့်အတွက် ဘူချတ်သည် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် အဆင့် ၁၃ နေရာသို့ ရောက်ရှိသွားခဲ့သည်။

ဘူချတ်ဒ်၏ ရှေ့နေများသည် ဘူချတ်ဒ်အနေဖြင့် ယူအက်စ်အိုးပင်းတွင်ဖြစ်ပွားခဲ့ရသည့် ဖြစ်ရပ်ကြောင့် ဦးခေါင်းတွင်ဒဏ်ရာရရှိခဲ့သဖြင့် ပြိုင်ပွဲအရပ်ရပ်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်များ ဆုံးရှုံးခဲ့ရကြောင်း၊ ထို့အတွက်ကြောင့် နစ်နာကြေးများရရှိသင့်ကြောင်း အမေရိကန်တင်းနစ်အဖွဲ့ချုပ်သို့ တင်ပြတောင်းဆိုထားကြောင်း သိရသည်။

ထို့ပြင် ဘူချတ်ဒ်၏ ရှေ့နေများက အဝတ်လဲခန်း၏ ကြမ်းပြင်များသည် အလွန်ချောမွတ်နေသဖြင့် ဘူချတ်ဒ်အနေဖြင့် ခြေချော်လဲကျခဲ့ကာ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အခန့်မသင့်ပါက အသက်အန္တရာယ်ရရှိနိုင်သည်အထိ ဖြစ်နိုင်ကြောင်း စွပ်စွဲပြောဆိုထားသည်။

အမေရိကန်တင်းနစ်အဖွဲ့ချုပ်နှင့် ယူအက်စ်တီအေတင်းနစ်စင်တာတို့မှ တာဝန်ရှိသူများကမူ ၎င်းတို့အနေဖြင့် စွဲချက်များကို စောင့်ကြည့်ပြီးမှသာ ပြန်လည်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# ProPak Myanmar 2015 ပြပွဲမှသည် မြန်မာ့စားသောက်ကုန်လုပ်ငန်းများ ဖွံ့ ဖြိုးတိုးတက်ရေးသို့

|တင်မာကြည်|




ကျွန်မတို့မြန်မာနိုင်ငံဟာ လယ်ယာစီးပွားကို အခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့ စိုက်ပျိုးရေးလုပ်ငန်းဟာ ဝင်ငွေအများဆုံးရစေတဲ့လုပ်ငန်းဖြစ်ပြီး နိုင်ငံ GDP ရဲ့ ၅၀ရာခိုင်နှုန်းခန့်ရှိပါတယ်။ နိုင်ငံလူဦးရေရဲ့ ၇၀ရာခိုင်နှုန်းကိုလည်း အလုပ်အကိုင်ရရှိစေပါတယ်။ လက်ရှိအချိန်မှာ စိုက်ပျိုးရေးဆိုင်ရာစားသောက်ကုန်တွေကို တန်ချိန်သန်းပေါင်း ၅၅ ကနေ ၆၀ အထိ နှစ်စဉ်ထုတ်လုပ်ရာမှာ အရင်းအနှီး၊ ခေတ်မီစက်ပစ္စည်းနဲ့ နည်းပညာတွေ လိုအပ်နေပါတယ်။ဒီနေ့အချိန်မှာ မြန်မာနိုင်ငံဟာ ပြောင်းလဲလာတဲ့ စီးပွားရေးမူဝါဒ၊ သယံဇာတကြွယ်ဝမှု၊ တည်ရှိတဲ့ပထဝီအနေအထားတွေအရ နိုင်ငံတကာ ကုမ္ပဏီကြီးတွေအတွက် ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားစရာကောင်းတဲ့ ဈေးကွက်တစ်ခုဖြစ်နေပါတယ်။ ပြည်တွင်းကုမ္ပဏီတချို့လည်း ခေတ်မီစက်ပစ္စည်းတွေ ဝယ်ယူ တပ်ဆင်တာတွေ၊ အဆင့်မြင့်နည်းပညာတွေနဲ့ ကုန်ပစ္စည်းထုတ်လုပ်လာတာတွေပြုလုပ်ရင်း ပြည်တွင်း၊ ပြည်ပ စားသောက်ကုန်လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်အောင် ကြိုးပမ်းနေပါတယ်။

ဒီလိုအခြေအနေမှာ မြန်မာနိုင်ငံရဲ့ အနာဂတ်စက်မှုလက်မှုလုပ်ငန်းတွေကို ပြုပြင်ထုပ်ပိုးမှု နည်းပညာသစ်တွေနဲ့ အားသစ်လောင်းပေးမယ့် "ဒုတိယအကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ ထုတ်လုပ်ခြင်းနဲ့ ထုပ်ပိုးခြင်းဆိုင်ရာပြပွဲ" (The 2nd International Processing and Packaging Exhibition for Myanmar- PROPAK MYANMAR 2015) ကို ဒဂုံမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) မှာ စက်တင်ဘာလ ၂၄ ရက်ကနေ ၂၆ ရက်နေ့အထိ ခင်းကျင်းပြသခဲ့ပါတယ်။ အဲဒီပြပွဲမှာ DrinkTech Myanmar 2015 နဲ့ PlasPak Myanmar 2015 ကိုလည်း ပူးတွဲပြသခဲ့ပါတယ်။

## ပြပွဲရည်ရွယ်ချက်

မြန်မာနိုင်ငံရှိစားသောက်ကုန်လုပ်ငန်းနဲ့ ဆေးဝါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် အခြားအသေးစား၊ အလတ်စား လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်ပြီး ပြသခဲ့တာဖြစ်ပါတယ်။ အဆိုပါ ပြပွဲမှာ တရုတ်၊ စင်ကာပူ၊ ပြင်သစ်၊ တရုတ်(တိုင်ပေ)နဲ့ထိုင်းနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၂၀ တို့မှ ပြခန်းပေါင်း ၁၁၀ကျော်နဲ့ အစားအသောက်ဆိုင်ရာ ထုပ်ပိုးပစ္စည်းများ၊ ဆေးဝါးဆိုင်ရာ ထုပ်ပိုးပစ္စည်းများ၊ သား/ငါးထုပ်ပိုးမှုဆိုင်ရာပစ္စည်းများ၊ သယ်ယူပို့ဆောင်မှုပစ္စည်းများကို ပြသထားပါတယ်။ ဒီလိုပြသထားတာဟာ ထုတ်လုပ်ခြင်းနဲ့ ထုပ်ပိုးခြင်းဆိုင်ရာ နည်းပညာတွေကို အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းနေတဲ့ မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေအတွက် အထောက်အကူဖြစ်စေခဲ့ပါတယ်။

## DrinkTech Myanmar 2015

ဒီအပိုင်းမှာ နိုင်ငံတကာမှာ နာမည်ကြီးနေတဲ့ ဘီယာ၊ အရက်၊ အချိုရည်၊ စားသောက်ကုန်နဲ့ ဆေးဝါးထုတ်ကုန်အများစုအနေနဲ့ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်တဲ့ အရောင်ကြည်လင်ပြီး ပိုးမွှားသန့်စင်တဲ့ ဖန်ပုလင်းအမျိုးမျိုး၊ အဖုံးအမျိုးမျိုးကို ပြသထားပါတယ်။ ဒ့ါအပြင် ထည့်သွင်းပြီးတဲ့ ပုလင်းများကို သယ်ယူ ရာမှာ အသုံးပြုတဲ့ လိုင်းတွန့်စက္ကူဘူးတွေနဲ့ ထုပ်ပိုးမှုအပိုင်းကိုလည်း ပြသထားပါတယ်။ တာရှည်ခိုင်ခံ့ပြီးဈေးနှုန်းချိုသာတဲ့လိုင်းတွန့်စက္ကူဘူးတွေကို ကျွမ်းကျင်ပညာရှင်တွေက ကမ္ဘာ့အဆင့်မီနည်းပညာများအသုံးပြုပြီး ထုတ်လုပ်ထားကြောင်း Customers တို့ရဲ့ တောင်းဆိုမှုများအတိုင်း ကိုက်ညီအောင် Customize ပြုလုပ်ပေးကြောင်း သိရပါတယ်။

## PlasPak Myanmar 2015

ဒီအပိုင်းမှာ သစ်သီးတွေ၊ချက်ပြုတ်ရန် ပြင်ဆင်ထားတဲ့ အရန်သင့်ဟင်းလျာတွေကို အအေးခန်းရှိတဲ့ Mart တွေမှာ ရောင်းချဖို့အတွက် ပြင်ဆင်ထုပ်ပိုးရာမှာ အသုံးပြုတဲ့ ပလတ်စတစ်အပါးတွေ (PVC Cling Film)၊ ဆန်၊ ပဲ၊ ဂျုံ စတဲ့ကောက်နှံများကို ထုပ်ပိုးရာမှာ အပေါ်မှ အလွယ်တကူ လောင်းထည့်နိုင်ပြီး အောက်ဘက်မှ အလွယ်တကူ ထုတ်ယူနိုင်တဲ့ PP Bag တွေ၊ အစားအစာအမျိုးမျိုး၊ ဖျော်ရည်အမျိုးမျိုး ထည့်သွင်းအသုံးပြုနိုင်တဲ့ ပလတ်စတစ်ဘူး၊ ခွက်၊ ပုလင်းအမျိုးမျိုးကို ပြသထားတာတွေ့ရပါတယ်။ ဒ့ါအပြင် စားသောက်ကုန်၊ဆေးဝါးနဲ့အလှကုန်များ ထုပ်ပိုးရာမှာ ထိခိုက်ပျက်စီးမှုနည်းစေရန် အသုံးပြုတဲ့ Air Bubble Bag/Sheet တွေ၊EPE Foam Bag/Sheet တွေလည်း ပြသထားတာတွေ့ရပါတယ်။ ပလတ်စတစ်ထုပ်ပိုးပစ္စည်းများအပိုင်းမှာ ကုန်ပစ္စည်းများ သိုလှောင်ရာနဲ့သယ်ယူပို့ဆောင်ရာမှာ အသုံးပြုတဲ့ Plastic Pallet တွေ၊ ယာယီသိုလှောင်ထားနိုင်တဲ့ Collapsible Boxes တွေ၊ အလွယ်တကူ ဖြုတ်တပ်နိုင်တဲ့ ကွန်တိန်နာတွေ၊ ဟင်းသီးဟင်းရွက်တွေ ထည့်နိုင်တဲ့ ကွန်တိန်နာ၊ မုန့်လုပ်ငန်းသုံး ကွန်တိန်နာ၊ ဖျော်ရည်လုပ်ငန်းသုံး ကွန်တိန်နာတွေစတဲ့ ကွန်တိန် နာအမျိုးမျိုး၊ ကုန်ပစ္စည်းသယ်ယူရာမှာအသုံးပြုတဲ့ Deck Truck စတာတွေကိုလည်း ပြသထားပါတယ်။

## ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများ

ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းတွေအနေနဲ့ စားသောက်ကုန်/ဆေးဝါး/အလှကုန်များကို ထည့်သွင်း ထုပ်ပိုးတဲ့ ပလတ်စတစ်အိတ်ပိတ်စက်တွေ၊ အချိုရည်နဲ့ စားသောက်ကုန်တွေကို စည်သွတ်ဘူးအနေနဲ့ ထုတ်လုပ်တဲ့ Can Production စက်ပစ္စည်းတွေ၊ အဖုံးပိတ်စက်တွေ၊ ရေနဲ့အချိုရည်ပုလင်းတွေကို အတွဲလိုက် (၄ လုံး၊ ၆ လုံး၊ ၁၀ လုံး၊ ၁၂ လုံး စသည်) ထုပ်ပိုးတဲ့စက်တွေကို ပြသထားပါတယ်။ ထုပ်ပိုးပြီးတဲ့အထုပ်တွေ၊ ပုလင်းတွေ၊ စည်သွတ်ဘူးတွေပေါ်မှာ ထုတ်လုပ်တဲ့နေ့စွဲ (Manufacturing Date)၊ သက်တမ်းကုန်ဆုံးသည့်နေ့စွဲ (Expire Date) ၊ ထည့်သွင်းကုန်ပစ္စည်းများမှာ ပါဝင်တဲ့ ပစ္စည်းများ (Ingredients)၊ ထုတ်လုပ်တဲ့ ကုမ္ပဏီအမည်၊ လိပ်စာ စသည် တို့ကို ရိုက်နှိပ်ပေးတဲ့ Ink Jet Printer အမျိုးမျိုး၊ ထုပ်ပိုးပစ္စည်း၊ ပလတ်စတစ်ဘူး၊ ခွက်များပေါ်မှာ အလှဆင်ဒီဇိုင်း ရိုက်စက်တွေကိုပါ ပြသထားတာတွေ့ရပါတယ်။

## ပထမဦးဆုံးအကြိမ်ကျင်းပတဲ့ အမျိုးသားအစားအသောက်ဆိုင်ရာညီလာခံ

ProPak Myanmar 2015 ရဲ့ ထူးခြားချက်ကတော့ Food Science and Technology Association of Myanmar (FoSTAM) မှ ကြီးမှူးကျင်းပတဲ့ "National Conference on Food Industry Development 2015" ကို စက်တင်ဘာလ ၂၄ ရက်မှ ၂၅ ရက်နေ့အထိ ပူးတွဲကျင်းပခဲ့ခြင်းပဲဖြစ်ပါတယ်။ ဆွေးနွေးပွဲ ပထမနေ့ကို ProPak Myanmar ၂၀၁၅ ကုန်စည်ပြပွဲဖွင့်ပွဲအပြီးမှာ စတင်ကျင်းပခဲ့ပါ တယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ အစားအစာထုတ်လုပ်ခြင်း၊ အစားအစာများကို တာရှည်အထားခံအောင် ပြုပြင်စီမံခြင်း၊ ခေတ်မီနည်းစနစ်နဲ့ထုပ်ပိုးခြင်း၊ စနစ်တကျသိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းတွေမှာ ဘေးကင်းလုံခြုံမှုရှိအောင် INTERNATIONAL UNION OF FOOD SCIENCE AND TECHNOLOGY (IUFoST) ရဲ့ကြိုးပမ်းမှုတွေ၊ အာဆီယံနိုင်ငံတွေအနေနဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) စတင်ချိန်မှစပြီး အစားအစာလုံခြုံရေးအတွက် အာမခံအရည်အသွေးရှိတဲ့ စားကုန်တွေ ရောင်းဝယ်နိုင်ကြရန် အတူတကွပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာထွက်စားသောက်ကုန်တွေမှာ တွေ့ကြုံနိုင်တဲ့ ဘေးအန္တရာယ်တွေပေါ်မှာ အခြေခံပြီး ဒေသထွက်စားကုန်များ ဘေးကင်းလုံခြုံမှုရှိအောင် စီမံခန့်ခွဲရေး စသည်တို့ကို ထိုင်းနိုင်ငံမှ ပညာရှင်များက တင်ပြဆွေးနွေးခဲ့ကြပါတယ်။

FDA မှ ဒေါက်တာထွန်းဇော်က မြန်မာနိုင်ငံတွင် အစားအစာဘေးကင်းလုံခြုံရေးအတွက် ထုတ်ပြန်ထားသော ဥပဒေ များ FDA ၏ ဆောင်ရွက်ချက်များအကြောင်းကို "Food Safety in Myanmar" ခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ ဆက်လက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးထိုက်ကလည်း စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းနဲ့ စားသုံးသူ အကာအကွယ်ပေးရေးအတွက် ဆောင်ရွက်ချက်များအကြောင်းကို "Consumer Protection Law in Myanmar" ခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ အသေးစားနဲ့ အလတ်စား စားသောက်ကုန်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအကြောင်းကို စက်မှုဝန်ကြီးဌာန၊ SMEs Sector မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအိရွှေစင်ထွန်းနဲ့ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေါ်ခိုင်ခိုင်ဇံတို့က ဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးပွဲဒုတိယနေ့မှာ လယ်ယာထွက်ကုန်သီးနှံထုတ်လုပ်ခြင်းနဲ့ ဒီသီးနှံတွေကနေ ထုတ်လုပ်တဲ့ စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ လယ်ယာထွက်စားကုန်တွေ ဘေးကင်းလုံခြုံစိတ်ချစွာစားသုံးနိုင်ရန် ပြည်တွင်းပြည်ပဈေးကွက်မှာ ရောင်းချနိုင်ရန်အတွက် အာမခံအရည်အသွေးရှိတဲ့ စားကုန်တွေထုတ်လုပ်နိုင်ရန် ထိုင်းနိုင်ငံမှာ ဆောင်ရွက်နေတဲ့အကြောင်းတွေကို Food Science and Technology Association of Thailand (FoSTAT) မှ ပညာရှင်တွေက ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံ FoSTAM မှ ပညာရှင်တွေကလည်း မြန်မာနိုင်ငံအနေနဲ့ Food Science and Technology နဲ့ ပတ်သက်ပြီး ASEAN Level အထိ ပါဝင်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်မှု အကြောင်းတွေကို ဆွေးနွေးခဲ့ပါတယ်။ ဒ့ါအပြင် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသုံးဆီကို ရွေးချယ်စားသုံးရန်အတွက် သိသင့်သိထိုက်တဲ့ ဗဟုသုတတွေကိုလည်း မျှဝေပေးခဲ့ပါတယ်။ အစားအစာဘေးကင်းလုံခြုံရေး အကြံပေးပညာရှင် ဒေါ်စန်းစန်းမြင့် (UNIDO)က စားသောက်ကုန်နဲ့ ငါးလုပ်ငန်းတွေက ထုတ်လုပ်တဲ့အစားအစာတွေ၊ ဘေးကင်းလုံခြုံရေးအတွက် UNIDO နဲ့ MFPEA တို့ ပူးပေါင်းဆောင်ရွက်မှု အကြောင်းတွေကို ဆွေးနွေးတင်ပြခဲ့ပါတယ်။

➲ စာမျက်နှာ-၃၃ သို့

➲ စာမျက်နှာ ၃၂ - ProPak Myanmar 2015 ...မှ အဆက်

စားသောက်ကုန် ထုတ်လုပ်တဲ့ လုပ်ငန်းရှင်များဖြစ် တဲ့ ရွှေယင်းမာကော်ဖီ၊ ငွေသဇင်မင်း မြေပဲဆီ၊ စောမိုလက်ဖက်၊ နှမ်းလှော်နဲ့ နှမ်းလှော်ဆီထုတ်လုပ်တင်ပို့နေတဲ့ International Best Manufacturing Company Limited တို့က သူတို့ထုတ်လုပ်တဲ့ မြန်မာ့ထုတ်ကုန်တွေ၊ ဘေးကင်း လုံခြုံပြီး အရည်အသွေးပြည့်မီအောင် ဆောင်ရွက်နေတဲ့ အခြေ အနေတွေ၊ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ဆန်တန်ဖိုးမြှင့် ထုတ်ကုန်တစ်ခုဖြစ်တဲ့ ဗီတာမင်ဖြည့်စွက် အာဟာရဆန် (Fortified Rice) အကြောင်းကိုလည်း PATH မှ Project Director က တင်ပြဆွေးနွေးခဲ့ပါတယ်။

ပြပွဲနဲ့အတူ ဆွေးနွေးပွဲကိုပါ ပူးတွဲကျင်းပခဲ့တာကြောင့် အစားအစာတွေရဲ့အရည်အသွေးပြည့်မီအောင်၊ တာရှည်အထားခံအောင်၊ သယ်ယူပို့ဆောင်ရာမှာ ဆုံးရှုံးမှုတွေလျော့နည်းအောင်၊ နိုင်ငံတကာဈေးကွက်ဝင်အောင် ထုပ်ပိုးမှုအခြေအနေတွေကို လေ့လာရင်း ဆွေးနွေးပွဲကိုပါတက်ရောက်နိုင်တဲ့အတွက် စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်တွေမှာ အရည်အသွေး ထိန်းသိမ်းမှုနည်းစနစ်တွေအကြောင်းကိုလည်း သိခွင့်ရခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှ ထုတ်ပြန်ထားတဲ့ အစားအစာ ဘေးကင်းလုံခြုံရေး ဥပဒေများ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်းနဲ့ မြန်မာနိုင်ငံအတွင်း အစားအစာများကို ဘေးကင်း လုံခြုံစွာ ရောင်းဝယ်စားသောက်နိုင်ရန်အတွက် လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ INGO, NGO အဖွဲ့အစည်း အသီးသီးမှပညာရှင်များ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရှိရတဲ့အတွက် မြန်မာ့စားသောက်ကုန် လုပ်ငန်းများကို အနာဂတ်စက်မှုလက်မှုလုပ်ငန်းများ အဖြစ် ပြုပြင်ပြောင်းလဲရာမှာ ခေတ်မီထုပ်ပိုးမှုနည်းစနစ်တွေ၊ နည်းပညာသစ်တွေနဲ့ အားသစ်လောင်းကာဆက်လက် ဖွံ့ဖြိုးရှင်သန်တော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါး အပ်ပါတယ်။

**Source: ProPak Myanmar 2015 ပြပွဲသို့ သွားရောက်လေ့လာခြင်းနှင့် National Conference on Food Industry Development 2015 သို့ တက်ရောက်ခြင်းအတွေ့အကြုံများ။**

## ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် Pioneer Agrobiz Co.Ltd. တို့ ပူးပေါင်း၍ အစိုဓာတ်နှင့် အရည်အသွေး နည်းပညာဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် Pioneer Agrobiz Co.Ltd. တို့ပူးပေါင်း၍ မြန်မာနိုင်ငံအခြေစိုက် Japan Development Service Co.Ltd. နှင့် Kett Electric Laboratory of Japan မှ တာဝန်ရှိသူများနှင့် ပုသိမ်၊ ငပုတော၊ သာပေါင်း၊ ကန်ကြီးထောင့်၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း မြို့နယ်များရှိ ဆန်စက်ပိုင်ရှင်များနှင့် အောက်တိုဘာလ ၁၂ ရက်နေ့ ပုသိမ်ဟိုတယ်တွင် ဆွေးနွေးပွဲ ပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့်အရာထမ်း၊ အမှုထမ်းများ Pioneer Agrobiz Co.Ltd မှ တာဝန်ရှိသူများ စုစုပေါင်း ၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ (JICA) ၏ အထောက်အပံ့ဖြင့် JICA Project အစီ အစဉ်အရ မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသော စံချိန်စံညွှန်းဆိုင် ရာကိစ္စရပ်များ ၊ တိုင်းတာရေး ကရိယာများနှင့်ပတ်သက်၍ မှန်မမှန် စိစစ်ထောက်ခံချက်လက်မှတ် ထုတ်ပေးသည့်ကိစ္စများ၊ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသောနည်းစနစ်များ၊ ဆန်စပါးများ၏ အစိုဓါတ်နှင့် သီးနှံအရည်အသွေး၊ ယင်းအစိုဓာတ် တိုင်းတာရေး ကိရိယာများနှင့် ပတ်သက်၍ စံချိန် စံညွှန်းဆိုင်ရာ ကိစ္စရပ်များကို သိရှိနိုင်စေရန်သာမက ဆန်စပါးနှင့်ပတ်သက်သည့် ဆက်စပ်ပုဂ္ဂလိကလုပ်ငန်းရှင်များ အားလုံး သိသင့်သိထိုက်သည့် သတင်းအချက်အလက်များသိရှိစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးပွဲတွင် ပြောကြားပါတယ်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးကဏ္ဍအားလုံး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင် နောင်တွင်အလားတူဆွေးနွေးပွဲများကို ဆက်လက် ကျင်းပနိုင်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး စပါးကဏ္ဍနိုင်ငံတကာအဆင့်မီရန်နှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ဧရာဝတီတိုင်းဒေသကြီး၊ ဆန်စက်ပိုင်ရှင်များအသင်းနှင့် ထိုင်းနိုင်ငံ Thai Rice Miller Association မှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပုသိမ်ဟိုတယ်တွင် အောက်တိုဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဆန်စက်ပိုင်ရှင်များအသင်းနှင့် ထိုင်းနိုင်ငံ Thai Rice Miller Assocaition ဥက္ကဋ္ဌနှင့်စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စက် ပိုင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး/ဦးစီးအရာရှိများနှင့် ဧရာဝတီတိုင်း၊ ပုသိမ်မြို့မှ ဆန်စက်ပိုင်ရှင် အသင်းဝင်များ တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

ထိုသို့တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူး ဦးစိုးအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါး၊ နွေစပါး စိုက်ပျိုးမှု၊ ထွက်ရှိမှုအခြေအနေများ၊ တိုင်းအတွင်းရှိ ဆန်စက်များမှ သိုလှောင်ကြိတ်ခွဲနိုင်မှုနှင့် ပြည်တွင်းစားသုံးမှု၊ ပြည်ပ တင်ပို့မှုများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းအတွင်း ဆက်လက်ဆောင်ရွက်မည့် စက်မှုဇုန်စီမံကိန်း၊ အထည်ချုပ် လုပ်ငန်း၊ အိမ်ရာစီမံကိန်းများ၊ ဆိပ်ကမ်းနှင့် အဝေးပြေးလမ်းများ၊ လေဆိပ်၊ လျှပ်စစ်ထုတ်လုပ်မှု၊ NES အမျိုးသားပို့ကုန်မဟာဗျူဟာမှ ချမှတ်ထားသောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါတယ်။

ထိုင်းဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူကလည်း မိမိတို့နိုင်ငံမှာ စပါးကို ၄/၅ မျိုးခန့်သာ စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှု၊ ထွက်ရှိမှု၊ ပြည်ပကြိတ်ခွဲတင်ပို့မှုများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာ ထိုင်းနိုင်ငံတွင် ပြုလုပ်မည့် ဆန်စပါးညီလာခံကို ဧရာဝတီတိုင်းမှ ဆန်စက်လုပ်ငန်းရှင်များ တက်ရောက်စေလိုကြောင်း၊ ဆန်စပါးကြိတ်ခွဲမှုနည်းပညာများကို မိမိတို့သိသမျှ အကြံဉာဏ်ပေးသွားမှာဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ကူညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး မြန်မာနှင့်ထိုင်းနှစ်နိုင်ငံကြား ပိုမိုရင်းနှီးမှုရရှိအောင် ယခုလိုလာရောက်တွေ့ဆုံ၍ ဆွေးနွေးပွဲများပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**မင်းမင်းဦး-ပုသိမ်**

■

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

Organizations News
Vol: 15, No.40 Monday October 19 2015

## အာရှဒေသဆက်သွယ်ရေးတွင် အလုံးစုံပါဝင်ရေးအတွက် ဖိလစ်ပိုင်ရဲ့ အဆိုပြုချက်ကို အေပက်သယ်ယူပို့ဆောင်ရေး ဝန်ကြီးတို့ အတည်ပြု

အာရှဒေသမှာရှိမယ့် ကဏ္ဍအားလုံး ဘေးအန္တရာယ်ကင်းရှင်းတဲ့ သယ်ယူပို့ဆောင်ရေးစနစ်ကို ရရှိခံစားနိုင်ရေးအတွက် ဒေသတွင်း ဆက်သွယ်ရေးမှာ အလုံးစုံပါဝင်အောင် ဆောင်ရွက်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံရဲ့ အဆိုပြုချက်ကို အဖွဲ့ဝင် ၂၁ နိုင်ငံပါဝင်တဲ့ အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Asia Pacific Economic Coorperation-APEC) သယ်ယူပို့ဆောင်ရေးဝန်ကြီးတို့က အတည်ပြုခဲ့ကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

ဒေသတွင်း ဆက်သွယ်ရေးမှာ အလုံးစုံပါဝင်ရေးမူဘောင်တစ်ရပ်ရေးဆွဲချမှတ်ဖို့ ဖိလစ်ပိုင်နိုင်ငံရဲ့ အဆိုပြုချက်ကို အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများအားလုံးက သဘောတူခဲ့ကြကြောင်း (၉) ကြိမ်မြောက် အေပက်သယ်ယူပို့ဆောင်ရေးဝန်ကြီး အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဖိလစ်ပိုင်သယ်ယူပို့ဆောင်ရေးဝန်ကြီး ဂျိုးဇက်အဘာယာက ပြောပါတယ်။

ဖိလစ်ပိုင်နိုင်ငံက တင်သွင်းခဲ့တဲ့ "ဆက်သွယ်မှုတွင် အလုံးစုံပါဝင်ရေးမူဘောင်" ကို ဝန်ကြီးအဖွဲ့ပူးတွဲကြေညာချက်မှာ ပါဝင်ပြီးဖြစ်တဲ့အတွက် လာမယ့်နှစ်နှစ်အတွင်း ဆောင်ရွက်မယ့် အေပက်အဖွဲ့ရဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေအတွက် လမ်းပြမြေပုံ (Roadmap) ဖြစ်လာတော့မှာပါ" လို့ သူက ပြောပါတယ်။

ဒေသတွင်း ဆက်သွယ်မှုမှာ အလုံးစုံပါဝင်ရေးမူဘောင်ကို ပြဋ္ဌာန်းနိုင်ပါက ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြှင့်တင်နိုင်မှာဖြစ်တဲ့အတွက် အလုံးစုံပါဝင်တဲ့ ဆက်သွယ်မှုမူဘောင်ကို ဖွဲ့စည်းနိုင်မယ့် အစီအစဉ်ကို ထောက်ခံတင်ပြခဲ့ခြင်းဖြစ်ကြောင်း အေပက်အဖွဲ့ဝန်ကြီးများရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ အဆိုပြုချက်အရဆက်သွယ်ရေးတွင် အလုံးစုံပါဝင်ရေးမူဘောင် ဆိုတာက လူအဖွဲ့အစည်းမှာတည်ရှိနေတဲ့ ကဏ္ဍအားလုံးကို ဘေးကင်းပြီး အရည်အသွေးပြည့်ဝတဲ့ သယ်ယူပို့ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

အထူးသဖြင့် သယ်ယူပို့ဆောင်ရေးစနစ်ကို အခွင့်အရေးခံစားမှုနိမ့်ကျနေသူတွေ၊ မသန်စွမ်းသူတွေ၊ အမျိုးသမီးတွေ၊ ကလေးတွေနဲ့ သက်ကြီးရွယ်အိုတွေ အသုံးပြုနိုင်အောင်ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

## အိုပက်အဖွဲ့အတွင်းသို့ အင်ဒိုနီးရှားပြန်လည်ဝင်ရောက်လာခြင်းဖြင့် ထုတ်လုပ်မှု ရည်မှန်းချက်ဆုံးဖြတ်ရာမှာ ရှုပ်ထွေးမှုရှိနိုင်

အင်ဒိုနီးရှားနိုင်ငံက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်လာတာကို လာမယ့်ဒီဇင်ဘာမှာ ကျင်းပမယ့် ရေနံရောင်းချတဲ့နိုင်ငံများ အဖွဲ့ (အိုပက်) အစည်းအဝေးက ကြိုဆိုလက်ခံတော့မှာ ဖြစ်ပါတယ်။ ဒီလိုလက်ခံ လိုက်ခြင်းအားဖြင့် ရေနံထုတ်လုပ်မှုရည်မှန်းချက်ပြောင်းလဲရေးကိစ္စကို ဆွေးနွေး ညှိနှိုင်းရာမှာ ရှုပ်ထွေးမှုတွေရှိလာနိုင်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ယခင်နှစ်က ရေနံထုတ်လုပ်မှုကို လျှော့ချခဲ့ပြီးနောက်ပိုင်း ဆော်ဒီအာရေဗီးယားနဲ့ အီရတ်နိုင်ငံတို့က ရေနံထုတ်လုပ်မှုကို စံချိန်တင်မြှင့်တင်ခဲ့သည့်နည်းတူ အဖွဲ့အတွင်းမှာရှိတဲ့ တချို့နိုင်ငံတွေက အနည်းငယ်စီ တိုးမြှင့်ထုတ်လုပ်ခဲ့တဲ့အတွက် အိုပက်အဖွဲ့ရဲ့ ရေနံထုတ်လုပ်မှုက မူလရည်မှန်းချက်ဖြစ်တဲ့ တစ်ရက်ကိုစည်သန်း ၃၀ ထုတ်လုပ်မှုထက်ပိုမိုခဲ့တာကို တွေ့ရပါတယ်။

အိုပက်အဖွဲ့အတွင်းသို့ အင်ဒိုနီးရှားနိုင်ငံ ပြန်လည်ဝင်ရောက်လာတဲ့အတွက် အဖွဲ့ဝင်နိုင်ငံ ၁၃ နိုင်ငံအထိ ရောက်ရှိလာပြီး အဖွဲ့ရဲ့ရေနံစိမ်းထုတ်လုပ်မှုပမာဏကို တစ်ရက်စည် ကိုးသိန်းထပ်မံတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီလိုတိုးမြှင့်လိုက်မယ်ဆိုရင် အိုပက်အဖွဲ့ရဲ့ ရေနံထုတ်လုပ်မှုက တစ်ရက်ကိုစည် ၃၂ ဒသမ ၅ သန်းအထိရောက်ရှိလာမှာ ဖြစ်ကြောင်း လေ့လာဆန်းစစ်သူအချို့က ခန့်မှန်းကြပါတယ်။ ရေနံစိမ်းဈေးနှုန်းတွေက တစ်စည်ကို အမေရိကန်ဒေါ်လာ ၅၃ ဒေါ်လာအထိ ရောက်ရှိခဲ့ရာ ခြောက်နှစ်အတွင်းအနိမ့်ဆုံးဈေးကိုရောက်ရှိခဲ့တာကြောင့် အဖွဲ့ဝင်နိုင်ငံများရဲ့ ဝင်ငွေကိုကျဆင်းစေခဲ့ပါတယ်။

"အိုပက်အဖွဲ့က ထုတ်လုပ်မယ့်အမြင့်ဆုံးထုတ်လုပ်မှုကို ပြင်ဆင်သတ်မှတ်ခဲ့ရင် ထုတ်လုပ်မှုခွဲတမ်းနဲ့ ပတ်သက်ပြီး ငြင်းခုံစရာဖြစ်လာနိုင်ပါတယ်။ အမြင့်ဆုံးပမာဏကိုမြှင့်တင်ပေးလိုက်မယ်ဆိုရင်လည်း ပြဿနာတွေတစ်သီကြီးပေါ်လာနိုင်ပါတယ်"လို့ အိုပက်အဖွဲ့ကို လေ့လာနေတဲ့ အမည်မဖော်လိုသူတစ်ဦးက ပြောပါတယ်။

ဩဂုတ်လအတွင်းက အင်ဒိုနီးရှားနိုင်ငံရဲ့ ရေနံထုတ်လုပ်မှုက တစ်ရက်ကိုစည် ၉၁၀၀၀၀ ရှိပြီး အိုပက်အဖွဲ့ရဲ့ လက်ရှိ ၁၂ နိုင်ငံထုတ်လုပ်မှုက တစ်ရက်ကိုစည် ၃၁ ဒသမ ၅၇ သန်းရှိကြောင်း အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီက ပြောပါတယ်။

## ကင်ညာ ဒဗလျူတီအိုဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပနိုင်ရေးအတွက် ဒဗလျူတီအိုပြင်ဆင်



ကင်ညာနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ဝန်ကြီးအဆင့်ကွန်ဖရင့်မတိုင်မီ ညွှန်ကြားရေးမှူးချုပ် ရောဘတ်အတိုအဇယ်ဗယ်ဒိုက အစည်းအဝေးအပြီးရလဒ်ကြေညာချက်ကို ထုတ်ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိကြောင်း အောလ်အာဖရိကသတင်းမှာ ဖော်ပြပါတယ်။

(၁၀) ကြိမ်မြောက် ဒဗလျူတီအိုအစည်းအဝေးကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ဒီဇင်ဘာလမှာ ကျင်းပရန် စီစဉ်ထားပြီး ဖြစ်ပါတယ်။ ကင်ညာနိုင်ငံအစည်းအဝေးမတိုင်မီ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့မှာ ဒဗလျူတီအိုအဖွဲ့ဝင်အားလုံး တွေ့ဆုံဆွေးနွေးကြမှာ ဖြစ်ပါတယ်။

"နိုင်ရိုဘီ အစည်းအဝေးရလဒ်များကို ထုတ်ပြန်နိုင်ရေးအတွက် အလျင်အမြန်ဆွေးနွေးဖို့လိုအပ်ကြောင်း ယခင်ရက်သတ္တပတ်က ကျင်းပခဲ့တဲ့ အစည်းအဝေးမှာ ကျွန်တော်တို့ ဆွေးနွေးခဲ့ကြပါတယ်။ အထူးသဖြင့် ထုတ်ပြန်ကြေညာချက်မှာပါဝင်ရမည့်အကြောင်းအရာတွေနဲ့ ဒီအကြောင်းအရာတွေအတွက် ရလဒ်တွေ ထွက်ပေါ်လာနိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးခဲ့ကြပါတယ်"လို့ အဇယ်ဗယ်ဒိုက ပြောပါတယ်။

ဒီလုပ်ငန်းကို စတင်ဆောင်ရွက်ဖို့လိုအပ်တယ်ဆိုတာကို အဖွဲ့ဝင်အားလုံးက သဘောတူခဲ့ကြပြီး ဝန်ကြီးအဆင့်ကြေညာချက် (Ministerial Declaration) မှာ ပါဝင်သင့်တဲ့ အချက်တွေကိုလည်း သဘောတူထားပြီးဖြစ်ကြောင်း သူကပြောပါတယ်။

"ဒါပေမယ့် ကြေညာချက်မူကြမ်းရေးထားဖို့အတွက် အချိန်မကျရောက်သေးဘူးလို့ ကျွန်တော် ယူဆပါတယ်။ စေ့စပ်ညှိနှိုင်းဖို့ လိုအပ်ပါသေးတယ်။ အဖွဲ့ဝင်အားလုံးက သူတို့အမြင်တွေ တင်ပြနိုင်တဲ့ အခွင့်အလမ်းတွေရရှိဖို့ အရေးကြီးပါတယ်" လို့ သူကပြောပါတယ်။

အထောက်အကူပြုမယ့်သူ အားလုံးနဲ့ အနီးကပ် တွေ့ဆုံဆက်သွယ်ပြီး အထောက်အထားများကို ပြုစုကာလာမယ့်အစည်းအဝေးမှာ အဖွဲ့ဝင်အားလုံးရဲ့ တွေ့ရှိချက်တွေကို အစီရင်ခံသွားမှာဖြစ်ကြောင်း အဇယ်ဗယ်ဒိုက ပြောပါတယ်။

နိုင်ရိုဘီမှာ ပြုလုပ်မယ့် အစည်းအဝေးရလဒ်များအတွက် စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းများကို ဆောင်ရွက်နေတဲ့ တစ်ချိန်တည်းမှာ စေ့စပ်ညှိနှိုင်းရေးအုပ်စုတွေ၊ သက်ဆိုင်ရာကော်မတီမှာ ပါဝင်တဲ့ အထောက်အကူပြု အဖွဲ့တွေနဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံဘဏ်လုပ်ငန်းများ ပေါင်းစည်းမည်

အာဆီယံဘဏ်လုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ်တွင် စတင်ပေါင်းစည်းတော့မှာဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ဘဏ္ဍာရေးဝန်ဆောင်မှု အာဏာပိုင်အဖွဲ့ (OJK) ဥက္ကဋ္ဌ မူလီယာမန်းဒီဟာဒါ က ပြောကြားပါတယ်။ ပေါင်းစည်းရေးလုပ်ငန်းကို ဆောင်ရွက်ရန် သဘောတူ ထားပြီးဖြစ်တဲ့အတွက် ပြင်ဆင်ရန် ငါးနှစ်သာလိုတော့ကြောင်း အောက်တိုဘာ ၁၂ ရက်နေ့မှာ သူက ပြောပါ တယ်။

အာဆီယံဘဏ္ဍာရေး ပေါင်းစည်းမှု မူဘောင်ကို စတင်ရေးဆွဲဆောင်ရွက်ပြီးနောက်ပိုင်း အာဆီယံဘဏ္ဍာရေးဝန်ဆောင်မှုပေါင်းစည်းရေးနဲ့ပတ်သက် တဲ့ ဆွေးနွေးမှုတွေကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ အာဆီယံဘဏ္ဍာရေးကဏ္ဍရဲ့ ၇၀ ရာခိုင်နှုန်းက ဘဏ်လုပ်ငန်းကဏ္ဍကို ဦးစားပေးအဖြစ်ထားရှိပါတယ်။

တခြားအာဆီယံနိုင်ငံများနဲ့ ပေါင်းစည်းပြီး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းက အရေးတကြီး လိုအပ်လျက်ရှိပါတယ်။ အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းရှင်များက ငွေကြေးဝန်ဆောင်မှုကဏ္ဍအပါအဝင် ပြည်တွင်းကဏ္ဍများကိုသာ အလေးပေးဆောင်ရွက်လျက်ရှိကြောင်း မူလီယာမန်းက ပြောပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုက အာဆီယံစီးပွားရေး အသိုက်အဝန်းကိုထူထောင်ရာမှာ ငွေကြေးဝန်ဆောင်မှုကဏ္ဍ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေနဲ့လည်း ဆက်နွယ်လျက်ရှိပါတယ်။

အာဆီယံဘဏ်လုပ်ငန်းပေါင်းစည်းရေး မူဘောင် (ASEAN Banking Integration Framework-ABIF) ကို သဘောတူညီထားပြီးဖြစ်ရာ ထိုသဘောတူညီချက်အရ ဘဏ်လုပ်ငန်းပေါင်းစည်းရေးအတွက် အင်ဒိုနီးရှားနိုင်ငံက အဆင့်လေးဆင့်ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပထမအဆင့်က တစ်ဦးချင်းနဲ့ အဖွဲ့အစည်းများရဲ့ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးဖြစ်ပါတယ်။ ဒုတိယအဆင့်က အဖွဲ့ဝင်နိုင်ငံများအတွင်း တူညီတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ စံနှုန်းတွေ ထားရှိနိုင်အောင် အဖွဲ့ဝင်နိုင်ငံတွေရဲ့ ဘဏ်လုပ်ငန်း စည်းမျဉ်းဥပဒေတွေညီညွတ်မှုရှိဖို့ ဖြစ်ပါတယ်။ တတိယအဆင့်က ငွေကြေးအခြေခံအဆောက်အအုံ တည်ဆောက်ဖို့ဖြစ်ပြီး စတုတ္ထအဆင့်က အာဆီယံက သတ်မှတ်ထားတဲ့ စံချိန်မီ ဘဏ်အမျိုးအစားတွေအဖြစ် ရောက်ရှိအောင် အင်ဒိုနီးရှားနိုင်ငံရဲ့ ဘဏ်လုပ်ငန်းကို ပြင်ဆင်ဖို့ ဖြစ်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ဟာ နှစ်နိုင်ငံ အပြန်အလှန်ပေါင်းစည်းရေးအတွက် သဘောတူညီ ထားပြီးဖြစ်ပါတယ်။ ထိုနည်းတူ နှစ်နိုင်ငံအပြန်အလှန် ပေါင်းစည်းရေးအတွက် စင်ကာပူနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ စေ့စပ်ညှိနှိုင်းမှုအဆင့်ကို ရောက်ရှိနေပြီး မြန်မာနိုင်ငံနဲ့ ဆက်လက်ဆောင်ရွက်ဖို့ ရှိပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# မလေးရှားစီးပွားရေးလုပ်ငန်းများရဲ့ ချေးငွေတိုးတက်နှုန်းနှေးကွေး

မလေးရှားနိုင်ငံမှာ ယခင်လအနည်းငယ်က စီးပွားရေးလုပ်ငန်းချေးငွေမြင့်တက်ခဲ့ပေမယ့် ကုမ္ပဏီများ က လုပ်ငန်းချဲ့ထွင်ရေးစီမံကိန်းများ ကို ပြန်လည်လျှော့ချခြင်းနဲ့ စိန်ခေါ်မှုတွေ ပြည့်ဝနေတဲ့ စီးပွားရေးပတ်ဝန်းကျင် အခြေအနေတွေကြောင့် ဘဏ်များက ငွေထုတ်ချေးဖို့ တုံ့ဆိုင်းနေခြင်းစတဲ့ အချက်တွေကြောင့် လာမယ့်လတွေမှာ စီးပွားရေးလုပ်ငန်းတွေအတွက် ငွေထုတ်ချေးတာတွေ လျော့ကျသွားစေနိုင်ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

စီးပွားရေးလုပ်ငန်းတွေအတွက် ထုတ်ချေးငွေတွေ ဩဂုတ်လအတွင်းက မြင့်တက်ခဲ့ပေမယ့် လာမယ့်လအနည်းငယ်အတွင်းမှာ ချေးငွေထုတ်ချေးတဲ့လုပ်ငန်းတွေအနေနဲ့ စီးပွားရေးတွေကျဆင်းသွားမယ်လို့ လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။ စီးပွားရေးလုပ်ငန်းတွေအတွက် စုစုပေါင်းထုတ်ချေးငွေရဲ့ နှစ်အလိုက် ချေးငွေတိုးတက်မှုနှုန်းက ဇူလိုင်မှာ ၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ဩဂုတ်လမှာ ၁၀ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့တာကို တွေ့ရပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှေးကွေးလို့ စီးပွားရေးလုပ်ငန်းတွေရဲ့ လုပ်ငန်းချဲ့ထွင်မှု ကျဆင်းလာတယ်။ အကျိုးဆက်အဖြစ် ဘဏ်တွေက စီးပွားရေးလုပ်ငန်းတွေကို ငွေထုတ်ချေးတဲ့အခါ သတိထားပြီး ဆောင်ရွက်လာကြကြောင်း တွေ့ရတယ်လို့ လေ့လာဆန်းစစ်သူတွေက “စတားဘတ်” သတင်းဌာနကိုပြောပါတယ်။ စီးပွားရေးလုပ်ငန်းအတွက် ချေးငွေတွေက စုစုပေါင်းချေးငွေဖွံ့ဖြိုးမှုရဲ့ မောင်းနှင်အားဖြစ်ပါတယ်။

ဒါပေမယ့် ချေးငွေလုပ်ငန်းတွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုနှုန်းက အိမ်ထောင်စုချေးငွေတွေရဲ့ တိုးတက်မှုနဲ့ နှိုင်းယှဉ်ရင် တိုးတက်မှုနှုန်း နှေးကွေးနေဆဲဖြစ်ပါတယ်။

# ဒီယက်နမ်ဘဏ်လုပ်ငန်းကဏ္ဍကို ခေတ်မီအောင် ဆောင်ရွက်ဖို့ တိုက်တွန်း

ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့ ယခုလိုကာလမျိုးမှာ ဗီယက်နမ်ဘဏ်လုပ်ငန်းကဏ္ဍရဲ့ ပုံစံနဲ့ လုပ်ငန်းဆောင်တာများကို ဘဏ်လုပ်ငန်းကဏ္ဍအနေနဲ့ ပြန်လည်ဆန်းသစ်ဖို့လိုအပ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။



ဗီယက်နမ်ဘဏ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက်နေ့က ဟနွိုင်းမြို့မှာ "ASEAN Region 2015 Banking and Finacing Innovation" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျင်းပခဲ့ပါတယ်။ ခေတ်သစ်ဘဏ်လုပ်ငန်း အလေ့အကျင့်များကို လိုက်နာခြင်းမရှိဘဲ ရှေးရိုးစဉ်လာ ပုံစံများအတိုင်းသာ ဆောင်ရွက်နေမည်ဆိုပါက ဗီယက်နမ်ဘဏ်များမှာ ခေတ်သစ်ဘဏ်လုပ်ငန်းစနစ်ရဲ့ ပြင်ပကိုရောက်ရှိသွားစေနိုင်ကြောင်း ဘောစတွန်အတိုင်ပင်ခံအဖွဲ့ရဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်ကလပ်ဂျက်ဆင်က ပြောပါတယ်။

အွန်လိုင်းမှတစ်ဆင့် ငွေပေးငွေယူလုပ်ငန်းများကို ဆောင်ရွက်ပြီး လုပ်ငန်းများကို တိုးချဲ့ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမယ်ဆိုရင် ဘဏ်လုပ်ငန်းဆိုင်ရာ အချက်အလက်တွေကို အမြောက်အမြား ဆောင်ရွက်ပေးနိုင်မှာဖြစ်ပြီး ဘဏ်တွေရဲ့ အဆင့်အတန်းကို တိုးမြှင့်ပေးနိုင်မှာဖြစ်ကြောင်း၊ ကမ္ဘာတစ်လွှားမှာ နေ့စဉ်နဲ့ အမျှဘဏ်ခွဲတွေ အမြောက်အမြား ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သူက ပြောပါတယ်။

ခေတ်သစ်ဘဏ်လုပ်ငန်း စနစ်ကို အသုံးပြုခြင်းအားဖြင့် ဖောက်သည်တွေနဲ့ပတ်သက်တဲ့ ဒေတာအချက်အလက်တွေကို အီလက်ထရွန်းနစ်ချစ်ပ်တွေထဲမှာ ပေါင်းစည်းထားနိုင်ပြီး အဲဒီအချက်အလက်တွေကို ဘဏ်များတွင် သိုလှောင်သိမ်းထားမှာဖြစ်ပါတယ်။ ယခုအချိန်မှာ ဘဏ်လုပ်ငန်းစဉ် မှန်သမျှကို ကွန်ပျူတာတွေနဲ့ စမတ်ဖုန်းတွေကတစ်ဆင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါတယ်။

ဘဏ်စာရင်းတစ်ခုဖွင့်ဖို့အတွက် လက်ရှိအချိန်မှာ မိနစ် ၃၀ ထိကြာမြင့်နေရာမှ ခေတ်သစ်ဘဏ်လုပ်ငန်းစနစ်နဲ့ ဆောင်ရွက်မယ်ဆိုရင် ငါးမိနစ်သာကြာမှာ ဖြစ်ပါတယ်။ ချေးငွေတွေကို အတည်ပြုဖို့ ဆောင်ရွက်ရာမှာ ၄ ရက်မှ ၅ ရက်အထိ ကြာမြင့်ရာမှ ၁၀ မိနစ်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒီဘဏ်လုပ်ငန်းစနစ်ကို မလေးရှားနိုင်ငံမှာ အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိပါတယ်။ Easy RHB ဘဏ်ကိုဖွင့်လှစ်တဲ့ စရိတ်က သမားရိုးကျ ဘဏ်တစ်ခုဖွင့်လှစ်ရာမှာ ကုန်ကျတဲ့စရိတ်ရဲ့ ခုနစ်ပုံသာ ကုန်ကျပါတယ်။ အကျိုးအမြတ်မှာ ရှစ်ဆတိုးရရှိပြီး မလေးရှားဘဏ်လုပ်ငန်းတစ်ခုလုံးဈေးကွက်ခွဲတမ်းရဲ့ ၆၀ ရာခိုင်နှုန်းကို ရယူထားနိုင်ခဲ့ပါတယ်။

# တရားမဝင် ကုန်ပစ္စည်း တင်သွင်းမှုများကို တားဆီးဖို့ အင်ဒိုနီးရှားသမ္မတ ပြင်ဆင်

ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေ ရှင်သန်ဖွံ့ဖြိုးဖို့အတွက် တရားမဝင် ကုန်ပစ္စည်းတင်သွင်းမှုများကို ဥပဒေအရ အရှိန်မြှင့်အရေးယူဆောင်ရွက်သွားကြရန် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက သီးသန့်ဝန်ကြီးအဖွဲ့ အစည်းအဝေးကို တက်ရောက်လာသူတို့အား အမိန့်ပေးထားကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

တရားမဝင်တင်သွင်းမှုကို အမြစ်ပြတ်ချေမှုန်းနိုင်ဖို့အတွက် အထူးသဖြင့် အထည်ချုပ်လုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်း၊ အလှပြင်ပစ္စည်း၊ အီလက်ထရွန်းနစ်နဲ့ ဆန်စတဲ့ပစ္စည်းများအတွက် ပေါင်းစည်း ဒေတာစု ဆောင်းမှုစနစ်ကို ထူထောင်ထားရှိဖို့ သမ္မတက တိုက်တွန်းပါတယ်။

“ပထမဆုံးပြောချင်တာက တရားမဝင် ကုန်ပစ္စည်းတင်သွင်းမှုတွေကြောင့် ကျွန်တော်တို့ရဲ့ ပြည်တွင်းစီးပွားရေး လုပ်ငန်းတွေချိနဲ့သွားစေနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ ဒုတိယအချက်က ကျွန်တော်တို့ ချက်ချင်းအရေးယူ ဆောင်ရွက်ပြီး အမြစ်ပြတ်သုတ်သင်မပစ်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တွေ ကျဆင်းသွားလိမ့်မယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေ တိုးမြှင့်ပြုလုပ်စေချင်ပါတယ်”လို့ သူက ပြောပါတယ်။

ဒီလိုဆောင်ရွက်မယ်ဆိုရင် တိုင်းပြည်ရဲ့ ကုန်သွယ်မှုရှင်းတမ်းအခြေအနေ တိုးတက်ကောင်းမွန်လာမှာဖြစ်ကြောင်း သူကပြောပါတယ်။ သမ္မတရဲ့ အဆိုပြုချက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် မဟာဗျူဟာနှစ်ရပ်ကို ပြင်ဆင်ထားကြောင်းဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်နဲ့ ယစ်မျိုးခွန် ညွှန်ကြားရေးမှူးချုပ် ဟီရူပမ်ဘူဒီက အစည်းအဝေးအပြီး ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

ပထမတစ်ချက်က ကုန်ပစ္စည်း မှောင်ခိုမှုကို ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဥပဒေရေးရာအရာရှိတွေနဲ့ ပူးပေါင်းပြီး တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းနဲ့ ဆက်စပ်ထုတ်ကုန်တွေကို မှောင်ခိုရောင်းဝယ်ရေးမှာ အဆိုးဆုံးဒေသဖြစ်တဲ့ ဆုမတြားဒေသရဲ့ အရှေ့ဘက်ကမ်းခြေမှာ ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် တရားမဝင်သွင်းကုန်များကိုတင်သွင်းမှုမှာ ပါဝင်ပတ်သက်နေသူ အကောက်ခွန်အရာရှိတွေကို ပြင်းပြင်းထန်ထန် အရေး ယူဆောင်ရွက်သွားမှာဖြစ်ကြောင်း သူက ပြောပါတယ်။

နောက်တစ်ချက်က အမျိုးသားပြတင်းပေါက်စနစ် (National Single Window) နဲ့ ဆုံးရှုံးမှုအန္တရာယ်ကင်းရှင်းရေးပေါင်းစည်းစီမံခန့်ခွဲမှုလုပ်ငန်းတွေ ပါဝင်တဲ့ အိုင်တီစနစ် တိုးတက်ထွန်းကားအောင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

# တိုးတက်လာတဲ့ ယှဉ်ပြိုင်မှုများနဲ့အညီ တီထွင်ဆန်းသစ်ဖို့ စင်ကာပူဘဏ်များကို တိုက်တွန်း

ဘဏ်မှလွဲ၍ငွေပေးချေမှုလုပ်ငန်းများကို ဆောင်ရွက်နေတဲ့ တခြားငွေပေးချေရေးလုပ်ငန်းများနဲ့ ငွေကြေးထောက်ပံ့ရေးလုပ်ငန်းသစ်များရဲ့ ယှဉ်ပြိုင်မှုတွေ တိုးတက်လာတဲ့အတွက် စင်ကာပူဘဏ်လုပ်ငန်း ဆောင်ရွက်မှုတွေကို မဖြစ်မနေ တီထွင်ဖန်တီးရတော့မယ့်အခြေအနေကို ရောက်ရှိနေကြောင်း စီအင်အေသတင်းမှာ ဖော်ပြပါတယ်။

အောက်တိုဘာ ၁၂ ရက်နေ့က ဘဏ်လုပ်ငန်း ကွန်ရက်တစ်ခုဖြစ်တဲ့ SWIFT က စည်းရုံးဆောင်ရွက်ခဲ့တဲ့ ဘဏ်လုပ်ငန်းဆိုင်ရာအခမ်းအနားကို တက်ရောက်သူတွေက ဒစ်ဂျစ်တယ် တီထွင်ဖန်တီးမှုတွေ ဆောင်ရွက်ကြဖို့ အလေးပေး ဆွေးနွေးကြပါတယ်။

“ထွက်ပေါ်လာတဲ့ နည်းပညာတွေက အများကြီးပါပဲ။ စင်ကာပူလိုနိုင်ငံမျိုးမှာ ကျွန်တော်တို့ရဲ့လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနဲ့ ပတ်သက်တဲ့ ယဉ်ကျေးမှု တစ်နည်းအားဖြင့် ပြုစုပျိုးထောင်မှုကို ခေတ်နဲ့အညီဖြစ်အောင် ဆောင်ရွက်ဖို့ လိုအပ်ပါမယ်။ ဒီလိုဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ လုပ်ငန်းခွင်ယဉ်ကျေးမှုတွေက ပိုမိုပြီး တီထွင်ဆန်းသစ်မှုတွေ ရှိလာပါမယ်” လို့ သူကပြောပါတယ်။

စင်ကာပူနိုင်ငံရဲ့ စီးပွားရေးကို ပြန်လည်ပြုပြင် တည်ဆောက်ခဲ့တာ ပဥ္စမနှစ်အတွင်းသို့ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ လောလောဆယ်မှာ စင်ကာပူနိုင်ငံရဲ့ နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်းက ၂၀၀၉ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိနေပါတယ်။

“စီးပွားရေးဖွံ့ဖြိုးမှု အခြေအနေကိုကြည့်ရင် ကျွန်တော်တို့ လမ်းဆုံလမ်းခွကို ရောက်ရှိနေပါတယ်။ နိုင်ငံစီးပွားရေး ဖွဲ့စည်းတည်ဆောက်ပုံကို ပြုပြင်ပြောင်းလဲဖို့ ကျွန်တော်တို့ ကြိုးပမ်းလျက်ရှိပါတယ်။ စီးပွားရေးတည်ဆောက်ပုံ ပြန်လည်ပြုပြင်ရေးကိစ္စက အရေးပါတဲ့ကိစ္စဖြစ်ပေမယ့် ပြန်လည်ပြုပြင်တည်ဆောက်မှုက ထွက်ပေါ်လာတဲ့ ရလဒ်ကရှင်းလင်း ပြတ်သားမှု မရှိသေးပါဘူး”လို့သူက ပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဆန်ဖရန်စစ္စကို

အမေရိကန်ပြည်ထောင်စုအချို့ နယ်မြေများတွင် အောက်တိုဘာ ၁၅ ရက်နေ့က Netflix, Uber နဲ့ BBC တို့အပါအဝင် အဓိကဝက်ဘ်ဆိုက်ကြီးများရဲ့ ဆက်သွယ်မှုများတစ်ပြိုင်နက်တည်း ပြတ်တောက်ခဲ့ကြောင်း ပြတ်တောက်ရတဲ့ အကြောင်းအရင်းကို မသိရသေးကြောင်းအေအက်ဖ်ပီ သတင်းမှာ ဖော်ပြပါတယ်။

### စင်ကာပူ

အီလက်ထရွန်းနစ် ပို့ကုန်ပစ္စည်းများ မြင့်တက်မှုကြောင့် စင်ကာပူနိုင်ငံရဲ့ရေနံမှအပ ပြည်တွင်းထုတ်ကုန်များတင်ပို့မှုက နှစ်အလိုက်နှိုင်းယှဉ်ပါက ဇူလိုင်လမှာ သုည ဒသမ ၈ ရာခိုင်နှုန်းနဲ့ ဩဂုတ်လမှာ ၈ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ စက်တင်ဘာလအတွင်း သုည ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက်နေ့က International Enterprise (IE) Singapore ရဲ့ ပြောကြားချက်ကို ကိုးကားပြီး စီအန်အေသတင်းမှာ ဖော်ပြပါတယ်။

### စီဘူး (ဖိလစ်ပိုင်)

ဖိလစ်ပိုင်နိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများအားလုံးအနေနဲ့ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းများဆက်လက်ရှင်သန်နိုင်စေရန်၊ အကာအကွယ်ပေးနိုင်ရန်၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန်တို့ကို အထူးဂရုပြု ဆောင်ရွက်သွားဖို့လိုကြောင်း ဖိလစ်ပိုင်စွမ်းအင်ဝန်ကြီး ဇနိုက်ဒါ မွန်ဆာဒါက တိုက်တွန်းကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြပါတယ်။

### မွမ်ဘိုင်း

မက်ဂီအသင့်စားခေါက်ဆွဲများကို အိန္ဒိယနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိတ်ပင်ခံရပြီးနောက် ဓာတ်ခွဲစမ်းသပ်မှုများအရ ခေါက်ဆွဲမှာပါဝင်တဲ့ ခဲဓာတ်ပမာဏက ခွင့်ပြုထားသည့် ပမာဏအောက်တွင်ရှိနေကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့ရာ ကမ္ဘာ့အကြီးမားဆုံး အစားအစာကုမ္ပဏီကြီးဖြစ်တဲ့ နက်စလေရဲ့ မက်ဂီခေါက်ဆွဲများ အိန္ဒိယနိုင်ငံတွင် မကြာမီ ပြန်လည်ရောင်းချခွင့်ရတော့မှာဖြစ်ကြောင်း တူဒေးအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

**SOUTH ASIA**

## အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှု အကောင်းဆုံး

အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုအားအကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူ ၅၀၀ ကျော်ကို စစ်တမ်းကောက်ယူပြီးနောက် စာရင်းကိုင်လုပ်ငန်းတစ်ခုဖြစ်တဲ့ EY (Ernst & Young) က အောက်တိုဘာ ၁၄ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ စစ်တမ်းအစီရင်ခံစာကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံမှုအတွက် အလားအလာကောင်းတဲ့ ဈေးကွက်ဖြစ်ကြောင်း စစ်တမ်းကောက်ယူခဲ့တဲ့ အမှုဆောင်အရာရှိ ၅၀၅ ဦးအနက် ၃၂ ရာခိုင်နှုန်းက ပြောကြားတဲ့အတွက် ထောက်ခံမှု အများဆုံးရရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံကို ထောက်ခံချက်ပေးသူက ၁၅ ရာခိုင်နှုန်းရှိပြီး ဒုတိယနေရာမှာ ရှိပါတယ်။ ဒီနှစ်နိုင်ငံရဲ့နောက်မှာ အရှေ့တောင် အာရှ၊ ဘရာဇီးနဲ့ မြောက်အမေရိကနိုင်ငံတွေ ရှိနေပါတယ်။

“အိန္ဒိယနိုင်ငံကို စိတ်ဝင်စားမှုများပြားလာတာကို သံသယဖြစ်စရာမရှိပါဘူး။ ရင်းနှီးမြှုပ်နှံသူတွေက အိန္ဒိယနိုင်ငံရဲ့ အလားအလာတွေကို ပိုမိုသိမြင်လာကြပြီး သူရဲ့စီးပွားရေးအခြေခံတွေကို နားလည်ထားကြပါတယ်”လို့ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အိန္ဒိယနဲ့ တောင်အာဖရိကဒေသများဆိုင်ရာ EY ရဲ့ စီမံခန့်ခွဲရေးမှူးဖြစ်သူ မတ်အော်တီက ပြောပါတယ်။

ဝန်ကြီးချုပ် နရိန္ဒရာမိုဒီရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ယုံကြည်မှုမဲ့ပြတ်ပြတ်သားသားရခဲ့တဲ့အတွက်ကြောင့် အိန္ဒိယနိုင်ငံက စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရာမှာ လွယ်ကူမှုရှိတယ်လို့ ယုံကြည်မှုက ယခင် နှစ်နဲ့နှိုင်းယှဉ်ရင် ၁၇ ဒသမ ၅ ရာခိုင် နှုန်းမြင့်တက်လာခဲ့ရတဲ့ အကြောင်းရင်းတစ်ခုဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကြိုးနီစနစ်၊ ရင်းနှီးမြှုပ်နှံမှု စည်းကမ်းဥပဒေများရှုပ်ထွေးမှုနဲ့ အခြေခံအဆောက်အအုံညံ့ဖျင်းမှုတို့ကြောင့် ကုမ္ပဏီများအတွက် အခက်အခဲများဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာမှာ လွယ်ကူမှုအတွက် ကမ္ဘာ့ဘဏ်အဆင့်သတ်မှတ်ထားတဲ့ နိုင်ငံ ၁၈၉ နိုင်ငံအနက် အမှတ်စဉ် ၁၄၂ နေရာမှာရှိပါတယ်။

**MIDDLE EAST**

## ၂၀၁၆ ခုနှစ်မှာ ရေနံဈေးနှုန်းတွေ ပြန်လည်ခေါင်းထောင်လာမယ်လို့ ကာတာနိုင်ငံ ခန့်မှန်း



ကမ္ဘာ့စီးပွားရေးပြန်လည်နာလန်ထူလာပြီး ဝယ်လိုအားပိုမိုမြင့်တက်လာမှာဖြစ်တဲ့အတွက် ၂၀၁၆ ခုနှစ်မှာ ရေနံဈေးနှုန်းတွေပြန်လည်မြင့်တက်လာမယ့် လက္ခဏာတွေ တွေ့မြင်နေရကြောင်း အောက်တိုဘာ ၁၁ ရက်နေ့က ကာတာစွမ်းအင်ဝန်ကြီးရဲ့ ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေက အစွမ်းကုန်နိမ့်ကျခဲ့ပြီးဖြစ်တဲ့အတွက် လာမယ့်နှစ်မှာ ပြန်လည်မြင့်တက်လာမယ့် လက္ခဏာတွေ့ရကြောင်း ရေနံတင်ပို့တဲ့နိုင်ငံများအဖွဲ့ (အိုပက်)ရဲ့ ယာယီဥက္ကဋ္ဌ ကာတာ စွမ်းအင်ဝန်ကြီး မိုဟာမက်ဘင်ဆာလဲ အယ်လ်ဆာဒါက ပြောပါတယ်။

ကမ္ဘာ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ)က ၂၀၁၅ ခုနှစ်က ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ၂၀၁၆ ခုနှစ်မှာ ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းကြောင်း သူကပြောပြီး ဒီလိုတိုးတက်မှုကြောင့် ကမ္ဘာ့ရေနံဝယ်လိုအားက တစ်ရက်ကိုစည် ၁ ဒသမ ၃ သန်းမှ ၁ ဒသမ ၅ သန်းထိ မြင့်တက်လာနိုင်ကြောင်း သူကပြောပါတယ်။

အိုပက်အဖွဲ့ဝင်မဟုတ်တဲ့နိုင်ငံတွေရဲ့ လွန်ခဲ့တဲ့ငါးနှစ်က ရေနံစိမ်းထုတ်လုပ်မှု တိုးတက်နှုန်းကိုကြည့်ရင် ၂၀၁၅ ခုနှစ်မှာ ထုတ်လုပ်မှုနှုန်းအများကြီးကျဆင်းပြီး ၂၀၁၆ ခုနှစ်မှာ သုညရာခိုင်နှုန်းကနေ အနုတ်လက္ခဏာပြတဲ့အထိရောက်ရှိလာနိုင်တယ်လို့ ခန့်မှန်းပါတယ်။

“ဒါပေမယ့် ဖွံ့ဖြိုးပြီးနိုင်ငံတွေကရော ဖွံ့ဖြိုးဆဲနိုင်ငံတွေကပါ ဝယ်လိုအားမြင့်တက်မယ့် အလားအလာတွေပြသလျက်ရှိတဲ့အတွက် အိုပက်အဖွဲ့ဝင်နိုင်ငံတွေက တစ်ရက်စည် ၂၉ ဒသမ ၃ သန်းထုတ်လုပ်နေရာမှ ၂၀၁၆ ခုနှစ်မှာ တစ်ရက်ကို စည် ၃၀ ဒသမ ၅ သန်းထိ ထုတ်လုပ်နိုင်လိမ့်မယ်လို့ ခန့်မှန်းရပါတယ်”လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

**EAST ASIA**

## ဝယ်လိုအားကျဆင်းမှုကြောင့် တောင်ကိုရီးယား အသေးစားနဲ့ အလတ်စားလုပ်ငန်းများရဲ့ ထုတ်လုပ်မှုကျဆင်း

ပို့ကုန်နဲ့ ပြည်တွင်းဝယ်လိုအားကျဆင်းမှုရဲ့ ပြင်းထန်စွာရိုက်ခတ်မှုဒဏ်ကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများရဲ့ ထုတ်လုပ်မှုက ဩဂုတ်လအတွင်းက ကျဆင်းခဲ့ကြောင်း အောက်တိုဘာ ၁၂ ရက်နေ့က ပြုလုပ်တဲ့ စစ်တမ်းတစ်ခုကို ကိုးကားပြီး ယွန်ဟပ်သတင်းမှာ ဖော်ပြပါတယ်။

အသေးစားနဲ့ အလတ်စားစက်ရုံတွေရဲ့ ထုတ်လုပ်မှုက ဩဂုတ်လမှာ ၇၀ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့တဲ့အတွက် ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ကုန်ချောထုတ်လုပ်ရေး ကုမ္ပဏီပေါင်း ၃၁၆၉ ခုကို စစ်တမ်းကောက်ယူခဲ့တဲ့ IBK Economic Research Institute ရဲ့ စစ်တမ်းအရသိရပါတယ်။

ပုဂ္ဂလိကအေဂျင်စီတစ်ခုဖြစ်တဲ့ IBK Economic Research Institute ရဲ့ အစီရင်ခံစာမှာ ကုန်ထုတ်လုပ်ရေး ကုမ္ပဏီကြီးတွေရဲ့ ထုတ်လုပ်မှုအခြေအနေကိုဖော်ပြထားခြင်း မရှိခဲ့ပါဘူး။ ဒါပေမယ့် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ကိုရီးယားဖွံ့ဖြိုးရေးသိပ္ပံ (Korea Development Institute) ရဲ့ စစ်တမ်းအရ ကုန်ချောထုတ်လုပ်ရေး လုပ်ငန်းအားလုံးရဲ့ လုပ်ငန်းလည်ပတ်နိုင်မှုအခြေအနေက ၇၄ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။

အထူးသဖြင့် မေလနှောင်းပိုင်းက စတင်ခဲ့တဲ့အရှေ့အလယ်ပိုင်းဒေသအသက်ရှူလမ်းကြောင်းရောဂါ (မားစ်) ဖြစ်ပွားပြီးနောက်ပိုင်း ပြည်တွင်းစားသုံးမှု ကျဆင်းကာ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။ မားစ်ရောဂါဖြစ်ပွားမှုကြောင့် လူ ၃၆ ဦးသေဆုံးခဲ့ရပြီး လူအများအပြားပြင်ပသို့ ထွက်ရှိမှုနည်းပါးသွားလို့ ကုန်ချောထုတ်လုပ်သူများရဲ့ ပြည်တွင်းရောင်းချမှုများ ကျဆင်းခဲ့တာဖြစ်ပါတယ်။

**EAST ASIA**

## တရုတ်နိုင်ငံရဲ့ သစ်တော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာ

တရုတ်နိုင်ငံရဲ့ သစ်တောခရီးသွားလုပ်ငန်း (Forestry Tourism) ဟာ အနာဂတ်ကာလမှာ လျင်မြန်စွာကြီးထွားလာမယ့် အလားအလာတွေကို တွေ့မြင်နေရကြောင်း သစ်တောလုပ်ငန်းမှ အဆင့်မြင့်အရာရှိတစ်ဦးရဲ့ အောက်တိုဘာ ၁၁ ရက်က ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

တရုတ်နိုင်ငံ တစ်ခုလုံးရဲ့ သစ်တော ခရီးသွားလုပ်ငန်းမှ ရရှိငွေက ၂၀၁၄ ခုနှစ်မှာ ယွမ်ဘီလီယံ ၆၅၀ (အမေရိကန်ဒေါ်လာ ၁၀၃ ဘီလီယံ) ထိရောက်ရှိခဲ့တဲ့အတွက် ဒီပမာဏက ခရီးသွားလုပ်ငန်းတစ်ခုလုံးမှ ရရှိတဲ့ဝင်ငွေရဲ့ ငါးပုံတစ်ပုံရှိကြောင်း နိုင်ငံတော်သစ်တော စီမံအုပ်ချုပ်ရေးဌာနရဲ့ ဒုတိယအကြီးအကဲ ချန်ယော်လီက ပြောပါတယ်။

သစ်တော ခရီးသွားလုပ်ငန်း လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးမှုက ကြီးမားကျယ်ပြန့်တဲ့အလားအလာတွေကိုပြသလျက်ရှိနေတာကို တွေ့ရကြောင်း တရုတ်နိုင်ငံ အလယ်ပိုင်းဝူဟန်မြို့မှာ ကျင်းပတဲ့ တရုတ်နိုင်ငံသစ်တော ခရီးသွားလုပ်ငန်းပွဲတော်ဖွင့်ပွဲမှာ သူက ပြောပါတယ်။

သစ်တောများသို့သွားပြီး သန့်ရှင်းလတ်ဆတ်တဲ့ လေကို ရှူရှိုက်ရင်း အနားယူတတ်တဲ့ အလေ့အထကို တရုတ်မြို့ပြနေရာဒေသနေ ပြည်သူများအကြား လူကြိုက်များလာတာကိုတွေ့ရပါတယ်။ ယခင်နှစ်က တရုတ်နိုင်ငံမှာ သစ်တောခရီးသွားဧည့်သည်သန်း ၉၁၀ အထိရောက်ရှိခဲ့ပြီး တရုတ်နိုင်ငံတွင်းရှိ ခရီးသည်စုစုပေါင်းရဲ့ လေးပုံတစ်ပုံရှိကြောင်း စီမံအုပ်ချုပ်ရေးဆိုင်ရာစာရင်းတွေအရ သိရပါတယ်။

တရုတ်နိုင်ငံမှာ ၂၀၁၄ ခုနှစ်က သစ်တောခရီးသွား လုပ်ငန်းဒေသ ၈၅၀၀ ရှိပြီး တစ်နိုင်ငံလုံးရှိ သစ်တောဒေသ ခရီးသွားစခန်း ၃၁၀၁ ရှိပါတယ်။ တရုတ်အစိုးရက ချမှတ်ထားတဲ့ နိုင်ငံပိုင်သစ်တောများထိန်းသိမ်းရေး မူဝါဒကြောင့်လည်း ခရီးသွားလုပ်ငန်းအတွက် အခွင့်အလမ်းသစ်တွေပေါ်ထွက်လာနိုင်ကြောင်း သစ်တောနဲ့နည်းပညာတက္ကသိုလ် ခရီးသွားလုပ်ငန်း ပါမောက္ခ ချောင်ယွန်ဒဲက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်




အမေရိကန် ပြည်ထောင်စုရဲ့ စီးပွားရေးကိန်းဂဏန်းများ ကျဆင်းနေတာကို တွေ့ရတဲ့အတွက် ယခုနှစ်အကုန်မှာ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်ပေးမပေးကိစ္စက မရေမရာ ပိုမိုဖြစ်ပွားလာတာကို တွေ့ရပါတယ်။ ဒါကြောင့် အမေရိကန်ဒေါ်လာတန်ဖိုးက ရက်သတ္တပတ်ခုနစ်ပတ်အတွင်း အနိမ့်ဆုံးအဆင့်ကို ကျရောက်ခဲ့ရပါတယ်။

ဒ့ါပြင် ထွန်းသစ်စအာရှငွေကြေးများကလည်း အောက်တိုဘာ ၁၅ ရက်နေ့မှာ ပြန်လည်မြင့်တက်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဈေးကွက်တစ်ခုချင်းအလိုက် ငွေကြေးတန်ဖိုးအတက်အကျ အမျိုးမျိုးရှိတာကိုတွေ့ရပါတယ်။ ပြည်တွင်းဝယ်လိုအားများ ပြန်လည်နာလန်ထူလာတဲ့ အခြေအနေကိုပြန်လည်သုံးသပ်ပြီးနောက် တောင်ကိုရီးယားဗဟိုဘဏ်က ဘဏ်ရဲ့အခြေခံအတိုးနှုန်းပြောင်းလဲခြင်း မပြုဘဲ ၁ ဒသမ ၅၀ ရာခိုင်နှုန်းအတိုင်း ဆက်လက်ထားရှိပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကလည်း ဝမ်ငွေကြေးခိုင်မာလာတာကို ထိန်းချုပ်ဖို့အတွက် နိုင်ငံခြားငွေကြေးဖလှယ်ရေး အာဏာပိုင်တွေက ဈေးကွက်အတွင်း ဝင်ရောက်စွက်ဖက်လာမှာကို သတိထားနေကြပါတယ်။

**တရုတ်ယွမ်**

တရုတ်နိုင်ငံ ဗဟိုဘဏ်နိုင်ငံခြားငွေရောင်းဝယ်ရေးဌာနမှာ အမေရိကန်ဒေါ်လာနဲ့ တရုတ်ယွမ်ငွေကြေးတို့ရဲ့ ဖလှယ်နှုန်းကို အောက်တိုဘာ ၁၆ ရက်နေ့က တစ်ဒေါ်လာကို ၆ ဒသမ ၃၄၃၆ ယွမ်နှုန်း သတ်မှတ်ခဲ့တဲ့အတွက် အောက်တိုဘာ ၁၅ ရက်နေ့နဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ဝ၅ ရာခိုင်နှုန်း ကျဆင်းခဲ့တာကိုတွေ့ရပါတယ်။ ဈေးကွက်ထဲမှာလည်း ဗဟိုဘဏ်သတ် မှတ်ချက်လမ်းကြောင်းကိုလိုက်ပြီး ယွမ်ငွေကြေးတန်ဖိုးက ရက်သတ္တပတ် အလိုက်နှိုင်းယှဉ်ရင် ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ တရုတ်ယွမ်ငွေကြေးနဲ့ အမေရိကန်ဒေါ်လာတို့ဖလှယ်ရာမှာ ဈေးကွက်အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်ဖို့အတွက် တရုတ်ဗဟိုဘဏ်က ဩဂုတ်လ ၁၁ ရက် နေ့ကစပြီး ငွေကြေးဖလှယ်နှုန်းစနစ်ကို ပြောင်းလဲခဲ့ပါတယ်။

**အိန္ဒိယရူပီး**

စက်တင်ဘာ ပို့ကုန်များကျဆင်းနေချိန်မှာ သွင်းကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာဝယ်လိုအား မြင့်တက်လာတဲ့အတွက် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ဘဏ်အချင်းချင်း နိုင်ငံခြားငွေရောင်းဝယ်ရေး ဈေးကွက်မှာ ရူပီးတန်ဖိုးက သုည ဒသမ ၁၃ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ် လာကို ၆၄ ဒသမ ၉၅ ရူပီးနှုန်းရှိခဲ့ပါ တယ်။

ပို့ကုန်လုပ်ငန်းရှင်များထံမှ ဒေါ်လာဝယ်လိုအား ထပ်မံမြင့်တက်လာမှုအပြင် ပြည်တွင်းရှယ်ယာဈေး ကွက်မှာ ပြည်တွင်းရှယ်ယာတန်ဖိုး နိမ့်ကျလာခြင်းကလည်း ရူပီးတန်ဖိုးကျဆင်းဖို့ အထောက်အကူဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

အောက်တိုဘာ ၁၅ ရက်မှာတော့ ဘဏ်တွေနဲ့ ပို့ကုန်လုပ်ငန်းရှင်တွေက ဒေါ်လာထုတ်ရောင်းပြီး နိုင်ငံခြားငွေများကလည်း ရှယ်ယာဈေးကွက်ထဲကို စီးဝင်လာတဲ့အတွက် ရူပီးတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

**ဂျပန်ယန်း**

တိုကျိုမှာ အောက်တိုဘာ ၁၆ ရက်က အမေရိကန်ဒေါ်လာကို ဂျပန်ယန်းငွေနဲ့ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၁၁၉ ယန်းဝန်းကျင်မှာ ရှိခဲ့ပါတယ်။

အောက်တိုဘာ ၁၅ ရက်နေ့ညနေ ၅ နာရီက နယူးယောက်မှာ တစ်ဒေါ်လာကို ၁၁၈ ဒသမ ၈၆ ယန်းနဲ့ တိုကျိုမှာ တစ်ဒေါ်လာကို ၁၁၈ ဒသမ ၃၇ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၁၉ ဒသမ ၀၉ ယန်းထိရှိခဲ့ပါတယ်။

ယူရိုငွေကြေးရဲ့ ဖလှယ်နှုန်းက အောက်တိုဘာ ၁၅ ရက်ညနေက တစ်ယူရိုကို နယူးယောက်မှာ ၁ ဒသမ ၁၃၈၉ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၁၉ ယန်းဖြင့်လည်းကောင်း၊ တိုကျိုမှာ ၁ ဒသမ ၁၄၃၇ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၃၈ ယန်းနှုန်းဖြင့် လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၃၆၆ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၃၆ ယန်းနှုန်း ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

အောက်တိုဘာ ၁၆ ရက်နေ့မှာ အမေရိကန်ဒေါ်လာတန်ဖိုးပြန်လည်မြင့်တက်လာတဲ့အတွက် ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ ရင်းဂစ်တန်ဖိုးက အောက်တိုဘာ ၁၅ ရက် ဈေးပိတ်ချိန်မှာ တစ်ဒေါ် လာကို ၄ ဒသမ ၁၂၀၀ ရင်းဂစ်နှုန်းရှိ ခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၁၅ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၁၄၀၀ ရင်းဂစ်နှုန်း ဖြစ်ခဲ့ပါတယ်။

အောက်တိုဘာ ၁၅ ရက်ညဘက်မှာထုတ်ပြန်တဲ့ အမေရိကန်ငွေကြေးဖောင်းပွမှုနှုန်းက ခန့်မှန်းထားတာထက် မြင့်တက်လာမှုကြောင့် အောက်တိုဘာ ၁၆ ရက်မှာ ဒေါ်လာတန်ဖိုးမြင့်တက်လာတာဖြစ်ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

တခြား အဓိကငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးအတက်အကျအမျိုးမျိုးရှိခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ပြည်တွင်းစီးပွားရေးက ဆက်လက်နာလန်ထူလာလိမ့်မယ်လို့ ယုံကြည်မှုကြောင့် တောင်ကိုရီးယားဗဟိုဘဏ်က ယခုနှစ်အတွင်း အတိုးနှုန်းလျှော့ချမယ့် အလားအလာမရှိဘူးလို့ တွက်ဆကြတဲ့အတွက် ဝမ်တန်ဖိုးက တတိယမြောက်ရက်သတ္တပတ်အဖြစ် ဆက်လက်မြင့်တက်ခဲ့ပါတယ်။

ဆိုးလ်မြို့မှာ အောက်တိုဘာ ၁၆ ရက်နံနက် ၁၀ နာရီ ၃၅ မိနစ်မှာ ဝမ်ငွေကြေးတန်ဖိုးက တစ်ဒေါ်လာကို ၁၁၂၈ ဒသမ ၂၅ ဝမ်နှုန်း ရှိခဲ့တဲ့အတွက် အောက်တိုဘာ ၈ ရက်နောက်ပိုင်း ဒီသီတင်းပတ်ထဲမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ထိုင်းငွေကြေးဈေးကွက်အတွင်းသို့ မတည်ငွေများ အလုံးအရင်းနဲ့ ဝင်ရောက်လာတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ထိုင်းဘတ်ငွေတန်ဖိုး လျင်မြန်စွာမြင့်တက်လာခဲ့ပါတယ်။ အမေရိကန်နဲ့ ဘတ်ငွေဖလှယ်နှုန်းက အောက်တိုဘာ ၁၄ ရက်က တစ်ဒေါ်လာကို ၃၅ ဒသမ ၅၄ ဘတ်နှုန်းရှိခဲ့ရာမှ အောက်တိုဘာ ၁၅ ရက်နေ့မှာ ၃၅ ဒသမ ၂၁ ဘတ်နှုန်းထိရောက်ရှိကာ ဘတ်ငွေတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## အောက်တိုဘာလတွင် တောင်ကိုရီးယား ဗဟိုဘဏ်က အတိုးနှုန်းများလျှော့ချ

စီးပွားရေးအရ အကြီးမားဆုံးဖြစ်တဲ့ ကမ္ဘာ့နိုင်ငံကြီးနှစ်ခုရဲ့ စီးပွားရေးအခြေအနေများ မရေမရာဖြစ်နေခြင်း၊ တောင်ကိုရီးယားနိုင်ငံရဲ့ ပြည်တွင်းဝယ်လိုအားက ပြန်လည်နာလန်ထူခါစသာ ရှိနေခြင်းစတဲ့ အခြေအနေများကြောင့် တောင်ကိုရီးယားဗဟိုဘဏ်က အတိုးနှုန်းကို အောက်တိုဘာ ၁၅ ရက်နေ့က လျှော့ချပေးလိုက်ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

အများကကြိုတင်မျှော်လင့်ထားတဲ့အတိုင်း တောင်ကိုရီးယားဗဟိုဘဏ်ရဲ့ ငွေကြေးမူဝါဒကော်မတီက အောက်တိုဘာလအတွက် အတိုးနှုန်းကို စံချိန်တင်အနိမ့်ဆုံးနှုန်းဖြစ်တဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချပေးခဲ့ပါတယ်။ ပြည်တွင်းစီးပွားရေးကတိုးတက်မယ့်အလားအလာတွေကို ပြသလျက်ရှိနေပေမယ့် တောင်ကိုရီးယားစီးပွားရေးကို ဝန်းရံလျက်ရှိနေတဲ့ ကမ္ဘာ့စီးပွားရေး မရေရာမှုတွေကြောင့် နိုင်ငံရဲ့စီးပွားရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ကြောင်း လစဉ်ကျင်းပနေကျ အတိုးနှုန်းသတ်မှတ်ရေးအစည်းအဝေးအပြီးမှာ ကော်မတီကပြောပါတယ်။

၂၀၁၄ ခုနှစ် ဩဂုတ်လနောက်ပိုင်း တစ်နှစ်ခန့်ကာလအတွင်း တောင်ကိုရီးယားဗဟိုဘဏ်က အတိုးနှုန်းကို လေးကြိမ်လျှော့ချပေးပြီးနောက် ပဉ္စမအကြိမ်အဖြစ်လျှော့ချပေးခဲ့ခြင်းဖြစ်ပြီး လျှော့ချပေးခဲ့တဲ့အတိုးနှုန်းမှာ စံချိန်တင်အနိမ့်ဆုံးအဆင့် ကိုရောက်ရှိခဲ့ပါတယ်။

အာရှဒေသမှာ စတုတ္ထအကြီးမားဆုံးဖြစ်တဲ့ တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးကို မြှင့်တင်ပေးနိုင်ဖို့အတွက် ဗဟိုဘဏ်က အတိုးနှုန်းနောက်တစ်ကြိမ် မဖြစ်မနေတိုးမြှင့်ပေးရဦးမယ့် အခြေအနေရှိနေပါတယ်။ တောင်ကိုရီးယားရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုမှာ တစ်ဝက်နီးပါးပါဝင်နေတဲ့ တိုင်းပြည်ရဲ့ ပို့ကုန်လုပ် ငန်းက ယခုနှစ် နှစ်စမှစပြီးလစဉ်ကျဆင်းလျက်ရှိပါတယ်။ ဩဂုတ်လမှာ ၁၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ စက်တင်ဘာလမှာ ၈ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

## ငွေအိပ်နေတာများပြီး ဘဏ်စရိတ်မြင့်တက်လာတဲ့အတွက် အင်ဒိုနီးရှားဘဏ်တွေက အတိုးနှုန်းလျှော့ချ

အင်ဒိုနီးရှားဘဏ်တွေက ငွေချေးယူတဲ့ ဖောက်သည်ထက် ငွေကြေးအပ်နှံတဲ့ဖောက်သည် ပိုမိုများပြားပြီး ဘဏ်တွေမှာငွေအိပ်တာများလာတဲ့အပြင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကလည်း နှေးကွေးနေတဲ့အတွက် ဘဏ်တွေရဲ့ ကုန်ကျစရိတ်တွေမြင့်တက်လာပါတယ်။

ဒါကြောင့် ဘဏ်တွေက အချိန်ပိုင်းဘဏ်အပ်ငွေတွေရဲ့ အတိုးနှုန်းတွေကို လျှော့ချလာတာကြောင့် ဘဏ်လုပ်ငန်းတစ်ခုလုံး အကျဘက်ကိုဦး တည်လာတာကို တွေ့ရကြောင်း အပ်ငွေအာမခံကော်ပိုရေးရှင်း (Deposit Insurance Corporation-LPS) က နောက်ဆုံးထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

အချိန်ပိုင်းအပ်ငွေပျမ်းမျှအတိုးနှုန်းက စက်တင်ဘာလဆန်းပိုင်းနဲ့နှိုင်းယှဉ်ရင် အောက်တိုဘာလမှာ သုည ဒသမ ဝ၃ ရာခိုင်နှုန်း ကျဆင်းတဲ့အတွက် ၇ ဒသမ ၁၇ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်တဲ့ LPS ငွေဖြစ်လွယ်မှုညွှန်းကိန်း အစီရင်ခံစာမှာ ဖော်ပြပါတယ်။ ဘဏ်တွေကနေ သူတို့ဖောက်သည်တွေကိုပေးတဲ့ အမြင့်ဆုံး အပ်နှံငွေအတိုးနှုန်းက သုည ဒသမ ဝ၄ ရာခိုင်နှုန်းကျဆင်းပြီး ၈ ဒသမ ၃၈ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

"ငွေချေးယူတာတွေကျဆင်းလာပြီး ငွေအိပ်လာတဲ့အတွက် ဘဏ်ကြီးအများအပြားက အပ်ငွေ အတိုးနှုန်းတွေ ပြန်လည်ညှိနှိုင်းလာတာကို တွေ့ရပါတယ်"လို့ LPS အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒ့ါအပြင် အပ်ငွေအတိုးနှုန်းတွေ ဆက်လက်ကျဆင်းလိမ့်မယ်လို့လည်း ခန့်မှန်းထားပါတယ်။

# ဟယ်ရီစတိုင်ကို သဘောကျလို့ ဟယ်ရီရဲ့ချစ်သူဖြစ်ချင်တယ်လို့ ဆိုလိုက်တဲ့ နီခိုးလ်ရှာဇင်ဂါ



One Direction အဖွဲ့သားတစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်ကို X-Factor ရဲ့ ဒိုင်လူကြီးတစ်ဦးဖြစ်တဲ့ နီခိုးလ်ရှာဇင်ဂါ က သဘောကျလွန်းတဲ့အတွက်ဟယ်ရီရဲ့ချစ်သူ ဖြစ်ချင်တယ်လို့ ပြောကြားလိုက်ပါတယ်။

နီခိုးလ်ရှာဇင်ဂါဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက သူ့ရဲ့ချစ်သူ လူးဝစ္စဟာလ်မီတန်နဲ့ လမ်းခွဲခဲ့တာမို့ အသည်းကွဲနေသူတစ်ဦးလည်း ဖြစ်ပါတယ်။

နီခိုးလ်နဲ့လူးဝစ္စတို့ဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်တာကာလ ၂၀၁၃ ခုနှစ်ကတည်းက ချစ်ကြိုက်ခဲ့ကြတာဖြစ်ပေမယ့်လည်း အခုအချိန်မှာတော့ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ လမ်းခွဲခဲ့ကြပြီဖြစ်ပါတယ်။ နီခိုးလ်ဟာ လူးဝစ္စနဲ့လမ်းခွဲအပြီးမှာ ဟယ်ရီနဲ့ တွေ့ဆုံဖို့ မကြာခဏဆိုသလို ကြိုးပမ်းနေခဲ့ပါတယ်။ ကမ္ဘာပေါ် မှာ အကြီးဆုံးတီးဝိုင်းအဖွဲ့ဖြစ်တဲ့ One Direction အဖွဲ့နဲ့ချိတ်ဆက်မိတာဟာ သူ့အတွက် မဟာအခွင့်အရေးကြီးတစ်ခုပဲဖြစ်တယ်လို့ ခိုးလ်က ဆိုပါတယ်။

နီခိုးလ်ဟာ ဟယ်ရီစတိုင်ကို ဟယ်ရီအသက် ၁၉နှစ် အရွယ်ကတည်းက စိတ်ဝင်စားခဲ့တာပါလို့ ဆိုပါတယ်။

နီခိုးလ်နဲ့ဟယ်ရီတို့ဟာ X-Factor မှာ ဒိုင်လူကြီးအဖြစ်တာဝန်ယူစဉ် တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအချိန်က နီခိုးလ်ဟာ လူးဝစ္စနဲ့ချစ်ကြိုက်နေတဲ့ အချိန်ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဟယ်ရီရဲ့သူငယ် ချင်းတွေကတော့ ဟယ်ရီဟာ သူ့ထက် အသက် ၁၄နှစ်လောက်ကြီးတဲ့ ကာရိုလင်းဖလော့ခ်နဲ့ ချစ်ကြိုက်နေတယ်လို့ ပြောကြားနေကြပါတယ်။

# လက်ထပ်ခြင်းဟာ ဘဝမှာ ပြီးပြည့်စုံခြင်းမဟုတ်လို့ ဝန်ခံပြောကြားလိုက်တဲ့ အိန်ဂျလီနာဂျိုလီ

ဟောလိဝုဒ်ရဲ့ စူပါမင်းသမီးတစ်ဦးဖြစ်တဲ့ အိန်ဂျလီနာဂျိုလီက လက်ထပ်ခြင်းဟာ ဘဝမှာ ပြီးပြည့်စုံတဲ့အရာ မဟုတ်ဘူးလို့ ဝန်ခံပြောကြားလိုက်ပါတယ်။



သားသမီး ခြောက်ယောက်ရှိနေပေမယ့် သူတို့နှစ်ဦးရဲ့ဘဝမှာ ပြီးပြည့်စုံမှုဆိုတာ မရှိခဲ့သလို သူ့ဘဝမှာလည်း လိုအပ်ချက်တွေနဲ့ပြည့်နှက်နေဆဲပါလို့ ဂျိုလီက နိုဝင်ဘာလထုတ် Vogue မဂ္ဂဇင်းနဲ့ အင်တာဗျူးရာမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

"ကျွန်မ အခု အသက်လေးဆယ်ပါ။ ကျွန်မရဲ့မိသားစုဘဝမှာ ပျော်ရွှင်မှုတွေရရှိနေလိမ့်မယ်လို့ လူတွေကထင်နေကြတယ်။သားသမီးခြောက်ယောက်နဲ့ပျော်စရာကောင်းတဲ့မိသားစုလေးဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မဘဝကတော့ ပျော်ရွှင်စရာတွေ မရှိသလောက်ပါပဲ။ ကျွန်မရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီး ပူပင်သောကတွေ ရှိနေခဲ့တယ်ဆိုတာကို ဝန်ခံပါတယ်။ ကျွန်မရဲ့မိသားစုတွင်းက ကင်ဆာမျိုးရိုးဟာ ကျွန်မအထိလိုက်ပါနေတဲ့အတွက် ကျွန်မ အဲဒါကို စိတ်ပူပန်မိပါတယ်။ ကျွန်မ အသက် ၅၀ ပြည့်တဲ့အထိ မစောင့်ဘဲ သားအိမ်ထုတ်ပစ်လိုက်တာပါ"လို့ သူ့ရဲ့ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး ပြောကြားခဲ့ပါတယ်။

ဂျိုလီနဲ့ဘရက်ပစ်တို့ဟာ ဒီနှစ်ထဲမှာ By The Sea ဆိုတဲ့ဇာတ်ကား တစ်ကားကို ရိုက်ကူးဖြန့်ချိဖို့ စီစဉ်လျက် ရှိပါတယ်။ အဲဒီဇာတ်ကားဟာ သူတို့နှစ်ဦးရဲ့တွေ့ဆုံခြင်းကို စတင်ပေးခဲ့တဲ့ Mr. & Mrs. Smith ဇာတ်ကားကို ရိုက်ကူးခဲ့စဉ်က အတွေ့အကြုံတွေကို ဂျိုလီက ဇာတ်လမ်းဆင်ပြီးပြန်လည်ရိုက်ကူးထားတာ ဖြစ်ပါတယ်။

# ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးမှ ပြသမည့် Truth ဇာတ်ကားကို CBS တွင် ကြော်ငြာခွင့်ပိတ်ပင်




ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးမှ ပြသမည့် Truth ဇာတ်ကားကို CBS (Columbia Broadcasting System) က ကြော်ငြာများထည့်သွင်းခွင့်ကို ပိတ်ပင် လိုက်တယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားဟာ အမေရိကန် သမ္မတ ဂျော့ဒဗလျူဘုရှ်ရဲ့စစ်ဆင်ရေးတာဝန်တွေနဲ့ပတ်သက်တဲ့ ဇာတ်ကားတစ်ကားဖြစ်သလို CBS သတင်းဌာနမှာ ၂၀၀၆ခုနှစ်အတွင်းက ဖြစ်ပျက်ခဲ့တဲ့ ဒန်ရားသားနဲ့ မေရီမက်ပ်တို့ရဲ့ ဖျက်မရတဲ့ အမည်းစက်ကြီးတစ်ခုကို ထောက်ပြထားတဲ့ ဇာတ်ကားတစ်ကားဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီဇာတ်ကားကို ရိုက်ကူးနိုင်ဖို့အတွက် ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးဟာ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီဇာတ်ကားကို ၂၀၁၅ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှာ အမေရိကတိုက်နဲ့ ကမ္ဘာတစ်လွှားကို ပြသနိုင်ဖို့ စီစဉ်ရာမှာ ကြော်ငြာထည့်သွင်းဖို့ CBS ကို အကြောင်းကြားရာမှာ အခုလို ပိတ်ပင်ခံရတာဖြစ်ပါတယ်။ အဲဒီကားမှာ ကိတ်ဘလန်ချတ်နဲ့ ရှူဒီရက်ဖ်ရောဘတ်တို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးအနေနဲ့ CBS မှ ကြော်ငြာထည့်သွင်းခွင့်မရရှိပေမယ့်လည်း တခြားရုပ်သံလွှင့်လုပ်ငန်းတွေဖြစ်တဲ့ ABC, NBC, FOX စတဲ့ တခြားမီဒီယာတွေမှာ ကြော်ငြာထည့်သွင်းခွင့်ကိုတော့ ပိတ်ပင်မထားဘူးလို့ ဆိုပါတယ်။

# ဟောလိဝုဒ်ရဲ့ Resident Evil: The Final Chapter ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မယ် လီယန်ကီ



ဟောလိဝုဒ်မှာ ရိုက်ကူးမယ့် Resident Evil: The Final Chapter ဇာတ်ကားမှာ ကိုရီးယားနိုင်ငံရဲ့ သရုပ်ဆောင်မင်းသား လီယန်ကီ ပါဝင် သရုပ်ဆောင်မှာဖြစ်တယ်လို့ဆိုပါတယ်။

အဲဒီဇာတ်ကားဟာ ဇာတ်လမ်းတွဲဖြစ်ပြီး တောင်အာဖရိကနိုင်ငံကို အခြေခံပြီး ရိုက်ကူးတင်ဆက်မယ့် ဇာတ်လမ်းတွဲတစ်တွဲဖြစ်ပါတယ်။ အဲဒီဇာတ်ကား ဟာ ရင်ထိတ်သည်းဖိုလျှို့ဝှက်အက်ရှင် ဇာတ်ကားတစ်ကားဖြစ်တာကြောင့် ကြည့်ရှုသူအပေါင်းကို ရသစုံပေးစွမ်းနိုင်လိမ့်မယ်လို့ လီယန်ကီရဲ့အေးဂျင့်က ဆိုပါတယ်။

အက်ရှင်မင်းသား လီယန်ကီ ဟောလိဝုဒ်မှာ ရုပ်ရှင်သွားရိုက်နေပြီ ဆိုတဲ့သတင်းကို သူကပဲ အတည်ပြုပြောကြားပေးခဲ့တာဖြစ်ပါတယ်။ လီယန်ကီရဲ့ပရိသတ်တွေက လီယန်ကီရဲ့အကြောင်းနဲ့ပတ်သက်ပြီးမေးသမျှကို သူကိုယ်တိုင် ဒိုင်ခံဖြေကြားပေးနေခဲ့တာပါ။

ဒါပေမယ့် အောက်တိုဘာလ ၁၆ ရက်နေ့မှာတော့လီယန်ကီရဲ့ လူမှုကွန်ရက်ဝက်ဘ်ဆိုက်မှာ လီယန်ကီနဲ့အတူတွဲပြီးသရုပ်ဆောင်မယ့် မီလာဂျိုဗိုဗစ်ချ်နဲ့ လီယန်ကီတို့အတူတွဲပြီး ရိုက်ထားတဲ့ပုံကို တင်ခဲ့တာကြောင့် ပရိသတ်တွေ မေးမြန်းသမျှကို ဖြေကြားနေရတာတွေ သက်သာသွားရပါပြီလို့ အေးဂျင့်က ဆိုပါတယ်။

# The Commerce Journal

## တွင်
## ကြော်ငြာများထည့်သွင်းနိုင်ရန်အတွက်
## ကြော်ငြာခနှုန်းထားများ

| စဉ် | စာမျက်နှာ | အရွယ်အစား | အရောင် | ဈေးနှုန်း (ကျပ်) |
|---|---|---|---|---|
| ၁ | ရှေ့မျက်နှာဖုံးအတွင်းစာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၂၀၀၀၀၀ |
| ၂ | နောက်ကျောဖုံးအတွင်း စာမျက်နှာ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၅၀၀၀၀ |
| ၃ | နောက်ကျောဖုံးအပြင်စာမျက်နှာ | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၁၀၀၀၀၀ |
| | | ၉.၅" × ၃" (မျက်နှာတစ်စိတ်) | လေးရောင် | ၅၀၀၀၀ |
| ၄ | အတွင်းစာမျက်နှာများ | ၉.၅" × ၁၄" (တစ်မျက်နှာပြည့်) | လေးရောင် | ၁၂၀၀၀၀ |
| | | ၉.၅" × ၇" (မျက်နှာတစ်ဝက်) | လေးရောင် | ၆၀၀၀၀ |




**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ဒေါ်မြင့်ဇင်ညွန့် (ကြော်ငြာတာဝန်ခံ) – ၀၉ ၇၃၀၅၃၅၃၁

ဂျာနယ်တိုက် – ၀၁– ၂၅၂၀၁၇၊ ၃၇၁၀၂၃

http://www.commercejournal.com.mm

http://www.facebook.com/mocommerce

commercejournal.editor@gmail.com

